
www.burmeseclassic.com

# မစန္ဒာ

## ငယ်သူမို့ မသိပါ



www.burmeseclassic.com

## မစန္ဒာ

# ငယ်သူဖိုမသိပါ

www.burmeseclassic.com

## ငယ်သူမို့မသိပါ

စတုတ္ထအကြိမ်၊ ၂၀၀၄ ခုနှစ် စက်တင်ဘာလ၊ အုပ်ရေ ၁၀၀၀

## အဖုံးပန်းချီ မုတ်သုန်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၇၅၅/၂၀၀၄(၇)နှင့် စာမူခွင့်ပြုချက်အမှတ် ၄၁၇/၂၀၀၄(၅)တို့အရ ဦးကျော်ဦး(၀၃၉၉၀) ပါရမီစာပေ၊ အမှတ်၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်က ထုတ်ဝေ၍ မျက်နှာဖုံးနှင့် အတွင်းစာသားကို ဦးကျော်သင်း(၀၅၈၂၉) သံလွင်ဦး ပုံနှိပ်တိုက်၊ အမှတ် ၁၄၈၊ ၅၁ လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်က ပုံနှိပ်သည်။

## တန်ဖိုး ၇၀၀ ကျပ်

## ပါရမီစာပေ

၂၃၀၊ ၂၉ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်(ဖုန်း ၂၅၃၂၄၆)
၂/၄၊ ကမ္ဘာအေးစေတီတော်မုခ်ဦးစောင်းတန်း၊ ရန်ကုန်
၂၉၅၊ ဈေးအရှေ့လမ်း၊ ထားဝယ်
E-mail paramibk@myanmar.com.mm

www.burmeseclassic.com

# ကျွန်တော်က ပွဲထုတ်လိုက်ပါသည်

သိန်းဖေမြင့်

လူငယ်လူရွယ်တို့တွင် ကလေးဆန်သောဘဝလည်း ကြွင်းကျန်နေ၏။ လူကြီးဆန်သော ဘဝကလည်း ဖြစ်ပေါ်နေ၏။ 'ငယ်သူမို့ မသိပါ'သည် လူငယ် လူရွယ်တို့၏ ကလေးဆန်သောဘဝကို ဦးစားပေး၍ သရုပ်ဖော်ထားသော ဝတ္ထုဖြစ်သည်။

ကလေးဆန်သောဘဝသည် အပြစ်ကင်းစင်သော ဟာသဖြင့် ပြည့်နှက်နေသည်။ ထိုအပြစ်ကင်းစင်သောဟာသကို လူကြီးများထက် လူငယ် လူရွယ်များက ပို၍ခံစားနိုင်ပေလိမ့်မည်။

မစန္ဒာကိုယ်တိုင်က တက်သစ်စ၊ လူငယ်လူရွယ် စာရေးဆရာမကလေး ဖြစ်ရကား လူငယ်လူရွယ်တို့၏ ကလေးဆန်သောဘဝကို ကိုယ်ချင်း စာနာမှု နားလည်မှုအပြည့်အဝဖြင့် ခြယ်မှုန်းနိုင်ပေသည်။ ထို့ကြောင့် လူကြီးများမှာ လူငယ်လူရွယ်များ၏ကလေးဆန်သောဘဝကို မှန်ကန်စွာ နားလည်ခွင့်ရကြပေ၏။

'နွယ်' သို့မဟုတ် 'ဂျစ်တူး'သည် 'ငယ်ရွယ်သူမို့ မသိတတ်'သော အဓိက ဇာတ်ကောင်ဖြစ်သည်။ စာရေးဆရာမ မစန္ဒာသည် အပျိုပေါက်အရွယ် နွယ်၏ဂျစ်ကန်ကန်မျက်နှာထား၊ ဖိုသီဖတ်သီအဝတ်အစားများနှင့် ကလေး အရိုင်းဆန်သောအမူအရာများကို သရုပ်ဖော်နိုင်သလို ၎င်းတို့

www.burmeseclassic.com

နောက်ကွယ်မှ လှုပသော ရုပ်ရည်၊ နူးညံ့သောနှလုံးသားနှင့် ရိုးသား သန့်စင်သော စရိုက်သဘာဝ တို့ကိုလည်း ဖော်ထုတ်တင်ပြနိုင်ပေသည်။

'ငယ်သူမို့ မသိပါ'ကို ပွေ့ပိုက်ပြီး ရဲ့ရဲ့စွာ စာပေစင်မြင့်ပေါ် သို့တက်လာသော မစန္ဒာကို ကျွန်တော်က ပွဲထုတ်လိုက်ရသဖြင့် ဝမ်းသာပါသည်။

သိန်းဖေမြင့်

၂၅-၈-၇၂

www.burmeseclassic.com

# ပွင့်သစ်စ

မောင်ထင်

ပွင့်သစ်စ ကလောင်ရှင် မစန္ဒာသည် 'ငယ်သူမို့ မသိပါ' ဝတ္ထုဖြင့် စာရေးဆရာလောကကို ပွဲဦးထွက် ဝင်ရောက်လာသူဖြစ်သည်။ ရေးသားပုံမှာ ရိုး၏။ ကျစ်လျစ်၏။ လတ်ဆတ်၏။ ငယ်သူတို့ ကြီးကောင်ဝင်လာသော သဘာဝကို ပေါ်အောင် ဖော်၏။ အပျိုဖော်ဝင်စ၏စိတ်၊ ထိုစိတ်ကလှုံ့ဆော်ပေးသော မာယာစသည်တို့ကို မိန်းမချင်း သိတတ်သောအသိဖြင့် ဝေဖန်ပိုင်းခြားပြသည်မှာ စိတ်ဝင်စားစရာ ကောင်းသည်။

မောင်ထင်

၂၆-၈-၇၂

www.burmeseclassic.com

# တော်တော်ဖတ်လို့ကောင်းတယ်

သော်တာဆွေ

ယခုအချိန် ကလောင်လေးတစ်ချောင်းနှင့်အသက်မွေးနေရသော ကျွန်တော်မှာ တစ်နေ့ရေးမှ တစ်နေ့ထမင်းစားရ၏။ နေ့စဉ်ရေးမှ နေ့စဉ်စားရ၏။ သို့မို့ကြောင့် သတင်းစာ၊ ဂျာနယ်၊ ဆောင်းပါး၊ မဂ္ဂဇင်း၊ ဝတ္ထုတို၊ လုံးချင်းဝတ္ထုရှည်အလီလီကို နေ့စဉ်မပြတ်ရေးသားနေရရာ မနေ့က(၂၂-၈-၇၂) နေ့လယ်လောက် ကျွန်တော်၏ လုံးချင်းဝတ္ထုရှည် 'သူ့သွေးနှင့်သူ့ဓား' စုံထောက်စွန့်စားခန်းနှင့် အချစ် အလွမ်း ဝတ္ထု၊ ကျွန်တော့်လက်ရေးဖူးစကက်မျက်နှာ ၁၁၂ ကိုရေးနေစဉ် ဖြူဖြူဆွတ်သော သခွတ်ပွင့်လို အသက် ၂၀ ပတ်လည်ကောင်မလေးနှစ်ကောင် အိမ်ထဲဝင်လာလေတော့ "ဟော-ဧကန္တဟဲ့ ဘာအသင်းဘာအဖွဲ့တွက်ဆိုပြီး ငါ့ကို ရုပ်ရှင်လက်မှတ်အတင်း ရောင်းဦးတော့မှာပဲ" ဟု ထိတ်လန့်နေစဉ်မှာပင် ရှေ့ကလာသော ကောင်မ လေးက

"ကျွန်မ မစန္ဒာပါ ဆရာ"

သူ 'မစန္ဒာပါ'ဆိုသည်နှင့် ကျွန်တော်နားမလည်သေးချေ။ "ကျွန်မ ဝတ္ထုစာအုပ်ကို အမှာစာရေးပေးစမ်းပါ ဆရာ"ဆိုတော့မှ ကျွန်တော် သဘောပေါက်ပြီး "ဟဲ့-မင်းဘယ်ဝတ္ထုကို ငါဖတ်ဖူးလို့ ဘာအမှာစာရေးရမှာတုံး" ဆိုတော့မှ သူ့လက်ထဲမှ အဖုံးမကပ်ရသေးသော 'ငယ်သူမို့ မသိပါ' စာအုပ်ကိုပေးပြီး

www.burmeseclassic.com

"ဟောဒီမှာဖတ်ပြီး ရေးပေးပါဆရာ"

"တယ် ငါက ဒီလိုအမှာစာရေးဖို့လည်း ဝါသနာမပါဘူးဟ၊ ငါ့မှာ စာရေးရတာနဲ့ စာလည်းမဖတ်အားဘူးဟ"

"များများမဟုတ်ပါဘူး၊ ဆရာ့လက်ရေးနဲ့ တစ်ဆယ့်လေးငါးကြောင်းပဲ ရေးပေးပါ"

"များများရေးရေး နည်းနည်းရေးရေး နင့်စာအုပ်တော့ ငါအကုန်ဖတ်ရတော့မယ်မဟုတ်လား၊ ဟိုလှန်သည်လှန်နဲ့ဖြီးတာဖျန်းတာမျိုးလည်း ငါမလုပ်တတ်ဘူး၊ နို့ပြီး ငါတစ်ခုပြောဦးမယ်၊ ငါမကြိုက်တာကိုတော့ ကောင်းပါတယ်၊ သင့်ပါတယ်လို့ ပရိသတ်ကို ငါမညာတတ်ဘူးနော်"

"ဟုတ်ပါတယ်၊ ကျွန်မဟာ မကောင်းရင် မကောင်းဘူးပဲ ဝေဖန်ပါ"

"နင့်ဟာ မကောင်းဘူးဆိုရင်တော့ ငါမရေးချင်ပါဘူးဟယ်၊ အားနာပါတယ်"

"မနာပါနဲ့ဆရာရယ်"

"ကဲ-ကဲ၊ ဒါဖြင့်ပြန်ကြ၊ ငါဒီမှာစာဆက်ရေးရဦးမယ်"

သို့သော် သူတို့ပြန်သွားပြီး ကျွန်တော့စာရေးစားပွဲ ပြန်ထိုင်သော်လည်း စာရေးမရတော့ပြီ၊ ကျွန်တော့်အာရုံကို ခွေးဖြူမလေးနှစ်ကောင် ဝင်ရောက် နှောင့်ယှက်သွားပြီ။

ကျွန်တော်သည် သူများစာအုပ်များကို အမှာစာရေးရန် ဝါသနာပါသည် မဟုတ်ပါ။ ဒီကလေးမလေးတော့ 'သြော် သူကလေး တပင်တပန်းခံပြီး အိမ်မေးစမ်းလာရှာသည်' ဟု ကရုဏာသက်မိ၍

ကဲ ကိုယ်အာမခံလိုက်ပြီပဲ၊ အာမခံကြွေး မတင်စေနဲ့ မြန်မြန်ပြန်ဆပ် မြန်မြန်အေးတယ်ဟု သူ့စာအုပ်ကို ကောက်ကိုင်ဖတ်လိုက်ရတော့သည်။

www.burmeseclassic.com

အချိန်မည်မျှပင်ကြာသွားသည်မသိ "မောင်ရေ တယ်လီဖုန်းတဲ့" ဟူသော ဇနီးသည်၏အသံကြားရတော့ "ဟာ အရေးထဲ ဘယ်သူဘာကိစ္စများပါလိမ့်" ဟု သွားနားထောင်တော့ ပုဂံစာအုပ်တိုက်က မောင်ချော၊ ကျွန်တော်၏ 'ကျွန်တော့်ဘဝဇာတ်ကြောင်း' စာအုပ်ရိုက်သည့်ကိစ္စ၊ မပြောမပြီးသည့်ကိစ္စ၊ ယင်း ကိစ္စပြီးတော့ ကျွန်တော်မစန္ဒာစာအုပ်ပြန်ဖတ်မည်အလုပ်မေက "မောင် ငါးနာရီထိုးပြီးပြီလေ" ပြောလိုက်တော့မှ "ဟေ ဟုတ်လား" ဆိုပြီး ရေချိုးထမင်းစားပြီး ထုံးစံအတိုင်းအိပ်၊ နာရီပြန်တစ်ချက်နိုး။ ကျွန်တော့ ရေးလက်စ ဝတ္ထုကြောင်း စဉ်းစား၊ သည်တုန်း မစန္ဒာဝတ္ထုထဲက 'မိဂျစ်တူး' က ဝင်လာတော့ 'ဟာ မဖြစ်ဘူး၊ ဒီကောင်မလေးကိစ္စတော့ အပြီးရှင်းပစ်မှပဲ' ဆိုပြီး အိပ်ရာက ထ၊ မီးဖွင့်၊ သူ့စာအုပ်ဆက်ဖတ်ရတော့သဗျ။

တော်တော်ဖတ်လို့ကောင်းတယ်ဗျ၊ အရေးအသားလည်း ညက်တယ်၊ ဝါကျအမှားမတွေ့ရဘူး၊ ဇာတ်လမ်းလေးကလည်း စိတ်ဝင်စားစရာလေး။

ကျွန်တော်စာရေးဆရာပဲ၊ သူ့ဝတ္ထုတစ်ဝက်ရောက်တော့ ရှေ့ဘယ်လို ဆက်ရေးရမယ်၊ ဘယ်လိုအဆုံးသတ်ရမယ်ဆိုတာကို ကျွန်တော်မြင်ပြီး နေပါပြီ။ ဟော သူ့ဝတ္ထုအဆုံးသတ်တော့ ကျွန်တော်ထင်တဲ့ အတိုင်းပါပဲ။ အဓိပ္ပာယ်က ကျွန်တော်သာ သူ့ဝတ္ထုသွား ရေးရပါက သူ့လိုပဲ ရေးမှာပါပဲ လို့။

'တော် တော်ဖတ်လို့ကောင်းပါတယ်' အပြင် ကျွန်တော် ထပ်ပြောချင်တာကတော့ ရုပ်ရှင်ရိုက်ဖို့ကောင်းတယ်ဗျ၊ ဟာသဇာတ်မြူးလေး။

သော်တာဆွေ

၂၃-၈-၇၂

www.burmeseclassic.com

# မစန္ဒာ၏ ငယ်သူမို့မသိပါ

တင့်တယ်

ဤဝတ္ထုကို ကျွန်တော် ဦးဦးဖျားဖျားဖတ်ရှုခွင့်ရသဖြင့် ကလောင်ရှင် မစန္ဒာကို ကျေးဇူးတင်ရမည်ဖြစ်ပါသည်။ အကြောင်းမှာမူကား မစန္ဒာ၏ 'ငယ်သူမို့မသိပါ' ဝတ္ထုသည် ကျွန်တော်တစ်ဦးတည်း၏အဖို့တွင်သာမက ဘဝတစ်ခုတွင် မျှော်လင့်ချက် ရှိ၍ နေကြသောသူများ၏အဖို့တွင် နူးညံ့သိမ်မွေ့သော လေညင်းကလေးတစ်ပွေ့ ဝှေ့လိုက်ဘိသကဲ့သို့ ခံစားစေနိုင်သောကြောင့် ဖြစ်ပါ၏။

ကျွန်တော် မေ့ပျောက်လုမတတ်ပင်ဖြစ်နေကြပြီဖြစ်သော ဘဝလမ်းခရီး၏အဦးအစပိုင်း၏ သာယာကြည်နူးဖွယ် အခြေအနေများကို ကလောင်ရှင် မစန္ဒာသည် ကျွန်တော်တို့၏စိတ်ကြေးမုံပြင်၌ ထင်ထင်ရှားရှား ပြန်လည်ထင်ဟပ်၍လာအောင် သူ၏ငယ်သူမို့မသိပါ အမည်ရှိဝတ္ထုဖြင့် ပြန်ပြောင်း၍ ကြည်နူးစေသည်ကား အမှန်ပင်ဖြစ်ပါပေသည်။

ကြီးစားလိုခြင်း၊ ဘဝတစ်သက်တာအတွက် အားယူခြင်း၊ သို့အားယူချိန်တွင် ကလေးဘဝကိုလက်လွှတ်ကာ လူကြီးဘဝပိုင်းသို့ကူးပြောင်းရန်ကြားကာလကလေးတွင် စိတ်အနေအထား ချီတုံချတုံဖြစ်ပုံကလေးများကို မစန္ဒာသည် နွဲ့နွဲ့ကလေးပင် သီကုံး၍ပြသသွားပေသည်။ ဤကား ကျွန်တော်၏ခံစားရချက်ပင်ဖြစ်ပါသည်။

ကလောင်ရှင် မစန္ဒာသည် ကြီးမားသောစွန့်စားခန်းကြီးများနှင့်

www.burmeseclassic.com

တွေ့ရ တော့မည်ဟု ကျွန်တော်တို့ကထင်၍နေခဲ့ကြရပါသည်။ အကြောင်းမှာမူကား ဦးဆိုးပေကေ ဂျစ်တူးအား လုပ်အားပေးခိုင်းရာတွင် မမျှော်လင့်သော အခန်းကြီး တစ်ခန်း၏အကြောင်းကို ကျွန်တော်တို့မြင်ကြရသောကြောင့်ပင် ဖြစ်ပေသည်။

ကျွန်တော် ထင်သည်။ မစန္ဒာသည် ဂျစ်တူးအား အစားကြီးသော ကလေးမတစ်ယောက်အဖြစ်ဖြင့် ခြယ်မှုန်းရာတွင် ထိုအချက်ကပင်လျှင် ထူးဆန်းသောဇာတ်ကွက်တစ်ခုကို တည်ဆောက်ရန်အားယူကာ ကြိုးစားထားခြင်း ဖြစ်ရမည်ဟု ကျွန်တော်ထင်သည်။ သို့သော် ကျွန်တော်ထင်သည့်အတိုင်း ဖြစ်၍ မလာဘဲ မစန္ဒာသည် ဇာတ်လမ်းကို တစ်မျိုးတစ်ဖုံ ခြယ်၍သွားကာ ကျွန်တော်တို့ မထင်မှတ်သော ဇာတ်ကွက်များကို ဆက်လက်၍ ခင်းသွားပေသည်။

ဤကား မစန္ဒာ၏အောင်မြင်မှုပင်ဖြစ်သည်ဟု ကျွန်တော် ထင်သည်။ စာရေးသူကလောင်ရှင်တစ်ဦးသည် စာဖတ်သူအား မျှား၍ ခေါ်သည်။ မျှော်လင့်ချက်ကိုပေးသည်။ နောက်ဆုံးတွင်မူကား စာဖတ်သူ မျှော်လင့်သည့်အတိုင်း ဖြစ်၍မလာဘဲ စာရေးသူက တက္ကပေဒအရ သဘာဝကျသော သူ၏ ဇာတ်သိမ်း နိဂုံးကို တင်ပြလေသည်။ ဤနေရာတွင် စာဖတ်သူ ထင်မှန်းသောနိဂုံးနှင့် မစန္ဒာ၏သဘာဝ ယုတ္တိကျသော နိဂုံးတို့၏ ကွဲလွဲချက်သည်ပင် မစန္ဒာ၏အောင်မြင်မှု ဖြစ်သည်ဟု ကျွန်တော်ချီးကျူးရမလိုပင် စာဖတ်ပရိသတ်ကြီးကပါ ချီးကျူးမည်ဟု ကျွန်တော်ထင်ပါသည်။

တင့်တယ်

၂၈-၈-၇၂

www.burmeseclassic.com

'သမီးလေးရယ်၊ သမီးကို နွဲ့နှောင်းစေချင်တယ်၊ ပျော့ပျောင်းစေချင်တယ်၊ သိမ်မွေ့စေချင်တယ်သမီးရယ်၊ ဒါကြောင့်လည်း 'နွယ်' ဆိုတဲ့နာမည်ကို ပေးခဲ့တာပေါ့'

နွယ့်မေမေက မကြာခဏပြောတတ်သည်။ နွယ့် အသားသည် ဖြူနုသည်၊ နွယ့်အရပ်သည် သွယ်လျသည်။ နွယ့် ကိုယ်လုံးသည် ပါးလျား သည်။ နွယ့်ကို မေမေနှင့်တူသည်ဟုပြောကြလေသည်။ မေမေ့ကိုမူ လူ တိုင်းက ချောသည်ဟု ဆိုကြသည်၊ လှသည်ဟု အသိအမှတ်ပြုကြသည်။

ဖြူနုသောအသားသည် သနပ်ခါးနှင့်ဝေးလေသော်၊ ပျော့ပျောင်း ထွေးအိသောဆံပင်ကို နောက်စေ့တွင် ဆံညှပ်နှင့်လိပ်တင်ပြီး ထိုးထားလေ သော်၊ သွယ်လျသောကိုယ်လုံးကို ရှပ်အင်္ကျီပွပွကြီးများနှင့် တန်ဆာဆင်လေ သော် နွယ့်ကို တစ်စုံတစ်ဦးကမျှ လှသည်ဟု မပြောကြပေ။

*

ပန်လွယ်တွင် ထင်းရှူးတန်းနှင့် စိန်ပန်းပြာသာ ကြီးစိုးနေလိမ့်မည်ဟု နွယ် ထင်မှတ်ခဲ့သည်။ တောင်ကြားရွာကလေးဖြစ်သဖြင့် အေးသင့်သလောက် မအေးဘဲ မန်ကျည်းပင်နှင့်မာလကာပင်များကိုပါ မြင်ရလေသော် နွယ် အတော် ကျေနပ်သွားလေသည်။

www.burmeseclassic.com

မန်ကျည်းကိုင်းများက အမည်းရင့်ရောင်ပြေးကာ ညို့မှိုင်းနေသည်။ စိမ်းဖန့်သောမန်ကျည်းရွက်နုများသည် အမည်းရင့်ရောင်အကိုင်းများနှင့်ရော ယှက်နေလေသည်။

နွယ်သည် သစ်ပင်ခွကြားတွင်ထိုင်၍ မော့ကြည့်နေရာမှ ဗိုလ်ချုပ်လမ်းရှိ မန်ကျည်းပင်တန်းကိုဖျတ်ကနဲသတိရမိသည်။ နွယ် ကျောင်းပြေး၍ မြို့ထဲသို့ သွားတိုင်း ဆေးရုံကြီးရှေ့ရှိ မန်ကျည်းပင်တန်းအောက်မှ လျှောက်ရမြဲဖြစ်သည်။ နေရောင်ပြောက်ကျားထိုးနေသော စိမ်းဖန့်ဖန့်အရွက်ကလေးများကို မော့ကြည့်ပြီး လျှောက်တတ်သည်က နွယ့်အကျင့်ဖြစ်သည်။ ထို့ကြောင့်လည်း မကြာခဏ ဟိုလူနှင့်ဝင်တိုက် ဒီလူနှင့်ဝင်တိုက် ဖြစ်တတ်လေသည်။

'အစ်မရေ အစ်မခေါင်းပေါ်က အသီးကြီး ဝင်းပနေသဗျ'

စောကြာဒိုးက အော်ပြောသည်။ မြစ်ဝကျွန်းပေါ်တွင်သာ ဖြစ်ထွန်းလေ့ ရှိသော ပင်မှည့်ပင်များကို ပန်လွယ်တွင် ရှားရှားပါးပါးတွေ့နေရပြန်သည်။

ပင်မှည့်နွယ်များသည် မန်ကျည်းပင်ကို နွယ်ယှက်ကာ တက်နေကြသည်။ ဝင်းဝါသော ပင်မှည့်သီးများသည် အတွဲလိုက် အခိုင်လိုက် ညွတ်နေကြသည်။ စောကြာဒိုးတို့က ပင်မှည့်သီးကို အခွံဖောက်ပြီး အစေ့ပွမ်းသော အနှစ်ကို စားကြသည်။ အစေ့များသည် တဖောက်ဖောက်နှင့် ဝါး၍ ကောင်းကာ အချဉ်နှောသော အချိုရည်သည် တစ်မျိုးအရသာရှိလေသည်။

နွယ်က ဖျော်ရည်ဖျော်မည်ဟု စိတ်ကူး၏။ အနှစ်များကို ဆားအနည်းငယ်နှင့်သကြားရောထည့်ကာ နာနာခေါက်ပေးမည်။ ထို့နောက် အရည်စစ်လိုက်မည်။ ရေခဲတုံး အေးမြမြလေးများပါထည့်နိုင်လျှင် စောကြာဒိုးတို့ ဖိုးသံချောင်းတို့တစ်တွေ ဆွေမျိုးမေ့သွားပေမည်။ နွယ်သည် သူ့အစီအစဉ်နှင့်သူ သဘောကျ သွားပြီး မန်ကျည်းကိုင်းကိုဆွဲကာ တစ်ဆင့် ထပ်

တက်လိုက်သည်။

'အစ်မရေ ဦးဆိုးပေကြီး လာပြီဗျ'

အလန့်တကြားအော်လိုက်သော ဖိုးသံချောင်း၏အသံကို ကြားရသည်။ စောကြာဒိုးသည်လည်း မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သစ်ပင်ပေါ်မှ ဒရောသောပါး ဆင်းနေသည်။ နွယ့်ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွား၍ မီလုမိခင် ပင်မှည့်သီးဝင်းဝင်းမှည့်မှည့်ကြီးကို အလောသုံးဆယ်ခူးကာ သစ်ပင်ပေါ်မှ ခုန်ချလိုက်သည်။

'ဟော ဗျ'

ဒူးထောက်လျက်သား ကျသွားသောနွယ်သည် တစ်စုံတစ်ဦး၏ အာမေဋိတ်သံကို ကြားလိုက်ရလေသည်။

နွယ်ရှေ့တွင် ခုံဖိနပ်စီးထားသော ခြေထောက်တစ်စုံကို တွေ့ရသည်။ အမွေးအမှင် ကျိုးတိုးကျဲတဲပေါက်နေသော ခြေသလုံးအထက်တွင် ဒူးဆစ်အထိ ပင့်လိပ်ထားသော ရှမ်းဘောင်းဘီပွပွကြီးကို မြင်ရသည်။ ထို့နောက် စစ်အင်္ကျီ ဖားဖား၊ ၎င်းတို့အပေါ်တွင်ကား မျက်မှောင်ကြုတ်ထားသော ရှစ်ခေါက်ချိုး မျက်နှာပေါက်ဆိုးဆိုးတစ်ခု။

နွယ်သည် ဒူးထောက်နေရာမှ ပတ်ဝန်းကျင်သို့ ကမန်းကတန်း မျက်လုံး ကစားမိသည်။ ဖိုးသံချောင်း၏အသံကိုမျှ မကြားရ။ စောကြာဒိုး၏ အရိပ်ကို မျှမမြင်ရ။ အသံသည်လည်း ပျောက်၊ လူလည်းပျောက်၊ ကြက်ပျောက် ငှက်ပျောက် ပျောက်ကုန်ကြပေပြီ။

'ငါ့ခြံထဲမှာ သစ်သီးလာလာခိုးတဲ့ သူခိုးလေးတွေထဲမှာ ဒီလောက်ကြီးကြီး သူခိုးမတစ်ကောင်ပါနေတာ ငါအခုမှသိတယ်'

'ဘာပြောတယ်'

'နွယ့် မျက်နှာသည် ပန်းနုရောင်ပြေးသွားပြီး နေရာမှ ဝုန်းကနဲ မတ်တတ်ရပ်လိုက်သည်။

www.burmeseclassic.com

စလွယ်သိုင်းထားသောလွယ်အိတ်ထဲမှ ပင်မှည့်သီးများက ဘောင်ဘင်ခတ် လှုပ်ယမ်းသွားလေသည်။

'မင်း မိန်းကလေးဖြစ်တာ အများကြီး ကံကောင်းသွားတယ် မှတ်ပါ၊ မိန်းကလေးကိုတော့ ငါ မောင်းမထုတ်ချင်ဘူး၊ မင်းဟာမင်းပဲ ထွက်သွားပေတော့'

'ဘာပြောတယ်'

နွယ်သည် လက်ထဲမှ ပင်မှည့်သီးကို လွှတ်ချလိုက်ပြီး ခပ်ဆတ်ဆတ် အော်လိုက်မိပြန်သည်။ နွယ်ငယ်ငယ်က ပါတာနီများ နှိုက်ပြေးဖူးလေသည်။ ကုလားကြီးက မလိုက်နိုင်ဘဲ တဟေးဟေးအော်ရင်း ကျန်နေသောအခါ လှည့်ကြည့်ပြီး လျှာထုတ်ပြတတ်သေးသည်။ ထိုစဉ်က အတန်းပိုင်ဆရာမ သိသွားသဖြင့် ခုံပေါ်တွင် တစ်နာရီခန့် မတ်တတ်ရပ်ခဲ့ရလေသည်။ နွယ့် ပြောင်စပ်စပ် မျက်နှာလေးမှာ အပြုံးမပျက်ခဲ့ချေ။ 'ပျော်သလို ပျက်သလိုနဲ့ တွေ့ကရာ လျှောက်လုပ်နေနော်၊ မိနွယ် တစ်နေ့နေ့ ဒုက္ခများလိမ့်မယ်' ဆရာမ ပြောခဲ့သော စကားကို သတိရရင်း နောင်တရမိသည်။ သူခိုးအစွပ်အစွဲခံရပြီး နှင်ထုတ်ခံနေရပါကလား ဟူသောအသိကြောင့် တစ်ကိုယ်လုံး ပူထူကာ ရှက်စိတ်မွန်နေသည်။

'သွားလေ'

'မသွားဘူး'

လက်ထဲတွင်ကိုင်ထားသော တုတ်တိုတိုကိုဝှေ့ယမ်းရင်း ထိုသူက ပြောလိုက်သော် နွယ်သည် ခွန်းချင်းမခံပြောလိုက်မိသည်။ ရှက်စိတ်၊ ဝမ်းနည်းစိတ်၊ မခံချင်စိတ်တို့ကြောင့် နှုတ်ခမ်းပါးလေးများ တဆတ်ဆတ် တုန်နေသည်။

'ငါ့ခြံထဲက အခုထွက်သွားလို့ ဆိုနေ'

'မသွားဘူး'

www.burmeseclassic.com

နွယ်ထွက်ပြေးချင်သည်၊ တတ်နိုင်လျှင် မြေမြှုပ်လိုက်စေချင်သည်။ ထိုသူ၏ရှေ့တွင် တစ်စက္ကန့်လေးမှဆက်၍ မနေချင်၊ သို့သော်လည်း နှင်ထုတ်ခံရပြီး ထွက်သွားရမည်ကို မခံချင်သည့်မာနလေးကြောင့် ထုံပေပေ ဇွတ်မှိတ်ရပ်နေသည်။ ပင်မှည့်သီးအပြည့်ထည့်ထားသောလွယ်အိတ်ကို စလွယ်သိုင်းလွယ်ပြီး မှုန်တေတေရပ်နေသော သူငယ်မလေးကိုကြည့်ရင်း ထိုသူ၏မျက်လုံးများသည် ရယ်မောလာကြသည်။ သို့သော်လည်း လေသံကို မလျှော့ဘဲ ဆောင့်ကြီး အောင့်ကြီး အော်လိုက်သည်။

'ကဲ ကဲ မသွားနဲ့၊ ဒီမှာပဲရပ်နေ၊ တစ်သက်လုံးရပ်နေ၊ ဘယ်မှ မသွားနဲ့'

'သွားမယ်'

'ဟေ့ မသွားနဲ့ဆို'

'သွားမယ်'

'မသွားနဲ့လို့ဆို'

'သွားမယ်'

နွယ်သည် ခြံဝသို့ ဘောက်ဆတ်ဆတ်နှင့် လျှောက်လာသည်။ တဟားဟားနှင့် ဟားတိုက်၍ရယ်လိုက်သောအသံကိုကြားသော် နီတွေးနေသော ပါးပြင်ပေါ်သို့ မျက်ရည်များ ဒလဟောကျလာလေတော့သည်။

နွယ်သည် မျက်ရည်ကို ကမန်းကတန်းပွတ်သုတ်လိုက်ပြီး လွယ်အိတ်ကို သွန်ချလိုက်သည်။ ပင်မှည့်သီး မှည့်မှည့်ဝင်းဝင်းများသည် မြေပြင်ပေါ်သို့ လိမ့်ဆင်းသွားကြလေ၏။

'ရော့ ပြန်ယူ အသီးအစုတ်ပလုတ်တွေကိုပြန်ယူ၊ လူမသိအောင် ခူးမိတာလေးများ သူခိုးလို့ပြောရသလား၊ မောင်းထုတ်ရသလား၊ ရော့ ပြန်ယူ တစ်လုံး မကျန်ယူ အကုန်ပြန်ယူ'

နွယ်သည် ခြံပြင်ရောက်မှ ပင်မှည့်သီးများကို ခြံထဲပြန်ပစ်ထည့်

www.burmeseclassic.com

သည်။ မြေပြင်ပေါ်တွင်လိမ့်နေသောအသီးများကိုပါ ခြံထဲသို့ သတိလက်လွတ် ကန်ထည့်နေမိသည်။

'အစ်မရေ လာပါအစ်မရဲ့ တော်ကြာ ဦးဆိုးပေကြီး ထွက်ရိုက်နေပါဦးမယ် လာပါ'

ဖိုးသံချောင်းသည် နွယ့်လက်ကို ဖွတ်ဆွဲပြီးခေါ်လေသည်။ ပျောက်သွားသော စောကြာဒိုးကလည်း အခုမှ ဘိုကတော်မျက်ခုံးရုံဘေးမှ မဝံ့တဝံ့ ခေါင်းပြူ လာလေသည်။ မျက်လုံးအစုံက ပြူးကျယ်နေသည်။ နွယ့်နားသို့ ကုပ်ချောင်းချောင်းနှင့်ကပ်လာသည်။

'အဲဒီလူက ဘာတုံး'

'သိပါဘူးအစ်မရယ်၊ အရင်က ဒီခြံမှာ ဘယ်သူမှမရှိပါဘူး၊ ဘယ်သူမှလည်း မနေရဲပါဘူး၊ အခုမှ အဲဒီဦးဆိုးပေကြီးရောက်လာတာ'

'အလကား ကပ်စေးနှဲကြီး၊ နန်းနွဲ့ခြောက်လို့ သေပါစေဗျာ၊ စိုင်းကျော် ခြောက်လို့ ရူးပါစေဗျာ'

မိတ္ထီလာရှိ ဘကြီးထံသို့အရောက်များသည့်အတွက် မြန်မာရည် ကောင်းကောင်းလည်နေသော ဖိုးသံချောင်းက မြန်မာပီပီကျိန်နေလေသည်။

'နန်းနွဲ့၊ စိုင်းကျော် ဘယ်သူတွေလဲဟင်၊ ဘာလို့ခြောက်မှာလဲ'

'အဲဒီအိမ်ကြီးထဲမှာ စိုင်းကျော်နဲ့ နန်းနွဲ့ရှိတာယ်လေအစ်မရဲ့ လာတဲ့လူကိုခြောက်တာပဲ၊ ဦးဆိုးပေကြီးလည်း ဘယ်တော့ရူးမလဲမသိ၊ တကယ်ဗျ ခုထိတော့ မရူးနိုင်ပါဘူး၊ ကျွန်တော်တို့ချည်းပဲ လိုက်ရိုက်နေတော့တာပဲ၊ ဟော ဟော ခြံထဲကထွက်လာပြီ၊ ကြာဒိုးရေ တုတ်ပါတယ်ဟ ပြေးဟ'

ခြံထဲတွင် လူရိပ်မြင်လိုက်သဖြင့် ဖိုးသံချောင်းသည် စကားမှ ဆုံးအောင် မပြောနိုင်၊ တစ်ချိုးတည်းသုတ်ခြေတင်လေတော့သည်။ စောကြာဒိုးလည်း တစ်ချိုးတည်းပျောက်သွား၏။ နွယ်သည်လည်း မပြေးမိရန် အားတင်းပြီး ခြေလှမ်းမှန်မှန်နှင့်ဆက်လျှောက်လာရလေသည်။ မြေကြီးကို ဆောင့်နင်း

www.burmeseclassic.com

ရင်း စောကြာဒိုး၏လေကိုလိုက်ပြီး စူပွပွနှင့်ရေရွတ်မိသည်။

'ဟွန်း သရဲခြောက်လို့ ရူးမယ့် အရူးလောင်းလျာကြီး၊ မြန်မြန်ရူးပါစေ'

*

'သမီးလေး'

သမီးထည့်လိုက်တဲ့စာကိုရပါတယ်၊ သမီးက လက်ထဲမှာပိုက်ဆံမရှိတော့လို့ တစ်ရာလောက်ထပ်ပို့ပါဦးတဲ့၊ သမီး အရီးနန်းမြနဲ့ အလည်လိုက်သွားတာ တစ်ပတ်ပဲရှိသေးတယ်မဟုတ်လား၊ အဲဒီတုန်းက သမီးလက်ထဲမှာ ငွေတစ်ရာပေးလိုက်တယ်လေ၊ သုံးလေးရက်အတွင်း ငွေတစ်ရာကုန်အောင် သမီး ဘာတွေလုပ်ပစ်သလဲ။

သမီးကိုတော့ ပြောမှဖြစ်တော့မယ်၊ ရန်ကုန်မှာ သမီးတစ်နေ့ထဲ ရုပ်ရှင် သုံးပွဲဆက်ကြည့်တာ မေမေမသိဘူးထင်သလား။ လက်မှတ်မရရင် မှောင်ခိုက တစ်ဆယ်၊ ဆယ့်ငါးကျပ်ပေးကြည့်တတ်တဲ့သမီးအကြောင်းတွေ မေမေ သိတာ ပေါ့၊ နောက်ပြီး သမီးသုံးဘာသာ ဂုဏ်ထူးရလို့ သမီးဘကြီးက ဆုချတဲ့ ပတ်ကား '၆၁' ဖောင်တိန်ကိုရောင်းပြီး အင်းယားလိတ်ဟိုတယ်ကို ထမင်းသွားစားတာရော၊ လုပ်သင့်လုပ်ထိုက်တယ်လို့ သမီးလေး မဂျစ်တူးက ပြောဦးမှာလား ဟင်'

'ဘုရား ဘုရား'

နွယ်သည် မေမေ့စာကိုဖတ်ရင်း ဘုရားတမိသည်။ ရန်ကုန် တက္ကသိုလ်တွင် အဆောင်နေရသော နွယ်၏သတင်းကို စစ်ကိုင်းရှိမေမေတို့သည်လောက်အထိ သိလိမ့်မည်ဟု နွယ်မထင်ခဲ့ပေ။

'မေမေတို့ရှိသမျှပစ္စည်းတွေဟာ သမီးဖို့ချည်းပဲ၊ သမီးသုံးဖို့ချည်းပဲ၊ ဒါပေမဲ့ ငါသူဌေးသမီး၊ ငါခရိုင်ဝန်သမီးဆိုပြီး အစီပွာယ်မရှိ ဖြုန်းတာမျိုးတော့

www.burmeseclassic.com

မဖြစ်စေချင်ဘူး၊ သမီးကို မိန်းမပီသစေချင်တယ်၊ တည်ကြည်စေချင်တယ်၊ သိမ်မွေ့စေချင်တယ်၊ ဒါပေမဲ့ မေမေ့သမီး ပေါက်ကျော်မက အိုက်(စ)ကရင်း တစ်ဆယ်ဖိုး ထမင်းလွတ်စား၊ ပိုက်ဆံတစ်ကျပ်ထဲကျန်မှ အပြန်စရိတ် တစ်မတ်ချန်ပြီး သုံးမတ်တန်းကနေ ရုပ်ရှင်ဝင်တိုးတဲ့အထိ သိမ်မွေ့ပြနေတော့ မေမေ ဘယ်လောက်စိတ်ညစ်ခဲ့ရတယ်ထင်သလဲ'

'အလိုလေး၊ လေး၊ မြတ်စွာဘုရား'

နွယ်သည် စာရွက်ကို လွှတ်ချရင်း ဘုရားတလိုက်မိပြန်သည်။ နွယ် သုံးမတ်တန်းက ရုပ်ရှင်ဝင်တိုးဖူးသည်ကို မေမေနားရောက်အောင် ဘယ်သူများ ကုန်းချောလိုက်ပါလိမ့်ဟု ပူပူထူထူတွေးနေမိသည်။

'လွယ်လွယ်ရလို့ လွယ်လွယ်သုံး လွယ်လွယ်ဖြုန်းပြီး သမီးဟာ ငွေတန်ဖိုးမသိဖြစ်နေတယ်။ ပန်လွယ်မှာ ရုပ်ရှင်ရုံ မရှိဘူးသမီး၊ အင်းယား လိတ် ဟိုတယ်လည်း မရှိဘူး၊ သမီးကို အရှိန်းနန်းမြက ထမင်းမှန်မှန်ကျွေးနေ တာပဲ၊ သမီးဘာမှ သုံးစရာ ဖြုန်းစရာ မရှိဘူး၊ မေမေ ငွေမပို့ဘူးသမီး'

'ဟိုက် မြတ်စွာဘုရား'

နွယ်သည် တတိယအကြိမ် ဘုရားတမိပြန်သည်။ အရှိန်းနန်းမြနှင့် ပန်လွယ်သို့အလည်လိုက်သွားမည်ဟုဆိုစဉ်က မေမေခေါင်းခါခဲ့သည်။ ကျောင်းပိတ်ရက်ကလေးပြန်လာရတာ မေမေနဲ့နေပါဦးဟုဆိုသည်။ နွယ် က ဇွတ်အတင်းလိုက်ခဲ့ခြင်းဖြစ်သည်။ ဒါကြောင့်များ စိတ်ဆိုးနေရော့လား ဟု မရေမရာ တွေးမိသည်။

'မေမေက ငွေမပို့ဘူးဆိုလို့ သမီးဖေဖေကိုကပ်ပြီးချွဲမယ်လို့လည်း စိတ်မကူးနဲ့ သမီး၊ ဒီစာရေးတာ မေမေရော ဖေဖေရော နှစ်ဦးသဘောတူ ရေးတာ၊ သမီးလေး မဂျစ်တူးကို ဆုံးမဖို့အချိန်တန်ပြီမဟုတ်လား။

ကဲ သမီးရေ သမီးတို့ကျောင်းတွေလည်း အောက်တိုဘာမှဖွင့်မှာ မဟုတ်လား၊ တစ်လလောက်တော့ ပိုက်ဆံမဖြုန်းဘဲ နေကြည့်စမ်းပါ၊ သူများ

www.burmeseclassic.com

တကာတွေ ငွေကိုဘယ်လိုခက်ခက်ခဲခဲရှာရတယ်၊ ငွေတွင်း ဘယ်လောက်နက်တယ် ဆိုတာ လေ့လာကြည့်ဦး သမီးရေ။

သမီးလေးချမ်းမြေ့ရွှင်လန်းပါစေ

မေမေ’

နွယ်သည် မေမေ့စာကို မယုံနိုင်သလို အခေါက်ခေါက်အခါခါ ဖတ်နေသည်။ မေမေရေးနေကျစာရွက်ဖြူလွလွကလေး မေမေသုံးနေကျ မင်အနက်၊ မေမေ့လက်ရေးအစစ်၊ သို့သော်လည်း နွယ့်ကိုချစ်သော မေမေသည် နွယ်လိုသော ငွေကို မပို့ဘူးဆိုပါလား။

နွယ်သည် ကျောက်ရုပ်ကလေးလို မလှုပ်မယှက်ထိုင်နေမိသည်။ မေမေ ပြောသလို နွယ် တကယ်ပဲဆိုးသလားဟု မရေမရာတွေးနေမိသည်။ နွယ့်ကိုယ်နွယ်မူ ဆိုးသည်ဟုတစ်ခါမျှမထင်ခဲ့ဖူးပေ။ ပိုက်ဆံဖြုန်းနေသည်ဟု အတွေး မဝင်ခဲ့ဖူးချေ။ တစ်ခါတစ်ရံ ကျောင်းပြေးသော်လည်း စာမှန်မှန်ကျက်၊ ကျောင်းမှန်မှန်တက်ကာ နှစ်စဉ်စာမေးပွဲကို ရှေ့တန်းမှအောင်နေသောနွယ်သည် သူ့ကိုယ်သူ လိမ္မာသည်ဟုသာ ထင်မှတ်ခဲ့သည်။

‘နွယ်ရေ ထမင်းစားရအောင်’

အရိုးနန်းမြ၏အသံကိုကြားရသော် နွယ်သည် မေမေ့စာကို ခေါင်းအုံးအောက် ထိုးထည့်ပြီး ထလိုက်သည်။ လိုတာမရသဖြင့် စိတ်ဆိုးပြီး ရှက်စိတ်၊ ဝမ်းနည်းစိတ်တို့ ရောပြွန်းနေသောမျက်နှာကလေးမှာ နီတွေးနေသည်။

‘သမီး ဘာဖြစ်နေလဲ၊ မျက်နှာလည်း နီလို့ နေမကောင်းဘူးလား’

‘ကောင်းတယ်’

နွယ်သည် ခပ်ပြတ်ပြတ်ဖြေရင်း ထမင်းပွဲရှိရာသို့ တန်းသွားလေသည်။ အရိုးနန်းမြသည် နွယ့်ခေါင်းအုံးအောက်မှ တစ်ပိုင်းတစ်စ ထွက်နေသော စာရွက်လေးကိုကြည့်ရင်း မသိမသာပြုံးမိလေသည်။

www.burmeseclassic.com

နွယ်သည် မီးရထားလမ်းတစ်လျှောက်လုံး တွေ့ကရာဝယ်စားကာ ပိုက်ဆံအစိတ် ချဖျောက်ပစ်ခဲ့လေသည်။ ပန်လွယ်ရောက်ရောက်ချင်း စားပိုးနင့်ကာ ဝမ်းလျှောသော စူစကာလက်သစ် နွယ်ကို အရီးနန်းမြ ဆေးကုခဲ့ရသေးသည်။

နွယ့်မေမေဆီသို့ အရီးနန်းမြက စာရေးပြီး ငွေမပို့ရန်ပြောထားခြင်း ဖြစ်ကြောင်း နွယ်သာသိလျှင်။

*

ပြာလဲ့လဲ့ကောင်းကင်ပြာကိုနောက်ခံထားသော သွယ်လျားသော ယူကလစ်ပင်သည် ဘယ်ညာယိမ်းနွဲ့နေသည်။ ခရမ်းရင့်ရောင် ပဲပန်းပြာများက ယူကလစ်ပင်ကို နွယ်ယှက်တက်နေသည်။ လတ်ဆတ်သောလေပြည်အေးသည် သင်းပျံ့ပျံ့ယူကလစ်နံ့ကို နွယ့်ထံသို့ ထွေးပိုက်သယ်ဆောင်လာလေသည်။

ဝင်းခြံနားရှိ ပုလဲပန်းဖြူဖြူလေးများကမူ ကျီးတိုးကျဲတဲသာ ပွင့်နိုင်ရှာသည်။ နွယ်တို့မြေပြန့်တွင် အဆုပ်လိုက် အခိုင်လိုက် ဖွေးနေအောင် ပွင့်တတ်သော်လည်း ရှမ်းပြည်နယ်တွင် ပုလဲပန်းနှင့် ပုဏ္ဏရိက်ပန်းနီနီများက ကောင်းစွာ မဖြစ်ထွန်းပေ၊ ရှားပါးလှပေသည်။

နွယ်သည် ကျိုးကျဲကျဲ ပုလဲပန်းခိုင်လေးကို အငေးသားကြည့်ရင်း ငွေစက္ကူဖြူဖြူ စိမ်းစိမ်းများကိုသာ မြင်ယောင်နေသည်။ မြေပြန့်တွင် နွယ့်အတွက် ပေါများလှသောငွေသည် ရှမ်းပြည်နယ်ရောက်မှ ပုလဲပန်းသဖွယ် ရှားပါးလှချေသည်။

နွယ်သည် သက်ပြင်းသဲ့သဲ့ရှိုက်ကာ အင်္ကျီအိတ်ထဲသို့ စမ်းကြည့်မိသည်။ နောက်ဆုံးလက်ကျန်ဖြစ်သော ငါးမူးစေ့နှစ်စေ့က တချွင်ချွင်အသံပြုလာလေသည်။ ယမန်နေ့ကပင် သုံးကျပ်ကျန်သေးသည်။ မနေ့က အရီးနန်း

www.burmeseclassic.com

မြနှင့် အတူ ရွှေညောင်ဈေးလိုက်သွားပြီး နွယ်ဝမ်းလျှော်ပြီးသည့်နောက်ပိုင်း အဝေးကြီး ဝေးခဲ့ရသော ရှမ်းထမင်းချဉ် အဝစားလိုက်သဖြင့် ကျပ်တန်လေး နှစ်ရွက်က နွယ့်ကိုနှုတ်ဆက်ထွက်ခွာသွားကြသည်။ ရှမ်းဘောင်းဘီပွပွကြီး များတွေ့၍ အိမ်ပြန်လက်ဆောင်ဝယ်ချင်သော်လည်း ဈေးပင်မေးမကြည့်ရဲခဲ့။ 'ငါတစ်ကျပ်ဖိုးပဲ စားခဲ့မိရင်ကောင်းမှာ'ဟု နွယ်သည် တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ် နှမြောမိလေသည်။

'အစ်မရေ အစ်မနွယ်'

'ဟော ဖိုးသံချောင်း'

နွယ်သည် တစ်ဦးတည်းအတွေးလွန်နေရာမှ ခြံထဲသို့အပြေးဝင်လာသော ဖိုးသံချောင်းကို နှုတ်ဆက်လိုက်သည်။ ဖိုးသံချောင်း၏လက်ထဲတွင် ကော့စမစ်(ခ) ရွှေဒင်္ဂါးရောင်စုံပန်းများကို တွေ့ရသည်။ ဖိုးသံချောင်း၏ ညီမငယ် မခမ်းလုံလေးကလည်း ခေါင်းလောင်းပြာပန်းများကို တစ်ပွေ့တစ်ပိုက် သယ်လာ၏။

'အစ်မ ပန်နော်'

'အေး ပန်မှာပေါ့'

နွယ်သည် ဆံပင်ပျော့ပျော့များကို ဆံထုံးသဖွယ်ခွေလိုက်ပြီး ဆံညှပ်နှင့် ထိုးလိုက်သည်။ ထို့နောက်မှ ပန်းရောင်စုံများကို ဝန်းဝိုက်ပန်ဆင်နေသည်။

'ကဲ လှရဲ့လား'

တစ်ခေါင်းလုံး ပန်းတွေဝေနေမှ နွယ်ကပြုံးရယ်ရင်းမေးမိသည်။ စိတ်ကူးပေါက်တိုင်း ပန်းရိုင်းများကို ပန်ချင်သလိုပန်ထားသောနွယ်သည် လူရိုင်းမလေးနှင့်တူနေ၏။ နွယ့်ဘေးတွင် ငုတ်တုတ်လေးထိုင်ကာ နွယ့်ကို တငေးတမော ကြည့်နေသော မခမ်းလုံလေးကမူ ပါးချိုင့်လေးပေါ်အောင် ရယ်ရင်း ခပ်သွက်သွက်ခေါင်းညိတ်ပြလေသည်။

www.burmeseclassic.com

'အစ်မ အစ်မအဖေက အရာရှိ အကြီးကြီးဆို၊ သူဌေးကြီးဆို'

ဖိုးသံချောင်းကမေးသည်။ ထဘီအပြန်နှင့်လွယ်အိတ်ကို စလွယ်သိုင်း လွယ်ကာ သူတို့နှင့်အတူ ရွာရိုးကိုးပေါက်လျှောက်ပြီး ပင်မှည့်သီးဝင်ခိုးသော နွယ့်ကို အရာရှိကြီးသမီးဖြစ်သည်ဟု ယုံနိုင်ပုံမပေါ်ပေ။

'ဘယ်သူ ပြောလဲ'

'အရီးနန်းမြက ဘကြီးစိုင်းရီကိုပြောနေတာလေ၊ အစ်မက သိပ်ဆိုးတာပဲတဲ့၊ ပိုက်ဆံလည်း အားကြီးသုံးတာပဲဆို ဟုတ်လား'

'ဘာပြောတယ်'

နွယ်၏မျက်ခုံးထူထူလေးများသည် အတွန့်ချိုးသွားပြီး ဖိုးသံချောင်းကို မဆီမဆိုင်အော်လိုက်မိသည်။ အရီးနန်းမြကိုပဲစိတ်ဆိုးသလိုလို ဖေဖေနှင့်မေမေကိုပဲ စိတ်ဆိုးသလိုလိုနှင့် နံနက်က ဝေဒနာ အစပေါ်၍ လာ ပြန်လေသည်။ ရုတ်ခြည်း မျက်ရည်ရစ်ဝိုင်းလာသောနွယ့်ကို ဖိုးသံချောင်းသည် နားမလည်နိုင်သလို ကြည့်နေသည်။

'ဖိုးသံချောင်းရဲ့ လူကြီးတွေဆိုတာ တစ်ခါတစ်ခါမဟုတ်တာပြောတတ်တယ်၊ အကြွားထူတယ် သိရဲ့လား၊ အစ်မတို့အိမ်က သိပ်ဆင်းရဲတာ'

'ဟုတ်လား'

'အေးပေါ့၊ မုန့်ဟင်းခါးလေ မုန့်ဟင်းခါးရောင်းစားရတာ၊ ခုကျောင်းပိတ်ရက်ကလေးတောင် အစ်မကိုမကျွေးနိုင်လို့ အရီးနန်းမြနဲ့ လိုက်လာရတာသာ ကြည့်ပေတော့'

'တကယ်'

'တကယ်ပေါ့ မခမ်းလုံးရယ်၊ တစ်ခါတလေ အမေနေမကောင်းရင် အစ်မကိုယ်တိုင် မုန့်ဟင်းခါးအရောင်းထွက်ရတာ၊ အစ်မတို့မှာ မောင်နှမတွေကလည်း အများကြီးဆိုတော့ မလောက်ဘူးပေါ့'

အရွဲ့တိုက်ချင်စိတ်ကလေးနှင့် ပြောင်းပြန်ဇောက်ထိုး တွေကရာ

www.burmeseclassic.com

ပြောနေသော နွယ့်ကို မခမ်းလုံလေးသည် အငေးသားကြည့်နေ၏။

'အခုလည်း အစ်မဆီမှာ ပိုက်ဆံတစ်ပြားမှ မရှိဘူး၊ အရီးနန်းမြ ကျွေးသမျှပဲ စားနေရတာ၊ အမေနဲ့အဖေကလည်း တစ်ခါတလေ ဆန်ရှားရင် ထမင်းတောင် စားနိုင်တာမဟုတ်ဘူး၊ ဆန်ပြုတ်နဲ့ပြီးတဲ့အခါလည်း ပြီးရတာ၊ အစ်မကို ဘယ်လိုလုပ်ပြီး မုန့်ဖိုးပေးနိုင်ပါ့မလဲ'

နွယ်သည် သူ့ကိုယ်သူ ဘာကြောင့် မဟုတ်တရုတ်တွေ ပြောနေမိမှန်းပင် ကောင်းကောင်းမသိပေ၊ လိုလျှင်တ တလျှင်ရသောဘဝတွင် ကြီးခဲ့ရာမှ တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးအကြိမ်လိုတာမရသဖြင့် ထင်ရာစိုင်းချင်သော စိတ်ရူးလေး တဝေဝေဖြစ်နေသည်။ ပါးစပ်ကလေးများဟကာ နားထောင်ရင်း နွယ့်ကို ကရုဏာကြီးစွာနှင့်ကြည့်နေသော ဖိုးသံချောင်းတို့ မောင်နှမကြောင့် စိတ်ထဲတွင် ပျော်သလို ရွှင်သလိုနှင့် ရယ်ချင်လာသည်။

'အစ်မ ပိုက်ဆံ အားကြီးသုံးတာပဲဆို'

'ကြံကြံဖန်ဖန်ဟယ်၊ ပိုက်ဆံမှမရှိတာ ဘယ်လိုလုပ်ပြီး သုံးရမှာလဲ၊ အရီးနန်းမြက ကြွားတာဟ၊ ကြည့်ပါဦး၊ ငါ့ရုပ်ကို သူဌေးသမီးနဲ့တူလို့လား'

ရောင်စုံပန်းများကို ထိုးထိုးထောင်ထောင်နှင့် တစ်ခေါင်းလုံးဝေအောင် ပန်ထားသော နွယ့် အဆင်အပြင်သည် မြို့ကြီးသူနှင့်မတူရုံး အမှန်ပါပေ၊ ရှမ်းသနပ်ခါး ဘဲကျားရိုက်ထားသော နွယ့်မျက်နှာသွယ်သွယ်လေးသည်လည်း တက္ကသိုလ်ကျောင်းသူနှင့်လားလားမျှ မဆိုင်ပါ၊ ထဘီတိုတိုနှင့် ယောကျ်ားဝတ် ရှပ်အင်္ကျီကြီးကို လက်ခေါက်၍ဝတ်တတ်သော နွယ့်ကို ခရိုင်ဝန်မင်း၏ ချစ်မငြီးသော သမီးကလေးအဖြစ် အရီးနန်းမြပြောသည်မှာ ဟုတ်နိုင်မည် မထင်ပေ။ မခမ်းလုံသည် နွယ့်ကို ငေးကြည့်နေရာမှ ဖြည်းလေးစွာ ပြောသည်။

'အစ်မ ငါးစုထားတာလေ ပြားငါးဆယ်တောင်ရှိတယ်၊ အစ်မ လိုချင်ရင် နှစ်ဆယ့်ငါးပြားယူလေ'

www.burmeseclassic.com

နွယ့်ရင်ထဲတွင် ဟာကနဲဖြစ်သွားပြီး မခမ်းလုံကို တွေတွေဝေဝေကြည့် နေမိသည်။ နေဒဏ်ကြောင့် နီစပ်စပ်ဖြစ်နေသော မခမ်းလုံ၏မျက်နှာတွင် မျက်လုံးလေးများက အရောင်လက်နေသည်။

'နေပါစေ ခမ်းလုံမလေးရယ်'

အားစိုက်၍ပြောလိုက်သော နွယ့်အသံက တုန်ခိုက်သွားသည်။ စေတနာ ဖြူစင်လှသူလေး၏မျက်လုံးများကို ရင်မဆိုင်ရဲသဖြင့် မြေကြီးညို ညိုကို စူးစိုက်ကြည့်နေမိသည်။

'မနှစ်တုန်းက ကျွန်တော်စုတာ တစ်ကျပ်တောင်ရတယ်၊ ကျပ်တန်လေး လဲထားတာ၊ ဘုရားပွဲမှာကျပျောက်သွားရော၊ နှမြောလိုက်တာ အစ်မရာ'

ဖိုးသံချောင်းသည် အခုချက်ချင်းလက်ငင်းပင် ပျောက်သွားသကဲ့သို့ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် ငိုမဲ့မဲ့ဖြစ်နေသည်။

နွယ်သည်လည်း ဖိုးသံချောင်းကိုကြည့်ရင်း သုံးကျပ်ခွဲတန်းရုပ်ရှင်လက်မှတ်ကို တစ်ဆယ်ပေးကြည့်ခဲ့ဖူးသည်ကို သတိရမိသည်။ အနီရောင်တစ်ဆယ်တန်လေးကို မြင်ယောင်ရင်း ယခုမှ နှမြောမိတော့သည်။ ဖိုးသံချောင်း ၏စာတ်ကူးစက်ကာ ငိုချင်သလို ဖြစ်သွားသည်။ မိဘဆီမှ မရသောအခါမှ ပိုက်ဆံဟူသည်မှာ တန်ဖိုးရှိပါလားဟု အတွေးပေါက်မိတော့သည်။

'စောကြာဒိုးတို့ရော'

အတန်ကြာငိုင်နေမိကြပြီးမှ နွယ်က စောကြာဒိုးကို သတိရသည်၊ စောကြာဒိုးတစ်ယောက် နွယ့်ဆီမလာသည်မှာ နှစ်ရက်ပင်ရှိပေပြီ။

'ဦးဆိုးပေအိမ်မှာ အလုပ်သွားလုပ်တယ် အစ်မရဲ့'

ဖိုးသံချောင်းသည် ဘေးဘီကိုအကဲခတ်ပြီးမှ ခပ်တိုးတိုးပြောသည်။ လျှို့ဝှက်ချက်ကြီးကို ပြောနေရသလို သူ့မျက်နှာကလည်း အရေးတကြီး ဖြစ်နေသည်။

www.burmeseclassic.com

'ဦးဆိုးပေအိမ်မှာ ဟုတ်လား'

နွယ်ကလည်း တိုးတိုးလေး ပြန်မေးမိသည်။

'ဟုတ်တယ် အစ်မရဲ့၊ ဟိုတစ်နေ့ကပဲ ကျွန်တော်နဲ့စောကြာဒိုးနဲ့ ပန်လွယ်ချောင်းမှာ ငါးသွားဖမ်းကြတုန်းက ဦးဆိုးပေကြီးနဲ့တွေ့တယ်၊ ဦးဆိုးပေကြီးက ပြုံးလို့ဗျ အစ်မရ၊ ဒီတစ်ခါ စိတ်မဆိုးဘူး၊ သူ့အိမ်နဲ့ခြံကို ကူရှင်းပေးပါတဲ့၊ တစ်နေ့ နှစ်ကျပ်ပေးမယ်တဲ့၊ ပိုက်ဆံက အများကြီးနော၊ ဒါပေမဲ့ ကျွန်တော် ကြောက်လို့'

'ဘာကိုလဲ'

'အဲဒီအိမ်ကြီးက သရဲခြောက်တယ်လေ၊ နန်းနွဲ့တစ္ဆေလေ၊ အာ အားကြီး ခြောက်တာပဲ၊ ငါတို့အမေက အဲဒီကိုမသွားရဘူးတဲ့'

'ဟုတ်တယ်၊ တစ်ရွာလုံး အဲဒီအိမ်ကြီးကို မသွားရဲကြဘူး၊ ကျွန်တော်တို့ကသာ တစ်ခါတလေ အသီးသွားခူးတာ၊ အိမ်ထဲတော့ မဝင်ရဲဘူး၊ အခု စောကြာဒိုးက သူ့အမေ မသိအောင် တိတ်တိတ်လေးသွားလုပ်တာ'

'နေ နေပါဦး သံချောင်းရယ်၊ နန်းနွဲ့တစ္ဆေအကြောင်း ပြောပြစမ်းပါဦး'

တစ်ယောက်တစ်ခွန်း အလုအယက်ပြောနေသော မခမ်းလုံတို့မောင်နှမကို လက်ဝါးကာ၍တားရင်း မေးရသည်။

မခမ်းလုံ၏မျက်လုံးလေးများသည် ပြူးကျယ်၍သွားသည်။ ပခုံးကလေးကိုကျုံ့ရင်း နွယ့်အနားသို့ တိုးကပ်လာလေသည်။ သူတို့နှစ်ဦး စီကာပတ်ကုံးပြောသော နန်းနွဲ့ပုံပြင်ကို နွယ်သည် တငေးတမောနားထောင်မိလေသည်။

နန်းနွဲ့သည် ချောမောလှပသော ရှမ်းပျိုမလေးဖြစ်သည်။ ထို့ကြောင့်လည်း နန်းနွဲ့ကိုတွေ့မြင်သောစော်ဘွားမင်းက ချက်ချင်းပင် ကောက်ယူ မြှောက်စားတော်မူလေသည်။ နန်းနွဲ့ ကံကောင်းသည်ဟု ဆိုကြသည်၊

www.burmeseclassic.com

ထောမနာပြုကြသည်။ သို့သော်လည်း နန်းနွဲ့သည် သူ့ကိုယ်သူ ကံကောင်းသည်ဟု လုံးဝ မထင်မှတ်ပေ။ ချစ်ဦးသူ စိုင်းကျော်နှင့် ကွေကွင်းရသော ဆင်းရဲကို ခံစားနေရ သောကြောင့် ဖြစ်၏။

နန်းနွဲ့က ဇာတိချက်မြှုပ် ပန်လွယ်ရွာလေးသို့ တစ်နှစ်တစ်ခါ အလည် သွားချင်ကြောင်းခွင့်တောင်းသောအခါ နန်းနွဲ့ကို ချစ်ခင်မြှောက်စားတော်မူသော စော်ဘွားမင်းက သဘောတူခဲ့လေသည်။

'စော်ဘွားကြီးက အဲဒီအိမ်ကြီးကို ဆောက်ထားပြီး နန်းနွဲ့နဲ့အတူ တစ်နှစ် တစ်ခါလာတယ်တဲ့၊ တစ်နှစ်ကျတော့ စော်ဘွားကြီးမလိုက်နိုင်လို့ နန်းနွဲ့ တစ်ယောက်တည်း အခြံအရံတွေနဲ့ရောက်လာတယ်တဲ့၊ ညကျတော့ စိုင်းကျော် ဟာ နန်းနွဲ့နဲ့တွေ့ချင်လွန်းလို့ တစ်ယောက်တည်းသွားတယ်တဲ့ အစ်မရဲ့၊ သူ့ သူငယ်ချင်းတွေက ဝိုင်းပြီးတားပေမယ့် မရဘူးတဲ့လေ၊ မနက် ကျတော့ စော်ဘွားကြီး ရုတ်တရက်ရောက်လာပါလေရော၊ နောက်ပြီး အဲဒီ အိမ်မှာ အော်သံ ငိုသံတွေကြားရတယ်တဲ့၊ စော်ဘွားကြီးပြန်သွားတော့ နန်းနွဲ့ ပါမသွားဘူးတဲ့၊ စိုင်းကျော်လည်း အိမ်ကိုပြန်မလာတော့ဘူး၊ တစ်ခါတည်း ပျောက်သွားရော၊ ဘကြီးသာဦးလေ ငယ်ငယ်တုန်းက အရက်မူးမူးနဲ့ အဲဒီ အိမ်ကြီးမှာ ဝင်အိပ်ဖူးတယ်တဲ့၊ တစ်ယောက်နဲ့တစ်ယောက်ဖက်ပြီး နန်းနွဲ့နဲ့ စိုင်းကျော်ကိုတွေ့ရတယ်တဲ့ အစ်မရဲ့၊ ဘကြီးသာဦးလည်း ဖျားရော'

ဖိုးသံချောင်းသည် ကြားဖူးသမျှကို ကြက်တူရွေးလို အလွတ်ရွတ် နေသည်။ တစ်ရွာလုံးရှိ လူများသည် ရွာစွန်ရှိ ဂုဏ်ခြံကြီးဆီသို့ အသွားအလာ မရှိကြသည်ကို နွယ်လည်း ခုမှသတိထားမိသည်။

'ဟုတ်ရဲ့လား ဖိုးသံချောင်းရယ်၊ သရဲဆိုတာ တကယ်ရှိလို့လား၊ ရှိဦးတော့ လူကိုဒုက္ခပေးနိုင်လို့လား'

'အစ်မ သရဲမကြောက်ဘူးလား'

'မကြောက်ပေါင်'

www.burmeseclassic.com

'တကယ်'

'တကယ်ပေါ့'

နွယ့်မိဘများကပဲ နွယ့်ကိုမကြောက်ဆေးကျွေးခဲ့ရော့လားဟု နွယ် တစ်ခါတစ်ရံတွေးမိသည်။ ဒီကမ္ဘာ ဒီလောကတွင် နွယ်ကြောက်သောအရာ အတော်ရှားပါးလေသည်။

နွယ် ဆယ်နှစ်သမီးက နွယ်၏ အစ်ကိုဝမ်းကွဲ ကိုကိုအောင်နှင့် အတူ သုသာန်သို့ပင် ညဥ့်နက်သန်းခေါင်သွားရန် ကြံစည်ခဲ့ဖူးသည်။ သုသာန်ရှိ အုတ်ဂူတွင် ညဥ့်ဆယ့်နှစ်နာရီတိတိ၌ ဝလုံးခုနစ်လုံးရေးလျှင် သရဲများကို မြင်ရသည်ဟု လူကြီးများပြောသံကြား၍ လက်တွေ့စမ်းရန် ဖြစ်သည်။ အိမ်ထဲမှ အောင်မြင်စွာ ထွက်နိုင်ခဲ့ကြသော်လည်း ခြံတံခါး အဖွင့် တွင် ညဥ့်ဒရဝမ် ကိုဘိုးထွေးက သူခိုးသူခိုးနှင့် အော်ဟစ်ဖမ်းဆီးခဲ့သည့် အတွက် နွယ်တို့ မပြေးသာဘဲ အဖမ်းခံရသည်။ အူယားဖားယား ပြေးဆင်း လာသော လူကြီးများသည် သူခိုးလေးနှစ်ဦးကို ဓာတ်မီးနှင့် ထိုးကြည့်သော အခါမှ နွယ်နှင့်ကိုကိုအောင်ဖြစ်မှန်း သိတော့သည်။ အသံမပေးဘဲ ကိုဘိုး ထွေး၏လက်ကိုသာ သွားရာအကွင်းလိုက်ထင်အောင် ကုန်းကိုက်ထားကြ သည်။ ခြံထဲမှ ခိုးကြောင်ခိုးဝှက်ထွက်ခါ သုသာန်သို့သွားကြမည့် သူရဲ ကောင်းကြီး နှစ်ဦးသည် သုသာန်ရှိ သရဲကိုမတွေ့ရဘဲ အိမ်ရှိ ကြိမ်နှင့်သာ အဆော်ခံခဲ့ကြရသည်။

'နန်းနွဲ့နဲ့ စိုင်းကျော်တစ္ဆေကတော့ တကယ်ရှိတာ အစ်မရဲ့'

ဖိုးသံချောင်းက အခိုင်အမာပြောသည်။ ဘာမဆို လက်တွေ့စမ်း ကြည့်ချင်သောနွယ်လည်း စိတ်အားထက်သန်လာသည်။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ၎င်းအိမ်ကြီးကို အတွင်းအပြင်နှံ့နှံ့စပ်စပ် ဝင်ထွက်ကြည့်ချင် လာသည်။

'သရဲတစ္ဆေဆိုတာ စိတ်ကထင်ပြီး ပြန်ခြောက်နေတာပါ၊ အစ်မတို့

www.burmeseclassic.com

တွေ ပင်မှည့်သီးဝင်ဆူးတုန်းကရော ဘာလို့မတွေ့လဲ၊ ဘာလို့မခြောက်လဲ ကဲ'

'ဦးဆိုးပေကလည်း ပြောတယ်၊ မင်းတို့အလကား ကြောက်နေတယ်၊ ဘာသရဲမှမရှိဘူးကွ၊ ငါ ဒီအိမ်ကြီးကို တစ်ယောက်တည်းရှင်းမနိုင်လို့ လူငှားတာတဲ့၊ စောကြာဒိုးကိုမခြောက်ရင် နက်ဖြန်ကျွန်တော်လည်း သွားလုပ်မယ်၊ ခမ်းလုံ အမေမသိစေနဲ့နော၊ နှစ်ကျပ်ကြီးတောင်ရမှာ'

'နှစ်ကျပ်ကြီးတောင်'

နွယ်သည် ခေါင်းလောင်းပြာပန်းလေးများကိုငေးကြည့်ရင်း ပွဲတင်ထပ် ရေရွတ်မိလေသည်။

*

'ဩော် လက်စသတ်တော့ မင်းကိုး'

ကိုမြင့်နိုင်သည် ပြုံးစစနှင့် ရေရွတ်မိသည်။ သူ့ခြံထဲသို့ ပင်မှည့်သီးများကို ပြန်ပြီးကန်သွင်းသွားသော ဒီသူငယ်မလေးအကြောင်းကို တွေးမိတိုင်း ဒေါသစိတ်ပျောက်၍ ရယ်ချင်စိတ်ပေါက်လာတတ်သည်။

'မင်းနာမည် ဘယ်လိုခေါ်လဲ'

'ဂျစ်တူး'

နွယ်သည် နူတ်ခမ်းပါးလေးနှစ်လွှာကို တင်းတင်းစေ့ပြီး မြေကြီးကို စိုက်ကြည့်နေရာမှ ခပ်ပြတ်ပြတ်ပြောလိုက်သည်။ နွယ်တို့အခေါ် ဦးဆိုးပေ အမည်ခံ ကိုမြင့်နိုင်၏ ပြုံးစစမျက်နှာကိုမြင်ရကတည်းက နွယ်သည် ပင်မှည့်သီး ကိစ္စတုန်းက ရှက်ခဲ့ရသော ရှက်စိတ်နုနုလေးများ ပြန်လည်ဆူဝေလာသည်။ အရွဲ့တိုက် ဂျစ်တိုက်ချင်သောဉာဉ်ဆိုးလေးနှင့် တွေ့ရာအမည်ကို ပြောလိုက်၏။

'ဂျစ်တူး နာမည်နဲ့လူနဲ့တော့ အလိုက်ပဲ'

www.burmeseclassic.com

ကိုမြင့်နိုင်သည် နွယ်၏ဂျစ်တူးတူးမျက်နှာလေးကိုကြည့်ကာ ထောမနာ ပြုလေသည်။ ဘာပြောပြော ခုလိုအကူအညီလိုနေချိန်တွင် စောကြာဒိုးတို့ ဖိုးသံချောင်းတို့အရွယ်တွေထက် နွယ်က သူ့အား ပိုမို အကူအညီ ပေးနိုင်မည်ကား အမှန်ပင်။

'အေးလေ မင်း တစ်နေ့လုပ်ကြည့်ဦးပေါ့။ သူတို့လိုပဲနှစ်ကျပ်ပေးမယ် ဟုတ်လား၊ မင်းအလုပ်အကိုင်ကို ကျေနပ်ရင် နောက်နေ့တွေ တိုးပေးမယ်'

နွယ့်ဘေးတွင် ကုပ်ကုပ်လေးရပ်နေကြသော ဖိုးသံချောင်းနှင့် စောကြာဒိုးတို့၏မျက်နှာလေးများသည် ပြုံးသွားကြသည်။ နွယ်လည်း သူတို့နှင့် အတူ အလုပ်လုပ်မည်ဖြစ်၍ အားတက်ပျော်ရွှင်နေကြသည်။

'ကျွန်မ ဒီနေ့ ဘာလုပ်ရမှာလဲ'

နွယ်သည် သူ့အလုပ်ရှင်ကို မေးမိသည်။ အလုပ်ဟူသည်ကို တစ်သက်နှင့်တစ်ကိုယ် ပထမဆုံးလုပ်ဖူးမည်ဖြစ်သဖြင့် တုန်တုန်လှုပ်လှုပ်ဖြစ်နေသည်။ မိမိကိုယ်မိမိလည်း ခရိုင်ဝန်မင်း၏ ရှုမငြီးသော တစ်ဦးတည်း သမီးလေး ဖြစ်သည်ကို မေ့ချင်သလိုဖြစ်နေသည်။

'စောကြာဒိုးနဲ့အတူ အိမ်အောက်ကမြေတိုက်ကို ကူပြီးရှင်းလေ၊ အဲဒီ အခန်းကြီးက သရဲခြောက်တယ်ဆိုပြီး စောကြာဒိုးနဲ့ ဖိုးသံချောင်းတို့က မရှင်းရဲပါဘူး လုပ်နေကြတယ်၊ မင်းရော ကြောက်သလား'

နွယ်သည် ဘာမှပြန်မဖြေဘဲ စောကြာဒိုး၏လက်ကိုဆွဲကာ ထွက်ခဲ့လေသည်။ သရဲဟူသည်ကို မြင်ဖူးချင်လှသဖြင့် စိတ်အားလည်း ပိုမို ထက်သန်လာသည်။ 'သရဲလည်းမြင်ရသေး ပိုက်ဆံလည်းရသေး' ဟု တွေးမိရင်း တစ်ချက်ခုတ် နှစ်ချက်ပြတ် အကြံဉာဏ်လေးနှင့် ဦးဆိုးပေ၏ အိမ်ကြီးကို ရှင်းပေးရန် အရိုးနန်းမြမသိစေဘဲ တိတ်တိတ်လေး ထွက်ခဲ့ခြင်း ဖြစ်၏။ မိဘက မပို့ပေး သော ငွေကို ကိုယ့်စွမ်းကိုယ့်အားနှင့် ရအောင်ရှာယူလိုသော

www.burmeseclassic.com

မာနလေးလည်း တလူလူဖြစ်နေသည်။

'အစ်မ အစ်မရ အဲဒီအခန်းကြီးက မှောင်လို့ဗျ မည်းလို့ဗျ၊ တခွေခွေ ခြောက်မှာဗျ၊ အားကြီးကြောက်စရာကောင်းတယ်ဗျ'

စောကြာအိုးသည် တွန့်ဆုတ်ဆုတ်သွားရင်း တတွတ်တွတ်ပြော နေသည်။ ဖိုးသံချောင်း၏မျက်လုံးလေးများသည်လည်း ပြူးကျယ် ဝိုင်းစက် နေသည်။ နွယ်သာမပါလျှင် သူတို့နှစ်ဦးစလုံး မြေတိုက်အခန်းနားသို့ သီမည် ပင် မဟုတ်ချေ။

မြေတိုက်ခန်းဟုသာခေါ် သော်လည်း မြေတိုက်ခန်းစစ်စစ်တော့ မဟုတ်ပါချေ။ အိမ်အောက်ထပ်ထက် လှေခါးသုံးထစ်ပိုနိမ့်သော အခန်းသာ ဖြစ်သည်။ နံရံများ၏အပေါ် ဘက်တွင်သာ ပြတင်းပေါက်သေးသေးများရှိ သည်။ သစ်သားပြတင်းများဖြစ်၍ ၎င်းပြတင်းများကိုပိတ်ထားသော အခန်း ကြီးသည် မှောင်ပိန်းမည်းနက်နေသည်။

နွယ်သည် အခန်းဝတွင်ရပ်ရင်း အမှောင်ထဲသို့ မရဲတရဲမျက်လုံး ပြူးကြည့်နေမိသည်။ မိမိကိုယ်မိမိ သတ္တိခဲကြီးသဖွယ် အားတင်းထားသော် လည်း အခန်းထဲသို့ ချက်ချင်းလှမ်းမဝင်ရဲပေ။

'ရော့ ဖယောင်းတိုင်နဲ့ မီးခြစ် မြွေပါးကင်းပါးလည်း သတိထား ကြနော်'

ကိုမြင့်နိုင်လာပေးသော ဖယောင်းတိုင်လေးများကိုရသော် သူတို့ သုံးဦး အတော်စိတ်သက်သာသွားကြသည်။

ဖယောင်းတိုင်ရောင်လဲ့လဲ့လင်းလာသောအခါမှ အခန်းကြီး အတွင်းမှ ပစ္စည်းများကို မှုန်ဝါးဝါးမြင်ရလေသည်။ ဘာမှ ထွေထွေထူးထူး ရှိသည်တော့ မဟုတ်ချေ။ အခန်းထောင့်တွင်စဥ့်အိုးကြီးသုံးလေးလုံးနှင့် ရှုပ် ထွေးနေသော ကြွက်စာများ ပုံးအိမ်များသာဖြစ်သည်။

နွယ်သည် သူရှင်းလင်းရမည့်အခန်းကိုကြည့်ရင်း အတော်ပင်

www.burmeseclassic.com

စိတ်မောမိသည်။ အောက်သိုးသိုး လင်းနို့ချေးနံ့က နံလှသည့်အတွက်ကြောင့် အသက်ကိုပင် ပြင်းပြင်းမရှူဝံ့ဘဲ အောင့်ထားရသည်။ ကြမ်းခင်းသမံတလင်း ပေါ်တွင် ကြဲပြန့်နေသောကြွက်ချေးများ လင်းနို့ချေးများက ထုတက်နေလေ သည်။ ထိုအခန်းကို ပြောင်စင်သန့်ရှင်းသွားအောင် နှစ်ရက်သုံးရက်လောက် တော့ ကောင်းကောင်းကြီး ရှင်းလင်းဆေးကြောရပေမည်။

'ကြာဒိုးရေ၊ ဦးဆိုးပေဆီမှာ ကုလားထိုင်တစ်လုံးလောက် သွား တောင်းချေပါဦးဟာ၊ အပေါ်က ပြတင်းပေါက်လေးတွေကို တက်ဖွင့်ရ အောင်'

နွယ်သည် အခန်းထဲသို့ စမ်းတဝါးဝါးနှင့် ဦးစွာလှမ်းဝင်ရင်း စော ကြာဒိုးကိုပြောလိုက်သည်။ ထုတက်နေသောကြွက်ချေးများ လင်းနို့ချေးများ ကို နင်းရသည်မှာ မသတီစရာကောင်းလှသည်။ ခြေထောက်ပင် မရဲချေ။ နန်းနွဲ့တစ္ဆေက ဘယ်မှာရှိမှန်းပင်မသိရသေးသော်လည်း တစ္ဆေထက် ကြောက်စရာကောင်းသော မြွေနှင့်တွေ့ပါမှ အစိမ်းသေသေပေတော့မည်။ ပူနောင်ချပ်ချိန်းနှင့် နတ်စိမ်း ဖြစ်ပြီး ခြံစွန်းတွင် နတ်ကွန်းလေးနှင့် စံစားနေရမှ အခက်ဟုတွေးမိရင်း အရေးထဲ ပြုံးရယ်မိသေးလေသည်။

ကုလားထိုင်ပေါ်တက်ပြီး ပြတင်းပေါက်များကို တွန်းဖွင့်လိုက် သောအခါမှ အခန်းတွင်းသို့ သဘာဝအလင်းရောင်ဝင်လာသည်။ အခန်း တွင်းမှ လှုပ်ရှားသံ၊ စကားပြောသံများကိုကြားရသောအခါ မျက်နှာကြက် တွင် ကပ်နေသော လင်းနို့မည်းမည်းကြီးများက ဝီကနဲ ထပျံကုန်ကြသည်။

'အောင်မလေး လေး ဗျ နန်းနွဲ့ တစ္ဆေ ဟေ ဟေ ဟေ'

ဖိုးသံချောင်းသည် နွယ့်ထဘီစကို တင်းတင်းလှမ်းဆွဲရင်း အသံ ကုန် အော်လိုက်လေသည်။ မျက်စိကိုစုံမှိတ်ထားပြီး ဆွဲမိဆွဲရာ အတင်းဆွဲ နေသဖြင့် နွယ်လည်း ကုလားထိုင်နှံ့နှံ့ပေါ်တွင် ခြေကားရား လက်ကားရား ရပ်ရင်း သူ့ထဘီကို ကျွတ်မကျရန် အားစိုက်ခွန်စိုက် ပြန်ဆွဲနေရသည်။

www.burmeseclassic.com

သရဲကုပ်ချိုးမည်ထက် ထဘီကျွတ်ကျသွားမည်ကို အသည်းအေးအောင် ကြောက်မိသည်။ စောကြာဒိုးသည် အော်သံကြားလိုက်သည်နှင့် တံမြက်စည်းရှည်ကြီးကိုပစ်ချပြီး ကျားကျားလျားလျားနှင့် တစ်ချိုးတည်း ထွက်ပြေးသွားသည်။

'အဟေး ဟေး ဟေး အမေရေ တစ္ဆေဗျ'

'သံချောင်း၊ ဖိုးသံချောင်း တိတ်စမ်း၊ ဘယ်မှာလဲ ဘယ်မှာလဲ တစ္ဆေ'

နွယ်သည် တုန်တုန်ယင်ယင်ဖြစ်နေသော ဖိုးသံချောင်း၏ပခုံးကို ကိုင်လှုပ်ကာ မေးသည်။ မျက်စိစုံမှိတ်ကာ စွတ်စွတ်အော်နေသော သံချောင်းသည် အတန်ကြာမှ မျက်လုံးကိုမရဲတရဲနှင့်ဖွင့်ကြည့်လေသည်။

'အစ်မရေ အစ်မရေ တစ္ဆေဗျ တစ္ဆေ'

'ဘယ်မှာလဲ ဘယ်မှာလဲဆို'

'ဟိုး ခုနတုန်းကပဲ ကျွန်တော့ပါးကို ဖျတ်ကနဲလှမ်းရိုက်တယ်၊ မည်းမည်းကြီးဗျ၊ ဟိုး ဝီးကနဲ ရိုက်သွားတာ'

'နင့်ဘိုးအေမှပဲ အဲဒါလင်းနို့ဟ၊ တံခါးဖွင့်လိုက်လို့ လန့်ပြီးပျံတာ၊ တကတဲမှပဲ နင်အော်တာ ငါတောင်ကြောက်တယ် သံချောင်းရယ်'

နွယ်သည် သက်ပြင်းကို ဟင်းကနဲချရင်းပြောမိသည်။ ဗန္ဓုလ သေ၍ ဝင်စားသော သံချောင်းတို့တစ်တွေနှင့်အလုပ်လုပ်ရသည်မှာ ရယ်စရာလည်း ကောင်း၊ စိတ်တိုစရာလည်း ကောင်းလှလေသည်။ နွယ် ကိုယ်တိုင်လည်း တကယ့်ကိုတစ္ဆေခြောက်ပြီထင်၍ ခြေဖျားလက်ဖျားများ အေးနေသည်။ ဖိုးသံချောင်းလက်ထဲမှ ထဘီစကို အားသွန်ခွန်စိုက်ပြန်လုခဲ့ရ၍ ချွေးဒီးဒီးပြန်နေသည်။

'တကတဲမှပဲ သတ္တိခဲတွေ၊ ဟို ခွေးကောင်လေး ကြာဒိုးရော ဘယ်ရောက်သွားပြီလဲ၊ သွားခေါ် ချေစမ်း၊ အရေးရယ် အကြောင်းရယ်ဆိုရင်

www.burmeseclassic.com

အတော် အားကိုးရမယ့် ကောင်ကလေးတွေ’

နွယ် တကယ်စိတ်တိုပြီဆိုတော့ သံချောင်းလည်း မျက်နှာငယ်လေးနှင့် စောကြာဒိုးကို ပြေးခေါ်လေသည်။ စားပွဲအောက်တွင် ဖင်ထောင်ရင်း သမ္ဗုဒ္ဓေကို ကပေါက်တိကပေါက်ချာ ရွတ်နေသော စောကြာဒိုးကို တွေ့ရသည်။ သူတို့ နှစ်ယောက်သား စိတ်တိုနေသောနွယ်ဆီသို့ ကြောက်ဆုတ်ကြောက်ဆုတ်နှင့် ပြန်ရောက်လာကြသောအခါ နွယ်သည် အခန်း တံခါးများကို အားလုံးဖွင့်ထားပြီး ဖြစ်၍ အခန်းတွင်း၌လည်း အတော်အတန် လင်းနေပြီဖြစ်သည်။

‘ခုနတုန်းက အော်သံ ဟစ်သံတွေကြားလိုက်ရတယ်၊ ဘာဖြစ်တာလဲ’

‘အစ်ကိုကြီးက ခုမှလာတယ်၊ ကျွန်တော်ဖြင့် အစ်ကို့ဆီပြေးတာ ရှာမရလို့’

‘စားပွဲအောက်ကိုဝင်ပြီး ဖင်ထောင်နေတယ်ဆိုပါတော့’

စောကြာဒိုး၏စကားကို ဖိုးသံချောင်းက ဆက်ပေးလိုက်သည်။ လင်းနို့ချေးနံ့၊ ကြွက်ချေးနံ့များနှင့်နံစော်နေသော အခန်းမှောင်မှောင်ထဲတွင် တံမြက်စည်းရှည်ကြီးများကိုင်ကာ စူအောင့်အောင့်ဖြစ်နေကြသော နွယ်တို့ သုံးဦးသည် ကာတွန်းရုပ်ပေါက်နေကြသည်။

‘ဟ ခုနက ငါအိမ်သာထဲမှာဟ၊ ဘယ်လိုလုပ်ပြီး ချက်ချင်း ထွက်နိုင်မှာလဲ’

ကိုမြင့်နိုင်က သူ့ကို မကျေမနပ်အပြစ်တင်နေသော စောကြာဒိုးကို ဆောင့်ကြီးအောင့်ကြီးဖြေလိုက်ရင်း ရယ်လိုက်မိလေသည်။ ဒီသူငယ်လေးတွေ အကြောက်သည်းပုံမှာလွန်လွန်းလှချေသည်။ စောကြာဒိုး တစ်ယောက်တည်း လာစဉ်ကလည်း ငိုအားထက်ရယ်အားသန်နေသည်။ အလုပ်ကြမ်း အလုပ်နုမရွေးပင်ပင်ပန်းပန်းလုပ်နိုင်သော်လည်း ကိုမြင့်နိုင်အပါးက တစ်ဖဝါး

www.burmeseclassic.com

မှ မခွာပေ။ ကိုမြင့်နိုင်ကို မျက်စိအောက်မှ လုံးလုံး အပျောက်မခံ၊ ကိုမြင့်နိုင်အိမ်သာတက်လျှင်ပင် အိမ်သာဝက တံခါးကိုမှီကာစောင့်တတ်သူဖြစ်၏။ သရဲတစ္ဆေကို ကြောက်သော အကြောက်သည် ရိုးတွင်းခြင်ဆီထိအောင် စွဲ နေကြပုံရသည်။

နွယ်သည် စိတ်တိုရင်တုန်နေရသည့်အထဲ အခြောက်တိုက်ရယ်နေသောဦးဆိုးပေကြောင့် ပိုမိုစိတ်တိုလာသည်။ အမေးအဖြေပြုနေကြသောသူတို့ တစ်တွေကို အရေးမထားတော့ဘဲ ထဘီတိုတိုဝတ်ကာ အခန်းကိုစ၍ လှည်းကျင်းတော့သည်။ ကြမ်းပေါ်တွင်စုပုံနေသော လင်းနို့ချေးများနှင့် ကြွက်စာများကို ဦးစွာလှည်းထားပါမှ အခန်းတွင်း၌ ခြေကိုရဲရဲချရဲမည် ဖြစ်သည်။

'ဟေ့ ကြာဒိုး စကားများမနေနဲ့ သွားစမ်းဟာ အမှိုက်ထည့်ဖို့ တောင်းတစ်ခုခုသွားရှာချေဦးနော်'

ကိုမြင့်နိုင်သည် သူ့ကိုလုံးဝအရေးမထားဘဲ သူနှင့်စကားပြောနေသော စောကြာဒိုးကိုငေါက်လိုက်သည့်နွယ်ကို မျက်လုံးပြူး၍ ကြည့်နေမိသည်။ တော်တော်လာတဲ့ ကောင်မလေးဟုတွေးရင်း စိတ်ချဉ်ပေါက်သွားသည်။

'ဟေ့ အဲဒီအခန်းကို ပြောင်အောင်ရှင်း၊ လင်းနို့ချေးနံ့တွေပျောက်အောင်ကို ဆေးရမယ်၊ နည်းနည်းလေးမှ အနံ့မကျန်စေနဲ့ ကြားလား ဂျစ်တူး'

အထက်စီးလေနှင့်ပြောလိုက်သော ကိုမြင့်နိုင်ကို နွယ်သည် ဆတ်ကနဲ မော့ကြည့်မိသည်။ ရှပ်အင်္ကျီပွပွ ဖားဖားကြီးဝတ်ကာ တံမြက်စည်းရှည်ကြီး ကိုင်ထားသော နွယ့်ကို ဦးထုပ်ချွန်ကြီးသာဆောင်းပေးဖို့လိုတော့သည်။ အနောက်တိုင်းနတ်သမီးပုံပြင်ထဲမှ တံမြက်စည်းရှည်ကြီးများကို စီးကာ ကောင်းကင်တွင် ပျံတက်သော စုန်းမလေးများနှင့် အတော်ဆင်နေလေ

www.burmeseclassic.com

သည်။

ကိုမြင့်နိုင်သည် မှုန်တေတေနှင့် ဒေါသခိုးများဝေသွားသော နွယ့်မျက်နှာကလေးကို အထက်စီးကြည့်ကာ ခြေသံပြင်းပြင်းနှင့် လှည့်ထွက်သွားသည်။ သူလှည့်မထွက်ပါကလည်း နွယ်ကသူ့ကို တစ်ခုခုပြန်ပက်ရန် ပါးစပ်ပြင်နေပြီ ဖြစ်သဖြင့် အနိုင်နှင့်ပိုင်းကာ ထွက်ခဲ့ခြင်းဖြစ်သည်။ ကျောခိုင်းခဲ့ပြီးမှ ကျိတ်ပြီး ခပ်အုပ်အုပ်ရယ်မိလေသည်။

နွယ်သည် အမှိုက်သရိုက်များကို ဒေါသနှင့်သိမ်းကျုံး၍လှည်းနေမိသည်။ သူတစ်ပါး၏ဩဇာကို မခံစဖူးခံလိုက်ရသဖြင့် ရယ်ချင်ငိုချင်ဖြစ်နေသည်။

'လာချင်ဦးဟ ပန်လွှယ်'

'တွေ့ချင်ဦးဟ သရဲ'

'လိုချင်ဦးဟ နှစ်ကျပ်'

'ခံဟ ခံဟ မှတ်ဟ'

နွယ်သည် တံမြက်စည်းတစ်ချက်လှည်းလိုက်၊ တစ်ချက်ရွတ်လိုက်နှင့် စူပွစူပွဖြစ်နေသည်။ ဘယ်သူ့ကိုမှမကျေနပ်၊ သူရဲဘောကြောင်လှသည့် ကြာဒိုးတို့ကိုလည်း မကျေနပ်၊ လူပါး၀ ဦးဆိုးပေကိုလည်း မကျေနပ်၊ ကိုယ့်ကိုယ်ကိုလည်းမကျေနပ်၊ ကုန်ကုန်ပြောမည် နန်းနွဲ့နှင့်စိုင်းကျော်ကိုပင် မကျေနပ်၊ ခြောက်လည်း မခြောက်တတ်၊ အလကား အီးပေါလော သရဲ။

'အစ်မ အစ်မနွယ်၊ ဘာတွေရွတ်နေတာလဲ'

နောက်ဆုံးတွင် ဖိုးသံချောင်းက မနေနိုင်ဘဲမေးတော့သည်။ မှုန်တေတေနှင့် ပွစိပွစိလုပ်နေသောနွယ်က စိတ်ဆိုးနေတုန်းမို့ ထပ်ပြီး စိတ်ဆိုးမည်ကိုလည်း စိုးရိမ်ဟန်ရှိသည်။

'သရဲမခြောက်တဲ့ ဂါထာရွတ်နေတာ'

'ဟာ သရဲမခြောက်တဲ့ ဂါထာ'

www.burmeseclassic.com

'အေးပေါ့၊ လိုချင်လို့လား'

'လိုချင်တာပေါ့ အစ်မရာ'

နွယ်က စိတ်ချဉ်ချဉ်ရှိသည်နှင့် အတည်ပေါက်ပြောသောအခါ စောကြာဒိုးကပါ နွယ့်အနားသို့ စိတ်အားထက်သန်စွာနှင့် ကပ်လာလေသည်။ ထိုကဲ့သို့ ဂါထာ မန္တန်ကောင်းရှိ၍ ဒီမြန်မာအစ်မ မကြောက်တတ်ဟု တွေးမိသည်။

'အလကားပါဟ'

'လုပ်ပါအစ်မရဲ့ သင်ပေးပါ'

'အဲဒီဂါထာရရင် မင်းတို့ကို ဘယ်သရဲမှခြောက်မှာ မဟုတ်တော့ဘူး၊ အဲ မင်းတို့တွေ သူရဲဘောကြောင်ပြီး ကြောက်ဆုတ်ဆုတ်လုပ်နေရင်တော့ ပိုပြီး ခြောက်လိမ့်မယ်၊ မင်းတို့ ဒီဂါထာရရင် မကြောက်ဘဲနေနိုင်ပါ့မလား'

'အာ သရဲကြောက်တဲ့ဂါထာရှိနေမှ သူတို့ကို ဘယ်ကြောက်တော့မှာ လဲ အစ်မရ'

နွယ်က စိတ်တိုတိုနှင့်တွေ့ကရာပြောနေသော်လည်း သူတို့ နှစ်ဦးက တကယ်ယုံကြလေသည်။ စိတ်အားထက်သန်နေသူလေးနှစ်ဦးကို ကြည့်ကာ နွယ် ရယ်ချင်လာသည်။ စချင် နောက်ချင်သော ဝမ်းတွင်းပါ ဉာဉ်ကလေးနှင့် ပြုံးစပ်စပ်ဖြစ်လာသည်။

'ကဲ မှတ်ထား၊ လိုက်ဆိုနော်၊ စစချင်း ဉုံ ခံရတယ်ဟ၊ ဉုံ ချမ်းလိုက်စောက် ချမ်းလိုက်စောက်'

'ဉုံ ချမ်းလိုက်စောက် ချမ်းလိုက်စောက်'

'သောက်အောင်ချေ သောက်အောင်ချေ'

'သောက်အောင်ချေ သောက်အောင်ချေ'

နွယ်ရွတ်သမျှကို သူငယ်လေးနှစ်ဦးသည် လေးလေးစားစား

www.burmeseclassic.com

လိုက်ရွတ်ကြသည်။

'လာပြိတ် လာပြိတ် လောက်အောင်ချွင့်'

'လာပြိတ် လာပြိတ် လောက်အောင်ချွင့်'

'သဲရတေစ တေစသရဲ'

'သဲရတေစ တေစသရဲ'

'ဟာလ ဟာလ ဟောက်ချ'

'ဟာလ ဟာလ ဟောက်ချ'

'ငေါက်မကြာ ငေါက်မကြာ'

'ငေါက်မကြာ ငေါက်မကြာ'

'ကဲ ဒါပဲ၊ တစ်ခုခုကိုကြောက်လာရင် အဲဒီဂါထာကိုသာရွတ်ပြီး ရဲရဲ တင်းတင်းလုပ် ဘာသရဲတစ္ဆေမှမခြောက်နိုင်ဘူး၊ အဲဒါ ချင်းဂါထာ သိရဲ့လား၊ ဒါကြောင့်မို့လို့ ချင်းတောင်မှာ သရဲမရှိတာပေါ့'

နွယ့်မျက်နှာက အပိုးသေ၍ ဖိုးသံချောင်းတို့လည်း အဟုတ်ပင် ယုံကြည်လေသည်။ တံမြက်လှည်းရင်း အမှိုက်ကျုံးရင်း အန္တရာယ်ကင်း ဂါထာကို တတွတ်တွတ်နှင့်ကျက်မှတ်နေကြသည်။ နွယ်သည် ရိုးသားလှသူ လေးများကို ကြည့်ရင်း ရယ်ချင်စိတ်ကို မျိုသိပ်ကာ နှုတ်ခမ်းကို ကိုက်ထားရ သည်။ ဘာပြောပြော နွယ့်ဂါထာသည် အချည်းနှီးတော့ မဖြစ်။ စောကြာဒိုး သည် အိမ်သာကို ဂါထာအားကိုးနှင့် တစ်ဦးတည်းသွားရဲလာသည်။ ဂါထာ ကိုတော့ အသေအချာပင် တစ်လမ်းလုံးရွတ်ဆိုသွားသည်။

'ဦး ချမ်းလိုက်စောက် ချမ်းလိုက်စောက်'

'သောက်အောင်ချေ သောက်အောင်ချေ'

'လာပြိတ် လာပြိတ် လောက်အောင်ချွင့်'

'သဲရတေစ တေစသဲရ'

'ဟာလ ဟာလ ဟောက်ချ'

www.burmeseclassic.com

'ငေါက်မကြာ ငေါက်မကြာ'

*

နွယ်သည် ဦးဆိုးပေလှမ်းပေးနေသော ကျပ်တန်လေးနှစ်ရွက်ကို ငေးကြည့်နေမိသည်။ ငွေဟူသည်ကို တစ်ခါမှုမမြင်ဖူးသလိုပင် အထူးအဆန်း ကြည့်နေမိလေသည်။

'ယူလေကွာ၊ ဘာငေးနေတာလဲ'

စိတ်မရှည်သလို ခပ်ဆတ်ဆတ်လေးပြောလိုက်သောအသံကို ကြားမှ ပြန်လည်သတိဝင်လာသည်။ ငွေစက္ကူလေးနှစ်ရွက်ကို လှမ်းယူလိုက်သော နွယ့် လက်များသည် မသိမသာတုန်ယင်နေသည်။ ရင်ထဲတွင်လည်း နှလုံးသွေးက တဒိတ်ဒိတ်ခုန်နေလေသည်။ တစ်မျက်နှာလုံးလည်း ပူပူထူထူ ဖြစ်နေသည်။

'မင်းအခန်းကြီးကတော့ နက်ဖြန်ခါပါ ဆက်ပြီးရှင်းရမှာပဲ၊ မင်းရော တော်တော်မောသွားရောပေါ့'

ကိုမြင့်နိုင်က သူအထက်စီးနှင့်အနိုင်ယူကာပြောခဲ့သည်ကို သတိရပြီး စကားပြေပြောနေသည်။ တစ်ကိုယ်လုံးပေရေကာ ကြောင်ချေးရုပ်ပေါက်နေသော သူငယ်မလေးသည် သနားစရာကောင်းသလို ရယ်စရာလည်း ကောင်းနေသည်။ နွယ်သည် ကိုမြင့်နိုင် ဘာပြော၍ ဘာလုပ်နေသည်ကိုပင် မသိချေ။ ကျပ်တန်လေးနှစ်ရွက်ကိုသာ သတိလက်လွတ်နှင့် ယောင်ငေးငေးလေးကြည့်နေမိ သည်။ ဖိုးသံချောင်းတို့က ငွေနှစ်ကျပ်ရမည်ဟုပြောစဉ်က သံယောင်လိုက်ကာ လိုချင်သလိုရှိသော်လည်း တကယ့်တကယ်တွင်မူ နှစ်ကျပ်ဟူသောငွေသည် နွယ့်အတွက် အဓိပ္ပာယ်ပင်မရှိချေ။

'တော်တော်လည်း ဂျစ်တဲ့ဂျစ်တူး'

ယောင်ကန်းကန်းလေးနှင့် တစ်လှမ်းချင်းထွက်သွားသော နွယ့်ကို

www.burmeseclassic.com

ကြည့်ရင်း ကိုမြင့်နိုင်သည် နားမလည်နိုင်သလို မကျေမချမ်းရေရွတ်မိသည်။ နွယ်သည် တစ်နေကုန် ဆေးကြောလှည်းကျင်းခဲ့ရသည်များကို ပြန်လည်တွေးတောနေမိသဖြင့် ကိုမြင့်နိုင်၏ထောမနာပြုသံကို မကြားလိုက်ချေ။

နွယ့် တစ်သက်နှင့်တစ်ကိုယ် ဒီလောက်ပင်ပင်ပန်းပန်း တစ်ခါမျှ မလုပ်ခဲ့ဖူးချေ။ တစ်ကိုယ်လုံး ညောင်းညာကိုက်ခဲနေသည်။ ခြေသလုံးများ တောင့်တင်းကာ လှမ်းပင်မလှမ်းချင်တော့။ အခန်းကြီးကို ရှင်းလင်းသွားစေချင်သော ဇောကလေးနှင့် အားသွန်ခွန်စိုက်လုပ်ခဲ့သဖြင့် ပိုမိုပင်ပန်းနေသည်။ ပင်ပန်းကြေးရခဲ့သည်က ငွေနှစ်ကျပ်။ ကျပ်တန်လေးနှစ်ရွက်။ နွယ့်အဖို့ ငါးမိနစ် အသုံး။ ငွေနှစ်ကျပ်အတွက် သူတစ်ပါး၏အိမ်တွင် တံမြက်စည်းသွားလှည်းသော နွယ့်အဖြစ်ကိုသိပါက မေမေသည် မတ်တတ်က ဘုံးဘုံးလဲကာ သတိလစ်သွားရှာပေမည်။

နွယ်သည် ကျပ်တန်လေးနှစ်ရွက်ကို လှည့်မကြည့်ဘဲ လွှင့်ပစ်လိုက်ရတော့မလိုလို၊ ရင်မှာပဲ အမြတ်တနိုးထားရမလိုလိုနှင့် အော်ဟစ် ငိုလိုက်ချင်သလို ဖြစ်နေသည်။

'ဟာ ဟ ဟ နှစ်ကျပ်ကြီးတောင်၊ ဟာ ဟ နှစ်ကျပ်ကြီးတောင် ပျော်လိုက်တာ'

ဖိုးသံချောင်းသည် ငွေနှစ်ကျပ်ကို တရှုံ့ရှုံ့နမ်းကာ ခုန်ဆွခုန်ဆွ ဖြစ်နေသည်။ တစ်မျက်နှာလုံး ရွှင်ပြုံးကာ မြူးနေသည်။ ကတော့ ခုန်တော့မလို မြူးကြွနေသည်။

'နှစ်ကျပ်ကြီးတောင်'

နွယ်ကလည်း သူ့လက်ထဲရှိ ငွေနှစ်ကျပ်ကို ပွဲတင်ထပ်ရေရွတ်မိသည်။

'အဟား ဟား အစ်မရ အများကြီး၊ ဟား ဟား နှစ်ကျပ်ကြီးတောင် မှ ကျွန်တော်တစ်ခါမှ ပိုက်ဆံဒီလောက်များများ မရဖူးပေါင်'

www.burmeseclassic.com

နွယ်ကတော့ ရဖူးပါသည်။ ပိုက်ဆံအုပ်လိုက်ကိုင်ကာ သုံးစွဲခဲ့ဖူးပါသည်။ သို့သော် သို့သော် ထိုငွေများသည် နွယ့်မိဘက နွယ့်ကိုပေးသော ငွေများ သာဖြစ်သည်။ နွယ့်အစွမ်းအစနှင့်တော့ တစ်ခါမျှမရခဲ့ဖူးချေ။ နှစ်ကျပ်မပြောနှင့်၊ ငါးပြားပင် မရစဖူး၊ ဒီလို ကိုယ်စွမ်းကိုယ်စနှင့်ရသော ငွေဆိုပြန်တော့လည်း ဖိုးသံချောင်းပြောသလို 'နှစ်ကျပ်ကြီးတောင်' ဟု ဝမ်းသာအားရ ပြောရမလို ဖြစ်လာသည်။ ငွေနှစ်ကျပ်ကို ကြည့်ရင်း နွယ့်လက်ကလေးများသည် ပြန်လည် တည်ငြိမ်သွားသည်။ လုပ်အားခငွေကလေးကို ရဲရဲ တင်းတင်း ဆုပ်ကိုင်ရဲလာသည်။

'အေးဟယ် နှစ်ကျပ်ကြီးတောင်'

နွယ်သည် ရယ်ရမလို ငိုရမလိုနှင့် ပြုံးမဲ့မဲ့လေးပြောပြီးမှ ဟက်ဟက်ပက်ပက် ရယ်လိုက်မိသည်။

ထိုသို့ရယ်လိုက်မှ စိတ်ထဲတွင်လည်း လွတ်လပ်ကာ ပေါ့ပါးရွှင်လန်းလာသည်။ ရယ်မောရင်း ဖိုးသံချောင်းကို အသေအချာကြည့်မိသည်။ တစ်ကိုယ်လုံး ပိုးမျှင်များကပ်ကာ မျက်နှာတွင်လည်း မည်းတူးနေသည်။ စောကြာဒိုးသည်လည်း ဘယ်ချောင်ကို ဘယ်လိုတိုးထားသည်မသိ၊ ပါးနှစ်ဖက်တွင် ကြေးကြောင်းမည်းမည်းကြီးများက ကြောင်နှုတ်ခမ်းမွေးလို ကားနေသည်။ ကိုယ့်ရုပ်ကို တော့ ဘယ်လိုနေမှန်းပင်မသိ၊ သူတို့နှစ်ဦးထက် မသာလျှင်သာရှိမည်၊ တန်းတူ ရည်တူတော့ ညစ်ပတ်မည်သာဖြစ်၏။

'ဟား ဟား ဟား ရုပ်တွေကိုက၊ သရဲရုပ်တွေ၊ နန်းနွဲ့တွေ့ရင် ထွက်ပြေးလိမ့်မယ်၊ စိုင်းကျော်တွေ့ရင် လန့်အော်လိမ့်မယ်၊ ဟား ဟား နန်းနွဲ့တို့က နင်တို့ကိုကြောက်လို့ တစ်နေ့လုံးပုန်းနေတာထင်တယ်'

'ဟား ဟား အစ်မမှာလည်း ပါးသိုင်းမွေးကြီးနဲ့ ဟီး ဟီး ဟား'

နွယ်တို့သုံးဦးသား တစ်ယောက်ကိုတစ်ယောက်ကြည့်ကာ ပွဲကျနေကြသည်။ မျက်နှာ ပေပေတူးတူးတွင် ပါးစပ်ဖြဲရယ်သောအခါ သွားဖွေး

www.burmeseclassic.com

ဖွေးများက အကွင်းလိုက်ပေါ်ပြီး သရဲနှင့်ပို၍တူတော့သည်။

ညစ်ပတ်ပေရေနေသောရုပ်များနှင့်အိမ်ပြန်လျှင် လူကြီးများ သိကုန်မည်စိုးသည့်အတွက် ခပ်လှမ်းလှမ်းတွင် ကွေ့ဝိုက်စီးဆင်းနေသော ပန်လွယ်ချောင်းဆီသို့ အပြေးထွက်ခဲ့ကြသည်။ ချောင်းရေတွင် ခြေဆေး လက်ဆေးကာ မျက်နှာကို အသေအချာသစ်ကြရသည်။ လူကြီးများမေးလျှင် ချောင်းထဲတွင် တစ်နေကုန် ငါးဖမ်းနေသည်ဟု တညီတညာတည်း ဖြေရန် တိုင်ပင်ထားကြသည်။ ဦးဆုံး အဆူခံရမည့်သူက နွယ်ဖြစ်၍ နွယ့်အိမ်သို့ သုံးဦးသားအတူ လာခဲ့ကြသည်။

'လာစမ်း လာစမ်း နန်းနွယ် တစ်နေ့လုံးဘယ်သွားနေလဲ'

အရီးနန်းမြသည် နာနတ်သီးမျက်ကွင်းလေးများကို ကုန်စင်အောင် ထွင်းပစ်နေရာမှ နွယ့်ကိုဆီး၍မေးသည်၊ နွယ့်အမူအရာလေးက ကုပ်ချောင်းချောင်းနှင့်မို့ ထူးထူးဆန်းဆန်းဖြစ်နေသည်။

'ကြည့်လေ တစ်ကိုယ်လုံးလည်း စို့ရွှဲလို့ ညစ်ပတ်လို့ ချောင်းထဲမှာ ငါးသွားပက်တယ်ပေါ့ ဟုတ်လား'

သူ့ မေမေဆီမှစာရေးပြီးကတည်းက အိမ်ကုပ်နေသဖြင့် တော်လှချည့် အောက်မေ့နေသည်။ နှစ်ရက်သာ အိမ်တွင်းအောင်းလိုက်သည်၊ ယနေ့ မနက် တွင်ကား ခြေဗွေကလေးဖောက်လာတော့သည်။ မနက် ထမင်းစားပြီး ကတည်းက စောကြာဒိုးတို့တစ်တွေနှင့်အတူ ပျောက်ချက်သား ကောင်းသွားလိုက်သည်မှာ နေလုံးပျောက်လုနီးမှပင် ပြန်လည်တွေ့ရသောနွယ့်ကို အရီးနန်းမြ မကျေနပ် ချင်။

'မိန်းကလေးဆိုတာ မိန်းကလေးပီပီ သိမ်မွေ့ရတယ် နွယ်၊ ယဉ်ကျေးရတယ်'

'ဟုတ်ကဲ့'

'ကိုယ်က မိန်းကလေးပီပီ ဣန္ဒြေရှိ သိက္ခာရှိမှ ပတ်ဝန်းကျင်က

www.burmeseclassic.com

လည်း ရှိသေမယ် လေးစားမယ်'

'ဟုတ်ကဲ့'

'မိန်းကလေးတွေရဲ့တန်ဖိုးဟာ ဣန္ဒြေပဲကွဲ့'

'ဟုတ်ကဲ့'

အရီးနန်းမြပြောသမျှကို စောကြာဒိုးနှင့်သံချောင်းတို့သည် အတွင်သား ခေါင်းညိတ်ရင်း ဟုတ်ကဲ့ လိုက်နေကြသည်။ မျက်နှာငယ်လေးများနှင့် ငြိမ်ငြိမ် ကုပ်ကုပ်လေး ထိုင်နေကြသည်။ နွယ်သည်ကား မကြာခဏ အဆို အပြောခံနေကျမို့ အရေထူနေပြီဖြစ်သည်။ ပြောင်စပ်စပ်မျက်နှာလေးပင် အနည်းငယ်မျှ မညှိုးချေ။ အရီးနန်းမြစိတ်နေသော နာနတ်သီးစိတ်လေး များကို တစ်စိတ်ပြီး တစ်စိတ် ကောက်စားနေသည်။

'အဟဲ နာနတ်သီးလေးက ချိုလိုက်တာမှ မြနေတာပဲ၊ သိပ်ကောင်း၊ ရော့ အရီးမြ စားကြည့်စမ်း၊ အမောပြေလေး၊ နောက်ပြီးမှဆက်ပြီးဆူ'

'တယ် ဒီ ပေါက်ကျော် မလေးဟာ'

'ပေါက်မကျော်ပါဘူး၊ အရီးကလည်း နွယ်က ကောင်းကောင်းနေပါ တယ်၊ အရီးနန်းမြ အဲဒီနာနတ်သီးတွေက သုပ်မှာလားဟင်၊ နွယ် စားချင် လှပြီ၊ မြန်မြန်သုပ်ပါ'

'ဩော် မိနန်းနွယ်ရယ်'

ဇွတ်အတင်းစကားလွှဲနေသော နွယ့်ကိုကြည့်ကာ အရီးနန်းမြ ရယ်ရ တော့သည်၊ လက်လျှော့ရတော့သည်။ နွယ့်ကို လွယ်လွယ်ကူကူနှင့် ဆုံးမ၍ကား ရမည်မဟုတ်ချေ၊ နွယ့်မေမေကိုယ်တိုင်ကပင် မနိုင်၍ ပင့်သက် ရှူနေရသော ပေါက်ကျော်မလေးမို့ အရီးနန်းမြလောက်တော့ နွယ်က မှုမည် မထင်။

အရီးနန်းမြသည် သက်ပြင်းတစ်ချက်ချလိုက်ပြီး နာနတ်သီးစိတ်

www.burmeseclassic.com

လေးများကို ဆက်ခွဲနေသည်။ မိနွယ်တို့သုံးယောက်ကလည်း လျှာတပြင်ပြင်နှင့် ငုတ်တုတ်ထိုင်ကာ စောင့်နေကြသည်။

အစိတ်သေးသေးများ ခွဲစိတ်ပြီးကာမှ အသင့်ပြင်ထားသော ပဲပုပ်ကြော်၊ ငရုတ်သီးမှုန့်၊ ဆားတို့နှင့်ရောကာ ဇွန်းနှင့် သာသာလေး ရောနယ်ရသည်။ ပဲပုပ်က မွှေးပြီး ဆိမ့်သည်၊ ငရုတ်သီးက စပ်သည်၊ ဆားက ငန်မြမြနေသည်။ နာနတ်သီးအချိုနှင့်ပေါင်းပြီး ချို၊ ချဉ်၊ ငန်၊ စပ် အရသာသည် လျှာထဲသို့စွဲကာ စိမ့်ဝင်သွားစေသော ရှမ်းနာနတ်သီးသုပ်ဖြစ်သည်။

'ကဲ လာ စောကြာဒိုးတို့ ဖိုးသံချောင်းတို့ လိုတာရှိရင် ထပ်ထည့်'

'အို ဘာမှမလိုဘူး အရီး'

နာနတ်သီးသုတ်ဇလုံတွင် အရီးနန်းမြက ဇွန်းသုံးချောင်းတပ်ပေးပြီးသောအခါ နွယ်တို့သုံးဦး ခေါင်းမဖော်တော့၊ တစ်နေ့လုံး မောပန်းဆာလောင်နေသဖြင့် ခါတိုင်းထက်ပင် ပို၍စားကောင်းနေသည်။ ချို၊ ချဉ်၊ ငန်၊ စပ် အရသာအစုံက လျှာထဲ စိမ့်၍စိမ့်၍ဝင်သွားသည့်အတွက် အတောမသတ် ဆက်တိုက်စားချင်နေသည်။

'မင်းတို့တစ်တွေ သိပ်တော့ မလည်ကြနဲ့နော်၊ တောထဲသွား လည်းတောနက်ပိုင်းတော့ သိပ်မတိုးနဲ့'

အရီးနန်းမြက ဆုံးမစကားကိုဆက်ပြန်သည်။ နွယ်တို့တွေ ပါးစပ်မအားကြသည်မို့ ခေါင်းကိုသာ အတွင်သား ညိတ်ပြကြရသည်။

'ဩော် ဒါနဲ့ နန်းနွဲ့အိမ်ကြီးမှာ လူရောက်နေတယ်ဆို ဟုတ်လား'

'အရီးကလည်း တော်တော်တောင် ကြာပြီပဲ'

'သိပါဘူးကွယ်၊ ဟိုနေ့က ပီစိုင်းလုံပြောမှသိတယ်၊ အဲဒီအိမ်ကြီးဘက်တော့ ယောင်လို့မှမသွားကြနဲ့နော်၊ သရဲခြောက်တာသိတယ်မဟုတ်လား'

'ကြံကြံဖန်ဖန် အရီးရယ်၊ ဘယ်သွားပါ့မလဲ'

www.burmeseclassic.com

နွယ်တို့သုံးဦးသား သံပြိုင်ဖြေလိုက်ကြသည်။ ထို့နောက်မှ တစ်ဦးမျက်နှာတစ်ဦးကြည့်ကာ ကျိတ်၍ရယ်မိကြလေသည်။

*

'သူငယ်ချင်း သက်အောင်

မင်း ငါ့လက်ရေးကိုတော့ မှတ်မိကောင်းပါရဲ့၊ ငါတော့ ရှမ်းပြည်နယ်ကို ရောက်နေပြီ၊ မင်းလည်းကြားချင် ကြားပြီးရောပေါ့၊ ခြံကျယ်ကြီးတစ်ခြံနဲ့ အိမ်အိုကြီးတစ်လုံး အမွေရတာနဲ့ပဲ စိုက်ပျိုးမွေးမြူရေးလုပ်ဖို့ ထွက်ခဲ့တာပဲကွာ၊ မင်းရော လျှောက်လွှာလေးတကိုင်ကိုင်နဲ့ အလုပ်ရှာတုန်းပဲလား။

ငါ့ဦးလေးက ငါ့ကို အကောင်းအမွေပေးခဲ့သလား မှတ်ပါတယ်၊ လက်စသတ်တော့ သရဲခြောက်လို့ လူအသွားအလာမရှိတဲ့ အိမ်နဲ့ခြံကြီး ဖြစ်နေတယ် မောင်၊ ဒီအိမ်ကြီးမှာ တစ်ယောက်တည်း လာနေတဲ့ ငါ့ကိုလည်း အရူးလို့ ထင်တယ်ထင်ပါရဲ့ကွာ၊ တစ်ရွာလုံးက ခပ်စိမ်းစိမ်း ခပ်ရှောင်ရှောင်နေကြတယ်၊ အိမ်နဲ့ခြံကိုရှင်းချင်တာတောင် လူငှားလို့မရဘူး၊ ရွာထဲက ဆယ်နှစ်ကျော်ကျော် ကောင်လေးနှစ်ယောက်ကတော့ သူတို့အိမ်က မိဘတွေမသိအောင် လာလုပ်ကြတယ်၊ နောက်ပြီး ဂျစ်တူးဆိုတဲ့ ကောင်မလေးတစ်ယောက်၊ အားကြီး အမြင်ကတ် စရာကောင်းတဲ့ သတ္တဝါလေး'

ကိုမြင့်နိုင်သည် ဂျစ်တူးလေးအကြောင်းကို ဘာကြောင့်ထည့်ရေးမိမှန်း မသိချေ၊ မျက်မှောင်ကြုတ်ကာ မှုန်တေတေနှင့်ကြည့်တတ်သော အကြည့်ကြောင့် ရင်ထဲတွင်ခံပြင်းနေသည်။

'ဒါက ထားပါဦးလေ၊ မင်းကို အကူအညီလိုမှ ငါသတိရတတ်တာ မင်းလည်းသိသားပဲ၊ ခုလည်း အကူအညီလိုလို့ပဲပေါ့၊ ငါက စိုက်ပျိုးရေးမွေးမြူရေးလုပ်မယ်လို့သာ ရည်မှန်းချက်ကြီးနဲ့ ထွက်လာတယ်၊ ဘာမှလည်း အတွေ့ အကြုံ နားလည်မှုရှိတာ မဟုတ်ဘူး၊ ကြံပင်နဲ့ဝါးပင်ကိုတောင်

www.burmeseclassic.com

ခွဲမသိ၊ ကြက်မနဲ့ ကြက်ထီးကိုတောင် ခွဲမသိတဲ့ ငါလိုကောင်က စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်မယ် ဆိုတော့ မင်းလည်း အူတက်အောင်ရယ်ပြီးနေရောပေါ့၊ တကယ့် တကယ်တော့လည်း ခင်သန္တာကို အစွမ်းပြချင်စိတ်နဲ့ထွက်လာတာ မင်းလည်းသိသားပဲ မဟုတ်လား’

‘ခင်သန္တာ ခင်သန္တာ’

ကိုမြင့်နိုင်သည် အမည်ကို ဖွဖွလေးရေရွတ်ပြီး ငေးငိုင်နေမိသည်။ ခင်သန္တာ၏အကြောင်းကိုတွေးရလျှင် တဝေးတဝေး အတွေးမျှင် တန်းမိသည်သာ ဖြစ်သည်။ တကယ့်တကယ်တော့ သူ့တွင် ခင်သန္တာ အထင်ကြီးလောက်သော အရည်အချင်း ဘာမျှမရှိချေ။ ငယ်စဉ်ကတည်းက မိဘနှစ်ပါး ကွယ်လွန်ခဲ့သော မိဘမဲ့တစ်ဦး၊ ဦးလေးဖြစ်သူ၏အထောက်အပံ့ဖြင့် တက္ကသိုလ် ပညာကို ကြိုးကြိုးကုတ်ကုတ်သင်လာခဲ့ရသူတစ်ဦးသာ ဖြစ်သည်။ မိဘဂုဏ်မရှိ၊ ဆွေမျိုးဂုဏ်နတ္ထိ၊ ပစ္စည်းဉစ္စာဗလာမို့ ခင်သန္တာတည်းဟူသော ပင်မြင့်က ပန်းအလှကို လက်လှမ်းရန် မစွမ်းနိုင်ခဲ့ရှာပေ။ ရှမ်းပြည်နယ်တွင် အခြေတကျနေထိုင်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးများကို စနစ်တကျ ဦးစီးလုပ်ကိုင်သော ကိုမြင့်နိုင်ဖြစ်လျှင်မူ ခင်သန္တာ အထင်ကြီးကောင်း ကြီးလာပေမည်။

‘အမယ်၊ တယ်လည်း ဟုတ်လိုက်ပါလား’

ကိုမြင့်နိုင်သည် အတွေးရေယဉ်ကြောတွင်မျောနေရာမှ အိမ်ထဲသို့ ခပ်တည်တည်နှင့် ရင်ကော့ဝင်လာသော စောကြာဒိုးနှင့် ဖိုးသံချောင်းတို့ နှစ်ဦးကို တွေ့လိုက်ရ၍ တအံ့တသြရေရွတ်လိုက်မိသည်။ ခါတိုင်း သူတို့နှစ်ဦးလာလျှင် အိမ်ထဲသို့ဝင်ဖို့နေနေသာသာ၊ အိမ်ရိပ်ပင်မနင်းရဲကြ။ ခပ်လှမ်းလှမ်းမှနေပြီး အသံကုန်အော်ဟစ်ပြီးခေါ်ကြသည်။ ကိုမြင့်နိုင် ထွက်ကြိုမှ အိမ်ထဲသို့ဝင်ရဲသော သတ္တိခဲနှစ်ဦးဖြစ်၏။ ယခုတော့ အံ့သြစရာကောင်းလှချည့်၊ သတ္တိကောင်းလှချည့်၊ ကိုမြင့်နိုင်ကို လှည့်စောင်း၍ပင် မကြည့်၊ အိမ်

www.burmeseclassic.com

ထဲသို့တန်းဝင်လာကြသည်။ ပါးစပ်ကတော့ ပွစိပွစိနှင့် တစ်စုံတစ်ခုကို ရေရွတ်သွားကြသည်။ ဘာရွတ်မှန်းတော့ မသိ၊ သူတို့နှစ်ဦး၏ နောက်ဘက်ခပ်လှမ်းလှမ်းတွင်မှ လွယ်အိတ်ကိုစလွယ်သိုင်း လွယ်ထားသော ဂျစ်တူးမလေး လိုက်လာသည်။ မျက်နှာထားက ရယ်ကျဲကျဲနှင့် အပိုးမသေလှ။

'ဟေး ဂျစ်တူး'

ကိုမြင့်နိုင်၏ခေါ်သံကြောင့် နွယ့်ခြေလှမ်းသည် ဆတ်ကနဲတန့်သွားသည်။ မျက်ခုံးများ အတွန့်ချိုးသွားသည်။ နွယ်အရွဲ့တိုက်ပြီးပြောခဲ့သည့် အမည်ကို ခေါ်နေခြင်းဖြစ်သော်လည်း ထိုသို့ခေါ်နေခြင်းသည် နွယ့်ကိုရွဲ့ပြီး စီးစီးပိုးပိုးခေါ်နေခြင်းဖြစ်သည်ဟုသာ အထင်ရောက်တတ်သည်။ နှုတ်ခမ်းကို တင်းတင်းစေ့ပြီး မှုန်တေတေဖြစ်သွားတတ်သည်။

'ဟေး ခဏနေစမ်းပါဦး'

ရယ်ရွှင်နေရာမှ ချက်ချင်းမှုန်တေတေဖြစ်သွားသော နွယ့်အနားသို့ ကိုမြင့်နိုင်သည် ခြေလှမ်းကျဲကြီးနှင့်ရောက်လာသည်။ သိချင်ဇောကြီးနေသဖြင့် ခပ်လောလောလေး မေးလိုက်သည်။

'ဟိုနှစ်ကောင် ဘာဖြစ်သွားတာလဲ၊ တယ်ပြီးသတ္တိကောင်းလှပါကလား'

'ဘာဖြစ်လို့လဲ'

'ဟာ ခါတိုင်းဆိုရင် ကြောက်လိုက်ကြတာ သေမတတ်ပဲ၊ ဒီနေ့တော့ အိမ်ထဲကိုတန်းဝင်သွားလိုက်ကြတာ ရင်ကိုကော့လို့'

'ဟုတ်လား'

'အေးလေကွာ၊ မင်းရှေ့ကဝင်သွားတာပဲ မမြင်ဘူးလား'

'မြင်ပါတယ်'

'ဘာဖြစ်သွားတာလဲ၊ ဘာလို့ ဒီလောက်သတ္တိကောင်းနေကြတာလဲ'

www.burmeseclassic.com

'မကြောက်တော့လို့ထင်တယ်'

'ဘာလို့ မကြောက်ကြတာလဲ'

'သတ္တိကောင်းလာလို့ ထင်ပါရဲ့'

ကိုမြင့်နိုင်သည် အူလည်လည်ပြောနေသောနွယ့်ကို မျက်လုံးပြူး၍ ကြည့်မိသည်။ ရယ်ချင်စိတ်ကို မျိုသိပ်ထားဟန်ရှိသည်။ ဒီသူငယ်မလေးကို တစ်ခါမျှတည်တည်ကြည်ကြည် မိန်းမပီသစွာ မတွေ့ဖူးပေ။ သူ့မျက်နှာ ငယ်နုနုလေးသည် ရယ်ကျဲကျဲနေလျှင်လည်း နေတတ်သည်။ ပြောင်စပ်စပ် နေလျှင်လည်း နေတတ်သည်၊ ရုပ်ကလေးက လှချင်သော်လည်း မှုန်ကုပ်ကုပ် မျက်နှာပေးကြောင့် ခက်လှသည်။

'ဘာဖြစ်လို့ မကြောက်ဘဲ သတ္တိကောင်းလာရတာလဲ'

'ပြောတတ်ဘူးလေ'

'တယ် လေ'

ဂျစ်တူးတူး သတ္တဝါလေးနှင့်ဆက်ပြောပြီးနေလျှင် ခရီးရောက်မည် မဟုတ်သည့်အတွက် ဖိုးသံချောင်းတို့နောက်သို့ လိုက်ခဲ့သည်။

သူငယ်လေးနှစ်ဦးကို မြေတိုက်ခန်းထဲတွင် တွေ့ရသည်။ အခန်းကို ရေဆေးပြီး တံမြက်စည်းကြမ်းနှင့်သန့်စင်အောင်လှည်းနေကြသည်။ ရေသံ၊ တံမြက်လှည်းသံများနှင့် ဆူညံနေရသည့်အထဲ သူတို့အသံကလည်း ညံနေ သည်။

'ကြာဒိုးရေ ဒီဘက်ကို ရေပက်ပါဟ သောက်အောင်ချေ သောက် အောင်ချေ၊ အို မင်းကလည်း ဖြည်းဖြည်းပက်ပါ၊ လာပြိတ်လာပြိတ် လောက် အောင်ချွင့်'

ဖိုးသံချောင်း၏ ကုပ်ချောင်းချောင်းအမူအရာလေးကို မတွေ့ရ တော့၊ ဝင့်ဝင့်ကြွားကြွားနှင့် ရဲရဲရင့်ရင့်ဖြစ်နေသည်။ စောကြာဒိုးကလည်း ရေပုံးကြီး တကားကားနှင့် ကြုံး၍ပက်နေသည်၊ ပါးစပ်ကလည်း အငြိမ်

www.burmeseclassic.com

မနေ။

'သဲရ တေစ တေစ သဲရ ဟာလ ဟာလ ချဟောက်၊ သံချောင်း အဲဒီဘက်က တံမြက်စည်းကြီးပေးစမ်း၊ ဝေါက်မကြာ ဝေါက်မကြာ'

တံမြက်လှည်းသံ ရေသံများထဲမှ သူတို့အသံက ဆူဆူညံညံ ပေါ် ထွက်နေသည်။ တွေ့ကရာရှစ်သောင်း ဘာတွေရွတ်နေမှန်းမသိ၊ ဘာမှု လည်း နားမလည်နိုင်၊ ကြည့်ရင်းကြည့်ရင်း ရယ်ချင်လာသည်ကတော့ အမှန်ပင်။

'ဟေး မင်းတို့တွေ ဘာရွတ်နေကြတာလဲ'

'သရဲမခြောက်တဲ့ဂါထာ အစ်ကိုရ'

နားမလည်နိုင်သလိုမေးသော ကိုမြင့်နိုင်ကို မော့ကြည့်ပြီး ခပ်ကြွား ကြွားဖြေကြသည်။ ဂါထာကောင်းရရှိထားသူများမို့ မျက်နှာထားက ဝင့် ကြွားလှသည်။

'ဘယ်က တတ်လာတာလဲ'

'အစ်မ သင်ပေးတာလေ'

စောကြာဒိုးတို့တစ်တွေ ကိုမြင့်နိုင်ကို ကြာကြာစကားမပြောနိုင်ကြ၊ အလုပ်က များလှသည်။ လက်ကလည်း လုပ်ရသည်။ ပါးစပ်ကလည်း ရွတ်ရသည်။ ခြေထောက်ကလည်း အငြိမ်မနေ၊ လူးလာတုံ့ခေါက် လျှောက် နေကြလေသည်။ ကိုမြင့်နိုင်သည် သူတို့ဘေးတွင် မျက်မှောင်ကြီးကုတ်၍ ရပ်ရင်း သူတို့ရွတ်သမျှ အသေအချာလိုက်၍ နားထောင်နေမိသည်။

'ကြာဒိုး ရေသွားခပ်ဦး ဉ္ဖု ချမ်းလိုက်လျှောက်၊ ချမ်းလိုက် လျှောက် မြန်မြန်လာနော်၊ သောက်အောင်ချေ ဒီတစ်ခါလှည်းပြီးရင် ပြောင်ပြီကွ၊ လာပြိတ် လာပြိတ် လောက်အောင်ချွင့်'

'အေးပါကွ၊ အစ်ကိုရေ ဒီအခန်းပြီးရင် ဘယ်အခန်းဆက်ရှင်းရမှာ လဲ၊ သဲရ တေစ တေစ သဲရ နေ့ခင်းဆိုရင် ပြီးပြီဗျ၊ ဟာလ ဟာလ

www.burmeseclassic.com

ဟောက်ချ ဝေါက်မကြာ ဝေါက်မကြာ'

'ဟား ဟား ဟား ဟား'

ကိုမြင့်နိုင်သည် စူးစိုက်နားထောင်နေရာမှ တဖြည်းဖြည်း မျက်နှာကြီး နီလာကာ ဝါးလုံးကွဲထရယ်မိတော့သည်။ ဖိုးသံချောင်းတို့သည် လှေကားထစ် ရေစိုစိုတွင် ဖင်ထိုင်ချကာ တဝါးဝါးရယ်နေသော ကိုမြင့်နိုင်ကို နားမလည်နိုင်သလို ကြောင်ငေးငေးကြည့်နေကြသည်။ ဘာကိုရယ်မှန်းလည်း မသိ၊ ဘာက ရယ်စရာကောင်းနေမှန်းလည်း မသိ။

'ဟား ဟား သိပ်ကောင်း၊ ဟေး ဟေး ဟား အရမ်းကောင်း၊ ဟား ဟား ဟား'

'ဘာ ဘာဖြစ်တာလဲ အစ်ကိုရ'

'ဟား ဟား ဘာမှမဖြစ်ပါဘူးကွ၊ လုပ် လုပ် ဆက်ပြီးလုပ်၊ ငါ အပေါ်ထပ်က အခန်းကြီး သွားပြီးရှင်းနှင့်မယ်၊ ဟား ဟား ဟား ဟား'

ကိုမြင့်နိုင်သည် ဗိုက်ကိုလက်နှင့်နှိပ်ရင်း လိမ့်အောင်ရယ်နေရာမှ ခပ်သွက်သွက်ထခဲ့သည်။ ဂျစ်တူးမလေး၏ တွေ့ကရာရှစ်သောင်း ဂါထာက ဖိုးသံချောင်းတို့အတွက် မကြောက်ဆေးဖြစ်နေသဖြင့် အူထဲမှ လိပ်လိပ်လာအောင် ရယ်ချင်နေသည်။ တတ်လည်းတတ်နိုင်သော မိန်းကလေး ဖြစ်သည်။ သူမေးစဉ်က ပြောင်စပ်စပ်ရယ်ကျဲကျဲနှင့် ဝေ့လည်ကြောင်ပတ် လုပ်နေသည်ကို ခုမှပင် သဘောပေါက်မိတော့သည်။

ကျွန်းပွတ်လုံးတိုင်ကြီးများနှင့် လှေကားကိုအပြေးတက်ရင်း သရဲမခြောက်သောဂါထာကို ခပ်အုပ်အုပ်လေး ဘာသာပြန်ရေရွတ်မိလေသည်။

'ဥုံ ခြောက်လိုက်စမ်း ခြောက်လိုက်စမ်း
သေအောင်ခြောက် သေအောင်ခြောက်
လိပ်ပြာ လိပ်ပြာ လွင့်အောင်ခြောက်
သရဲတစ္ဆေ တစ္ဆေ သရဲ

လာဟာ လာဟာ ခြောက်ဟာ
ငါမကြောက်၊ ငါမကြောက်’

*

ညက နွယ် အိပ်မက် မက်သည်။ အိပ်မက်ထဲတွင် ဖေဖေ့ကိုလည်း တွေ့ရသည်။ မေမေ့ကိုလည်း တွေ့ရသည်။ သူတို့အားလုံး အဝတ်အစား တောက်တောက် ပြောင်ပြောင်များကို မျက်စိကျိန်းလောက်အောင် ဝတ်ဆင်ထားကြသည်။ သူတို့ ဝတ်ထားသော လက်ဝတ်လက်စားများကလည်း အရောင်တလျှပ်လျှပ်ထွက်နေလေသည်။ နွယ့်သူငယ်ချင်း မိန်းကလေးများသည် ခြေလှမ်းကို ဖွဖွလေးလှမ်းကာ လေသံလေးနှင့် စကားပြောနေကြသည်။ သူတို့၏တိုးညင်းသော စကားပြောသံနှင့် ချိုချိုလွင်လွင် ရယ်လိုက်သောအသံလေးများမှာ လှိုင်းသံငြိမ့်ငြိမ့်သဖွယ် နားထောင်၍ကောင်းလှ၏။ သူတို့အားလုံး အကြားတွင် တစ်ကိုယ်လုံး ပိုးမျှင်များနှင့် ပေရေညစ်ပတ်ပြီး တံမြက်စည်းကြီးကို ကိုင်ရင်းရပ်နေသောနွယ်သည် စာခြောက်ရုပ်ကြီးနှင့် တူနေလေသည်။ ရေမွှေးနံ့သင်းသင်းလေးပျံ့နေသော မိန်းကလေးတို့သည် နွယ့်ထံပါးသို့ မလာကြ။ ခပ်ဝေးဝေးမှ ရှဲ၍ရှဲ၍ သွားကြလေသည်။

‘သမီးရယ် ဘယ်လိုဖြစ်နေတာလဲ ဘယ်လိုများဖြစ်နေတာလဲ’

မေမေက နွယ့်ဘေးတွင်ရပ်၍ တဖွဖွမေးနေသည်။

‘သူတို့လေးတွေလို မနေတတ်ဘူးလားဟင်’

သိမ်မွေ့ညင်သာသော မိန်းကလေးများကိုပြရင်း မေမေကပြောနေသည်။ နွယ်ဘာမျှပြန်မပြောမိ၊ မေမေ့ကိုသနား၍ မေမေ့သဘောကျ နေထိုင်ဝတ်စားပြချင်စိတ်တော့ ပေါ်လာသည်။ သို့သော်လည်း ထိုကဲ့သို့ နေရလျှင် နွယ်မည်မျှစိတ်ဆင်းရဲမည်။ စိတ်ကျဉ်းကျပ်မည်ကို မေမေသိပါလေစ။ မိန်းကလေးတို့သည် စကားပြောရင်းအိုက်လာဟန်နှင့် နံ့သာယပ်တောင်များကို

www.burmeseclassic.com

ထုတ်ကာ တဖျပ်ဖျပ်ခတ်နေကြသည်။ နှံသာနှံမွှေးနေသော်လည်း သေချာကြည့်သော် နှံသာယပ်တောင်များမဟုတ်ချေ။ နှစ်ဆယ်တန်များကို ဖြန့်ပြီး ယပ်တောင်သဖွယ် အသုံးပြုနေကြခြင်းဖြစ်သည်။

သူတို့ကိုကြည့်ရင်း နွယ်လည်း အိုက်သလိုဖြစ်လာသည်။ အိတ်ထဲစမ်းကြည့်သောအခါ ကျပ်တန်လေး ခြောက်ရွက်ထွက်လာလေသည်။ နွယ့်ပိုက်ဆံလေးများကိုထုတ်လိုက်သောအခါ တစ်ခန်းလုံးရှိ ပိုးဖဲ၊ ကတ္တီပါ၊ စိန်ရောင်၊ ရွှေရောင်များ အရောင်မှိန်သွားသယောင်ရှိသည်။ ကျပ်တန်လေး ခြောက်ရွက်သည် ထူးထူးခြားခြား အရောင်တလျှပ်လျှပ်ထွက်နေသည်။

'မေမေရယ် ကြည့်စမ်းပါဦး၊ နွယ့်ပိုက်ဆံလေ ဘယ်လောက် တန်ဖိုး ရှိလဲဟင်'

နွယ်က မေမေ့ကိုပြောနေစဉ် ရယ်သံများကြားရသည်။ မိန်းကလေးတို့သည် နွယ့်လက်ထဲမှကျပ်တန်လေးများကိုကြည့်ရင်း ဟက်ဟက်ပက်ပက် ရယ်နေကြသည်။ ရယ်သံများက ကျယ်လောင်လှသည်။

'မရယ်နဲ့ မရယ်စမ်းနဲ့၊ ဒါဟာ ရယ်စရာမဟုတ်ဘူး၊ မရယ်ကြနဲ့'

နွယ်က ဒေါသတကြီးနှင့် အော်ပြောသော်လည်း အော်သံသည် ရယ်သံများကို မလွှမ်းနိုင်ပေ။

ထိုစဉ်တွင် အိပ်ရာမှဖျတ်ကနဲလန့်နိုးလာသည်။ နွယ့်တစ်ကိုယ်လုံး ချွေးပြန်ကာမောနေသည်။ ခေါင်းအုံးအောက်သို့စမ်းကြည့်သောအခါ ကျပ်တန်လေးများကို အနေအထားမပျက်တွေ့ရသည်။ ကျပ်တန်နွမ်းလေးများကို နွယ် ဒီလောက်တွယ်တာနေမိမှန်း ကိုယ့်ကိုယ်ကိုပင်မသိချေ။ သုံးရက်လုံးလုံး တပင် တပန်းအလုပ်လုပ်ပြီးရထားသောငွေကလေးမို့ ခပ်ကြမ်းကြမ်းပင် မကိုင်ရက်။

အိမ်နောက်ဖေးဘက်မှ ဆန်ဆေးသံကိုကြားနေရသည်။ အရိုးနန်းမြ ဆွမ်းထချက်ပြီထင်သည်။ မကြာမီရောင်နီလာပေတော့မည်။ အရုဏ်

www.burmeseclassic.com

ကျင်း အလင်းရောက်ပေတော့မည်။

နွယ်သည် အိပ်ရာထဲတွင်ဆက်၍ကွေးနေသော်လည်း အိပ်မပျော်တော့ချေ။ စိမ့်၍အေးသောလေက နံရံပျဉ်များကြားမှတိုးဝှေ့ပြီး နွယ့်ဆီသို့အရောက်လာနေသည့်အတွက် စောင်အထပ်ထပ်ခြုံကာ ငြိမ်နေသည်။ ထိုလေအေးများသည် နွယ့်ထံမှတစ်ဆင့် မေမေ့ဆီသို့များ သွားလေမည်လားမသိ။ နွယ်သာ တန်ခိုးရှိလျှင် လေအေးများကို နွယ့်တမန်တော်များအဖြစ်မေမေ့ဆီသို့ တိတ်တိတ်ကလေး စေလွှတ်လိုက်မည်ဖြစ်သည်။ နွယ်ပါးကိုတိုးဝှေ့ပွတ်သပ်သွားသော လေစိမ့်စိမ့်အေးအေးများက မေမေ့ရင်ခွင်တွင်တိုးလာလေလျှင် မေမေက နွယ်လွှတ်လိုက်သော လေများဟု သိပါလေမည်လား မပြောတတ်၊ မေမေ့ ဆံပင် ခွေပျော့ပျော့များကိုပွတ်သပ်ပြီး မေမေ့နားတွင်ကပ်ကာ တိုးတိုးလေးပြောပြလိုက်စေချင်သည်။

'ငွေဆိုတာက အသုံးလွယ် အဖြုန်းလွယ်တယ် မေမေရယ်၊ ဒါပေမဲ့ငွေတွင်းဆိုတာကတော့ တယ်နက်ပါလား၊ ဒါကို နွယ်နည်းနည်းသိပြီမေမေ'

*

'နွားမွေးမြူသူများ ဦးစွာသိသင့်သိထိုက်သောအချက်အလက်များ'

၁။ နွားမွေးမြူရေးသည် နှစ်ရှည်စီမံကိန်းဖြစ်၍ အလျှင်စလို မပြုသင့်ပေ။

၂။ မွေးမြူရေးတွင် အဓိက အရေးကြီးသည့် အချက်ကြီးများကို ဦးစွာ ကြိုတင်လေ့လာရမည်။

၃။ အောင်မြင်သော နွားမွေးမြူရေးသည် စားကျက်ကောင်း ရှိရေးပေါ်တွင် မူတည်သည်။ သို့ဖြစ်၍ ဖြစ်နိုင်ပါက မွေးမြူရေးမစတင်မီကပင် စားကျက်ကောင်းတစ်ခုရရန် အချိန် အတန်

www.burmeseclassic.com

ကြာမြင့်စွာ ပြုစုပျိုးထောင်ရန်လိုသည်။

၄။ မွေးမြူရေးခြံသည် မြို့နှင့်မလှမ်းမကမ်းတွင်ရှိ၍ နွားနို့တင်ပို့ရောင်းချရန် လွယ်ကူရမည်။

၅။ ခြံသည် ကောင်းစွာ ခြောက်သွေ့သော မြေပြန့် သို့မဟုတ် တောင်ကုန်းပြန့်များပေါ်တွင် တည်ရှိရမည်။ အရိပ်အာဝါသရှိ၍ စားကျက်များတွင် သန့်ပြန့်သော ရေမြောင်းငယ် သို့မဟုတ် ရေတိမ် ရေကန်များရှိနိုင်လျှင် ပို၍ ကောင်းသည်။

၆။ တိရစ္ဆာန်များ(နွား)ကို ချစ်ခင်၍ ဝါသနာပါသော ထိန်းကျောင်းကြည့်ရှုမည့်သူ လိုသည်။ စိတ်ရှည်သူ ဖြစ်ရမည်။ ဖွဲ့ရှိရမည်။ ညွှန်ကြားသည့်အတိုင်း အတိအကျ ဆောင်ရွက်သူ ဖြစ်ရမည်။

'ဒီမှာ ဒီမှာ'

ကိုမြင့်နိုင်သည် 'သိပ္ပံနည်းကျမွေးမြူရေး'စာအုပ်ကြီးကို သဲကြီးမဲကြီး ဖတ်နေရာမှ မရဲတရဲလှမ်းခေါ်လိုက်သောအသံကလေးကို ကြားရသည်။ သူ့ကို ထာဝစဉ် မှုန်တေတေနှင့် ဘုကြည့်ကြည့်တတ်သော ဂျစ်တူးမလေး၏အသံမို့ လှည့်မကြည့်ဘဲနေလိုက်သည်။

'ဒီ မှာ ဒီမှာ ဦးဆိုးပေ ခဏ'

ကိုမြင့်နိုင်သည် ဆတ်ကနဲဖြစ်ပြီး မျက်လုံးပြူးသွားသည်။ ဦးဆိုးပေ တဲ့၊ ဒီအိမ်မှာ ဦးဆိုးပေဟူသောအမည်နှင့်လူ တစ်ယောက်မျှမရှိ။

'ဦးဆိုးပေ ဦးဆိုးပေ ခဏပါဆို'

'ဘာ ဘာပြောတယ်၊ ဘယ်လိုခေါ်လိုက်တာလဲ၊ ငါ့ကိုလား'

သူသည် ပြူးတူးပြဲတဲနှင့်လှည့်ကြည့်လိုက်မိသည်။ အခန်းဝတွင် သူ၏အလုပ်သမားသုံးဦးကို တွေ့ရသည်။ သုံးဦးလုံး မျက်နှာငယ်လေးများ

www.burmeseclassic.com

နှင့် ရပ်နေကြသည်။ ဂျစ်တူးသည် ဂျစ်ကန်ကန် မှုန်တေတေ မျက်နှာပေးလေး ပျောက်နေပြီး မဲ့တဲ့တဲ့လေးဖြစ်နေသည်။ လက်မောင်းရင်းကို လက်နှင့်ဖိကိုင်ထားသည်။ အင်္ကျီတွင် စိုကွက်နေသောသွေးများကိုမြင်ရတော့ သူအတော်လန့်သွားသည်။

‘ဟ ဘာဖြစ်တာလဲ ဘာဖြစ်တာလဲ’

‘ဟို ဟို ခေါင်မိုးပေါ်က ပိုးအိမ်တွေတက်လှည်းတာ နံရံက သံချောင်းကြီးနဲ့ စူးမိသွားလို့’

‘အို ဖြစ်မှ ဖြစ်ရလေကွာ’

သူသည် အလုပ်ကိုအားကြိုးမာန်တက် လုပ်လေ့ရှိသော သူငယ်မလေးကို ပထမဆုံးအကြိမ် သနားသွားမိသည်။ ရှပ်အင်္ကျီပွပွ ဖားဖားကြီးနှင့် ထဘီတစောင်းရွဲ့ဝတ်ကာ ငိုမဲ့မဲ့လေးဖြစ်နေသော သူငယ်မလေးသည် ကရုဏာ သက်စရာ ကောင်းသည်ထက် ရယ်စရာပိုကောင်းနေသည်။ စိုးရိမ်တကြီးနှင့် ပန်းကို ဆုပ်ကိုင်ပြီး အခန်းတွင်းသို့ခေါ်လာသော အခါ ဆုတ်ကန်ကန်နှင့်ပါလာသည်။ စောကြာဒိုးတို့နှစ်ဦးသည်ကား စကားပင်မပြောနိုင်ကြ။ အစိုးရိမ်လွန်ပြီး အာစေးထည့်ထားသလိုဖြစ်နေကြသည်။

အင်္ကျီလက်ပွပွကြီးအောက်မှ လက်မောင်းသားလေးများသည် ဝင်းဝါနေသည်။ သံစူးမိသည့်ဒဏ်ရာက အသားတွင်းသို့ မနက်သော်လည်း အပေါ်ယံ ရှပ်ပြီး နှစ်လက်မခန့် အရေပြားလန်သွားလေသည်။ လုပ်ရင်း၊ ကိုင်ရင်း၊ ရှင်းလင်းရင်း သွေးဆူနေသောအချိန်မို့ သွေးက အတောမသတ် ထွက်နေသည်။

‘အပေါ်ယံတင်ရှပ်ပြီး အရေပြားလန်သွားတာပါကွ၊ ကိစ္စမရှိပါဘူး၊ တင်ချာ ထည့်မယ်နော်၊ နည်းနည်းတော့ စပ်လိမ့်မယ်’

တင်ချာအသံကြားသောအခါ နွယ်သည် တွန့်ကနဲဖြစ်သွားပြီး မျက်လုံး ဝိုင်းသွားသည်။ တင်ချာသည် နွယ်မကြိုက်ဆုံးဆေးဖြစ်သည်။

www.burmeseclassic.com

နွယ်အမုန်းဆုံး ဆေးဖြစ်သည်။ နွယ့်မဟာမိတ်ကြီးလည်းဖြစ်သည်။ နွယ် ငယ်ငယ်က အနာ ထပိဂံအမည်ရအောင် အနာပေါသူဖြစ်၏။ ကျွမ်းပြန် အောင် ဆော့တတ်သဖြင့် ကွဲရာ၊ ရှရာ၊ စူးရာ၊ ခြစ်ရာများသည် နွယ့် တစ်ကိုယ်လုံးအနှံ့ဖြစ်သည်။ နွယ် အိပ်ရာဝင်လျှင် နွယ့်မေမေက နွယ့် တစ်ကိုယ်လုံးစမ်းသပ်ကြည့်ပြီး ဆေးဘူးကိုင်ကာ ဆေးထည့်ပေးရမြဲဖြစ် သည်။ သို့သော် နောင်အခါ အနာကျက်လွယ် သောတင်ချာကို အသုံးပြုလာ သည်။ နွယ်ဆိုသည့်နွယ်ကလည်း အရိုးခိုက်အောင် နာသည်ကို မချိပြုံးလေး နှင့် ခံနိုင်သည်၊ အသည်းခိုက်အောင်စပ်သော တင်ချာကို သူသည်းမခံနိုင်၊ ဝုန်းဒိုင်းကြဲအောင် ထွက်ပြေးလေ့ရှိသည်၊ အရပ်ပျက်အောင် အော်လေ့ရှိသည်၊ မေမေက အလိုလိုက်၍လည်း ပို၍ဆိုးလေသည်လား မသိ။

ခုတော့ မတတ်နိုင်၊ ဘာမှမတတ်နိုင်၊ ငြိမ်ငြိမ်ဆိမ်ဆိမ်အောင့်ခံရုံပဲ ရှိ သည်။ နွယ်အော်လျှင်လည်း အော်ရုံပဲရှိမည်။ နွယ်ထွက်ပြေးလျှင်လည်း ပြေးရုံပဲရှိမည်။ ဦးဆိုးပေဆိုသည့်လူသည် နွယ့်မေမေလို နွယ့်ဖေဖေလို နွယ့်ကို အတင်းဖမ်းပြီး ဆေးထည့်ပေးမည်မဟုတ်။

'စပ်မယ်နော်၊ လန့်ပြီးတော့ နင်းကန်မအော်နဲ့ဦး'

နှုတ်ခမ်းပါးကို တင်းတင်းစေ့ကာ မျက်လုံးစုံမှိတ်ထားသော နွယ် သည် ကလေးငယ်လေးနှင့်တူနေသည်။ ဆံခွေပျော့ပျော့များက ချွေးစို့နေ သော နဖူးပြင် ပြန့်ပြန့်ပေါ်ဝယ် ရစ်ဝဲကျနေသည်။ ဆေးထည့်စဉ် တွန့်ကနဲ ဖြစ်သွားသော်လည်း လုံးဝမအော်ပေ၊ မအော်မိရန်လည်း ပါးစပ်ကို အတင်း စေ့ထားလေသည်။

'မင်း တော်တော်သတ္တိကောင်းသားပဲ'

ကိုမြင့်နိုင်က နွယ့်ခေါင်းကို ခပ်သာသာလေးပုတ်ကာ ပြောလိုက်မိ သည်။ စုံမှိတ်ထားသောမျက်လုံးများတွင် မျက်တောင်ရှည်ကြီးများက ကော့ ညွတ်နေသည်။ ဖျတ်ကနဲပွင့်လာသောအခါ ဝန်းရွဲနေသော မျက်ဝန်းညို

www.burmeseclassic.com
လေးများကို တွေ့ရသည်။ ဂျစ်တူးတွင် ဒီလောက်လှပသော မျက်လုံးလေးများ ရှိသည်ကို ခုမှပင်သတိထားမိတော့သည်။ ခေတ္တခဏမျှ ဒေါသနှင့်မာနကင်းစင်နေသော မျက်ဝန်းညိုလေးများသည် နူးညံ့နေသည်။

‘အစ်မ အစ်မ စပ်လားဟင်၊ ပျောက်ပြီလား’

ဖိုးသံချောင်း၏အသံကိုကြားမှ သူတို့နှစ်ဦးကို သတိရတော့သည်။ စိုးရိမ်တကြီးနှင့် မျက်လုံးဝိုင်းနေကြသော သူငယ်လေးနှစ်ဦးသည် ယခုမှပင် စကားပြောနိုင်ကြတော့သည်။

‘မင်းတို့အစ်မက နာမည်နဲ့လိုက်အောင် ဂျစ်တူးတတ်ရုံမကဘူး၊ သတ္တိလည်း ကောင်းသားကွ’

‘ဟုတ်တယ်၊ အစ်မက သိပ်သတ္တိကောင်းတာ’

စောကြာဒိုးက ကိုမြင့်နိုင်၏စကားကို အားရပါးရ ထောက်ခံနေလေ သည်။ မောင်နှမအရင်းအချာမရှိသောနွယ်သည် သူတို့လေးနှစ်ဦးကို မောင်ရင်း သဖွယ် သံယောဇဉ်တွယ်မိသလို သူတို့ကလည်း နွယ့်ကို အတော်ချစ်ကြသည်။ နွယ်ဘာလုပ်လုပ် ဘာပြောပြော အကောင်းချည်းသာ ထင်ကြသူများဖြစ်သည်။

‘မင်း အသက် ဘယ်လောက် ရှိပြီလဲ’

‘တစ်ဆယ့်ရှစ်’

‘ကျောင်းနေဖူးလား’

‘အင်း အဲလေ ဟင့်အင်း အဲ အဲ’

‘ဘာရယ်ကွ’

‘ဟင့်အင်း အဲ ငယ်ငယ်တုန်းကတော့ နေဖူးတာပေါ့’

‘ဘယ်နှတန်းအထိ နေဖူးလဲ’

နွယ်သည် သူ့ကိုပုလိပ်စစ် စစ်သလိုစစ်နေသော ဦးဆိုးပေအား ဆတ်ကနဲ မော့ကြည့်လိုက်မိသည်။ ကရုဏာရိပ်သန်းနေသောမျက်နှာကို

www.burmeseclassic.com

တွေ့ရ၍ စိတ်တော့မဆိုးမိချေ။ သို့သော်လည်း စချင်၊ နောက်ချင်၊ ဟားချင်သော ဝမ်းတွင်းပါဉာဉ်ကလေးကြောင့် 'လေးတန်းထိပဲ နေဖူးတယ်' ဟု မျက်နှာညှိုးညှိုးလေးနှင့် ဖြေရင်း စိတ်ထဲမှကျိတ်၍ရယ်နေမိသည်။

'လေးတန်းထိပဲ နေဖူးတယ်လား၊ မင်းမိဘတွေက မင်းကို ကျောင်းဆက်မထားဘူးလားဟင်'

'အစ်မတို့က သိပ်ဆင်းရဲတာပဲတဲ့၊ မုန့်ဟင်းခါးရောင်းရတာတဲ့၊ အစ်မကို မုန့်လည်းဝယ်မကျွေးနိုင်ဘူးတဲ့၊ အခုတောင် မကျွေးနိုင်လို့ အရီးနန်းမြနဲ့ ထည့်လိုက်တာတဲ့'

'သြော်'

နွယ်က မဖြေရသေးမီ ဖိုးသံချောင်းသည် သူသိသမျှ ဝင်ပြောလေတော့သည်။ နွယ့်ရုပ်ကလည်း မယုံစရာမရှိ၊ တစ်ကိုယ်လုံး ပေပေတူးတူးဖြစ်ရသည့်အထဲ မျက်နှာလေးကလည်း ဇီးရွက်လောက်နှင့်ဆိုတော့ ကိုမြင့်နိုင် တကယ်ပင် ကရုဏာသက်မိလေသည်။

'သြော် မင်းက ရှမ်းပြည်နယ်ဇာတိ မဟုတ်ဘူးပေါ့'

'ဟင့်အင်း စစ်ကိုင်းကပါ၊ စစ်ကိုင်းချောင်တွေမှာ မုန့်ဟင်းခါးရောင်းတာ'

'ကျောင်းတော့ ဆက်နေဖို့ ကောင်းတယ်ကွာ'

'မောင်နှမတွေက အများကြီးရယ်၊ ထမင်းတောင် မနည်းနပ်မှန်အောင် စားနေရတာ၊ ကျောင်းနေဖို့ ဘယ်စဉ်းစားနိုင်ပါ့မလဲ၊ ကကြီး ခခွေးဆိုတာတောင် မေ့ချင်နေပါပြီ'

'ဒီလိုဆို မင်း လေးတန်းအောင်ပြီးကတည်းက မုန့်ဟင်းခါး ရောင်းနေရတာပေါ့နော်'

'ရောင်းရတာပေါ့၊ ဒီမှာကြည့်ပါဦး၊ ခြေထောက်မှာလေ မုန့်ဟင်းခါး ဟင်းအိုးကြီးကို မနိုင်မနင်း မ ရင်း မှောက်ကျတာ၊ အမာရွတ်တောင်

ကျန်သေးတယ်'

နွယ်ငယ်ငယ်က မီးဖိုပေါ်တက်ပြီး ထမင်းဟင်းချက်တမ်း ကစားဖူးသည်။ ထိုစဉ်က ရေနွေးပူလောင်ကာ ခြေဖမိုးတွင်ထင်ကျန်ရစ်သော အမာရွတ်ဖြူဖြူကိုပြရင်း အတည်ပေါက်နှင့်ပြောသည်။ ကိုမြင့်နိုင်က ကရုဏာ ကြီးစွာနှင့် စုတ်သပ်နေသောအခါ ခိုးကနဲရယ်ချင်လိုက်မိမည်စိုး၍ ကိုယ့်လျှာကို ကိုယ်ကိုက်ထားရသည်။ သူ့ကို ထာဝစဉ် အထက်စီးနှင့် ပြောဆို ဆက်ဆံလေ့ရှိသော ဦးဆိုးပေမို့လည်း ပေါက်ကရပြောကာ အရှုံးလုပ်ရသည်မှာ အရသာရှိလှသည်။ လျှာတွေ့လှသည်။ လက်မောင်းက အနာကိုပင် မေ့နေသည်၊ နာရမှန်းပင် မသိတော့။

'ဒါနဲ့နေပါဦး ဂျစ်တူးရယ်၊ ခုနတုန်းက မင်းငါ့ကိုဘယ်လိုခေါ်တာလဲ'

'ဦးဆိုးပေ'

'ဘယ်လို'

'ဦးဆိုးပေ'

'ဦးဆိုးပေ၊ ဟုတ်လား'

'ဟုတ်တယ်'

'ဆိုးလို့ ပေလို့ မျက်နှာရှစ်ခေါက်ချိုးကြီးနဲ့မို့လို့ အထက်စီးနဲ့ အော်တတ်လို့ တုတ်ကြီးနဲ့ လိုက်တတ်လို့'

'နေ နေစမ်းပါဦး ဂျစ်တူးရဲ့'

ကိုမြင့်နိုင်တားသော်လည်း နွယ်က မရပ်ပေ၊ နေရာမှထရင်း အခန်းအပြင်သို့ ပြေးထွက်သွားသည်။ ထို့နောက် ရယ်သံလေးနှင့်ဆက်၍အော်သွားသေးသည်။

'လူမသိအောင်ခူးမိတာများ သူခိုးလို့စွပ်စွဲတတ်လို့ ခြံထဲက မောင်းထုတ်တတ်လို့'

www.burmeseclassic.com

ကိုမြင့်နိုင်သည် ဂျစ်တူးတူးသတ္တဝါလေးကို ချဉ်ခဲ့မိသမျှ ခုမှပင် သနားမိတော့သည်။ ဖြစ်ရာဘဝတွင် ဒေါင်ကျကျ ပြားကျကျဖြစ်အောင် ပျော်တတ်သူ လေးအဖြစ် ခွင့်လွှတ်စိတ်ဝင်လာသည်။ အထူးသဖြင့် ပညာကို တန်းကုန်အောင် မသင်နိုင်ရှာသည်ကို ကရုဏာ အသက်မိဆုံးဖြစ်သည်။ ကလေးစိတ် မကုန် တကုန် ငယ်နုနုမျက်နှာလေးကိုကြည့်ရသည်မှာ သူ ပြောသလို ဆယ့်ရှစ်နှစ်ပင် ရှိသေးပုံမရချေ။ သူ့တွင်သာ ညီမငယ်ရှိမည် ဆိုပါက ဂျစ်တူးအရွယ်လောက်ပင် ရှိမည်ဖြစ်သည်။ ဒီလို မှုန်တေတေနှင့် ညီမဆိုးလေးမျိုးကို အလိုလိုက် ခွင့်လွှတ်မိမည်သာ၊ သရဲ မကြောက်၊ တစ္ဆေ မကြောက်၊ မြွေမကြောက်၊ ကြွက်မကြောက်နှင့် ချောင်ကြိုချောင်ကြား မှုန် သမျှတိုးကာ ရှင်းလင်းတတ်သောစေတနာကလေးကြောင့်လည်း ချစ်ခင် လာမိသည်။

*

'စီ အေ တီ ကပ် ကြောင်'

'အာ အေ တီ ရပ် ကြွက်'

'အက် အေ တီ ဖတ် စသော၊

ကိုမြင့်နိုင်သည် သင်္ဘောဆေးဖြူပုံးများကို အရောင်စပ်နေရာမှ အော်ကြီးဟစ်ကျယ်ရေရွတ်လိုက်သံများကြောင့် မျက်မှောင်ကြုတ်လိုက်မိ သည်။ ဂျစ်တူးတို့တစ်တွေပင်ဖြစ်သည်။ မျက်နှာကျက်မှပိုးအိမ်များကို တံမြက်စည်းရှည်ကြီးများနှင့် တယမ်းယမ်းရှင်းလင်းနေကြသည်။ ပါးစပ်က လည်း အငြိမ်မနေ ဌာန်ကရိုဏ်းမကျသောအသံများနှင့် ရေရွတ်နေကြသည်။

'ဟေး စီအေတီ 'ကက်'ပါကွ၊ ဘယ်ကလာ 'ကပ်'ဟုတ်ရမှာလဲ၊ အာရ် အေ တီကလည်း ရက်(တ)လို့ဆိုရတယ်လေ၊ နောက်ပြီး အက် မဟုတ်ဘူး အက်(ဖ)ဟုတ်လား၊ အက်(ဖ)အေတီ ဖက်(တ)လို့ ဆိုရတယ်၊

www.burmeseclassic.com

ဖတ်လို့ကွာ၊ တကထဲ မင်းတို့လက်ထက်ကျမှပဲ ကြားဖူးတော့တယ်'

နောက်နှစ်ကျောင်းဖွင့်လျှင် အင်္ဂလိပ်စာသင်ရတော့မည့် ဖိုးသံချောင်းက လာမေး၍ အေ ဘီ စီ ဒီ ရေးပေးလိုက်သည်မှအစပြုကာ ကိုမြင့်နိုင်သည် စေတနာ့ဝန်ထမ်း အင်္ဂလိပ်စာဆရာ ဖြစ်မှန်းမသိ ဖြစ်သွားခဲ့သည်။ သူတို့အပြန်တွင် စာရွက်များနှင့်ရေးပေးလိုက်ကာ ကျက်မှတ်စေသည်။ ထိုအချိန်မှိုးတွင် ဂျစ်တူးလေး၏မျက်လုံးများသည် အရောင် တလက်လက်တောက်ပနေတတ်သည်။ စိတ်အားထက်သန်လွန်းလှသည်။ ပညာကိုအလွန်လိုလားစွာ လေးလေးစားစား ကျက်မှတ်လာလေ့ရှိသည်။ သို့သော်လည်း ကိုမြင့်နိုင်အတော်ပင် စိတ်ပျက်မိလေသည်။ ဂျစ်တူး၏အသံထွက်များသည် စောကြာဒိုးတို့လောက်မှ မမှန်၊ တခြားနေရာများတွင် နှုတ်သီး ကောင်းကောင်းနှင့် လျှာပါးလှသော်လည်း အင်္ဂလိပ်စာဆိုလျှင်မူ သူ့လျှာက ထူလှသည်။ လျှာပြားကြီးနှင့် တလွဲတွေကိုချည်း ရေရွတ်တတ်သည်။ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် ကြိုးကြိုးစားစားရွတ်ဆိုနေသော်လည်း အသံထွက်က မှန်မလာချေ။ အယ်(လ) အင်(န) အင်(မ) သုံးလုံးစလုံးကို 'အန်(မ) အန်(မ) အန်(မ) ဟု တစ်လုံးတည်းပေါင်း၍ ရွတ်ဆိုနေသဖြင့် လျှာထွက်မတတ် သင်ခဲ့ရသေးသည်။

'အယ် လ'

'အင် င်'

'အမ် မ'

မျက်လုံးအပြူးသား ပါးစပ်အပြဲသားနှင့် လျှာကို အာခေါင်ကပ်လိုက်၊ ဒေါင့်ကပ်လိုက်နှင့် တစ်လုံးစီကို အသေအချာရွတ်ပြနေသော ဦးဆိုးပေကို ကြည့်ကာ နွယ်သည်အတော်ရယ်ချင်နေသည်။ ကိုယ့်ပေါင်ကို ကိုယ်နာနာဆိတ်ပြီး ရယ်ချင်စိတ်ကို ချိုးနှိမ်နေရသည်။ မျက်တောင်ကလေး ပုတ်ခတ် ပုတ်ခတ်နှင့် ကြိုးကြိုးစားစား တလွဲတွေကိုချည်းလိုက်၍ရွတ်သည်။

www.burmeseclassic.com

အမှားဆိုရသည်မှာ အမှန်ကို ဆိုရသည်ထက်ပင် ခက်သေးသည်၊ ပင်ပန်းသေးသည်။

'တော်ပြီ တော်ပြီ၊ မင်းလျှာကိုတော့ ငရုတ်သီးနဲ့နာနာပွတ်ပေဦး၊ ဒါမှ ပါးလာမှာ၊ ဒီလို လျှာထူထူကြီးနဲ့တော့ အင်္ဂလိပ်စာသင်လို့ရမှာ မဟုတ်ဘူး'

ကိုမြင့်နိုင်က စိတ်ပျက်လက်ပျက်နှင့်အော်လေလျှင် နွယ်သည် မျက်နှာငယ်လေးနှင့်ထွက်ခဲ့သည်။ စိတ်ပျက်အားငယ်သွားသလို ခေါင်းကလေး ငုံ့ကာ တစ်လှမ်းချင်းထွက်ခဲ့သော်လည်း အတန်ငယ်ကွယ်သွားသည်နှင့် အိမ်သာထဲသို့ ကဆုန်ပေါက်ဝင်ပြေးတော့သည်။ အိမ်သာတံခါးကို အသေအချာပိတ်ကာ တစ်ဦးတည်းအားရအောင် ကျိတ်၍ရယ်သည်။ အသံထွက်မည်စိုး၍ ကိုယ့်ပါးစပ်ကို ကိုယ့်လက်ဝါးနှင့်အုပ်ထားရသည်ကတော့ ပင်ပန်းလှချေသည်။

'ဟွန်း ငါဟ မှတ်ပလားဟ၊ ငါကွ'

တစ်ခါတစ်ရံ ဝမ်းသာအားရ ရွှင်မြူးစွာကျိတ်၍ကြိမ်းလိုက်မိသေးသည်။ မျက်နှာထား ရှစ်ခေါက်ချိုးနှင့် နွယ့်ကို သူ့ဒိုးစွပ်စွဲပြီး မောင်းထုတ်ထားဖူး သော ဦးဆိုးပေမို့လည်း ပြန်လည်အရူးလုပ်ရသည်မှာ ပျော်စရာ ကောင်းလှသည်၊ ရယ်စရာကောင်းလှသည်။

'ပီ ယူ တီ ပွတ်၊ ဘီ ယူ တီ ဘွတ်၊ စီ ယူ တီ ကွတ်'

ပင်ပင်ပန်းပန်းနှင့် တလွဲတချော်များကို ရေရွတ်တတ်သော နွယ့်အသံသည် ကိုမြင့်နိုင်အား ကောင်းကောင်းကြီး အနှောင့်အယှက် ပေးလေသည်။ တစ်ခါ တစ်ရံ သူ့ဟာသူ ရွတ်ချင်ရာရွတ်ပစေဟု လွှတ်ထားသော်လည်း မရ၊ ဌာန်ကရိုဏ်းမကျသောအသံတလွဲများကို ကြာကြာ သည်းမခံနိုင်ချေ၊ လုပ်လက်စ အလုပ်ကို ဆက်မလုပ်နိုင်ဘဲ နွယ့်ဆီသို့ ရောက်သွားရတတ်သည်။

www.burmeseclassic.com

‘ပီ-ယူ-တီ က ပွတ်ပေမဲ့ ဘီ-ယူ-တီက ဘတ်၊ စီ-ယူ-တီ က ကတ်လို့ဆိုရတယ် ဂျစ်တူးရဲ့’

‘အို ပီ-ယူ-တီပွတ်ဆိုရင် ဘီ-ယူ-တီ ဘွတ်ပေ့ါလို့’

‘ဘတ်ပါဆိုမှ’

‘ဒီလိုဆို ပီ-ယူ-တီပတ်လား’

‘ပွတ်-ဟ’

‘အင့် ဒီလိုဆိုရင် ဘီ-ယူ-တီက ဘွတ်ပဲဖြစ်ရမယ်’

‘အေး မင်းဟာမင်းပဲ ဘွတ်၊ ဘွတ်နေ’

ကိုမြင့်နိုင်သည် ဆေးသုတ်သောစုတ်တံကြီးကို ဝှေ့ယမ်းကာ ဆောင့်ကြီး အောင့်ကြီး ပြောလိုက်မိသည်။ ဒီမိန်းကလေးကို ပြောရသည်မှာ လက်ဝင်လှသည်။ ကျွဲပါးစောင်းတီးသကဲ့သို့ ပြောရဆိုရခက်လှသည်။ စိတ်တိုစရာ ကောင်းလှသည်။

‘ဟွန်း ဘွတ်တဲ့လား၊ ဘွတ်စမ်း မင်းဟာမင်းဘွတ်နေစမ်း’

*

‘ပီ-ယူ-တီ-ပွတ်၊ ဘီ-ယူ-တီ-ဘွတ်၊ ဟာဟ ဘီယူတီဘွတ် တဲ့ ဟာ ဟာ ဟောတော့ ဘကြီးသာဖံရယ်’

နွယ်သည် လွယ်ထားသော လွယ်အိတ်ကလေးကို ယောင်ကန်းကန်းနှင့် လွှတ်ချလိုက်ရင်း ရေရွတ်လိုက်မိသည်။

‘ဟုတ်ပ့ါဗျား ဘကြီးသာဖံပါ’

ဘကြီးသာဖံက ဆေးတံကြီးကို ဆေးထည့်နေရင်း တည်တည်ခန့်ခန့် ပြန်ပြောသည်။ အရီးနန်းမြ၏ဧည့်ခန်းတွင် ဘကြီးသာဖံ ထိုင်စောင့်နေရသည်မှာ ကွမ်းသုံးယာပင် ညက်ညက်ကြေပေပြီ။ လေးယာမြောက် ကွမ်းယာ ကြေလုနီးပါးတွင်မှ မိရွှေနွယ်က ပေပေတူးတူးနှင့်ပြန်ရောက်လာ

www.burmeseclassic.com

သည်။ ပါးစပ်က တွေ့ကရာ ရှစ်သောင်းရွတ်ကာ ပြောင်ချော်ချော်နှင့် သိုင်းကွက်နင်း၍ဝင်လာသည်။ စောင့်ရသည်ကို စိတ်တိုရသည့်အထဲ ကိုယ့်တူမချောလေးပုံစံကိုမြင်ရတော့ ဘကြီးသာဇံ၏စိတ်သည် လက်တစ်ဆစ်စာလောက်ပင် ကျန်တော့မည်ထင်သည်။

'အဟဲ ဘကြီးက အကြောင်းလည်းမကြားဘူး၊ ပြုန်းစားကြီးရယ်၊ အတော်ပဲ အတော်ပဲ မေမေလေ ဘကြီးကိုတိုင်ရဦးမယ်၊ မေမေပေါ့ နွယ့်ကို ပိုက်ဆံမပေးဘူး၊ မုန့်ဖိုးမပေးဘူး'

'တော်စမ်း တိတ်စမ်း မိနွယ်'

ဘကြီးသာဇံက ရုတ်တရက် မိုးချုန်းသလို ထအော်လိုက်သောအခါ နွယ်အတော်လန့်သွားသည်။ ဘကြီးသာဇံ၏ကော့ထောင်နေတတ်သော နှုတ်ခမ်းမွေးကားကားကြီးများက ကုပ်ကျနေပြီဆိုတော့ ဘကြီးအတော်စိတ်တိုနေပြီ ထင်သည်။ ဧကန္တ အရိုးနန်းမြကုန်းတိုက်ထားပြီ ထင်သည်။ လူကြီးဆိုသည့်လူများသည် ကုန်းတိုက် ကုန်းချော အတော် ဝါသနာပါသူများဖြစ်သည်။

'ဘာ ဘာ ဖြစ်လို့လဲ ဘကြီးရ'

မျက်လုံးလေးပြူးကြောင်ကြောင်နှင့် နားမလည်နိုင်အောင် ဖြစ်နေသော နွယ့်ကိုကြည့်ရင်း ဘကြီးသာဇံ စိတ်ပြေရမလိုဖြစ်လာသည်။ နွယ်ဆိုးသမျှ ဂျီတိုက်သမျှ တစ်သက်လုံးသည်းခံအလိုလိုက်ပြီး ချစ်ခဲ့သော ဘကြီးမို့လည်း နွယ်က မကြောက်၊ နည်းနည်းလေးမှမကြောက်။ နွယ်ခွဲ့လျှင်၊ နွယ်ချော့လျှင် ပျော့သွားမည်ကို နွယ်ကသိပြီးသားဖြစ်၏။

'ဘာ ဘာဖြစ်ရမှာလဲ၊ ဒါကတစ်နေ့လုံး ဘယ်သွားကြမ်းပိုးထိုးနေတာလဲဟင်၊ ရွာရိုးကိုးပေါက် လည်ချင်ရာလည် လျှောက်ချင်ရာလျှောက်ထင်တာလုပ် ကိုယ့်ကိုယ်ကိုလည်း မှန်ထဲမှာသေချာပြန်ကြည့်ပါဦး၊ သရဲနဲ့ နင်လားငါလား ပဲ'

www.burmeseclassic.com

'နွယ်က နည်းနည်းပိုလှပါတယ် ဘကြီးရဲ့'

'ငါလေ တယ် ပြောင်စပ်စပ်နဲ့ လူကြီးလည်း လူကြီးမှန်းမသိ၊ ငါဝယ်ပေးတဲ့ဖောင်တိန်ရော ဘယ်မလဲ၊ ဆုချထားတဲ့ပတ်ကား (၆၁) ဖောင်တိန်လေ၊ ငါကဖြင့် ငါ့တူမလေးတော်တယ်၊ သုံးဘာသာတောင် ဂုဏ်ထူးရတယ်ဆိုပြီး မရမကရှာဝယ်ပေးထားတာ၊ ဘယ်မလဲဟင် ကဲ'

ဒီတစ်ခါတော့ နွယ်တကယ်ပင် မျက်နှာပျက်သွားသည်။ ဒါကြောင့်လည်း ဘကြီးသာဇံ ဒါလောက်ဒေါသထွက်နေတာပါကလားဟု နားလည်သွားသည်။ ဖောင်တိန်ရောင်းပြီး အင်းလျားလိတ်ဟိုတယ်တွင် ထမင်းတက်စားသော နွယ့်အကြောင်းကို ဘကြီးသာဇံနားသို့ ပေါက်အောင် ကုန်းချောသူသည် မေမေသာဖြစ်ရမည်၊ နွယ့်ဘကြီး ဦးစိတ်တိုကြီးကိုပင် ဒေါသအင်ဂျင်တပ်ကာ တွန်းပို့လိုက်လေပြီတကားဟု စဉ်းစားရင်း အတော် စိတ်ပျက်မိသည်။

'ပြောလေ ဘယ်မလဲ'

'ဟို ဟို'

'ဘာ ဟိုလဲ၊ ဟွန်း အင်းလျားလိတ်ကထမင်းစားလည်း ယိုတော့ ဒီချေးပဲ ယိုတာပဲ၊ အဆောင်က ထမင်းလည်း ဒီချေးယိုတာပဲ၊ ကြံဖူးပေါင်ဗျာ၊ အင်းလျားလိတ်က ထမင်းစားပြီး ကျုပ်တူမ ချေးမွှေးမွှေးများယိုလား မသိပါဘူး'

ဘကြီးသာဇံ စိတ်တိုပြီဆိုလျှင် နှုတ်ခမ်းမွေးကြီးတလှုပ်လှုပ်နှင့် ဗျစ်တောက်ဗျစ်တောက်ပြောတော့သည်။

နွယ်သည် ခရီးရောက်မဆိုက် ဒေါသအိုးကွဲနေသော ဘကြီးကို ကြည့်ရင်း ငိုရမလို ရယ်ရမလိုဖြစ်နေသည်။ ရယ်ချင်သော်လည်း မရယ်ရဲ၊ နွယ့်အပြစ်ကလည်း တကယ်ရှိသည်မို့ ဘာမှပြန်မပြောရဲ။

'အခုလည်း ပိုက်ဆံမပို့ဘဲထားတော့ ခြေကလေးများ ငြိမ်မလား

www.burmeseclassic.com

အောက်မေ့ပါတယ်၊ တကတဲဗျာ တောထဲသွားပြီး ယုန်လိုက်တယ်တဲ့၊ ချောင်းထဲမှာ တစ်နေကုန်ငါးပက်တယ်တဲ့၊ နင့်ကြောင့် နန်းမြလည်း စိတ်ညစ်လှပြီ သိရဲ့ လား'

'အို နွယ် ဘာလုပ်လို့လဲ'

'ဟဲ့ ခုလို ရွာရိုးကိုးပေါက် လျှောက်လည်နေတာ ကောင်းမလား၊ မိန်းကလေးတန်မဲ့ တွေ့ကရာတွေ ဆော့လိုက်၊ နောက်လိုက်နဲ့ လူကြည့်လိုက်လည်း အမှိုက်ပုံထဲကထွက်လာတဲ့ရုပ်နဲ့'

'ဘကြီး ရေသောက်လိုက်ဦးနော်'

'ဘာဖြစ်လို့လဲဟ'

'ဆူရတာ မောနေမှာ စိုးလို့ပါ၊ ရေသောက်ပြီး နည်းနည်းနားပြီးမှ ဆက်ဆူနေ'

'တယ်လေ ပေါက်ကျော်မ'

နွယ်တကယ်ချွဲလျှင် ဘကြီးသာဇံ မခံနိုင်၊ ဘကြီးလက်ကိုဆွဲပြီး ရင်ခွင်ထဲတိုးကာ ခေါင်းနှင့်ဗွေ့လိုက်လျှင် ပျော့ရတော့သည်သာဖြစ်သည်။ ရယ်ရတော့သည်သာ ဖြစ်သည်။ နွယ်သည် လုပ်ချင်ရာကိုလုပ်သည်၊ ထင်ရာကြဲတတ်သည်၊ ဆူလျှင်လည်း ရယ်ကျဲကျဲ ပြောင်စပ်စပ်ကလေးနှင့် အရေထူထူခံတတ် သူလေးဖြစ်သည်။ ဘကြီးတို့ မေမေတို့ တစ်တွေ နွယ့်ကိုဆူပေါင်း များလှပြီ။ အကြိမ်ပေါင်းပင် မရေနိုင် မတွက်နိုင်၊ သို့သော် တစ်ခါမျှ ကြာရှည်မဆူနိုင်ကြ၊ ကြာရှည် စိတ်မတိုနိုင်ကြ။

'ဟေ ဟော ဘကြီးရယ်ပြီ ရယ်ပြီ ဟင် ဟုတ်ပါဘူး၊ ပြုံးရုံလေး ပြုံးတာ ထင်ပါရဲ့၊ ဘကြီးရယ်တာလား ပြုံးတာလား ဟင်'

'တယ် ဒီ ပေါက်ကျော်မဟာ ငှါလခွီး'

နောက်ဆုံးတော့ ဘကြီးသာဇံလက်လျှော့ပြီး ရယ်ရတော့သည်။ နှုတ်ခမ်းမွေးကုပ်ကုပ်ကြီးများ ပြန်ထောင်ရတော့သည်။ နွယ်နှင့်တွေ့လျှင်

www.burmeseclassic.com

ကြာကြာ မရယ်ဘဲ မနေနိုင်၊ တစ်နည်းမဟုတ်တစ်နည်းနှင့်တော့ ရယ်ရသည်သာ ဖြစ်သည်။

အရီးနန်းမြသည် အိပ်ခန်းထဲတွင် တထိတ်ထိတ်နှင့် နားစွင့်နေရာမှ ဟင်းကနဲသက်ပြင်းချမိသည်။ ဧည့်ခန်းကျဉ်းကျဉ်းလေးထဲတွင် ခေါက်တုံ့ခေါက်ပြန်လမ်းလျှောက်ရင်း ဘကြီးသာဇံ စိတ်တိုသည်ထက် တိုလာပြီ ကိုသိကတည်းက အရီးနန်းမြ စိတ်ပူနေသည်။ လူပုစိတ်တိုကြီးမို့ ရှပ်အင်္ကျီဖိုသီဖတ်သီနှင့် ခုန်ပေါက်ပြန်လာသောနွယ့်ကိုတွေ့လျှင် ဆီး၍ပင် အော်လေမည်လား၊ ရိုက်လေမည်လား၊ ဆဲလေမည်လားနှင့်တွေးရင်း ရင်ခုန်နေရသည်။ တတ်လည်း တတ်နိုင်သော မိန္ဒွေနွယ်ဖြစ်သည်။ ဟော ကြည့်၊ ခုတော့ ဘကြီးသာဇံက တဟားဟားနှင့်ပင်ရယ်နေချေပြီ။ သူဆုချသော ဖောင်တိန်ကို မိနွယ်ရောင်းစားသည်ကို သတိမှရသေးရဲ့လား မပြောတတ်၊ လိုက်လည်းလိုက်သော တူဝရီးများ ဖြစ်သည်။

'ဘကြီးရဲ့ မေမေကလေ တကယ့်ကို ငွေမပို့တူး၊ ခုနွယ့်ဆီမှာ ဘာမှ မကျန်တော့ဘူး'

'ဟား ဟား သမီးက မဟုတ်တရုတ်တွေလုပ်ထားတာကိုး၊ ဘယ်ပို့မလဲ၊ ခုလည်း ဘကြီးကို ကတိတောင်းလိုက်တယ်၊ သမီးကို မုန့်ဖိုးမပေးပါဘူးဆိုတဲ့ ကတိ'

'ဟော တော့'

နွယ်သည် ဘကြီးသာဇံ၏ကုလားထိုင်ခြေရင်းတွင် ခြေပစ် လက်ပစ် ထိုင်ချရင်း အတော်စိတ်ပျက်သွားသည်။ အတော်ပင်ဆိုးသော မေမေဖြစ်သည်။ သူက မပေးရုံတင်မက၊ အခြားသူများအားလည်း မပေးရတဲ့။ နွယ် ဒီတစ်ခါ ပိုက်ဆံလိုချင်သည်မှာ ဖေဖေ့အတွက် ရှမ်းဘောင်းဘီ ဝယ်သွားချင်၍ လိုချင်နေသည်ကို သိမှသိပါလေစ။ မေမေ့အတွက် ကြက်သွန်ဖြူ ဥတစ်လုံးကြီးများ ဝယ်သွားချင်၍ လိုချင်နေသည်ကိုလည်း သိမှသိပါ

www.burmeseclassic.com

လေစ။ နွယ်သုံးဖို့မဟုတ်၊ နွယ် ဖြုန်းဖို့မဟုတ်။

'နောက်ပြီး မှာလိုက်သေးတယ်၊ သမီးကို ပြန်ခေါ်ခဲ့တဲ့'

'ဟော တော့ နွယ် မပြန်ချင်သေးဘူး၊ ကျောင်းဖွင့်ဖို့ကဖြင့် တစ်လနီးပါးလောက် လိုသေးတာ'

'ပန်လွယ်မှာ သမီးမပျင်းဘူးလား'

'ဟင့် အင်း ပျင်းလှပါဘူး'

နွယ်သည် ခပ်သွက်သွက်လေးဖြေလိုက်ရင်း အိမ်အိုမည်းမည်းကြီးကို မျက်စိထဲ မြင်ယောင်လာသည်။ ထိုအိမ်အိုကြီးသာ ပန်လွယ်တွင်မရှိလျှင်၊ ဦးဆိုးပေသော ထိုအိမ်ကြီးတွင်မရှိလျှင် နွယ်ပျင်းကောင်းပျင်းမည်လားမပြောတတ်။ ခုတော့ နွယ် မပျင်းချေ။ တစ်နေ့တစ်မျိုး စိတ်ဝင်စားစရာရယ်စရာများကိုသာ ကြုံတွေ့နေရသလိုဖြစ်နေသည်။ မေမေနှင့်ဖေဖေ့ကို တစ်ခါတစ်ရံသတိရကာ အောက်မေ့သော်လည်း နွယ့်ကိုပိုက်ဆံမပို့ဘဲ ပစ်ထားရက်သည်ဟူသော အတွေးကလေးနှင့်မို့ မပြန်ချင်ဖြစ်နေသည်။ ပိုက်ဆံမသုံးဘဲ မဖြုန်းဘဲ ပျော်ပျော်ပါးပါး နေပြလိုက်ချင်သော မာနကလေး တဝေဝေ ဖြစ်နေသည်။

'ဘကြီး ဘယ်တော့ ပြန်မှာလဲ'

'နက်ဖြန်ကာ ညောင်ရွှေကိုတက်ဦးမယ်၊ သမီးလိုက်ခဲ့ပါလား'

'အင် နွယ်မအားဘူး'

'ဘာ မအားတာလဲ၊ ငါးပက်ရဦးမှာမို့လား၊ ငှက်ပစ်ရဦးမှာမို့လား၊ ယုန်လိုက်ရဦးမှာမို့လား'

'ဟုတ် ပါ ဘူး'

'ညည်း တစ်နေ့အလည်သက်သာလည်း နည်းတာ မဟုတ်ဘူး၊ လိုက်ခဲ့ရမယ် ဒါပဲ'

ဘကြီးသာဇံသည် ရှုံ့မဲ့မဲ့လေးလုပ်နေသော နွယ့်ကို မျက်လုံးကြီး

ပြုံးကြည့်ရင်း တစ်ချက်လှတ်အမိန့်ပေးလိုက်သည်။

*

နွယ်သည် တရိပ်ရိပ်ပြေးနေသောကားပေါ်တွင် ခပ်ကုပ်ကုပ်လေး ထိုင်နေသည်။ တစ်နေ့တော့ အလုပ်မဆင်းနိုင်တော့ တစ်နေ့စာငွေနှစ်ကျပ်လည်း ရတော့မည် မဟုတ်၊ ဘကြီးသာဇံက နွယ့်ကိုဝရမ်းပြေးဖမ်းသလို ဇိကုပ်ပြီး ခေါ်ခဲ့လို့သာ လိုက်လာရသည်၊ နွယ့်အလိုအားဖြင့်တော့ တယ်ပြီးမလိုက်ချင်။

'ဘကြီးနော် ဈေးထဲကျရင် နွယ်စားချင်တာ အကုန်ကျွေးရမှာပဲ'

'အေးပါဆိုမှ'

'နွယ်က အများကြီးကို စားပစ်မှာ'

'စားစမ်း'

တကယ့်ကို ဗိုက်ကားအောင် စားပစ်မှာ'

'စား ဟ'

နွယ့်ကိုကြည့်ရင်း ဘကြီးသာဇံ ရယ်နေသည်။ မုန့်ဖိုးမရ၍ စိတ်ကောက်နေသောတူမကို ကတိလည်းမပျက်အောင်၊ လိုတာလည်းရအောင် ဈေးထဲ ခေါ်သွားပြီး စားချင်သမျှ အဝကျွေးမည်၊ နွယ့်လက်ထဲကိုတော့ ပိုက်ဆံ မထည့်။

နွယ်ဆိုးသမျှ တေသမျှကို နွယ့်အမေကဖွင့်ပြောပြစဉ်က ဘကြီးသာဇံ အတော်ဒေါပွခဲ့သည်၊ သူအမြတ်တနိုးပေးထားသော ဖောင်တိန်ကို ရောင်းစားပစ်ရက်သည်ဆိုတော့ အသည်းနာလှသည်။ ထို့ကြောင့် တောင်ကြီးသို့ သွားရန် ကိစ္စရှိသည်ကိုပင် တောင်ကြီးတိုက်ရိုက်မသွားဘဲ ပန်လွယ်သို့ ဖြစ်အောင် လိုက်လာခြင်းဖြစ်သည်။ ပန်လွယ် ရောက်ပြန်တော့လည်း အလည်လွန်သော နွယ်ကြောင့် တိုး၍စိတ်တိုရပြန်သည်။ တွေ့လျှင် ဆူလိုက် ဆဲလိုက် ပွက်လိုက်မည်ဟု မောင်းတင်ထားသည်။ သို့သော် တကယ့်

www.burmeseclassic.com

တကယ်တွေ့သောအခါ ဘကြီးသာဇံ စိတ်ရှိသလောက် မဆူဖြစ်မဆဲဖြစ်၊ နွယ့်မျက်နှာ ရယ်ကျဲကျဲကလေးကို ကြည့်ရင်း ကလေးစိတ်မကုန်ရှာသေးဘူးဟု ကျေနပ်ခွင့်လွှတ်ရတော့သည်သာဖြစ်သည်။ ခု နွယ့်မေမေက နွယ့်ကို လိုက်ချင်လျှင် ပြန်ခေါ်ခဲ့ရန်မှာသော်လည်း နွယ့်ကိုကြည့်ရသည်မှာ လိုက်ချင်ပုံမရ၊ ပန်လွယ်တွင် ပျင်းပုံမရသေး။ ဘကြီးသာဇံအလိုအားဖြင့်ဆိုလျှင်မူ မှန်တင်ခုံဘေးတွင် မိတ်ကပ်လိမ်း အလှပြင်ပြီး ရုပ်ရှင်သွားကြည့်နေသော နွယ်ထက် ပန်လွယ်ချောင်းဘေးတွင် ထဘီတိုတို ဝတ်ပြီး ငါးပက်ကာ ရသော ငါးကို မီးကင်စားနေသောနွယ်ကို ပိုမိုသဘောကျသည်။ သူ့တူမလေး အလှအပကိုစိတ်မဝင်စားဘဲ ပျော်ပျော်နေသည်ကို ကျေနပ်သည်။ သို့သော်လည်း အလှအပကို လုံးဝအရေးမစိုက်ဘဲ အကြော်သည်ရုပ် ပေါက်နေသည်ကတော့ မကောင်း။

ယနေ့မနက်လည်း ညောင်ရွှေသွားရမည်ဆိုတော့ နွယ် စောစောထ ပါသည်၊ သို့သော် သူဝတ်နေကျ ရှပ်အင်္ကျီဖိုသီဖတ်သီကြီးနှင့် ထဘီစွန်တောင်ဆွဲနှင့်ဆိုတော့ ဘကြီးသာဇံအော်ရတော့သည်။ အင်္ကျီ ပြန်မလဲမချင်းကား မထွက်ဆိုတော့လည်း နွယ်အင်္ကျီသွားလဲရှာသည်။ ဘကြီးသာဇံကိုပင် ရွဲ့လေသလားမသိ၊ အစိမ်းရင့်ရင့် ဖော့ကရစ်ကို အင်္ကျီနှင့်ထဘီဆင်တူဝတ်၍ ထွက်လာသည်။ ဆံထုံးအကျအနထုံးကာ ကျိုင်းတုံပန်းဖြူဖြူများကို ပန်လိုက်သေးသည်။ မိတ်ကပ်ပြေပြေလိမ်းကာ ပန်းရင့်ရောင်နှုတ်ခမ်းဆိုးဆေး ဆိုးထားပြန်တော့ ကိုယ့်တူမပင် ကိုယ်မမှတ်မိချင်၊ မှုန်တေတေအကြည့်နှင့် ဂျစ်ကန်ကန်မျက်နှာပေးလေးကြောင့်သာ မှတ်မိရတော့သည်။ ဒီလိုဆို ပြန်တော့လည်း နွယ်အပျိုကြီး ဖားဖားဖြစ်နေပြီဆိုသည်ကို ဘကြီးသာဇံ လက်မခံချင်ဘဲ လက်ခံရတော့သည်။

'ကဲ မိနွယ်နွယ် ဘာစားမှာလဲ'

'ပထမဆုံး တို့ဟူးသုပ်'

www.burmeseclassic.com

ညောင်ရွှေဈေးတွင် ကားရပ်လိုက်လျှင်ရပ်ချင်း နွယ်က တို့ဟူးဆိုင်သို့ ဦးစွာပြေးသည်။ ရှမ်းတို့ဟူးသုပ်သည် နွယ်တို့မြေပြန့်ကတို့ဟူးနှင့် ဘယ်လိုမှ မတူပေ။ နူးညံ့ပုံချင်းကအစ မတူ၊ ရှမ်းတို့ဟူးသည် လျှာထဲတွင် အိသွားအောင် နူးသည်၊ ဆိမ့်သည်။ အအီပြေမုန်ညင်းချဉ်လေးများကလည်း စားကောင်းလှသည်။

နွယ်ကခေါင်းမဖော်ဘဲစားသည်။ နွယ့်ပိုက်ဆံနှင့်နွယ်သာဆိုလျှင် တစ်ပန်းကန်ထက်ပိုစားမည်မဟုတ်၊ ခုတော့ ဘကြီးသာဇံက ကျွေးသည်မို့ နှစ်ခွက်ဆင့် စားလိုက်သည်။ စားကောင်းတိုင်းသာ စားရမည်ဆိုလျှင် နွယ့်ကို စူဇကာပင် မီမည်မထင်။ တခြားစားစရာများကိုလည်း လက်မလွှတ်နိုင်သည်မို့ လျှော့စားရခြင်း ဖြစ်၏။ ငါးထမင်းချဉ်ဆိုင်သို့ အသာပြောင်းလိုက်သောနွယ့်ကို ဘကြီးသာဇံက ကြည့်ရင်း ရယ်နေသည်။

'လာ ကောင်မလေးလာ သားရေပွကြော်ရမယ်၊ ဒီဘက်က မောင်က ဒီဘက်နည်းနည်းတိုးနော'

ဖင်ထိုင်ခုံလေးတွေ နွယ်ဝင်ထိုင်သောအခါ မျက်လုံးများက နွယ့်ဆီသို့ ဝဲနေကြသည်။ ထိုအခါမှနွယ်သည် ဘကြီးသာဇံကိုရွဲ့ပြီး အကျအနပြင်လာသည် ကို သတိရတော့သည်။ မနေတတ်မထိုင်တတ် ဖြစ်လာတော့သည်။ နဂိုရှိလျှင် နဂိုင်းထွက်သည်ဟုဆိုကြသည်။ နွယ်လည်း နဂိုရှိလားတော့ မသိ၊ နဂိုင်းများ ထွက်နေသလား မပြောတတ်။ ဒါမှမဟုတ် မှန်ထဲအသေအချာမကြည့်ဘဲ ရမ်းသန်းဆိုးထားသောနှုတ်ခမ်းနီကများ အစွန်းစွန်းအထင်းထင်းဖြစ်နေရော့လား ဟုတွေးရင်း စိတ်ထဲမလုံမလဲဖြစ်လာသည်။

သို့သော် ငါးထမင်းချဉ် မွှေးမွှေး ဆိမ့်ဆိမ့်က နွယ့်ရှေ့သို့ရောက်လာသောအခါ နွယ်ဘာကိုမျှ သတိမရတော့ချေ။ ကြက်သွန်မြိတ် ကိုက်လိုက်၊ သားရေပွ ကြော်ဝါးလိုက်၊ ငါးထမင်းချဉ်စားလိုက်နှင့် ဖိတွယ်တော့သည်။ ရုပ်ကလေးသနရုပ်ပွနှင့် အစားပုတ်လှသည်ဟု နှာခေါင်းရှုံ့လျှင်လည်း ရှုံ့ကြ

www.burmeseclassic.com

ပေရော့။ ဘကြီးသာဖုံကျွေးတုန်းစားထားမှတော်ကာ ကျမည်။ နွယ့်ပိုက်ဆံနှင့်နွယ်ဆိုလျှင် စားမည်မဟုတ်၊ နွယ်နှမြောတတ်နေပြီဖြစ်သည်။ ပိုက်ဆံကို ငါးမူး တစ်မတ် တွက်နေပြီဖြစ်သည်။ နွယ့် လုပ်အားခ တစ်နေ့နှစ်ကျပ် မဟုတ်ပါလား။

'တော်ပြီလား မိနွယ်'

'အို ဘာရမလဲ၊ အင်းလေး မုန့်ဟင်းခါးစားဦးမယ်'

'ဟောဗျာ'

နွယ့်ဘကြီးသာဖုံသြချတော့သည်။ ဗိုက်ပေါက်ထွက်အောင်များ စား လေမည်လား မပြောတတ်။

အင်းလေးမုန့်ဟင်းခါးသည် ချိုဆိမ့်သည်၊ အင်းလေးငါးဖိန်းများကို အကောင်လိုက်ထည့်ပြီးချက်တတ်သည်၊ အနံ့ကမွှေးပြီးချိုနေသည်။ သို့သော် မုန့်ဟင်းခါးမျှင်များက ကြီးသဖြင့် အချို့မြေပြန့်သားများက မကြိုက်ကြ။ ငါးအကောင်လိုက်ထည့်ထားသော ဟင်းရည်ချိုချိုကို နွယ်ကတော့ ကြိုက်သည်ပင်။

'ဒီမှာ ရေချိုငါးလေး ဘာလေးများ မရဘူးလားဗျာ'

နွယ့်နောက်ဘက်မှအသံကြား၍ နွယ့်ရင်ထဲတွင် ဒိန်းကနဲ ဖြစ်သွားပြီး အသာငဲ့ကြည့်မိသည်။ ဒီအသံကြားဖူးပါသည်ထင်၍ကြည့်မိကာမှ 'ဦးဆိုးပေ' ဒက်ထိဖြစ်နေသည်။

နွယ်သည် မုန့်ဟင်းခါးပန်းကန်ကိုချကာ ဝမ်းသာအားရ နှုတ်ဆက် မည့်ဟန်ပြင်လိုက်မိသေးသည်။ ထို့နောက်မှ မုန့်ပန်းကန်ကို ကောက်ယူပြီး ခေါင်းကိုအတွင်းသာငုံ့ထားလိုက်လေသည်။ ဖော့ကရစ်ဆင်တူဝတ်ပြီး အကြီးအကျယ် ရှူးပေးထားသောနွယ့်ကို ဦးဆိုးပေမမှတ်မိ၊ တစေ့တစောင်းကြည့်သော်လည်း နွယ်ဟု ထင်ပုံမရ၊ နွယ်မှန်းသိသွားပါကလည်း မုန့်ဟင်းခါးရောင်းစားရသည်၊ ဆင်းရဲလှပါသည်ဟု နွယ်ပြောထားသမျှ ဘူးပေါ်

www.burmeseclassic.com

သလို ပေါ်ပေတော့မည်။ နွယ့် လန်ကြုတ်ဇာတ်ကြီး ထင်းထင်းကြီး ပေါ်သွားတော့မည်။

'အင်းလေးမုန့်ဟင်းခါး စားမကောင်းပါဘူးဗျာ၊ စစ်ကိုင်း မုန့်ဟင်းခါးပဲ အိမ်မှာချက်စားမယ်လို့'

'ခင်ဗျားက ချက်တတ်တယ်လား'

'ကျွန်တော့အသိခလေးမတစ်ယောက်က စစ်ကိုင်းကဗျာ၊ သူကောင်းကောင်းချက်တတ်တယ်'

'ဟောတော့ ဘုရားကယ်ပါ'

နွယ်သည် ဘုရားတရင်း မုန့်ဟင်းခါးပန်းကန်ကို ကတုန်ကယင်ချ လိုက်မိသည်။ ခေါင်းပေါ်ကို တူနှင့်ရိုက်ချလိုက်သလို မိုက်ကနဲ ဖြစ်သွားသည်။ နွယ်တော့ ဂြိုဟ်ဆိုးဝင်ပြီထင်သည်။

နွယ့်ဘေးတွင် ဦးဆိုးပေ ဝင်ထိုင်လိုက်သောအခါ မျက်နှာကိုကမန်း ကတန်း ငုံ့ချလိုက်ပြီး လှည့်ကာ ထလိုက်သည်။ တစ်ဝက်ကျော်ကျော် ကျန်နေသေးသော မုန့်ပန်းကန်ကိုပင် လှည့်မကြည့်နိုင်၊ မမက်နိုင်။

'ဘာဖြစ်တာလဲသမီး တော်ပြီလား'

'ဗိုက်နာတယ် အင်း ဗိုက်နာလို့'

နွယ်သည် ဘကြီးသာဖ့်ကို နားထင်နှိပ်ပြရင်း ဗိုက်နာတယ် ပြောကာ စောင်းငန်းငန်းနှင့် ခပ်သွက်သွက်ထွက်ခဲ့သည်။ နွယ့်ခေါင်းထဲတွင် ဗလောင်ဆူနေသည်။ ဦးဆိုးပေက အိမ်မှာမုန့်ဟင်းခါးချက်စားမည် ဆိုပါကလား၊ သူ့အသိ ကောင်မလေးတစ်ယောက်က စစ်ကိုင်းက ဆိုပါလား၊ ကောင်းကောင်း ချက်တတ်သည် ဆိုပါကလား၊ ကိုယ့်ရှူးနှင့် ကိုယ်ပတ်ပေတော့မည်။ နွယ့်ကို မုန့်ဟင်းခါးချက်ခိုင်းတော့မည် ထင်သည်။ သမာဒေဝ နတ်ကောင်းနတ်မြတ်များ ကူညီညာဝိုင်း၍ မှိုင်းမ တော်မူကြပါ။

*

www.burmeseclassic.com

'ငါးကိုအရင်ပြုတ်၊ အရိုးထွင် အရိုးကိုထောင်း၊ အသားကိုဆီသတ်၊ ငရုတ်သီးထောင်း၊ ကြက်သွန်ရောထောင်း၊ ဆီသတ်၊ ပဲမှုန့်ထည့်၊ ကြက်သွန် ခွာပြီးသား ထည့်၊ အားလုံးရောထည့်၊ ငါးရိုးထောင်းထားတဲ့အရည်ကို ထည့်။ ဆူခါနီးရင် ငှက်ပျောအူထည့်။ ငံပြာရည်ထည့်။ အပေါ့အငန်မြည်းပြီး ဆားလိုရင်ထည့်။

နွယ်သည် အရီးနန်းမြပြောပြလိုက်သော မုန့်ဟင်းခါးချက်နည်းကို တစ်လမ်းလုံး အလွတ်ရွတ်ဆိုနေသည်။ မျက်လုံးလေးအဝိုင်းသားနှင့် တတွတ်တွတ် ရေရွတ်နေသောနွယ့်ကို စောကြာဒိုးတို့ နားမလည်နိုင်အောင်ရှိတော့သည်။ အလုပ်ကလေးတစ်နေ့မဆင်းလိုက်တာနှင့် ဘာစိတ်ပေါက်ပြီး ဘာဂါထာတွေကို ဦးခံ၍ရွတ်နေသနည်းဟု နားစွင့်သော်လည်း အသေအချာ မကြားရ။ ဒီနေ့ ခေါင်းကိုက်နေသည်။ မလိုက်ချင်ဟု ပြောနေသေးသည်၊ စောကြာဒိုးတို့က မျက်နှာငယ်လေးများနှင့် 'အစ်မ မပါရင် မသွားချင်ဘူး လိုက်ခဲ့ပါ'ဟု ဇွတ်ခေါ် နေကြသဖြင့် ဆုတ်ကန်ဆုတ်ကန်နှင့် ပါလာသည်။ တစ်စုံတစ်ခုကိုကြောက်နေပုံတော့ ရသည်။ ဘာကိုကြောက်မှန်းတော့လဲ မသိ။

'ဘုရားကယ်မပါ၊ သိကြားကယ်မပါ၊ ဦးဆိုးပေ မုန့်ဟင်းခါး ဝယ်မလာပါစေနှင့်။ နွယ့်ကို မုန့်ဟင်းခါးမချက်ခိုင်းပါစေနှင့်၊ မုန့်ဟင်းခါး ဝယ်လာလျှင်လည်း မုန့်ဟင်းခါးတောင်းမှောက်ကျပါစေ၊ ခွေးစား၍ ကုန်ပါစေ' နွယ်က ဆုတောင်းမိ ဆုတောင်းရာ တွေ့ကရာဆုတောင်းနေမိသည်။

'ဟော ဂျစ်တူးလေး အတော်ပဲ အတော်ပဲ။ မင်းကိုမျှော်နေတာ'

အိမ်ပေါက်ဝမှဆီး၍ပြောလိုက်သော ဦးဆိုးပေ၏အသံကို ကြားလျှင်ပင် နွယ့်တစ်ကိုယ်လုံး အေးစက်ကာ တောင့်တင်းသွားသည်။ ခြေထောက်အစုံက ခြံပြင်သို့အလိုလိုပင် ပြန်ပြီးဦးတည်သွားသည်။ စောကြာဒိုးနှင့် လက်တွဲထား၍သာ ခြံပြင်သို့ပြန်ရောက်မသွားခြင်းဖြစ်သည်။

www.burmeseclassic.com

'မုန့်ဟင်းခါးတွေတော့ မင်းကို အားကိုးတာနဲ့ပဲ ဝယ်ခဲ့ပြီလေ လက်စွမ်း ပြပေတော့'

သမ္မာဒေဝနတ်ကောင်းနတ်မြတ်များ နွယ့်ကိုပစ်ထားကြပြီ ထင်သည်။ ဦးဆိုးပေက မုန့်ဟင်းခါးချက်ခိုင်းနေပေပြီ။ နွယ်တကယ်ပင် မုန့်ဟင်းခါး ချက်ရပေတော့မည်။ နွယ့်မျက်နှာလေးလည်း ဆီးရွက်လောက်ပင်ကျန်တော့မည် ထင်သည်။ ဘကြီးသာဖုန့်နှင့် ပြန်၍လိုက်မသွားမိသည်မှာ အမှားကြီးမှားပေပြီ။ စောကြာဒိုးတို့အလှော်ကောင်း၍ လိုက်လာမိသည်မှာကား ပို၍မှားပေသည်။

'ငါးကတော့ ငါးဖိန်းပဲကွ။ သူတို့ချက်သလို အကောင်လိုက်ကြီး မထည့်နဲ့ပေါ့။ ငရုတ်သီးမှုန့် ပဲမှုန့် ငံပြာရည်တွေလည်း အစုံပဲ။ ဟို ကြောင်အိမ်ပေါ်မှာ အချိုမှုန့်လေးလည်း တစ်ထုပ်ရှိလေရဲ့။ ကြက်သွန်၊ ငရုတ်သီးတွေလည်း ဟောဟိုမှာအထုပ်တွေနဲ့'

ကိုမြင့်နိုင်သည် နွယ်၏မချိတရိမျက်နှာလေးကို ဂရုမထားမိဘဲ တစ်ခုပြီး တစ်ခုညွှန်ပြကာ ပြောနေသည်။ သူတစ်ခွန်းပြောတိုင်း နွယ့်ရင်ထဲတွင် ဒိန်းကနဲတစ်ခါဖြစ်သည်ကိုသိလျှင်တော့ သနားမည်လား၊ အမြင်ကတ်မည်လား နွယ် မဝေခွဲတတ်။ မုန့်ဟင်းခါးသည်သမီး ဂျစ်တူး။ လေးတန်းအောင် ကတည်း က ဒီအသက်အရွယ်အထိ မုန့်ဟင်းခါးနှင့် အသက်မွေးခဲ့ရသော ဂျစ်တူး။ ထိုဂျစ်တူး အနှီဂျစ်တူးက မုန့်ဟင်းခါး ဘယ်လိုချက်မှန်းမသိဟုဆိုလျှင် ယုတ္တိတန်မည် မထင်။

'ကြာဒိုးရေ ဒို့တွေတော့ နေ့ခင်းကျရင် မုန့်ဟင်းခါးစားရတော့မယ် ဟား'

ဖိုးသံချောင်းသည် ခုန်ပေါက်ခုန်ပေါက်နှင့် ဝမ်းသာအားရပြောသည်။ သွားရည်ယိုလာသလို တံတွေးနင်နေသည်။

'အစ်ကို မနေ့တုန်းက အစ်မလည်း မလာ၊ အစ်ကိုလည်း မြို့တက်

www.burmeseclassic.com

သွားတော့ ကျွန်တော်တို့ဒီအိမ်ကြီးမှာ နှစ်ယောက်ထဲကျ နည်းနည်းတော့ ကြောက် သား။ ဒီနေ့ကျတော့ပျော်စရာ။ အစ်မလည်းလာ၊ အစ်ကိုလည်းရှိ မုန့်ဟင်းခါးတွေနဲ့ ဟား စားရတော့မယ်'

'အေး စားရမယ် စားရမယ် မစားခင်တော့ အလုပ်လုပ်ကြဦးစို့ရဲ့၊ အကူအညီလိုရင် လှမ်းခေါ် ဟေ့ နော်ဂျစ်တူး၊ မင်းသဘောကျလွှဲလိုက်ပြီ၊ စီမံပေတော့'

ဦးဆိုးပေတို့သုံးယောက်သားရယ်မောရှ်ထွက်သွားကြသည်။ နွယ်သည် မုန့်ဟင်းခါးတောင်းကြီးဘေးတွင် အငူသားရပ်ရင်း မချိတရိလေး ကျန်ခဲ့သည်။ ငရုတ်သီးရှိသည်၊ ကြက်သွန်ရှိသည်၊ ဆီရှိသည်၊ ပဲမှုန့်ရှိသည်၊ ငါးဖိန်းကြီးများကလည်း အခန့်သားလဲလျောင်းနေသည်။ ထိုအရာဝတ္ထုများ ကို ဟင်းရည်ဖြစ်အောင် မည်ကဲ့သို့ဖန်တီးရမည်နည်း။

ခုနေသာ သိကြားမင်းက နွယ့်ကို လိုချင်သောဆုတောင်းခိုင်းလျှင် မုန့်ဟင်းခါးဟင်းရည်တစ်အိုးသာ တောင်းမိမည်လား မပြောတတ်ချေ။ မိဘ အိမ်တွင် နောက်ဖေးချောင်သို့ယောင်၍မှမဝင်ခဲ့သောအကျိုးကျေးဇူးကြောင့် ငါးကို မည်ကဲ့သို့ခေါင်းဖြတ်ရမည်၊ ပါးဟက်ထုတ်ရမည်ကိုပင် မသိ။ မည် ကဲ့သို့ အကြေးစင်အောင်ထိုးရမည်ကိုမသိ။ နွယ်သည်ခုမှ နောင်တ အကြီး အကျယ်ရနေသည်။ မုန့်ဟင်းခါးချက်နည်းလေးကို အပြေးအလွှားပြန်၍ သင်စမ်းချင်လှ သည်။ မနိုင်သောဇာတ်ကို ကသော မိနွယ်နွယ်။ မုန့်ဟင်းခါး ဟင်းရည် မချက်တတ်သောအခါမှ ဒုက္ခရောက်ချေတော့သည်။

'မှတ်ဟ ခံဟ ဘကြီးသာဖဲ့နဲ့ပြန်မလိုက်ချင်ဦးဟ သေဟ'

ဟုတ်သော်ရှိ မဟုတ်သော်ရှိ ငါးများကိုဇက်မှနေ၍ တအား လွှဲလွှဲ ပြီး ခုတ်ပိုင်းချလိုက်သည်။ ငါးကိုယ်နှင့်ခေါင်းကတော့ ကွဲသွားသည်သာ ဖြစ်၏။ ခေါင်းဖြတ်ပြီးငါးများကို အိုးတစ်လုံးနှင့်ထည့်ကာ ပြုတ်လိုက်သည်။ အိုးအောက်မှ မီးစွယ်မီးညွန့်ဝါဝါလေးများကိုကြည့်ရင်း ဘာဆက်လုပ်ရမည်

www.burmeseclassic.com
မသိဘဲ ချွေးပေါက်ပေါက်ကျနေလေသည်။

'ငါးကိုအရင်ပြုတ်၊ အရိုးထွင်၊ အရိုးထောင်း၊ အသားကိုဆီသတ်၊ ငရုတ် သီးထောင်း၊ ကြက်သွန်ရောထောင်း ဆီသတ်'

အရီးနန်းမြမုန့်ဟင်းခါးဂါထာကို အစမှပြန်ရွတ်ကာ ငရုတ်သီး တောင့်များကို ထောင်းရန် သတိရလာသည်။ သို့သော် အတိုင်းအဆ မတတ်၊ ဘယ်နှ တောင့်ထောင်းရမည်မသိ၊ သေချာသောအလုပ်ကို အရင် လုပ်သည်က ကောင်းပေမည်။ ဟင်းရည်ထဲတွင်ပေါ်လောပေါ်နေသော ကြက်သွန်ဥကြီးများကို မြင်ယောင်လာရင်း ကြက်သွန်များကို အခွံနွှာထား ရန် ဆုံးဖြတ်လိုက်သည်။

နွယ်သည် ဖြစ်အောင်လုပ်မည်ဟူသော ဖွဲ့ကလေးနှင့် ကြက်သွန် များကို တစ်လုံးပြီးတစ်လုံး အခွံသင်နေသော်လည်း အတွင်းစိတ်က အိမ်သို့ သာ ပြန်ပြေးချင်နေသည်။ ဒီနေ့တစ်နေ့ နေမကောင်းဘူးဟု အကြောင်းပြ ကာ အိမ်မှာ နေခဲ့ရင်အကောင်းသားဟုတွေးရင်း အကြီးအကျယ် နောင်တ ရနေမိသည်။ ဗိုက်နာတယ်ဆိုပြီး အိမ်ပြန်ပြေးရ ကောင်းနိုး၊ ခေါင်းမူးတယ် ဆိုပြီး ဘိုင်းကနဲ ပစ်လှဲလိုက်ရကောင်းနိုးနှင့် ငိုချင်ရယ်ချင်ဖြစ်နေသည်။

'ရှီး မိနွယ်မှတ်ပလားဟ၊ ရှီး ရွှတ် အတတ်ဆန်းချင်ဦးဟ ရှီး ရှီး'

ငိုချင်ရက်လက်တို့သည်ဟု ဆိုစကားရှိသည်။ နွယ်သည်ကား ငိုချင်ခါ မှ ကြက်သွန်နွှာပြီးသားဖြစ်နေသည်။ မျက်စိနှစ်ဖက်လုံး ကြက်သွန် နီး သင့်ကာ မျက်ရည်တဝေဝေဖြစ်လာသည်။ နှာရည်ကလည်းယို၊ မျက်ရည် ကလည်းယိုနှင့် တရှီးရှီး တရှုံ့ရှုံ့ဖြစ်ကာ အလွမ်းဇာတ်ကနေသူလို ဖြစ်နေ လေသည်။ အကြံကုန် ဂဠုန်ဆားချက်ဆိုသော်လည်း နွယ်အကြံကုန်သော အခါ၌ကား ကြက်သွန်များကိုသာ တစ်လုံးပြီးတစ်လုံး နွှာနေမိလေသည်။

'ဟ လုပ်စမ်းပါဦးဟ ဂျစ်တူးရေ လုပ်စမ်းပါဦး'

ဦးဆိုးပေ၏အော်သံကြားမှ နွှာလက်စကြက်သွန်ကိုပစ်ချကာ

www.burmeseclassic.com

ကမန်းကတန်းထလိုက်မိသည်။

မီးဖိုပေါ်ရှိငါးပြုတ်အိုးကို ရေအပြည့်ထည့်ပြီး အဖုံးလုံလုံဖုံးကာ ပြုတ်မိ၍ ထင်သည်။ အရည်များတပွက်ပွက်ဆူကာ ဝေကျနေသည်။ နွယ်သည် မမြင် မကန်း မျက်လုံးကို အတင်းဖြဲကြည့်ပြီး ပျာယာခတ်သွားလေသည်။

'လက်နှီး လက်နှီး ဘယ်မှာလဲ ဘယ်မှာထားသလဲ'

နွယ်သည် မီးဖိုဘေးတွင် ပတ်ချာဝိုင်းလှည့်ပြီး ခြေကားရား လက်ကားရားနှင့်အော်နေသည်။ မီးဖိုပေါ်မှအိုးကို လက်နှစ်ဖက်နှင့် ချမည်ရွယ်လိုက်၊ မရသဖြင့် ပြန်ရုပ်လိုက်နှင့် ချိုမိုင်မိုင်ကသလိုဖြစ်နေသည်။

'ဖယ်စမ်း ဖယ်စမ်း'

ဦးဆိုးပေသည် စိတ်မရှည်တော့ဟန်နှင့် စားပွဲပေါ်ရှိ လက်သုတ်ပဝါ လေးကိုဆွဲယူကာ အိုးကိုကိုင်လိုက်သည်။ အရည်များက တပွက်ပွက်ဆူကျနေသည့်အထဲတွင် လက်သုတ်ပဝါပါးပါးလေးနှင့် အုပ်၍ချလေသော အခါ အသားကို ကျက်သွားအောင် ပူလေတော့သည်။

'အို ဟ အမလေး သွားပြီဟ'

စိတ်ဆောင်နေသဖြင့် အရအမိ မီးဖိုပေါ်မှဆွဲချလိုက်သော်လည်း ဟင်း အိုးကိုလက်ထဲတွင် ကြာရှည်ကိုင်မထားနိုင်၊ ကိုးရိုးကားရား လွတ်ကျလေတော့သည်။ လူက မြန်သဖြင့် ဟင်းအိုးနောက်ဘက်ကို ခုန်ကာ ရှောင်လိုက်နိုင်သည်။ မြေပေါ်တွင် ငါးပြုတ်များကျဲပြန့်ကုန်လေသည်။

'ဟောဗျာ သွားပြီ သွားပြီ ကုန်ပြီ'

'ဟောတော့ သွားပြီ ကုန်ပြီ ကုန်ပြီ ဟဲ ဟဲ ဟဲ'

နွယ်သည် ဖုန်များနှင့်လူးကုန်သောငါးပြုတ်များကိုကြည့်ကာ အကြီး အကျယ် နှမြောသွားမိသည်။ နှမြောတသသောစိတ်နှင့် တစ်ပြိုင်နက်တည်း ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ရယ်ကျဲကျဲလေးဖြစ်လာလေသည်။

www.burmeseclassic.com

'မင်းက ဘာရယ်တာလဲ'

'အဟဲ ဖြစ်သမျှအကြောင်း အကောင်းချည်းပဲတဲ့ ကြားဖူးတာပဲ'

မျက်ရည်တရွှဲရွှဲ နှာရည်တရွှဲရွှဲနှင့်ဖြစ်နေသောနွယ်သည် မျက်နှာပိုးကို ချက်ချင်းသတ်ကာ ယောင်ပေပေလေးပြောလိုက်သည်။ သိကြားမင်းက နွယ့်ဒုက္ခကို မကြည့်ရက်သဖြင့် ငါးပြုတ်အိုးကို မှောက်ပစ်ပေးလေသလား မပြောတတ်။ နွယ်သည် ဖုန်အလိမ်းလိမ်းကပ်နေသော ငါးများကိုကြည့်ရင်း ထကချင်လောက်အောင် ဝမ်းသာနေသည်။

'အေးကွာ ဖြစ်မိမှတော့ ဘယ်တတ်နိုင်မှာလဲ ဒီဖုန်ထဲက ငါးတွေကလည်း ဘယ်ကောင်းတော့မှာလဲ'

'အို ဘယ်ကောင်းတော့ မလဲ၊ နည်းနည်းမှ ကောင်းမှာမဟုတ်ဘူး'

နွယ်သည် ရှပ်အင်္ကျီလက်အနားနှင့် နှာရည်များကို ရှိုးကနဲ သုတ်ရင်း ကမန်းကတန်းပြောသည်၊ မျက်စိက ကြက်သွန်နီးဝေကာ ကျိန်းစပ်လှသဖြင့် မျက်တောင်ပုတ်ခတ် ပုတ်ခတ်နှင့်စင်းမှေးကာ ကြည့်ရသည်၊ ဘယ်တုန်းက ဘယ်လို ပေလိုက်သည်မသိ၊ နားထင်တွင်လည်း အိုးမဲစင်းကြီးက ကန့်လန့်ဖြတ် ထင်းနေသည်။

မျက်တောင်ကလေးတခတ်ခတ် နှာရည်တရှုံ့ရှုံ့နှင့် ယောင်ချာချာရယ်ကျဲကျဲလေးဖြစ်နေသောနွယ့်ကိုကြည့်ရင်း ကိုမြင့်နိုင် သံသယမဝင်မိချေ၊ ဖြစ်သမျှကို အကောင်းဘက်ကသာကြည့်တတ်သောမိန်းကလေးဟုသာတွေးမိလေသည်။ ဟင်းအိုးမှောက်သည်ကလည်း သူ့လက်ထဲက မှောက်ကျသွားသည် ဖြစ်၍ ကြိုးစားပမ်းစားချက်နေရသော ဇွစ်တူးကိုပင် အားနာသနားသလိုဖြစ်နေသည်။

'အေးကွာ စစ်ကိုင်းမုန့်ဟင်းခါးနဲ့ ကြံဖန်လွဲရတာပေါ့'

'စားကြည့်စမ်းစေချင်လိုက်တာ၊ လျှာလည်သွားအောင်ကို ချက်ပြမလို့ စစ်ကိုင်းမှာဆို ရောင်းမလောက်ဘူး'

နွယ်သည် ဖုန်သိပ်မလူးဘဲ သူ့ခြေရင်းဘက် မြေမာမာပေါ်တွင် လာကျနေသောငါးတစ်ကောင်ကို အမှတ်မဲ့ဟန်နှင့် တက်နင်းရင်း ပြော လိုက်သည်။ တော်ကြာ ဦးဆိုးပေ အငတ်အိုးက ရေဆေးပြီး ချက်ခိုင်းနေမည် စိုးသောကြောင့် ဖြစ်၏။ သူ့ခြေထောက်အောက်တွင် ငါးပြုတ်ကလေး ပိကြေသွားသောအခါမှ အားမလို အားမရဟန်နှင့် ထပ်ကြိမ်းလိုက်သည်။

‘တကယ်ပါ။ စားကြည့်စေချင်လိုက်တာ၊ လျှာကိုလည်သွားရစေ့ မယ်၊ ဟင်း’

*

‘ဘဝဆိုတာ ပန်းခင်းတဲ့လမ်း မဟုတ်ဘူး၊ ပန်းခင်းတဲ့လမ်းမှာ လျှောက်ရတဲ့ သူကိုလည်း ကံကောင်းတယ်လို့ မအောက်မေ့ကြနဲ့၊ လောကဓံဆိုတာ တစ်နေ့ မဟုတ် တစ်နေ့တော့ လူတိုင်းကြုံလာရမှာပဲ၊ အဲဒီအခါကျရင် သူတို့ တွေဟာ ခံနိုင်ရည်ရှိမှာ မဟုတ်ဘူး’

ကိုမြင့်နိုင်သည် ခြင်ထောင်အမိုးဖြူဖြူကို ငေးစိုက်ကြည့်ရင်း သူ့ ဖခင်ကြီး မကြာခဏပြောဆိုဆုံးမလေ့ရှိသောစကားကို ပြန်လည် ကြား ယောင်နေမိလေသည်။ ပန်းခင်းသောလမ်းဖွေးဖွေးကို ကိုမြင့်နိုင်သည် အိပ် မက်ထဲတွင်ပင် မလျှောက်ခဲ့ဖူးချေ။

သူ့အတွက် ဘဝဟူသည်မှာ ဆူးကြမ်းဖက်သော ခရောင်းလမ်းဟု တော့ မပြောနိုင်၊ သို့သော် ဆူးငြောင့်ခလုတ်ကြမ်းသော လမ်းကြမ်းတစ်ခု သာ ဖြစ်လေသည်။

ဒီလိုဆိုပြန်တော့လည်း ဂျစ်တူးကိုဖျတ်ကနဲသတိရလာသည်။ သူ့ ဘဝသည် ဂျစ်တူးနှင့်စာလျှင် အများကြီးသက်သာသည်ဟု ဆိုရမည်။ မိဘ နှစ်ပါး ဆုံးပါးစေခဲ့ဦးတော့၊ ဦးလေး၏အထောက်အပံ့ဖြင့် တက္ကသိုလ် ပညာ ကိုတော့ တန်းဆုံးသည်အထိ သင်ယူနိုင်ခဲ့သေးသည်။ မည်မျှပင် နွမ်းနွမ်း

ပါးပါး ကြိုးကြိုး ကုတ်ကုတ် ကြိုးစားခဲ့ရသည်ဆိုသော်လည်း ပညာကလေး ရခဲ့သည်မို့ ကြိုးစားရကျိုးနပ်ခဲ့သည်ဟုသာ ဆိုရပေမည်။ နောက်ဆုံး တစ်နေ့ ဤအိမ်ကြီးနှင့်ခြံကြီးကိုပင် အမွေရရှိခဲ့သေးသည်။ အရင်းအနှီး မ တည်ပြီး ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်လျှင် ကြီးပွားရာကြီးပွားကြောင်း လမ်းပွင့်နေသည်။ လမ်းမြင်နေရသည်။

'ဩော် ဂျစ်တူး'

ဂျစ်တူး၏ဘဝကလေးကတော့ လမ်းမမြင်ရချေ။ ဖြစ်ရာဘဝတွင် ဖြစ်သလိုရယ်မောရ၍ ပျော်နေရှာသည်ကပင် ကရုဏာသက်စရာ ဖြစ်နေသည်။

မုန့်ဟင်းခါးရောင်းစားပြီး မကြီးပွားဟုတော့ မပြောနိုင်ပါချေ။ တိုက်ဆောက် ကားစီးနိုင်သူများပင် အများအပြားရှိသည်။ သို့သော်လည်း ဂျစ်တူးတို့ကမူ မောင်နှမတွေ တစ်ပုံကြီးနှင့် မနိုင်မနင်းလှော်ခတ်နေရသော လှေကွဲကြီးနှင့်တူနေလေသည်။

လှေထဲသို့ရေဝင်လျှင် ဂျစ်တူးသည် ရေကို မှုန်တေတေ မျက်နှာထားနှင့် ကြည့်ကာ ပက်ထုတ်မည်သာဖြစ်၏။ ရေမပက်နိုင်ဘဲ လှေမြုပ်သွားခဲ့လျှင်ပင် ရယ်ရယ်မောမောကလေး ရယ်နေဦးမည်လား မပြောတတ်၊ ကလေးဆန်ဆန် အပြစ်ကင်းသောမျက်နှာငယ်နုနုလေးကြောင့် ဂျစ်တူးလေး ဆိုးသမျှ ရွဲ့သမျှတို့ကို ခွင့်လွှတ်စိတ်ဝင်လာနိုင်သည်။

ညီမဆိုးလေးသဖွယ် စိတ်ဝယ် ထင်မြင်လာသည်။ တကယ့်တကယ်တော့လည်း ဥတစ်လုံး တစ်ကောင်ကြွက် ကိုမြင့်နိုင်တွင် ချစ်စရာ၊ ကြင်နာစရာ၊ ညီငယ်၊ ညီမငယ် တစ်စုံတစ်ဦးမျှရှိခဲ့ဖူးသည်မဟုတ်ချေ။ အိမ်အိုကြီးတွင် သောင်တင်လေသောအခါမှ ရှိုးရှိုးအအနှင့် ပြောသမျှယုံလွယ်သော စောကြာဒို၊ ဖိုးသံချောင်းဟူသော ညီငယ်ထွေးနှစ်ယောက်နှင့် ဆိုးသော တေသော ဂျစ်တူးဟူသည့် ညီမငယ်တစ်ဦးကို ရရှိလာသလိုဖြစ်နေသည်။

www.burmeseclassic.com

တစ်ဦးနှင့်တစ်ဦး အလုပ်ရှင်နှင့် အလုပ်သမားဟူသော ဆက်ဆံရေးမှ နေ၍ ညီရင်းအစ်ကို မောင်နှမသဖွယ် သံယောဇဉ်တွယ်တာလာကြသည်ကို သူတို့ကိုယ်သူတို့ပင် ကောင်းစွာမသိချေ။ ခါတိုင်းအားလျှင် ခင်သန္တာဆီသို့သာ ဝဲလှည့်သွားလေ့ရှိသော ကိုမြင့်နိုင်၏အတွေးကမ္ဘာထဲသို့ ဂျစ်တူးလေးတို့ သုံးယောက်သား အသံမပေး ဘာမပေးနှင့် တိတ်တဆိတ် ချဉ်းနင်းဝင်ရောက်လာလေပြီ။

'အစ်ကို့မှာ ရည်းစားရှိသလားဗျ'

တစ်ခါတစ်ရံ ဖိုးသံချောင်းက စပ်စုတတ်သည်။

'ရှိတာပေါ့ကွ'

သူကလည်း အတည်ပေါက်နှင့် ပြန်ပြောလေ့ရှိသည်။

'ချောလားဟင်'

'သိပ်ချောတာပေါ့'

'ကျွန်တော်တို့အစ်မနဲ့ ဘယ်သူပိုလှလဲ'

'ပြောမှ ပြောပလေကွာ၊ မင်းအစ်မက ကြောင်ချေးပေကြီးပဲ၊ ရှပ်အင်္ကျီကြီး တဖားဖားနဲ့စာခြောက်ရုပ်ပဲ၊ ဘာလှလို့လဲ'

သူက မခံနိုင်သလိုပြောသောအခါများတွင် ဂျစ်တူးသည် သွားတက် ကလေး ပေါ်အောင် ရယ်နေတတ်သည်။ တစ်ခါတစ်ရံလည်း စန့်စန့် ရန့်ရန့် ရပ်ပြီး လက်နှစ်ဖက်ကို စာခြောက်ရုပ်သဖွယ်ကားကာ မျက်လုံးပြူး လိုက်၊ နှုတ် ခမ်းမဲ့လိုက်၊ လျှာထုတ်လိုက်နှင့် ခြောက်ပြလေ့ရှိသည်။

ဘယ်ဘက်က ကြည့်ကြည့် မိန်းကလေးနှင့်မတူသော မိန်းကလေးတစ်ဦးသာဖြစ်သည်။ မိန်းကလေးတို့၏ မခို့တရို့အကြည့်၊ ဆွဲဆောင်သောအပြုံး စသည်တို့ကို သူ့ထံတွင် ဘယ်သောအခါမှ ရှာ၍ မတွေ့ချေ။

ဒီလိုဆိုပြန်တော့လည်း ခင်သန္တာကို သတိရပြန်သည်။ ခင်သန္တာ

www.burmeseclassic.com

သည်ကား မိန်းကလေးပီသလွန်းသော မိန်းကလေးတစ်ဦးဖြစ်လေသည်။ သူ့ကိုမြင်လျှင် ကိုမြင့်နိုင် ရင်ဖိုရမြဲဖြစ်သည်။ သူဖြတ်လျှောက်သွားလျှင် သင်းပျံ့ကျန်ရစ်သော ရေမွှေးနံ့လေးကို ရင်တလှပ်လှပ်နှင့် ရှူရှိုက်ရမြဲ ဖြစ်သည်။ ခင်သန္တာ၏ အပြုံး၊ အမဲ့၊ အရယ်တို့သည် ကိုမြင့်နိုင်ကို ဖမ်းစားတတ်သည်။ အိပ်မက်ထဲထိအောင် လိုက်လံစိုးမိုးတတ်သည်။

တစ်ခုတော့ရှိသည်၊ ခင်သန္တာနှင့်တွေ့လျှင် ပူပူလောင်လောင် ဖြစ်လာလေ့ရှိသောသူ့ရင်သည် ဂျစ်တူးနှင့်တွေ့လျှင်ကား အေးရမြဲ ဖြစ်သည်။ မိန်းမ မဆန်လွန်းသော မိန်းကလေးကိုကြည့်ကာ ရယ်မောရမြဲ ဖြစ်သည်။

'အစ်ကိုရေ ဟေး အစ်ကိုကြီး မထသေးဘူးလား'

စောကြာဒိုးသည် ပြတင်းပေါက်မှခေါင်းပြူကြည့်ကာ အော်နေသည်။ တွေးကောင်းကောင်းနှင့် အိပ်ရာမှမထဘဲတွေးနေသည်မှာ စောကြာဒိုးတို့ပင် အလုပ်ဆင်းရန်ရောက်လာကြပေပြီ။ အချိန်စောတော့မည်မဟုတ်၊ နံနက် ကိုးနာရီခန့်တော့ ရှိလောက်ပေပြီ။ သူသည် အိပ်ရာပေါ်တွင် လူးလှိမ့်ကာ ဝါးကနဲ သန်းရင်း ထလိုက်သည်။

'တံခါးဖွင့်ပေးပါဦး ဦးအိပ်ပုတ်ကြီးရ'

ဖိုးသံချောင်းနှင့် ဂျစ်တူးလေးတို့၏ခေါင်းလေးများလည်း ပြတင်းပေါက်တွင် ပေါ်လာကြပြန်သည်။ ဘာစိတ် ဘာလက်ပေါက်သည်မသိ၊ ဂျစ်တူးသည် သနပ်ခါးရေကျဲလေးလိမ်းပြီး ဒေလီယာပန်းဝါဝါကြီးကို နှစ်ပွင့်ဆင့်ပန်ထားသည်။ သနပ်ခါးနှင့်သိပ်ပြီး အထိအတွေ့မရှိသော မျက်နှာ ဖြူဖြူနုနုလေးသည် သနပ်ခါးတင်လိုက်သောအခါ ဝင်းအိနေသည်၊ ဒေလီယာ အဝါရောင်ဟပ်နေသလို ရှိသည်။ မည်းနက်သော မျက်ခုံးတန်းတန်းလေး အောက်မှ မျက်လုံးညိုလေးများသည် ရွှင်နေလေသည်။ နှုတ်ခမ်းပါးလေးများကလည်း ဆေးမကူဘဲ ပန်းရင့်ရောင် ပြေးနေသည်။

www.burmeseclassic.com

'ကြာဒိုးရေ မင်းပြောတာမှန်တယ်'

သူသည် အိပ်ရာပေါ်တွင် ဆက်၍ထိုင်နေရင်း ပြောလိုက်သည်။

'ဘာ မှန်တာလဲ အစ်ကိုရ'

'မင်းတို့အစ်မ လှတယ်ဆိုတာလေ'

သူက အတည်ပြောသော်လည်း ဂျစ်တူးသည် ပြက်လုံးကောင်း တစ်ခုကို ကြားရသလို ဟက်ဟက်ပက်ပက် ရယ်လေတော့သည်။

'ဟား ဟား မှတ်ထား၊ လှတယ်တဲ့၊ အဟဲဟဲ လုပ်ကြပါဦး ခေါင်း ပေါက်နေလို့ ဟား ဟား မိုးနဲ့ဆောင့်မိလို့'

ဘဝင်မြင့်ပြီး မိုးနှင့်တိုက်မိသဖြင့် ခေါင်းပေါက်သွားဟန်နှင့် ခေါင်း ကို လက်နှစ်ဖက်နှင့်အုပ်ကာ ခုန်ဆွခုန်ဆွအော်လေသောအခါတွင်ကား လှသမျှ ပျက်လေတော့သည်။

*

'ကိုမြင့်နိုင်

သန္တာ့ဆီက စာရလို့ အံ့ဩသွားသလားတော့ မသိဘူး၊ သန္တာ မိတ္ထီလာ ရောက်နေတယ်၊ ဟိုတစ်နေ့ကမှ သူငယ်ချင်းတစ်စု စကားစပ်မိကြ ရင်း ကိုမြင့်နိုင် ရှမ်းပြည်နယ်မှာ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်နေတယ်ဆိုတာ သိရတယ်။

စီးပွားရေးသမားကြီး လုံးလုံးဖြစ်ပြီး သန္တာတို့ကိုတောင် သတိမရ တော့ဘူးလားရှင်၊ သန္တာကတော့ ကိုမြင့်နိုင်ကို သတိရနေပါတယ်။

နောက်အပတ်လောက် သန္တာနဲ့သန္တာရဲ့အဒေါ် တောင်ကြီး တက် လာဖို့ ကိစ္စ ရှိတယ်။ ကိုမြင့်နိုင်ရဲ့အိမ်ကြီးကို အလည်မခေါ်တော့ဘူးလား၊ အိမ်ရှင်က အလိုရှိရှိ မရှိရှိ ဧည့်သည်လာရင်တော့ ဖွတ်အတင်းမနှင်ရဘူးနော်'

ကိုမြင့်နိုင်သည် စာဖတ်ရင်းတအံ့တဩဖြစ်လာသည်။ သူ့ကို မည်

www.burmeseclassic.com

သည့်အခါကမျှ အရေးတယူမရှိခဲ့သော ခင်သန္တာသည် ယခုကျမှ ဘာစိတ်ကူးပေါက်ပြီး တရင်းတနှီးဖြစ်လာရလေသနည်း၊ ဝမ်းသာရမလား၊ ဝမ်းနည်းရ မလား၊ အံ့သြရမလားပင် မဝေခွဲနိုင်ဖြစ်နေလေသည်။ 'ဖိုးစွံကွ'ဟု အော်ကာ ကျွမ်းလှိမ့်ထိုးရအောင်ကလည်း ဘာမသိ ညာမသိမို့ ယောင်ချာချာဖြစ်နေသည်။

'ဟေး ကြာဒိုးရေ လာပါဦး ဂျစ်တူးရေ၊ သံချောင်း လာကြစမ်းပါဦးဟ'

အလန့်တကြားအော်သံကြောင့် ဂျစ်တူးတို့သုံးဦးသား အပြေးအလွှား ရောက်လာကြလေသည်။ မှိုကျင်းပဲ တွေ့ထားသလိုလို၊ ချေးပုံပဲ တက်နင်းမိသလိုလိုနှင့် ငိုမလို ရယ်မလိုဖြစ်နေသော အူချာချာမျက်နှာကို ကြည့်ရင်း နားလည်နိုင်ကြဟန် မတူချေ။

'မင်းတို့တွေ ဆေးသုတ်နေတာ ပြီးပြီလား'

'မပြီးသေးဘူးလေ၊ ဒီနေ့မှ စသုတ်တာကို'

'မြန်မြန်သုတ်၊ မြန်မြန်ပြီးအောင်လုပ်၊ အိမ်ကြီးကို ဖွေးသန့်အောင် ရှင်းကြစမ်း၊ ပြင်ကြစမ်း'

'ဖွေးသန့်နေအောင်'

'ကြမ်းပြင်တွေကိုလည်း လက်နေအောင်တိုက်မှဖြစ်မယ်၊ ကြားလား ဂျစ်တူးလေး'

'လက်နေအောင် တိုက်ရမယ်'

'တစ်အိမ်လုံးဟာ လှပပြောင်လက်နေမှဖြစ်မယ်၊ ခြံထဲက မြက်ပင်တွေကိုလည်း အမြန်ရှင်းကြမှပဲ'

'ဘာ ဘာဖြစ်နေတာလဲဟင်'

သူသည် သူ့စိတ်ကူးနှင့် သူ အလောသုံးဆယ် အမောတကောလျှောက်ပြောနေလေသည်။

www.burmeseclassic.com

သူ့ရှေ့တွင် တောင့်တောင့်လေးရပ်နေကြသော နွယ်တို့သုံးဦးသား ဘာမှနားမလည်နိုင်ဘဲ မျက်လုံးဝိုင်းနေကြသည်။ ဖိုးသံချောင်း၏ အောက်မေးသည် အပေါ်မေးမှပြုတ်ကျပြီး ပါးစပ်အဟောင်းသားဖြစ်နေလေသည်။

ရူးသွားသည်ဟုထင်ရအောင်ကလည်း ခုနတုန်းကပင် အကောင်းအတိုင်းရှိသေးသည်မို့ မတွေးတတ်အောင်ဖြစ်နေကြသည်။

'သူလာလိမ့်မယ်'

'ဘယ်သူလဲ'

'ခင်သန္တာ ခင်သန္တာ သူလာလိမ့်မယ်'

'ဘယ်ကိုလာမှာလဲ'

'ဒီကိုပေါ့ ကြာဒိုးရယ်၊ ဒီအိမ်ကိုလာမှာပေါ့၊ ငါ့ဆီကို လာမှာပေါ့'

သူသည် စာရွက်ပန်းရောင်လေးကို ထောင်ပြရင်း ခပ်ကြွားကြွားလေး ပြောလိုက်သည်။ နွယ်သည် သူ့ကိုကြည့်ရင်း ငိုင်တွေတွေလေး ဖြစ်သွားလေသည်။ မျက်မှောင်ကြုတ်ကာ စဉ်းစားမိသည်။ ခင်သန္တာ ခင်သန္တာ ဟူသော အမည်သည် ခေါင်းထဲတွင် ချာလည်လှည့်နေလေသည်။ သိသလိုလို မသိသလိုလိုနှင့် ဝေခွဲမရဖြစ်နေလေသည်။

'ဘယ်က ခင်သန္တာလဲဟင်'

'တက္ကသိုလ်တလွှားမှာ ထင်ရှားတဲ့ အလှဘုရင်မလေး ခင်သန္တာပေါ့ ဟ'

နွယ့်ခေါင်းထဲတွင် မိုက်ကနဲဖြစ်သွားလေသည်။ မိငယ်ကို ဖျတ်ကနဲ သတိရမြင်ယောင်လာသည်။ ခင်သန္တာကိုနွယ်သိသည်။ မိငယ်ကြောင့် ခင်သန္တာကို နွယ်သိခဲ့ရခြင်းဖြစ်သည်။ ထိုစဉ်က နွယ်တို့ တက္ကသိုလ်ပင် မရောက်သေး။ မှတ်မှတ်ရရဆိုလျှင်တော့ တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုရမည့်နှစ် ဖြစ်လေသည်။

ထိုနေ့က မိုးရွာနေသည်ကိုတော့ နွယ်မှတ်မိသည်။ ကောင်းကင်

တစ်ခုလုံး အုံ့ဆိုင်းမည်းမှောင်နေသည်။ လျှပ်နွယ်လျှပ်ပန်းများလက်ကာ မိုးသည်းစွာ ရွာသည်။ ထိုနေ့ထိုရက်တွင် မိငယ်၏အစ်ကိုသည် ရှေ့တန်း၌ ကျဆုံးသွားကြောင်း သတင်းရခဲ့သည်။ မိငယ်၏မျက်လုံးအိမ်မှ တဖြိုင်ဖြိုင် ကျဆင်းလာသော မျက်ရည်များသည် မိုးထက်ပင်သည်းထန်ဦးမည် ထင်သည်။ နွယ်သည် မိငယ် ကို မကြည့်ရက်သဖြင့် အပြိုးကြီးစွာရွာနေသော မိုးစက်မိုးပေါက်များကိုသာ ငေးကြည့်နေမိလေသည်။

'တကယ့်တကယ်တော့ ကိုကိုဟာ သိပ်ပြီး အေးအေးဆေးဆေးနေတာ၊ ကလောင်ကိုင်ပြီး စာရေးလိုက်၊ တယောထိုးလိုက်နဲ့သာ နေချင်တဲ့ အနုသမား၊ စစ်တိုက်ဖို့ရာကို လုံးလုံးဝါသနာပါတာမဟုတ်ဘူး၊ ခင်သန္တာ ကြောင့်၊ သူ့ကြောင့် စစ်ဗိုလ်ကိုမှအထင်ကြီးပါတယ်ဆိုလို့ စစ်ထဲကို ဝင်သွားတာ၊ သေနတ်ကိုင်တာ၊ အချစ်ရူးရူးလို့ သေရှာပါပေါ့၊ မိခင်သန္တာ ဂုဏ်မက်လို့ မိငယ်အစ်ကို သေပါရောလား၊ ပြုံးနိုင်ပါစေ၊ ပျော်နိုင်ပါစေ'

မိငယ်သည် နွယ့်ကိုဖက်ကာငိုရင်း ရှိုက်ရင်း ဗလုံးဗထွေးပြောခဲ့ရှာလေသည်။ နွယ်သည် မိုးစက်များကိုငေးငိုင်ကြည့်ရင်း ခင်သန္တာဟူသော မိန်းမလှ ကလေးကို ရော်ရမ်းပြီးမှန်းဆကြည့်နေမိလေသည်။ မိငယ်အစ်ကို ၏ အသုဘတွင်တော့ လူကိုယ်တိုင်အသေအချာတွေ့မြင်လိုက်ရသည်။ 'မိငယ်အစ်ကို စွဲလည်း စွဲစရာ တော်တော်ချောတာ' ဟု ကြိတ်ပြီး မှတ်ချက် ချမိသေးသည်။ သူ့ဘေးတွင်ကပ်ပါလာသော ဘောင်းဘီရှည်နှင့်လူသည် ခင်သန္တာကို တယုတယ ရှိလှ သည်။ မိငယ်သည် လက်သီးကိုကျစ်ကျစ်ပါ အောင် ဆုပ်လေသည်။ 'သူ့ နံပါတ် အများကြီးထဲက မိငယ်အစ်ကိုကလည်း နံပါတ်တစ်ခုပဲပေါ့၊ ပွဲသွားတော့လည်း ဘာအရေးလဲနော်၊ အစ်ကိုရယ်၊ ထကြည့်စမ်းပါဦး' ဟု အံကြိတ်ရင်း မချိတင်ကဲ ပြောခဲ့ရှာလေသည်။

'ခင်သန္တာ ခင်သန္တာ ဩော်'

'နာမည်လှသလို လူကလည်းလှတယ်၊ မင်းတို့တွေ တွေ့ရပါ

www.burmeseclassic.com

လိမ့်မယ်ကွာ'

မျောက်အုန်းသီးရသလိုဖြစ်နေသော ဦးဆိုးပေကိုကြည့်ရင်း နွယ့်ရင်ထဲတွင် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ မိငယ်လေး၏အစ်ကိုကိုသာ မြင်ယောင်နေမိသည်။ အယူသီးသည်ဟုဆိုလျှင်ဆိုပေတော့၊ ခင်သန္တာနှင့်အတူ မကောင်းသော နိမိတ်ကြီးသည် ဦးဆိုးပေအပေါ်တွင် ကျရောက်လာတော့မလို စိုးရွံ့နေမိလေသည်။

*

နွယ် တစ်ခုပဲဆုတောင်းမိသည်။ ဦးဆိုးပေ၏ခင်သန္တာသည် နွယ်သိသော ခင်သန္တာ မဟုတ်ပါစေနှင့်ဟုသာ ဆုတောင်းမိသည်။ သို့သော်လည်း တက္ကသိုလ် တလွှားတွင် ထင်ရှားသောအလှဘုရင်မလေး ခင်သန္တာဟုဆိုပါက တစ်ဦးတည်းသာဖြစ်ပေလိမ့်မည်၊ ဖြစ်ဖို့များသည်။ ထိုသို့ဆိုလျှင်မူ ဦးဆိုးပေအတွက် ကံကောင်းလှမည်မဟုတ်ပါချေ။ နွယ်သည် ငယ်သေးသဖြင့် ချစ်ရေးချစ်ရာများကို အတိအကျတော့ နားမလည်ချေ၊ မသိချေ။ သို့သော်လည်း နှလုံးသားရေးရာကို ဦးနှောက်နှင့်စဉ်းစားပြီး ငွေနှင့် ပကာသနကို အရင်းတည်ဆုံးဖြတ်လေ့ရှိသော ခင်သန္တာလိုမိန်းကလေးမျိုးတွင် အချစ်စစ်အချစ်မှန်ရှိလိမ့်မည်ဟု နွယ်မထင်၊ နွယ်မယုံကြည်၊ ပထမနှစ်ကျောင်းသူလေးများဖြစ်သော နွယ်တို့သူငယ်ချင်း တစ်စုကပင် သတင်းကြီးနှင့်သော နောက်ဆုံးနှစ်ကျောင်းသူ ခင်သန္တာကို လိုက်လံငေးမောကြည့်ရသေးသည်။ ခြေလှမ်းကို ရွရွလေးလှမ်းကာ တိုးတိုးညင်းညင်းလေး ရယ်မောတတ်သော ခင်သန္တာလို မိန်းမလှမျိုးလေးသည် ဦးဆိုးပေ၏နွားခြံတွင် မည်သည့်နည်းနှင့်မျှ ပျော်ပိုက်လိမ့်မည်မဟုတ်ချေ။

'အစ်မရေ ဖယောင်းရည်တွေ ရပြီဗျ'

'အသာထားလိုက်ဦး သံချောင်းရယ်၊ ဒီမှာ ရေနွေးတောင်တိုက်လို့

www.burmeseclassic.com

မပြီးသေးဘူး'

နွယ်သည် အပေါ်ထပ်ကြမ်းပြင်များကို ရေပတ်နှင့် တကုန်းကုန်း ပွတ်တိုက်နေရာမှ ပြန်ပြောလိုက်သည်။ အနှစ်နှစ်အလလက ဖုန်မှုန့်များ တင်ကာ ညစ်ပတ်ပေရေနေသောကြမ်းများမို့ ရေနှင့်ဦးစွာ ပြောင်စင်အောင် တိုက်နေရသည်။ ဒူးတုပ်ကာ ရှေ့တိုးနောက်ဆုတ်တိုက်နေရသဖြင့် ချွေး ပေါက်ပေါက်ကျအောင် မောနေသည်။ နှစ်ကျပ်ဟူသောငွေကို မက်မော သည်ထက် စေတနာ အရင်းခံလေးနှင့် လုပ်နေခြင်းဖြစ်သည်။ ငွေနှစ်ကျပ်ကို မရစေဦးတော့ အကူအညီလိုနေသူကို ကူညီရမည်ဟူသောစေတနာနှင့် လာ ရောက်လုပ်ကိုင်ပေးမိနေဦးမည်လား မပြောတတ်ချေ။

'ဂျစ်တူး မောနေပြီလား'

ကိုမြင့်နိုင်သည် အားကြိုးမာန်တက်ပွတ်တိုက်နေသော နွယ့်ဘေး တွင် ရပ်ရင်း မေးလိုက်သည်။ နဖူးပြင်ဝင်းဝင်းပြန့်ပြန့်တွင် ချွေးလေးများ စီရရီစို့ပြီး သနပ်ခါးများ ကွက်ပျက်နေလေသည်။ ဆံနွယ်ပျော့ပျော့လေးများ က နဖူးပြင်ပေါ်တွင် ခွေလိပ်ကျနေသည်။ ကပိုကရို ထိုးစိုက်ထားသော ခေါင်းလောင်းပြာ ပန်းပြာပြာလေးသည် နွယ်လှုပ်ရှားတိုင်း တငဲ့ငဲ့ယိမ်းညွတ် နေသည်။ ရှပ်အကျီ ပွပွကြီးများနှင့် ထဘီစွန်တောင်ဆွဲ ဝတ်တတ်သော ဤမိန်းကလေးက ပန်းများကို အမြတ်တနိုးကြိုက်တတ်သည်ကတော့ ဆန်း ကြယ်လှသည်။ သနပ်ခါးရည်ကျဲကိုပင် မှန်မှန်မလိမ်းသော်လည်း တွေ့ကရာ ပန်းများကိုကား ဆံပင်ခွေပျော့ပျော့တွင် ထင်သလို ထိုးစိုက် ပန်ဆင် တတ်လေသည်။ လူတစ်ကိုယ်လုံးတွင် မိန်းကလေးဆန်သောအရာဟူ၍ ဆံနွယ်များပေါ်မှ ပန်းပွင့်လေးများသာရှိလေသည်။

'မောပါဘူး'

နွယ်သည် ဦးဆိုးပေကိုမော့ကြည့်ကာ မောသံလေးနှင့် ဖြေလိုက် သည်။ ဦးဆိုးပေ၏အိမ်ကြီးတွင် စိတ်ရှုပေါက်ပြီး နေ့စားအလုပ်ကို လုပ်ခဲ့

www.burmeseclassic.com

သည်မှစ၍ နွယ်သည် ကိုယ့်ဘဝကို ကိုယ်မေ့ချင်သလိုဖြစ်နေသည်။ မုန့်ဟင်းခါး ရောင်းစားရပါသည်ဟုပြောခဲ့သည်ကိုပင် တကယ်လို ထင်မှတ်လာသည်။ သဇ္ဈာန်လုပ် သရုပ်တူစေရန် မသိနားမလည်သော မုန့်သည်ကလေး ဟန်ဆောင်ရင်းပင် တစ်ခါတစ်ရံ တကယ်ထင်မှတ်ကာ ကိုယ့်ဘဝအစစ်ကိုပင် ကိုယ့်ဟာကိုယ် မေ့ချင်လာသည်။ သူ့ဆန်စားရဲမှုဟူသော စိတ်ကလေးနှင့် အလုပ်မရှောင် ကုန်းလုပ်တတ်သည့် အကျင့်ပင် စွဲနေသည်။

‘ဖြည်းဖြည်းဆေးဆေးလုပ်ပေါ့ကွာ၊ သိပ်ပြီးအမောမခံပါနဲ့’

ကိုမြင့်နိုင်သည် ခွေးကလေးများစို့ကာ အပြစ်ကင်းစင်စွာ မော့ကြည့်နေသော မိန်းကလေးကို ကြင်နာဟန်နှင့်ပြောလေသည်။

‘ပြီးရင် ဖယောင်းနဲ့ရေနံဆီ ထပ်ပြီးတိုက်ရဦးမယ်၊ ဒါမှပြောင်လာမှာ၊ နန်းနွဲ့နဲ့ စိုင်းကျော် တကယ်ရှိရင် ကောင်းမှာနော်’

‘ဟ ဘာဖြစ်လို့တုံး’

‘အို နှစ်ယောက်အားဆိုလည်း နည်းလား၊ ကြမ်းတိုက်ခိုင်းရအောင်ပေါ့လို့’

‘ကြုံကြံဖန်ဖန် ဂျစ်တူးရယ်’

ကိုမြင့်နိုင်သည် သရဲဆီမှလုပ်အားကို တောင့်တောင့်တတလေး ပြောနေသောနွယ့်ကိုကြည့်ရင်း ရယ်မိလေသည်။ မှုန်တေတေနှင့်ဆိုလျှင် အမြင်ကတ် စရာကောင်းလှသော်လည်း၊ ရယ်ကျဲကျဲနှင့်ဆိုလျှင် မခံချင်စရာကောင်းလှသော်လည်း ယခုလို ဒေါသမာနကင်းစင်နေသောအခါများတွင်ကား နွယ့်မျက်နှာလေးသည် ကလေးငယ်လို အပြစ်ကင်းစင်နေတတ်သည်။ ဝင်းပနေတတ်သည်။

‘သိပ်ပျော်နေလားဟင်’

နွယ်သည် သူ့ကိုငေးကြည့်နေသော ကိုမြင့်နိုင်ကို အမှတ် မထားမိဘဲ နဖူးပြင်မှချွေးများကို ရှပ်အင်္ကျီလက်နှင့်ပွတ်သုတ်လိုက်ရင်း မေးသည်။

www.burmeseclassic.com

ဆေးပုံးကြီးကိုကိုင်ရင်း ငဲ့ကြည့်နေသော ကိုမြင့်နိုင်သည် ခပ်သဲ့သဲ့လေး ရယ်လိုက်ပြီး နွယ့်ဘေးတွင် ထိုင်ချလိုက်သည်။

'ဘယ်လိုထင်လဲ၊ ငါလည်း အဲဒါကိုသိချင်နေတာပဲ ဂျစ်တူးရယ်'

'အို ဘယ်ထင်တတ်ပါ့မလဲ၊ ပျော်နေမှာပဲပေါ့၊ ဒါပဲဖြစ်ရမှာပေါ့'

'အေးကွာ တကယ့်တကယ်ဆိုရင် ပျော်သင့်တာပေါ့နော်'

'ဟုတ်တာပေါ့လို့'

'ခုတော့ သိပ်မပျော်ဘူးကွ၊ စစချင်းတော့ ပျော်သလိုပဲ၊ တဖြည်းဖြည်းနဲ့ ရင်ထဲမှာ စိုးရိမ်တာတွေ၊ စိတ်မောတာတွေပြည့်လာတယ်၊ တစ်မျိုးပါပဲကွာ၊ ဂျစ်တူးလေးငယ်ပါသေးတယ်၊ ဒါတွေကို ကောင်းကောင်း နားလည်မှာ မဟုတ်ပါဘူး'

'ဘာဖြစ်လို့'

ကိုမြင့်နိုင်သည် နွယ့်ကိုလူလူသူသူလုပ်ပြီး ဆွေးနွေးရင်ဖွင့်နေမိသည်။ သူတို့၏စကားပြောသံသာရှိမနေလျှင် တစ်အိမ်လုံး တိတ်ဆိတ်ငြိမ်သက်နေသည်။ အပြင်ဘက်တွင်ကား လေတဟူးဟူးတိုက်နေသည်။ လေသံသည် လေချွန်သံလိုစူးရှပြီး သစ်ရွက်များကို တိုးဝှေ့တိုက်ခတ်နေသဖြင့် လေတိုးသံတရှဲရှဲက ဆိုင်းချက်လိုက်သလိုဖြစ်နေသည်။

'မင်း ရည်းစားထားဖူးသလား ဂျစ်တူးလေး'

'ဟင့်အင်း'

နွယ်သည် ခေါင်းကို ကမန်းကတန်းယမ်းခါလိုက်သည်။ ခေါင်းပေါ်မှ ခေါင်းလောင်းပြာပန်းလေးက တန့်နွဲ့နွဲ့ယိမ်းညွတ်ပြီး ပန်းလေးတစ်ပွင့်က ပြုတ်ကျလာသည်။ ကိုမြင့်နိုင်သည် နွယ့်ခေါင်းမှပြုတ်ကျလာသော ပန်းကလေးကို ကောက်ပြီး ခပ်ငေးငေး စိုက်ကြည့်နေမိသည်။ ပန်းကလေးလန်းသလို ပန်းကလေးလှသလို ဂျစ်တူးဟူသည့်ကလေးမလေးသည် လန်းရွှင် လှပနေသည်။ သူ့တွင် အပူအပင် အကြောင့်အကြဟူသည် ရှိမှရှိပါ

လေစ။

'နောက်ပြီး ရွှေတွေ၊ ငွေတွေ၊ ပစ္စည်းတွေ၊ ဂုဏ်တွေကိုရော မမက်ဘူးလားဟင်'

'ကြုံကြုံဖန်ဖန် အဲဒါတွေက ပြုတ်စားလို့ရလို့လား'

တွေတွေဝေဝေစဉ်းစားစားဖြစ်နေသော ကိုမြင့်နိုင်ကိုကြည့်ရင်း နွယ်က ဆောင့်ကြီးအောင့်ကြီးပြောလိုက်မိသည်။ နွယ်သည် မွေးကတည်းက ခုချိန်အထိ လက်ပတ်နာရီတစ်လုံးမှလွဲ၍ ဘာလက်ဝတ်ရတနာကိုမျှ မဆင်ယင်ခဲ့ဖူးချေ။ တစ်ခါတစ်ရံ အလှူအတန်းရှိ၍ မေမေက အတင်းဝတ်ပေးသောအခါများတွင်လည်း မနေတတ် မထိုင်တတ် တောင့်တောင့် တင်းတင်း ဖြစ်နေတတ်သည်။ မေမေသည် နွယ့်အတွက် ရည်မှန်းပြီး လက်ဝတ်ရတနာလှလှလေးများကို တစ်ခုပြီးတစ်ခုလုပ်ထားသော်လည်း သေတ္တာထဲတွင်သာ သော့ခတ်ထားရရှာသည်။ တွေ့ရာနေရာသွားပြီး စိတ်ကူးပေါက်ရာ တွေ့ကရာကစားနေလျှင် ကျေနပ်သောနွယ့်ကို ဆွဲကြိုး လက်ကောက်ဝတ်ပေးရန် အကြံအစည်က မအောင်မြင်ပေ။

'မင်း ဒါတွေကိုမရသေးလို့ပါကွစ်တူးရာ၊ မိန်းမဆိုတာ ရွှေမက် ဂုဏ်မက်တတ်တဲ့အမျိုးပါ'

ကြမ်းတိုက်သော အဝတ်စုတ်ကလေးကို လက်နှစ်ဖက်နှင့် ဆုပ်ကိုင်ရင်း ဒူးထောက်ထိုင်နေသောနွယ့်ကိုကြည့်ကာ ကိုမြင့်နိုင်သည် ခိုင်ခိုင်မာမာ ပြောနေသည်။ နွယ့်ရင်ထဲတွင် မခံချင်စိတ်များ ဆူဝေလာသည်။ ပတ္တမြားနီနီရဲရဲများ မြှုပ်ထားသောလက်ကောက်တစ်ရံထက် နွယ်သည် ပြောင်းဖူးပြုတ်တစ်ဖူးကိုမှ ပိုမက်သေးသည်ကို ဦးဆိုးပေ သိနိုင်မည်မဟုတ်။ တစ်ခုတော့ရှိသည် ထိုလက်ကောက်ကိုရောင်းပြီး ငွေသားရလျှင်တော့ ထိုငွေကို နွယ်လိုချင်မည်ဖြစ်သည်၊ နွယ်မက်မောမည် ဖြစ်သည်။ ငွေအထပ်လိုက်ကိုင်ကာ လေဟာပြင်ဈေးပြေးပြီး စားချင်တာ အကုန်စားမည်ဖြစ်သည်။

www.burmeseclassic.com

လမ်းတစ်လျှောက်လုံး ခွက်ကလေးများ အစီအရီချပြီးတောင်းနေတတ်သော ကိုယ်မသန့်သည့် သူတောင်းစားများ ခွက်ထဲသို့ ကျပ်တန်တစ်ရွက်စီ လျှောက်ထည့်သွားချင်မည်သာဖြစ်သည်။ တစ်ခါတစ်ရံ နွယ်တို့ မုန့်စားနေစဉ် ဘေးမှမုန့်အကျန်ကို စောင့်မျှော်ပြီးလာတောင်းတတ်သော သူတောင်းစားလေးများအတွက်ပင် မုန့်အသစ်တစ်ပွဲထပ်မှာကာ ပေးချင်ပေးလိုက်မည်ဖြစ်သည်။ အိုက်စ်ကရင်တစ်ခွက်ပင် မှာစား၍ မရသည့် လက်ကောက်များ၊ ဆွဲကြိုးများကိုတော့ နွယ်ဆိုသည့်နွယ်သည် မမက်ရေးချ မမက်။

'ငါအကောင်းပြောတာပါ ဂျစ်တူးရဲ့၊ ငါ့ကို ဘာလို့ မှုန်တေတေ ကြည့်နေတာလဲ၊ မိန်းမဆိုတာ ဘယ်နေရာက မိန်းမဖြစ်ဖြစ် တစ်မျိုး တစ်စားထဲ နေမှာပါ'

မခံချင်စိတ်ကလေးနှင့် မျက်မှောင်ကြုတ်ကာ မှုန်တေတေဖြစ်နေသော နွယ့်ကိုကြည့်ကာ ကိုမြင့်နိုင်ကပြောလိုက်သည်။ နွယ်သည် ဘာမှပြန်မပြောဘဲ ကြမ်းကိုသာ တကုန်းကုန်းနှင့်ဆက်တိုက်နေတော့သည်။ ကိုမြင့်နိုင်ကို မော်၍ပင်မကြည့်တော့၊ ခင်သန္တာ ဂုဏ်မက် ငွေမက်တိုင်း မိန်းမထုကြီး တစ်ခုလုံးကို သိမ်းကျုံးပြီး တစ်မျိုးတစ်စားတည်းဟု စွပ်စွဲနေသည်မှာ နည်းနည်းမျှ မတရား။

'ကဲ ငါပြောတာ မဟုတ်ဘူးလား၊ ဝန်မခံဘူးလား'

'ခင်သန္တာ ဂုဏ်မက်တိုင်း မိန်းကလေးအားလုံးကို သိမ်းကျုံး မစွပ်စွဲပါနဲ့ ဟင်း'

'ဟ ခင်သန္တာဂုဏ်မက်တယ်လို့ မင်းကို ဘယ်သူပြောဖူးလဲ'

'ဟွန်း မသိရင်ခက်မယ်'

ကိုမြင့်နိုင်သည် ကက်ကနဲပြန်ပြောလိုက်သော နွယ့်ကိုကြည့်ရင်း မျက်လုံးပြူးသွားသည်။ ခင်သန္တာ အမြင့်မှန်းတတ်သည်ကို ကိုမြင့်နိုင် သာမက သက်အောင်လည်း သိသည်၊ ထွေးလှိုင်လည်း သိသည်၊ အားလုံး

www.burmeseclassic.com

သိကြသည်။ ဦးနှောက်ကသိသော်လည်း နှလုံးသားက လက်မခံချင်၊ လက်မခံနိုင်။ အထူးသဖြင့် ဂျစ်တူးလိုကောင်မလေးမျိုးက တစ်ခါဖူးမျှပင် မမြင်ဖူး မသိဖူးဘဲနှင့် စွတ်ရွတ်ပြောလိုက်သောအခါ ပို၍ မခံချင်၊ မခံနိုင်။

'ဘာ မသိရင်ခက်မယ်လဲ၊ မိန်းကလေးတစ်ယောက်ကို အရမ်းရမ်းသန်းပြီး တွေ့ကရာမပြောပါနဲ့ကွ၊ မင်းနဲ့ဘယ်တုန်းက သိဖူးလို့လဲ၊ တက္ကသိုလ် ပတ်ဝန်းကျင်ကို မင်းက ဘယ်လောက်အကျွမ်းတဝင်သိလို့လဲ'

ကိုမြင့်နိုင်က လေသံမာမာနှင့်အော်လိုက်သောအခါ နွယ့်မျက်နှာလေးသည် သွေးရောင်လွှမ်းကာ နီရဲသွားသည်။ ကြမ်းတိုက်လက်စအဝတ်ကို လက်မှ လွှတ်ချပြီး ဆတ်ကနဲမတ်တတ်ရပ်လိုက်လေသည်။ တက္ကသိုလ် ပတ်ဝန်းကျင်ကို ဘယ်လောက်များအကျွမ်းတဝင်သိလို့လဲတဲ့၊ တင်စီးလိုက်တဲ့ စကား။

မခံချင်စိတ် ဒေါသစိတ်ကလေးများကြောင့် နွယ်သိသည့် ခင်သန္တာ အကြောင်း၊ မိငယ်ပြောသည့် ခင်သန္တာအကြောင်း၊ ယုလွင် အဆက်ကိုလှသွေး ပြောသည့် ခင်သန္တာအကြောင်းများကို အော်ဟစ် ပြောပြလိုက်ချင်စိတ်ပင် ပေါ်လာသည်၊ နှုတ်ခမ်းလေးများ တရွရွလှုပ်ကာ တုန်တုန်ယင်ယင် ဖြစ်နေသည်။

ကိုမြင့်နိုင်သည် တစ်မျက်နှာလုံးနီရဲကာ နှုတ်ခမ်းလေးများပင် တွန့်နေသည့် နွယ့်ကိုကြည့်ရင်း အမ်းတမ်းတမ်းဖြစ်သွားသည်။ သူပြောလိုက်သည့် စကားသည် ဒီသူငယ်မလေးကို ဒီလောက်ထိခိုက်လိမ့်မည်ဟု မထင်မိပေ။ တစ်ခုတော့ရှိသည်၊ မုန့်ဟင်းခါးရောင်းရရှာသည့် မိန်းကလေး တစ်ဦးကို တက္ကသိုလ်အကြောင်းဘယ်လောက်သိလို့လဲ၊ နားလည်လို့လဲဟု ပြောလိုက်သည်မှာ နှိမ်၍ ပြောလိုက်သည်နှင့် တူသွားပေမည်၊ တင်တင်စီးစီး အနိုင်ယူကာ ပြောလိုက်သလိုဖြစ်သွားဟန်တူသည်ဟုတွေးမိပြီး စိတ်မကောင်း ဖြစ်သွားသည်။

www.burmeseclassic.com

'ဆောရီးကွာ ဂျစ်တူးလေးရာ၊ ငါလည်း ရုတ်တရက် ဒေါသထွက်သွားလို့'

'ကိစ္စမရှိပါဘူး၊ နွယ်လည်း အလကားစိတ်တိုတာပါ အဟဲ'

နွယ်သည် သူ့ကိုသူ မုန့်ဟင်းခါးသည်စိတ် အတင်းပြန်သွင်းပြီး ချက်ချင်းပင် ရယ်ကျဲကျဲလေးလုပ်နေသော်လည်း နွယ့်မျက်လုံးလေးများတွင် ဒေါသနုနုများက အခိုးဝေနေသည်။ ဦးဆိုးပေကို စိတ်ဆိုးစရာ မဟုတ်၊ သူသိသည်က နွယ်သည် မုန့်ဟင်းခါးသည်ပဲ မဟုတ်လား၊ ဂုဏ်မရှိ ငွေမရှိသော မုန့်ဟင်းခါး သည်လေးက ဂုဏ်ပုံ ငွေပုံပေါ်မှ ခင်သန္တာကို ဂုဏ်မက်သည်ဟုပြောလိုက်တော့ မည်သူမျှ ခံချင်မည် မဟုတ်၊ အထူးသဖြင့် ခင်သန္တာကို မျှော်မှန်းနေသော ဦးဆိုးပေဆိုသည့် လူသည် ခံနိုင်မည်မဟုတ်ချေ။

'ဩော် ဂျစ်တူး ဂျစ်တူး'

ကိုမြင့်နိုင်သည် မျက်နှာလေးက သုန်မှုန်နေသော်လည်း ဇွတ်အတင်း ရယ်ကျဲကျဲလုပ်နေသော ကလေးမလေးကိုကြည့်ကာ ခပ်သဲ့သဲ့ကလေး ရယ်လိုက်မိသည်။

'မင်းကလေး ငယ်ပါသေးတယ် ဂျစ်တူးရာ၊ မင်း မသိတာတွေ အများကြီး ရှိသေးတယ်'

*

'တစ်ကျပ် နှစ်ကျပ် သုံးကျပ် ကိုးကျပ် ဆယ့်တစ်ကျပ် ဆယ့်နှစ်ကျပ် ဆယ့်ငါး ဆယ့်ခြောက်ကျပ်'

စောကြာဒိုးသည် ကျပ်တန်လေးများကို တစ်ရွက်ချင်းရေတွက်နေသည်၊ မျက်နှာလေးတစ်ခုလုံးသည် မှိုကျင်းတွေ့ထားသူကဲ့သို့ ပြုံးရွှင်နေသည်။

'ဟာ ဟ သံချောင်းရေ၊ ဆယ့်ခြောက်ကျပ်ကြီးတောင်ရှိပြီ'

www.burmeseclassic.com

စောကြာဒိုး၏ဘေးတွင် ဖိုးသံချောင်းနှင့်မခမ်းလုံလေးတို့သည် ငုတ်တုတ်လေးထိုင်နေကြသည်။ စိတ်အားထက်သန်မှုကြောင့် မျက်လုံးလေးများသည် အရောင်တလက်လက် တောက်ပနေကြ၏။

ပန်လွယ်ချောင်းဘေးက ထင်းရှူးပင်ရိပ်သည် သူတို့၏ ရတနာသိုက် ဖြစ်သည်။ ဝါးဆစ်ထဲတွင် ကျပ်တန်လေးများကို လုံလုံထည့်ကာ ထင်းရှူးပင် ခြေရင်းတွင် တွင်းတူးပြီးမြှုပ်ထားကြသည်။ စောကြာဒိုးက ဝါးဆစ်တစ်ခု၊ ဖိုးသံချောင်းက ဝါးဆစ်တစ်ခု၊ ဝါးဆစ်နှစ်ခုကို အမှတ်အသားနှင့်ယှဉ်လျက် မြှုပ်ထားကြသည်။

'ဟယ် အများကြီးဟယ်၊ တကယ့်ကို အများကြီးနော'

မခမ်းလုံသည် မျက်လုံးအဝိုင်းသားလေးနှင့် ဝမ်းသာအားရ ပြောသည်။ စောကြာဒိုးသည် ပိုက်ဆံလေးများကို ဝါးဆစ်ထဲပြန်ထည့်ပြီး နောက်ဝါးဆစ် တစ်ခုကိုယူကာ ဖွင့်လိုက်သည်၊ ဖိုးသံချောင်း၏ဝါးဆစ် ဖြစ်လေသည်။ ထို့နောက် ကျပ်တန်လေးများကို သွန်ထုတ်ကာ တစ်ကျပ်၊ နှစ်ကျပ် ရေတွက်ပြန်သည်။

'ဆယ့်ငါးကျပ် ဆယ့်ခြောက်ကျပ်နဲ့တစ်မတ်၊ မင်းက ဦးဆိုးပေ အပိုပေးလိုက်တဲ့တစ်မတ်ပါရတော့ ငါ့ထက် တစ်မတ်တောင်ပိုသေးတယ်'

'အများကြီးနော'

မခမ်းလုံသည် ဒိုင်ခံချီးကျူးနေသည်။ သူတို့သုံးဦးသား ဝါးဆစ်ကလေးများကို လုံလုံပိတ်ကာ တွင်းထဲပြန်ထည့်ကြသည်။ ထို့နောက် အပေါ်မှ မြေကြီးကို ခြေရာလက်ရာမပျက် ပြန်ဖို့ကြသည်။ ညှိကြသည်၊ တစ်နေ့ တစ်ခါတူးလိုက် ဖော်လိုက် ဖို့လိုက်လုပ်နေသောနေရာဖြစ်၍ မြေသားညှိညှိများက ပွပွရွရွဖြစ်နေသည်။ စောကြာဒိုးသည် ချောင်းထဲမှ ကျောက်တုံးကြီး တစ်တုံးကို လှိမ့်ယူလာပြီး မြေသားပွပွပေါ်ဝယ် တင်ထားလိုက်သည်။

'ပိုက်ဆံတွေအများကြီး ဘာလုပ်မလဲဟင်'

www.burmeseclassic.com

သူတို့သုံးဦးသား ကျောက်တုံးကြီးကိုမှီပြီး ထိုင်မိကြသောအခါ မခမ်းလုံက မေးသည်။

'အေး ဘာလုပ်ကြမှာလဲ'

သူတို့ကိုယ်သူတို့ သန်းကြွယ်သူဌေးကြီးများသဖွယ် အထင်ရောက် နေသော စောကြာဒိုးတို့က မခမ်းလုံမေးမှ ပိုက်ဆံများကို အသုံးချရမည့်နည်းကို စဉ်းစားမိတော့သည်။

'ငါတော့ မော်တော်ကားကြီး ဝယ်ချင်တယ်ကွ၊ မော်တော်ကား အကြီးကြီး ဝယ်ပြီး ငါကိုယ်တိုင် မောင်းမယ်'

'ငါက တိုက်အိမ်ကြီးဆောက်ချင်တယ်။ ငါ တစ်ခါ တောင်ကြီး လိုက်သွားတုန်းက တွေ့ခဲ့ရတဲ့တိုက်အိမ်ကြီးမျိုးဆောက်ချင်တယ်'

'ဆောက်ကွာ၊ ငါလည်းနေမယ်နော'

'အေးကွ၊ မင်းနဲ့ခမ်းလုံကိုပါ ခေါ်ထားမှာပေါ့၊ မင်းကားကိုလည်း ငါစီးမယ်နော သံချောင်း'

'အေး စီးရမှာပေါ့'

စောကြာဒိုးက တက်ကြွစွာပြောသည်၊ ဖိုးသံချောင်းကလည်း အားကျ မခံ မျက်စိစုံမှိတ်ကာ လက်သီးကိုပင် တင်းတင်းဆုပ်ထားသည်၊ တစ်မျက်နှာလုံး ပြုံးရွှင်နေသည်။ သူတို့ကို တစ်လှည့်စီကြည့်နေသော မခမ်းလုံက စိတ်အားထက်သန်စွာ မေးလိုက်သည်။

'ကားတစ်စီး ဘယ်လောက်ပေးရမလဲဟင်'

'အေးဟ ဘယ်လောက်လဲ'

'တိုက်တစ်တိုက်ရော ဘယ်လောက်ပေးရမလဲဟင်'

'အိုကွာ ငါးဆယ်တစ်ရာကြီးများဆိုရင်ရမှာပါ၊ ဈေးတော့ မနည်း ဘူးကွ၊ ငွေငါးဆယ်ဆိုရင် အများကြီး အဲဒီလောက်တော့ ပေးရမှာပေါ့'

ဖိုးသံချောင်းသည် လုံးဝအလျှော့မပေးဘဲ ကားဖိုးတွက်လိုက်

www.burmeseclassic.com

သည်၊ မခမ်းလုံလည်း ကျေနပ်သွား၏။

‘ဒီလိုဆို ကားကြီးဝယ်နိုင်တော့မှာပေါ့နော်’

‘အေးပေါ့’

ထို့နောက် သူတို့သုံးဦးသား ငြိမ်နေကြပြန်သည်၊ စိတ်ကူးကမ္ဘာထဲတွင် တိုက်အိမ်ဆောက်ကာ ကားကိုတဝီဝီ စီးနေကြသည်။ ဒီလိုဆိုတော့ သူတို့သည် အစ်မန္တယ်ကို သတိရပြန်သည်။ အစ်မကိုလည်း ခေါ်ထားရမည်၊ အစ်မ ချက်ကျွေးသော မုန့်ဟင်းခါးများကိုစားပြီး အတူတူ နေကြမည်။

‘ဟေး ဒါနဲ့ အစ်ကိုရဲ့ ခင်သန္တာဆိုတာ ဘယ်တော့လာမှာလဲ ဟင်’

‘မသိသေးဘူးကွ’

‘ခင်သန္တာဆိုတာ ဘယ်သူလဲဟင်’

‘နှင့်ဦးဆိုးပေကြီး ကြိုက်တဲ့မိန်းမပေါ့ဟ၊ အိမ်ကြီးကို လာလည်မယ်တဲ့’

မခမ်းလုံသည် ပါးစပ်အဟောင်းသားနှင့် မျက်မှောင်လေး ကြုတ်နေသည်။ ဦးဆိုးပေလို မျက်နှာရှုစ်ခေါက်ချိုးကြီးနှင့် လူတစ်ယောက်က မိန်းမကြိုက်တတ်သည်တဲ့။

ထင်းရှူးနံ့နှင့်ယူကလစ်နံ့သည် ရောပြီး သင်းသင်းလေးဝေ့ပျံ့နေသည်။ ပန်လွယ်ချောင်းဆီမှ ရေစီးသံသည် သဲ့သဲ့လေး ညင်သာလှလေသည်။ ခပ်လှမ်းလှမ်းဆီတွင်မူ ဘိုကတော်မျက်ဆံပင်များက အစုလိုက် အစုလိုက် တန်းပြီးပေါက်နေကြသည်။ ခရမ်းနုနုအပွင့်လေးများသည် တစ်ဆုပ်တစ်ခဲပွင့်နေ၏။ လိမ္မော်ရင့်ရောင် အသီးလေးများကလည်း အခိုင်လိုက်ပြွတ်ခဲနေသည်။ အပြန်ကျလျှင် အစ်မအတွက် ပန်းခူးသွားရမည်ဟု ဖိုးသံချောင်းသည် ငေးမောနေရင်းမှ တွေးမိသေးသည်။

စောကြာဒိုးသည် အိပ်ငိုက်ငိုက်ရှိသည်နှင့် ထင်းရှူးပင်ရွက်ကြွေပေါ်တွင် ပက်လက်လှန်ချလိုက်သည်။ ထင်းရှူးရွက်ချွန်ဝါဝါလေးများက မွေ့ရာ

www.burmeseclassic.com

သဖွယ် ထူထပ်နေသည်။

ကောင်းကင်ပြာကို နောက်ခံထားပြီး ထင်းရှူးရွက်များသည် တနွဲ့နွဲ့ ယိမ်းနေကြသည်။ တယိမ်းယိမ်းညွှတ်နေကြသည်။

'ငါသာ အစ်ကိုဆိုရင် အစ်မကိုကြိုက်မှာ'

'အေးကွာ အစ်မက လှလည်း အားကြီးလှတယ်၊ သတ္တိလည်း ကောင်းတယ်၊ သဘောလည်း ကောင်းတယ်နော'

ဖိုးသံချောင်းက စောကြာဒိုးဘေးတွင် လှဲအိပ်လိုက်ရင်း တိုးတိုး လေး ပြောသည်။ စောကြာဒိုးကလည်း လေသံသဲ့သဲ့နှင့် ထောက်ခံလိုက် သည်။

သူတို့မျက်စိထဲတွင် နွယ်၏ဖြူဝင်းနုနယ်သောမျက်နှာလေးကို မြင် ယောင်နေကြသည်။ ထင်းရှူးရွက်လေတိုးသံ တရှဲရှဲကိုနားထောင်ရင်း မျက် တောင်များ စင်းမှေးလာကြသည်။

*

'ကြည့်စမ်း ကြည့်စမ်း ခွေးကောင်လေးတွေ ငါကဖြင့် ကြမ်းတိုက်လိုက်ရတာ တစ်ယောက်တည်းကို ဖတ်ဖတ်မောလို့ နင်တို့တွေက ဒီမှာလာအိပ်နေကြ တယ်ပေ့ါလေ၊ ဟွန်း သိပ်ကောင်း အားကြီးကောင်း'

အိပ်မက်ကမ္ဘာထဲတွင် အစ်ကိုနှင့်အစ်မကိုကြိုက်ခိုင်းပြီး မော်တော် ကားပေါ်တင်ကာ တဝီဝီမောင်းနေသော ဖိုးသံချောင်းတို့သည် နွယ်၏စူးရှရှ အသံကြောင့် လူးလဲထလိုက်ကြသည်။ ပြူးတူးပြဲတဲဖြစ်နေကြသည်။ ဘို ကတော် မျက်ခုံးပန်းများကိုခူးနေသော မခမ်းလုံသည် ပန်းများကိုပွေ့ရင်း နွယ့်ဆီသို့ ပြေးလာသည်၊ ခါးကလေးထောက်ရင်း မခံချိမခံသာ ပြောနေ သော နွယ့်ကို ပန်းများ ကမ်းပေးလိုက်သောအခါ နွယ်သည် ပန်းများကို တစ်ပွေ့တစ်ပိုက်နှင့် တင်ပျဉ်ခွေ ထိုင်ချလိုက်သည်။

www.burmeseclassic.com

'ဟွန်း ငါကဖြင့် သူတို့တွေဘယ်များသွားနေလဲလို့ တစ်အိမ်လုံးကို နှံ့ရော ရှာလိုက်ရတာ၊ အိမ်သာထဲတောင် ဝင်ကြည့်ခဲ့သေးတယ်၊ နင်တို့ကတော့ အိပ်ကောင်းနေကြတာပေါ့လေ ဟင်း'

နွယ်သည် ခေါင်းပေါ်တွင် ပန်းခိုင်လေးများ တစ်ခိုင်ပြီးတစ်ခိုင် ထိုးစိုက် ပန်ဆင်နေရင်း ဗျစ်တောက်ဗျစ်တောက်ပြောနေသည်၊ ပါးနှစ်ဖက်ကို ဖောင်းနေအောင် နှုတ်ခမ်းစူထားသည်။

ဒေါ်ပွပွနှင့် ပန်းတွေကိုချည်း ခေါင်းပေါ်တွင်ထိုးစိုက်နေလေသည်။

'အစ်မ အစ်မရဲ့ တော်ပြီလေ၊ ပန်းတွေများလှပြီကောလို့'

နွယ့်ဆံခွေဆံညွှန့်အားလုံးကို ခရမ်းနုရောင်ပန်းစိပ်စိပ်လေးများက ဖုံးအုပ်နေသည်၊ ပန်းခိုင်ရှည်ရှည်များကသွယ်ကျကာ ပခုံးပေါ်တွင် ညွှတ်နေသည်၊ ဆံမြိတ်သွယ်သဖွယ် ယိမ်းညွှတ်နေလေသည်။

တစ်ဦးတည်း ကျွဲမြီးတိုနေသောနွယ့်ကို စောကြာဒိုးတို့သည် ကြည့်ကောင်းကောင်းနှင့် စပ်ဖြဲဖြဲလေးကြည့်နေမိကြသည်။ နဖူးပြင်ဝယ် ချွေးသီးချွေးပေါက်လေးများ စို့နေသောအစ်မသည် သူတို့ကိုမောအောင်ရှာခဲ့ပြီး ဖြစ်ပေသည်။

နွယ်သည် ပန်းခိုင်လေးများကိုပွေ့ရင်း ထင်းရှူးရွက်ချွန်လေးများပေါ်သို့ လှဲအိပ်ချလိုက်သည်၊ နေရောင်ခြည်က ပြောက်ကျားထိုးနေရာ ချွေးစို့နေသော နွယ့်မျက်နှာလေးသည် ဝင်းပနေသည်၊ ရွှေဝါရောင် ရွက်ကြွေများပေါ်တွင် ခရမ်းနုနုပန်းလေးများကို ပွေ့ရင်းလှဲအိပ်နေသောနွယ်သည် တောရိုင်းသူလေးလို ဖြစ်နေ၏။

'အစ်မ သိပ်မောနေလား'

'မောတာပေါ့ဟ၊ ကြမ်းတိုက်ရတာ အားကြီးမောတာပဲ၊ နောက်ပြီး နင်တို့တွေပျောက်နေတော့ လျှောက်ရှာရတာကလည်း ပိုမောတာပဲ'

နွယ်သည် အသက်ကိုပြင်းပြင်းရှုကာ မျက်လုံးကိုစုံမှိတ်ထား လိုက်

www.burmeseclassic.com

ရင်း ဖြေသည်၊ ယူကလစ်နံ့သင်းသင်းလေးဝေ့နေသော လေအေးသည် သာသာ ညင်းညင်းလေးတိုက်ပြီး အမောပြေဆေးကျွေးနေဟန်ရှိသည်။ နွယ်၏ ဆံခွေဆံညွှန့်များကို ရှပ်တိုက်ပြီး ဆော့ကစားသွားသည့်အခါ လည်း သွားသည်။

'ကျွန်တော်တို့တွေမှာ ပိုက်ဆံ ဆယ့်ခြောက်ကျပ်ကြီးစီတောင် ရှိနေပြီ အစ်မရဲ့'

'ဟုတ်လား'

'ကျွန်တော်တို့ပိုက်ဆံတွေကို လာဖော်ကြည့်နေတာ၊ ခမ်းလုံကို ပြနေတာ'

'အင်း'

ဖိုးသံချောင်းက ပြောနေသော်လည်း နွယ်သည် မျက်စိကိုဖွင့်မကြည့်တော့၊ မောမောပန်းပန်းဖြစ်နေရာမှ နူးနူးညံ့ညံ့ရွက်ကြွေလေးများ ပေါ်တွင် လှဲအိပ်လိုက်မိသောအခါ မထချင်တော့၊ မျက်တောင်များ စင်းမှေးကာ အိပ်ချင်စိတ်က ကြီးစိုးလာသည်။

'အစ်မရေ ခင်သန္တာဆိုတာ လာမယ်ဆို'

'အင်း'

'လှတယ်ဆို'

'အင်း'

'ခမ်းလုံ စကားမများနဲ့ဟ၊ အစ်မအိပ်ချင်နေတယ်ထင်တယ်၊ တိတ်တိတ်နေ'

စပ်စပ်စုစုဖြစ်နေသော မခမ်းလုံကို စောကြာဒိုးက အလိုက်သိစွာ တား လိုက်သည်။ နွယ်သည် မျက်လုံးများကို ရီဝေဝေလေး ဖွင့်ကြည့်လိုက်မိသေးသည်။ ကောင်းကင်ပြာပြာနှင့် ထင်းရှူးရွက်ချွန်များက လိုက်ဖက်လှသည်။ နေရောင်ဖျန်းထားသော ထင်းရှူးရွက်လေးများသည် တောက်ပစိမ်းမြ

www.burmeseclassic.com
နေသည်။ ဘယ်ညွတ်ညာယိုင်နှင့် လေပြည်စီးနေကြ၏။

နွယ်သည် စောကြာဒိုးတို့ကို သွားခေါ်လိုက်ဦးမည်ဟု ဦးဆိုးပေကို ပြောပြီး ထွက်လာခြင်းဖြစ်သည်။ အိမ်ထဲတွင် ဖယောင်းနှင့်ရေနံဆီကို ကျို ထားသော ပုံးကြီးက အသင့်စောင့်နေသည်၊ ကြမ်းဆက်တိုက်ရဦးမည်။ သို့သော် နွယ်သည် ဘာကိုမျှသတိမရတော့၊ မျက်တောင်ကော့များက စင်း မှေးလာသည်။

'ရှူး တိုး တိုး အစ်မအိပ်ပါစေ'ဟုပြောလိုက်သော စောကြာဒိုး၏ အသံလေးကိုသာ ကြားလိုက်မိသလိုရှိသည်။

မခမ်းလုံတို့ သုံးဦးသား စကားဆက်မပြောကြတော့ဘဲ ငြိမ်ငြိမ် လေး ထိုင်နေကြလေသည်။ ပန်းခိုင် ပန်းနွယ်များကို ပွေ့ရင်း စိတ်မော လူမော အိပ်ပျော်သွားသော နွယ့်ကို ငေးကြည့်နေကြလေသည်။

'ဦးဆိုးပေတော့ စောင့်နေမှာပဲနော'

မခမ်းလုံက လေသံလေးနှင့်ပြောသည်။

'အေး စောင့်နေမှာပဲ'

'အစ်မက အိပ်ပျော်နေတယ်၊ ထားသွားလို့ ဘယ်ဖြစ်မှာလဲ'

'အေး စောင့်နေရမှာပေါ့'

သူတို့သုံးဦးသည် ဦးခေါင်းကိုယမ်းလိုက် ညိတ်လိုက်နှင့် တိုးတိုး လေး ပြောနေကြသည်။ ဦးဆိုးပေ စိတ်ဆိုးလျှင် ဆိုးပေတော့၊ အိပ်ပျော်နေ သော အစ်မကို မနှိုးရက်။ နိုးသည်အထိ ထိုင်စောင့်ကြမည်သာ ဖြစ်၏။

စောကြာဒိုးသည် ဒူးကို လက်နှစ်ဖက်နှင့်ပိုက်ကာ ငြိမ်ငြိမ်ဆိမ်ဆိမ် ထိုင်နေသည်။ ဖိုးသံချောင်းကလည်း ထင်းရှူးပင်စည်ကိုမှီကာ ငြိမ်နေ၏။ မခမ်းလုံကမူ ထင်းရှူးရွက်ကြွေလေးများပေါ်တွင် မှောက်လျက်ကလေး အိပ် ကာ မေးကို လက်နှင့်စုံထောက်ရင်း နွယ့်မျက်နှာကို တစိမ့်စိမ့်ကြည့်နေလေ သည်။

www.burmeseclassic.com

ဦးဆိုးပေနှင့်အကျွမ်းဝင်ရင်းနှီးသူမဟုတ်၍ တုတ်ကြီးကိုင်ပြီး ပြေးလိုက်မည်ကိုတော့ စိုးရွံ့နေမိသည်။ သူတို့အနားသို့ ဘွားကနဲ ကိုယ်ယောင်ပြသလို ရောက်လာမည်ကို တွေးကြောက်နေမိသည်။

သို့သော် ဒီလောက်မြန်မြန်ဆန်ဆန်ကြီးတော့ ဦးဆိုးပေရောက်လာလိမ့်မည်ဟုကား တကယ်မထင်မိပေ။

သို့သော် သူတို့နောက်ဘက်တွင် ဦးဆိုးပေက တကယ်ရောက်နေသည်။

ငြိမ်ငြိမ်တိတ်တိတ်လေး ထိုင်နေသော ကလေးသုံးဦး၏ အလယ်တွင် အသက်မှန်မှန်ရှူကာ အိပ်မောကျနေသောနွယ့်ကို အပေါ်ဘက်မှစီး၍ ကြည့်နေသည်။

တောပန်းလေးများကို ဝေဝေဆာဆာပန်ဆင်ပြီး ဖွေ့ပိုက်အိပ်ပျော်နေသော နွယ့်ကိုကြည့်ရသည်မှာ အိပ်မက်ဆန်လှသည်။ အရိုင်းဆန်လှသည်။

'ဦးဆိုးပေကတော့ တကယ့်ကို စိတ်ဆိုးမှာ'

'မဆိုးပါဘူးကွာ'

သူတို့နောက်ဘက်မှ ခပ်တိုးတိုးပြန်ပြောလိုက်သောအသံကြောင့် သုံးဦးသား အလန့်တကြား ထခုန်ကြတော့သည်။ အလုပ်ချိန်တွင် အလုပ်မလုပ်ဘဲ အပျင်းခိုနေသည်ကို မိသွားသဖြင့် မျက်လုံးလေးများ ပြူးနေကြသည်။

'ရှီး တိုး တိုး ဘာလို့ တွေ့ကရာတွေ အော်နေရတာလဲ'

အလန့်တကြားနှင့် ပူးပူးဝါးဝါးဖြစ်နေသော ဖိုးသံချောင်း၏ ပခုံးကို နှိမ်ကာ ထိုင်ခိုင်းလိုက်သည်။ ကိုမြင့်နိုင်၏မျက်နှာက ပြုံးနေပြီး အေးဆေးညင်သာသောအမူအရာနှင့်ဆိုတော့ စောကြာဒိုးတို့ အတော် စိတ်သက်သာသွားသည်။

www.burmeseclassic.com

'အစ်မရယ် မောပြီး အိပ်ပျော်နေတာ'

'အေး ဟုတ်မှာပဲ'

သူတို့လေးတွေကိုကြည့်ရင်း ကိုမြင့်နိုင်သည် ခင်နှင်းဖြူနှင့် လူပုလေး ခုနစ်ဦးပုံပြင်ကို သတိရနေသည်။ ပန်းကလေးများပွေ့ပိုက်ကာ နှစ်နှစ်ခြိုက်ခြိုက်လေး အိပ်ပျော်နေသောဂျစ်တူးလေးသည် ပုံပြင်ထဲမှ ခင်နှင်းဖြူလေးနှင့် တူနေသည်။

စောကြာဒိုးတို့တစ်တွေသည်ကား လူပုလေးများလို တယုတယ ငေးကြည့်နေကြသည်။ ဒီလိုဆိုလျှင် ခင်နှင်းဖြူကို အနမ်းနှင့်နိုးရသော မင်းသား တစ်ပါးတော့ လိုနေသည်ပဲ။

မခမ်းလုံသည် တစ်ခါဖူးမျှ ပြုံးပြုံးရွှင်ရွှင်မမြင်ဖူးသော ကိုမြင့်နိုင်ကို ငေးကြည့်နေလေသည်။ စိတ်ထဲမှ စိုးရွံ့စိတ်လေးများပျောက်ကာ မျက်နှာကြည်ကြည်လေးတွင် အပြုံးရိပ်သန်းလာသည်။

'သူက ဘယ်သူလဲဟင်'

'ကျွန်တော့ညီမ မခမ်းလုံတဲ့'

ဖိုးသံချောင်းက အဖြေပေးသည်။ ကိုမြင့်နိုင်သည် မခမ်းလုံလေးကို ပြုံးရယ်ကြည့်မိသည်၊ ပါးအို့နီနီနှင့်ရှမ်းမကလေးသည် သူ့ကို မရဲတရဲလေး ပြန် ပြုံးပြလေသည်။

'ပြောပါဦး ချာတိတ်မလေးရဲ့ ဒီမှာ ဘာများလာလုပ်နေကြတာလဲ'

ကိုမြင့်နိုင်က ရင်းရင်းနှီးနှီးမေးလိုက်သည်၊ စောကြာဒိုးသည် သူတို့၏ ရတနာသိုက်အကြောင်းကို ပြောလိုက်မည်စိုးသဖြင့် ပြူးလိုက် ပြဲလိုက်နှင့် ခေါင်းယမ်းပြနေသည်၊ မခမ်းလုံကလည်း အကင်းပါးရှာသည်။

'စကားပြောနေကြတာ'

'ဘာတွေများလဲကွ'

www.burmeseclassic.com

'အစ်ကိုတို့က ပြောတယ်၊ အစ်မက သိပ်လှတာပဲတဲ့'

'အင်း ဟုတ်သားပဲ'

ရွှေဝါရောင်ရွက်ကြွေများပေါ်တွင် ပန်းနွယ်ပန်းခက်ကလေးများ ကြား၌ အိပ်ပျော်နေသော နွယ့်ကိုကြည့်ရင်း ကိုမြင့်နိုင်က အမြန် ထောက်ခံလိုက်သည်။ စိတ်အလှ ရုပ်အလှတို့ပေါင်းစပ်နေသော မျက်နှာကလေးသည် ကား အလှဆုံး ပန်းလေးတစ်ပွင့်နှင့်တူနေသည်။

'စောကြာဒိုးက ပြောတယ်၊ ငါသာ အစ်ကိုဖြစ်ရင် အစ်မကို ကြိုက်မှာပဲတဲ့'

'ဘာ ကွ'

'ဟို ဟို စောကြာဒိုးကပြောတာပါ ခမ်းလုံပြောပါဘူး'

ရုတ်တရက်ထအော်လိုက်သောအသံကြောင့် မခမ်းလုံလေးသည် ပျာပျာရာရာဖြစ်သွားသည်။ မျက်လုံးလေးဝိုင်းသွားသည်။

ကိုမြင့်နိုင်သည် တစ်မျက်နှာလုံး ထူပူသွားသည်။ နှလုံးသွေးက လည်း အတိုးမြန်လာသည်။ ကယောင်ချောက်ချားဖြစ်သွားသည်။

'မင်းတို့ အဲဒီလို မပြောရဘူးကွ၊ မင်းတို့ အစ်မသိရင် စိတ်ဆိုးမှာပေါ့'

မျက်နှာငယ်လေးများနှင့် အမ်းတမ်းတမ်းဖြစ်နေသော စောကြာဒိုး တို့သည် မခမ်းလုံကို မျက်စောင်းခဲနေကြသည်။ မခမ်းလုံသည် လျှာကလေး တစ်လစ် ထုတ်ရင်း ခေါင်းပုနေရှာသည်။

'ဟော အစ်မနိုးလာပြီ'

ဆူဆူညံညံအသံများကြောင့် နွယ့်မျက်တောင်ရှည်ကြီးများသည် ဖျတ်ကနဲ ပွင့်လာကြသည်၊ ရုတ်တရက်မနိုးသေးဘဲ အိပ်ချင်မပြေသော ရီဝေဝေ မျက်လုံးများနှင့်ငေးနေသည်။ အကြင်နာရိပ်ငွေ့ငွေ့သန်းနေသော ဦးဆိုးပေ၏ မျက်ဝန်းနက်နက်များကို ပထမဆုံးအကြိမ်တွေ့ရလေသည်။ ထို့

www.burmeseclassic.com

နောက် သာယာ ညင်းပြောင်းသော အသံကိုကြားရသည်။

'ဂျစ်တူးလေး နိုးပြီလား' တဲ့

*

ဘကြီးသာဇံသည် ဆေးတံထဲမှဆေးများကို တဒေါက်ဒေါက်ခေါက်ပြီး ခါနေ သည်။ ဆေးတံတစ်ချက်ခေါက်လိုက်တိုင်း ဒေါ်နုနုသာ၏ ခေါင်းသည် တစ်ချက် ကြီးသွားသလိုရှိသည်။ ဘာစကားမျှမပြောသေးဘဲ စိမ်ပြေနပြေ ဆေးတံခါနေသော အစ်ကိုဖြစ်သူကို အားမလိုအားမရဖြစ်နေမိသည်။

'ကဲ ပြောပါဦး အစ်ကိုကြီးရယ်၊ သမီးကို ဘာလို့ပြန်မခေါ်ခဲ့တာလဲ'

နောက်ဆုံး၌ စိတ်မရှည်နိုင်ဘဲ မေးတော့သည်။

'ဟ သူကမှ မလိုက်ချင်သေးတာ'

'အို ပိုက်ဆံမှမရှိဘဲ၊ မုန့်ဖိုးမှမရှိဘဲ သမီးက ပြန်မလိုက်ချင်သေး ဘူး တဲ့လား'

'အေးဟ မလိုက်ချင်သေးဘူး၊ ဒီမှာ နုနု နင်က နင့်သမီးကို ပိုက်ဆံ မပို့ရင် ခြေငြိမ်မယ်အောက်မေ့နေတာကိုးဟ၊ နင့်သမီးပေါက်ကျော်မက ချောင်းထဲမှာ တစ်နေကုန် ငါးပက်နေတယ်၊ တောထဲသွားပြီး ယုန်ထောင် တယ်၊ ငှက်ပစ်တယ် ဟ'

'ဟော တော့'

'ကဲ နင့်သမီးအကြောင်းလည်း နင်သိရဲ့သားနဲ့၊ ရုပ်ကလည်း ပေ တူး ညစ်ပတ်နေတာပဲ၊ ငါတောင်တွေ့စက တော်တော်ဆူပစ်လိုက်ရတယ်'

ဘကြီးသာဇံသည် နှုတ်ခမ်းမွေးကြီး တလှုပ်လှုပ်နှင့် နွယ့် အကြောင်းများကို ဖောက်သည်ချနေသည်၊ နွယ့်မေမေလည်း ဘာမှ ဆက် မပြောတော့ဘဲ သက်ပြင်းသဲ့သဲ့သာရှိုက်လိုက်မိလေသည်။ ဒီအဖေ ဒီအမေမှ နေပြီး ဒီလောက် ဆော့သော တေသော သမီးလေးကို ဘယ်လို မွေးလာ

www.burmeseclassic.com

မှန်းပင် မသိတော့။

‘အောင်မယ် မိနွယ်က ငါ့ကိုဆီးခွဲတော့တာပဲ ဟဲ ဟဲ’

‘ဒီတော့’

‘ဒီတော့ ငါလည်းကြာကြာခံနိုင်မလားဟ၊ ညောင်ရွှေဈေးခေါ် သွားပြီး သူစားချင်ရာတွေ အကုန်ကျွေးပစ်တာပေါ့၊ ဟား ဟား မုန့်ဖိုးတော့ မပေးခဲ့ပါဘူး ဟား ဟား ဟား’

‘ထင်သားပဲ’

ဒေါ်နုနုသာသည် အပြုံးတစ်ဝက်နှင့် မကျေမနပ်လေးပြောလိုက်မိသည်။ ဒီသမီးလေးတစ်ယောက်အတွက်ကြောင့် စိတ်မောခဲ့ရသောအကြိမ်များလှသလို ရယ်မောရသောအကြိမ်များလည်း မရေတွက်နိုင်တော့။

‘နန်းမြလည်း နင့်သမီးကို မနိုင်ဘူးဟ’

‘အင်း’

‘အမယ်လေး မှာလိုက်သေးတယ်၊ နွယ်ပိုက်ဆံမဖြုန်းဘဲ နေတတ်ပါတယ်တဲ့၊ ပိုက်ဆံတန်ဖိုးသိပြီဆိုတာ မေမေ့ကိုပြောပြလိုက်ပါတဲ့၊ လာချော့သေးတယ်လေ၊ အဟေး ဟေး ဟေး’

‘ဩော် သမီးလေးရယ်’

ဒေါ်နုနုသာသည် မချိတင်ကဲလေးညည်းလိုက်မိသည်။ နွယ် ဆိုသည့် နွယ်သည် မည်သည့်အခါမဆို အကောင်းဘက်မှ လှည့်တွေးကာ ရယ်မောတတ်သော မိန်းကလေးဖြစ်သည်။ နွယ်ငယ်ငယ်က ကြောင်ကြီးရွှေဝါနှင့် ထွေးလုံး ရစ်ပတ်ကစားရင်း လှေကားမှလိမ့်ကျဖူးသည်။ လှေကားအပေါ်ဆုံးထစ်မှ ကျလိုက်သည်မှာ အောက်ဆုံးထစ်ထိ ဒုတ်ဒုတ်ထိ ရောက်မှပင် ရပ်လေတော့သည်။ ဒီကြားထဲ ရွှေဝါက ကြောက်လန့်ပြီး ကုတ်လိုက်သော ဒဏ်ရာဒဏ်ချက်များက သွေးစို့နေသေးသည်။ လှေကားရင်းတွင် စန့်စန့်ကလေးလဲပြီး ချက်ချင်းမထနိုင်ဘဲ ဖြစ်နေသော နွယ်သည် မေမေ့

www.burmeseclassic.com

အော်သံကြားသောအခါ အတင်းလူးလဲပြီး ထရာသည်။ အစိုးရိမ်လွန်ကဲပြီး တက်တော့မလိုဖြစ်နေသော မေမေ့လက်မောင်းကို ကိုင်ပြီး 'နွယ်ဘာမှ မဖြစ်ဘူး မေမေရဲ့ ဘာမှမဖြစ်ဘူး၊ ခေါင်းတောင်မမူးပါဘူး။ လှေကားပေါ်က လိမ့်ကျရင် ဘယ်လိုဖြစ်မလဲသိချင်လို့ လိမ့်ကျကြည့်တာပါ'ဟု ယောင်ကန်းကန်းကလေး အားပေးနေသေးသည်။ စိုးရိမ်ပြီး ပျာယာခတ်နေသူအားလုံး ငိုအားထက် ရယ်အားသန်ခဲ့ရလေသည်။

'သမီးလေးက သဘောဖြူ အူစင်းလေးပါ'

'အေးပါ နင့်သမီးကတော့ သဘောဖြူ အူစင်းလေးပါ၊ ဆိုးတာရယ်၊ ဂျစ်တာရယ်၊ ထင်ရာလုပ်တာရယ်က လွဲရင် အကုန်ကောင်းတယ်'

ဦးသာဇံသည် တဟားဟားရယ်ပြီး ထောက်ခံလိုက်သည်။

'ဒီလိုဆို သူပြန်မလာသေးဘူးပေ့ါ'

'လာမှာမဟုတ်ဘူးစိတ်ချ၊ ကျောင်းမဖွင့်မချင်း တေလေလုပ်ဦးမယ့် စနေသမီး ဂျစ်တူးမဟ'

ဒေါ်နုနုသာသည် သက်ပြင်းကိုသာ သဲ့သဲ့ရှိုက်လိုက်တော့သည်။ အစ်ကိုဖြစ်သူ နွယ့်ဘကြီးသာဇံကလည်း တဟားဟား ရယ်ကာ နွယ့်ကို အားပေး အားမြှောက်ပြုခဲ့ဟန်တူသည်။ နွယ့်ဖေဖေသိကလည်း နွယ့်ဘက်ကပင် ထောက် ခံဦးမည်ဖြစ်သည်။ ဤကမ္ဘာလောကတွင် မိနွယ် စနေသမီးလေးကို ထောင့်ကျိုးအောင် ဆုံးမနိုင်သူ တစ်ဦးတလေမျှပင် မရှိတော့လေသလား မသိ။

'သူ့ကိုယ်သူ မိန်းကလေးဆိုတာကို သတိမှရသေးရဲ့လား မပြောတတ် ပါဘူး အစ်ကိုကြီးရယ်'

*

'သူ့ကိုယ်သူ မိန်းကလေးဆိုတာတောင် သတိရဲ့လားမသိ၊ ပေပေတူးတူး

www.burmeseclassic.com

သုန်သုန် မှုန်မှုန်နဲ့ကောင်မလေး၊ နာမည်ကလည်း သူနဲ့လိုက်ပါတယ်လေ၊ ဂျစ်တူးတဲ့၊ အားကြီးဂျစ်ကျတဲ့ ကောင်မလေး၊ ရယ်စရာလည်း ကောင်းတယ်။ သူ့ခမျာ မုန့်ဟင်းခါးရောင်းစားရရှာတာတဲ့၊ သနားစရာ၊ ဒီနေ့ ရင်ထဲမှာ တစ်မျိုးပဲ၊ တစ်မျိုးမှ တစ်မျိုးပဲ၊ ပန်းတွေကြားထဲမှာ အိပ်ပျော်နေလိုက်တာ။ ဩော် ကလေးဆန်လိုက်တဲ့ မိန်းကလေးကြည့်ရတာ အိပ်မက်ဆန်လိုက်တဲ့ မိန်းကလေးပဲ။ ငါ့စိတ်တွေရော ဘယ်လိုများဖြစ်နေတာလဲ’

ကိုမြင့်နိုင်သည် သူ၏နေ့စဉ်မှတ်တမ်းစာအုပ်ကလေးကို တစ်ရွက်ချင်း လှန်ပြီး ပြန်လည်ဖတ်ရှုနေမိသည်။ ဂျစ်တူးအပေါ်၌ သူ၏အမြင်များ တဖြည်းဖြည်း ပြောင်းလဲခဲ့ပုံကို နေ့စဉ်မှတ်တမ်းစာအုပ်ကလေးက ပြန်လည်ပြောပြနေလေသည်။

‘ငါ ဘယ်လိုဖြစ်နေတာလဲ၊ ဘာများဖြစ်နေတာလဲ’

မျက်စိကိုစုံမှိတ်ရင်း ကိုယ့်ကိုယ်ကိုပင် ပြန်မေးမိသည်။ အဖြေကတော့ မရေရာလှပေ။ သူ့ကိုယ်သူ ဘာဖြစ်နေမှန်းလည်း မသိတော့။

ညတုန်းကလည်း အိပ်မပျော်။ ဂျစ်တူးကြောင့်လား၊ ခင်သန္တာကြောင့်လား၊ တရားခံအစစ်မည်သူလဲတော့ ကိုမြင့်နိုင်ကောင်းစွာမသိချေ။ ခင်သန္တာနှင့် ဂျစ်တူးလေးကို တစ်လှည့်စီ မြင်ယောင်နေသည်။ ရင်ထဲတွင် ပူတစ်လှည့် အေးတစ်လှည့်ဖြစ်နေလေသည်။ ခင်သန္တာသည် ညို့မျက်လုံးနှင့် မခို့တရို့ပြုံးနေသောအခါ ဂျစ်တူးဟူသည့်ကလေးမလေးသည် ပိုးမျှင်များ ပေရေကာ ရယ်ကျဲကျဲနှင့် ပေါ်လာတတ်သည်။ သူ၏အတွေးကမ္ဘာထဲတွင် ခင်သန္တာက ညင်ညင်သာသာ နွဲ့နွဲ့ကလေး လမ်းလျှောက်နေသောအခါ၌လည်း ဂျစ်တူးသည် ထဘီကြီး စွန်တောင်ဆွဲနှင့် ခုန်ပေါက်ဝင်လာပြန်သည်။ ဂိုယာနံ့မွှေးလာလိုက် ပန်းရိုင်းနံ့လေး သင်းလာလိုက်နှင့် တစ်မျိုးစီမွှေးသောရနံ့နှစ်ခုကို တစ်ပြိုင်တည်းရှူရှိုက်နေရသလို ဖြစ်နေ၏။ ခင်သန္တာက လွှမ်းမိုးနေကျဖြစ်သော သူ့အတွေးကမ္ဘာထဲသို့ ဂျစ်တူးဟူသည့် မိန်းကလေး

www.burmeseclassic.com

သည် အသံမပေး ဘာမပေးနှင့် ပိုင်ပိုင်နိုင်နိုင်ကြီး ချဉ်းနင်းဝင်ရောက်လာလေသည်။ ရှပ်အင်္ကျီကြီး တဖားဖား၊ ပန်းရိုင်းများ တဝေဝေနှင့် အရိုင်းဆန်လှသော မိန်းကလေးသည် သူ့ကို ဘာကြောင့်များ ဖမ်းစားနိုင်လေသည်မသိ၊ ဘယ်အချိန်က ဘယ်လိုဖမ်းစားလိုက်သည်ကိုလည်းမသိ၊ သြော် ခက်လိုက်ပါဘိ။

'ဟာ ဟ နှင်းဆီပင်က အဖူးထွက်နေပြီ၊ အဖူးမှအကြီးကြီးရယ်'

ဂျစ်တူး၏ အားရဝမ်းသာအော်လိုက်သောအသံကြောင့် နေ့စဉ်မှတ်တမ်း စာအုပ်လေးကို ဖျတ်ကနဲပိတ်လိုက်သည်။

'ကြာဒိုးရေ လာကြည့်ဟ အဖူးကကို အကြီးကြီး'

ကိုမြင့်နိုင် အခန်းအပြင်ဘက်သို့ထွက်ခဲ့သောအခါ နှင်းဆီပန်းအိုးနားတွင် ရေပုံးကြီးတကားကားနှင့် ခုန်ဆွ ခုန်ဆွဖြစ်နေသောဂျစ်တူးကို တွေ့ရသည်။

ကိုမြင့်နိုင်တောင်ကြီးမှသယ်ယူခဲ့သော ခြောက်လက်မ နှင်းဆီမျိုးဖြစ်သည်။ ပန်းအမည်ကတော့ 'ဘရာဘို' ဟုခေါ်သည်ထင်သည်။ သုံးလေးရက်ခန့် အလုပ်များပြီး ဂရုတစိုက်မကြည့်မိသောအချိန်ပိုင်းအတွင်းတွင် နှင်းဆီဖူးကြီးသည် တဖြည်းဖြည်း ကြီးလာဟန်တူသည်။ နီရဲရဲပွင့်ဖတ်ကလေးများသည် ပန်းညှာတံစိမ်းစိမ်းကြားမှ ထိုးထွက်နေသည်။

'သိပ်လှမှာပဲ၊ အရမ်းလှမှာပဲ၊ ပန်းပွင့်မှ အကြီးကြီးနေမှာနော်၊ ဟာ ဟ ပွင့်တော့မယ်'

နွယ်သည် နှင်းဆီပန်းအိုးဘေးတွင် ပတ်ချာဝိုင်းလှည့်နေရင်း ဝမ်းသာ အားရပြောနေသည်။ အခုချက်ချင်းပင် နှင်းဆီပန်းကြီး ကားကားစွင့်စွင့်ပွင့်လာတော့မလို ပျော်ရွှင်နေဟန်ရှိသည်။ စိတ်လှုပ်ရှားနေဟန်ရှိသည်။ နှင်းဆီဖူးတံလေးကို အသာငုံ့၍မွှေးကြည့်သည်။ ရနံ့ကတော့ မသင်းပျံ့လှသေးချေ။

www.burmeseclassic.com

'လိုချင်လိုက်တာ၊ သိပ်လိုချင်တာပဲ၊ ပေးမလားဟင်၊ ပွင့်ရင်ပေးနော် ပန်မယ်နော်'

နဖူးပြင်ပေါ် သို့ဝဲကျနေသော ဆံနွယ်လေးများကို လက်နှင့်သပ်တင်ရင်း ကလေးငယ်လို ရယ်မောပူဆာနေသောနွယ့်ကို ကိုမြင့်နိုင်သည် ငေးကြည့်နေမိသည်။ သူ ခေါင်းငဲ့လိုက်တိုင်း ယိမ်းလိုက်တိုင်းဖြစ်သလို ထိုးစိုက်ပန်ဆင်ထားသော ပန်းရိုင်းဖြူဖြူလေးများက ယိမ်းညွတ်နေသည်။ မျက်တောင်ရှည်များ အောက်မှ မျက်လုံးညိုလေးများသည် ရွှန်းလဲ့နေသည်။

'ငါ့အပင်က ပထမဆုံးပွင့်တဲ့ပန်းကို ငါအချစ်ဆုံးလူပဲ ပန်ရမှာပေါ့ ဂျစ်တူးရယ်'

ကိုမြင့်နိုင်သည် ပန်းဖူးကြီးကို အသာအယာ ငုံ့နမ်းရင်းပြောလိုက်သည်။

'ဟင် ဒါဖြင့် ခင်သန္တာကိုပေးမှာပေါ့လေ ဟုတ်လား'

နွယ်သည် မကျေမနပ်နှင့် မှုန်ကုပ်ကုပ်လေးပြောလိုက်သည်။ ကိုမြင့်နိုင်သည် ဘာမှပြန်မပြောဘဲ နွယ့်ကိုပြုံး၍ကြည့်နေသည်။

နွယ်သည် ခြေထောက်တစ်ဖက်ကိုဆောင့်ကာ ရေပုံးကြီး တယမ်းယမ်းနှင့် လှည့်ထွက်ခဲ့သည်။ မကျေမနပ်စိတ်ကြောင့် နှုတ်ခမ်းကအလိုလို စူနေသည်။

'ဟွန်း တို လိုက်တာ၊ ပန်းလေးတစ်ပွင့်များ တိုနေလိုက်တာ၊ ရေလောင်းရတော့ဖြင့် ငါက'

ရေပုံးကြီးကို ဝုန်းကနဲပစ်ချလိုက်သည်။ မကျေမချမ်းနှင့်အလိုမကျဖြစ်သွားသဖြင့် တစ်စုံတစ်ခုကို ဝုန်းဝုန်းဒိုင်းဒိုင်းလုပ်ချင်စိတ် ပေါ်နေဟန်ရှိသည်။

'မပေးနေပေါ့ ဘာဖြစ်မှာလဲ၊ ဒီလောက်တိုတာ ခိုးယူတော့ ဘာတတ်နိုင်မှာလဲ၊ ဟွန်း မသိအောင်ကို ယူပြမယ်၊ ခိုးပြမယ်၊ ဟင်း မှတ်ကရော'

www.burmeseclassic.com

တိုးတိုး တိုးတိုးနှင့် စူပွပွပြောနေသောအသံကို ဦးဆိုးပေဆိုသည့်လူသည် ကြားဖြစ်အောင် ကြားလိုက်သေးသည်။ သူ့အတွေးနှင့်သူ သုန်သုန်မှုန်မှုန် ဖြစ်နေသောမိန်းကလေးကိုကြည့်ကာ ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။

*

'ညီမလေး နွယ်

ပန်လွယ် ရောက်နေတယ်ဆို၊ ဒေါ်ဒေါ်က မုန့်ဖိုး မပေးလို့လည်း စိတ်ကောက်နေတယ်ဆို၊ ငါ့ညီမ တောထဲမှာ ငှက်လျှောက်ပစ်လိုက်၊ ချောင်းထဲမှာ ငါးပက်လိုက်နဲ့ တွေ့ကရာတွေလုပ်နေတယ်လို့ ဖေဖေက ပြောတယ်၊ ဟုတ်လား ဟင်'

နွယ်သည် စာဖတ်ရင်း တိုးတိုးလေး ရယ်လိုက်မိသည်။ ဘကြီးသာဇံကတော့ နွယ့်သတင်းကို မောင်းခတ်နေချေပြီဖြစ်သည်။ အစ်ကိုအောင်သည် ဘကြီးသာဇံ၏သားဖြစ်သည်။ ငယ်ငယ်တုန်းက သုသာန်ရှိ အုတ်ဂူတွင် ဝလုံး ရေးရန် ဒိုးထွက်ကြရင်း နှစ်ဦးစလုံးအဆော်ခံခဲ့ရသော အစ်ကိုဖြစ်သည်။ တစ်ဦးတည်းသားနှင့် တစ်ဦးတည်းသမီးမို့ ချစ်ခင်ရင်းနှီးလွန်းသော မောင်နှမဖြစ်သည်။ သို့သော် နွယ်တို့မောင်နှမသည် တစ်မျိုးဖြစ်သည်။ ကွယ်လျှင်မေ့ပြီး တွေ့လျှင် သေအောင်လွမ်းကြသူများဟုဆိုလျှင် ဆိုကြပေတော့။ တွေ့လျှင် နှစ်ဦးစလုံး မခွဲဘဲ တတွဲတွဲနှင့်မိုးပျံအောင် ဆော့တတ်ကြသည်။ ကွဲကွာသွားသောအခါများ၌လည်း အေးအေးဆေးဆေးပင် မေ့ထားတတ်ကြသည်။ စာအဆက်အသွယ်ပင် ရှိခဲလှသည်။ ခုမှအစ်ကိုအောင်ဆီက စာရ၍ နွယ်သည်တအံ့တသြဖြစ်နေသည်။ ဘကြီးသာဇံလာတုန်းက အစ်ကိုအောင် ဘယ်ရောက်နေလဲ၊ အလုပ်ရပြီလား၊ နေကောင်းလားပင် နွယ်က မမေးလိုက်မိ။

www.burmeseclassic.com

'ကိုအောင်လည်း ပန်လွယ်ကိုလာစရာရှိသေးတယ်။ ပန်လွယ်ရောက်မှ ညီမလေးနဲ့အတူတူ တစ်ခါလောက် ငါးပက်သေးတာပေ့ါ၊ ငှက်ပစ်သေးတာပေ့ါ။ အရီးနန်းမြကိုလည်း ပြောထား၊ ငါးထမင်းချဉ် ကောင်းကောင်း စားချင်တယ်လို့'

အစ်ကို ပန်လွယ်လာဦးမည်ဆို၍ နွယ်ပျော်သွားသည်။ ဘယ်သူတွေက ဘယ်လိုတားတား အစ်ကိုအောင်ကတော့ နွယ့်ကိုမုန့်ဖိုးပေးမည်မှာ သေချာသည်။

'ဘယ်သူ့ဆီကစာလဲ နန်းနွယ်'

'အစ်ကိုအောင့်ဆီကစာ အရီးနန်းမြ၊ အစ်ကိုအောင် ပန်လွယ်လာဦးမယ် တဲ့'

'ဟုတ်လား'

'ဟုတ်တယ်၊ အဲဒါ အရီးနန်းမြကို ပြောထားပါတဲ့၊ ရှမ်းထမင်းချဉ် ကောင်းကောင်း စားချင်တယ်တဲ့ သိလား'

နွယ်သည် အစ်ကိုအောင်၏စာကို အရီးနန်းမြလက်ထဲ လှမ်းထည့်ပေးလိုက်သည်။ ထို့နောက် အိပ်ရာပေါ်တွင်မှောက်လျက်အိပ်ရင်း မျက်လုံးကို စုံမှိတ်ထားသည်။

'အစ်ကိုအောင်လာရင် ဇိမ်ပဲ၊ နွယ်တို့တွေ လျှောက်လည်ကြမယ်နော်'

'ဪ မိနန်းနွယ် ခုတော့ မလည်ဘဲကိုး၊ အိမ်မှာ မြဲတယ်ကိုး၊ မောင်အောင် လာမှ လည်မယ် ဟုတ်လား'

အရီးနန်းမြသည် နွယ့်ကို မကျေမနပ်ကြည့်ရင်း အငေါ်တူးတူး ပြောလေသည်။ နွယ်သည် အိပ်ရာအစွန်တွင်ထိုင်နေသော အရီးနန်းမြ၏ ခါးကို လှမ်းဖက်ရင်း အသံသာသာနှင့်ရယ်လိုက်မိသည်။ ဦးဆိုးပေထံတွင် နွယ်အလုပ်သွားလုပ်တိုင်း တစ်နေကုန်ပျောက်တော့သည်။ တစ်နေကုန်

www.burmeseclassic.com

ပျောက်တိုင်းလည်း ချောင်းထဲငါးပက်သည်၊ တောထဲငှက်ပစ်သည်နှင့် လှည့်ပတ်ညာထားရသည်မှာ နွယ့်လျှာပင်ချောင်နေချေပြီ။ နွယ်ပြောတိုင်းယုံသည့် အရီးနန်းမြကလည်း အလည်လွန်လှချေသည်ဟု ဒေါ်အပွကြီး ပွလေတော့သည်။

'အရီးနန်းမြကလည်း နွယ့်ကိုပဲစိတ်ဆိုးနေတာပဲ၊ ဘကြီးသာဇံလာလည်း နွယ့်ပဲစိတ်ဆိုးတာပဲ၊ မေမေနဲ့ဖေဖေကလည်း နွယ့်ကိုပဲ စိတ်ဆိုးနေကြတာပဲ၊ ဘာဖြစ်လို့များ ဒီလောက်စိတ်ဆိုးနေကြတာလဲဟင်'

'နွယ့်ကို ကောင်းစေချင်လို့ပေါ့ကလေးရယ်၊ မိန်းမပီသစေချင်လို့ သိမ်မွေ့စေချင်လွန်းလို့ပေါ့ကွယ်'

အရီးနန်းမြက နွယ့် ဆံပင်ပျော့ပျော့လေးများကိုသပ်ရင်း သာယာညင်းပျောင်းပြောသည်။ 'မိန်းကလေးဆိုတာ ပက်ကျိလိုလမ်းလျှောက်ရမယ်၊ လိပ်ပြာလေးလို နုနယ်ရမယ်လို့ ဘယ်သူကများ ပြောခဲ့သလဲ၊ ဘယ်ခေတ်က ဘယ်ဘုရားကများ ဟောခဲ့သလဲ' ဟု နွယ်ကနှုတ်ခမ်းစူကာ ပြန်မေးချင်သေးသော်လည်း အရီးနန်းမြ စိတ်ကောင်းဝင်ချိန်မို့ အသာငြိမ်နေလိုက်သည်။

'မိန်းကလေးတို့ဣန္ဒြေဟာ ရွှေပေးလို့မရဘူးတဲ့ကွဲ့၊ ရှေးတုန်းကဆိုစကားတောင် ရှိတယ်။ လမ်းသွားရင်းမိုးရွာရင် မိုးသာအစိုခံတယ်၊ မပြေးဘူး၊ မလွှားဘူး၊ ဣန္ဒြေမပျက် ညင်ညင်သာသာလေးပဲ လမ်းလျှောက်တတ်ကြတယ်'

'ယောက်ျားလေးတွေနဲ့ကြုံလို့တွေ့လို့ရှိရင်လည်း ခုခေတ် မိန်းကလေးတွေလို ရဲတင်းဖို့များ ဝေလာဝေးပဲ သမီးရဲ့၊ မျက်လွှာလေးတောင် မော်မကြည့်တတ်ကြဘူး'

နွယ်သည် အရီးနန်းမြပေါင်ပေါ် တွင်အိပ်ရင်း မော့ပြီးနားထောင်နေရာမှ ရယ်ဟဟလေးဖြစ်သွားသည်။ အရီးနန်းမြတို့က ရှေ့တွင်တော့

www.burmeseclassic.com

မျက်လွှာလေးတောင် ပင့်မကြည့်ဘဲ တံခါးကြားကကွယ်ပြီး၊ ခန်းဆီးကြားက ကွယ်ပြီး ချောင်းကြည့်တတ်တာပဲ၊ ဒီတော့ဘာထူးသေးလဲ၊ ရင်ဆိုင်တွေ့တုန်း ရဲရဲတင်းတင်း ပြန်ကြည့်လိုက်ပေါ့၊ နောက်ပြီး ဘာလို့မို့ ချောင်းကြည့်နေရမှာလဲ၊ ကြည့်ချင်လျက်နဲ့ မျက်လွှာချထားသည်က မိန်းမကန္ဒြေလား၊ ခန်းဆီးကြားက ချောင်းကြည့်တာ မိန်းမကန္ဒြေလား၊ နွယ့်ရင်ထဲတွင် မေးခွန်းတွေ တသီကြီးမေးနေမိသော်လည်း နှုတ်ကတော့ဘာမှဖွင့်မပြောမိ၊ နွယ်မေးလိုက်လျှင်လည်း ဂျစ်တူးမလေး ကန့်လန့်တိုက်သည်ဟု အရီးနန်းမြ စိတ်ဆိုးသွားမည်ဖြစ်သည်။

'နောက်ပြီး ခုခေတ်လို ခုတွေ့ ခုကြိုက်၊ ခုညားကြတာတွေ မဟုတ်ပါဘူး၊ တစ်ယောက်သဘောကို တစ်ယောက် သုံးနှစ်သုံးမိုးလေ့လာပြီးမှ လက်ထပ်ကြတာ'

'မိန်းကလေးတွေ ကဲကြ ကန္ဒြေမရှိကြလို့လည်း ဒီခေတ်မှာ ဒီလောက် လင်ကွာမယားကွာကိစ္စတွေများနေတာ၊ အရီးတို့ခေတ်ဆိုရင် သေတပန် သက်တဆုံး ရိုးမြေကျပေါင်းကြတာပဲ'

အပျိုကြီးက အိမ်ထောင်ရေး သင်ခန်းစာများကို လက်ချာရိုက်နေသော အခါ၌ နားထောင်၍မကောင်းလှချေ။ နွယ်သည် မျက်တောင်စင်းမွေ့ပြီး အိပ်ငိုက်လာလေသည်။

'ခုခေတ်မိန်းကလေးတွေများ မျက်စိထဲ တယ်မတည့်ပါဘူး၊ မိနန်းနွယ်ကတော့ မိန်းမမှ ဟုတ်ရဲ့လားမသိဘူး၊ မိန်းမတစ်ပိုင်း ယောကျ်ားတစ်ပိုင်း အဲဒါမျိုးကျတော့ သာပြီးမတည့်သေးတယ်'

အရီးနန်းမြက တတွတ်တွတ် ဆက်ပြောနေသော်လည်း နွယ်ကောင်းစွာ မကြားတော့၊ မလုပ်ဖူးသော အလုပ်ကြမ်းများကို ကျုံးလုပ်နေရသော နွယ်သည် မောမောပန်းပန်းနှင့် စားကောင်း အိပ်ကောင်းဖြစ်နေသည်။ ခေါင်းချလိုက်လျှင် အိပ်ပျော်တော့သည်သာဖြစ်၏။

www.burmeseclassic.com

အရီးနန်းမြ၏အသံများကိုသဲ့သဲ့ကြားနေရသည်။ နွယ်မျက်စိမှိတ်လိုက်သောအခါ ကြင်နာရိပ်ငွေ့ငွေ့သန်းနေသော မျက်ဝန်းနက်နက်များကို တွေ့ရလေသည်။ မျက်ဝန်းအစုံသည် နွယ့်ကိုစိုက်ကြည့်နေဟန်ရှိသည်။ ကရုဏာ စကား ဆိုနေဟန်ရှိသည်။

'သမီး အိပ်ချင်ပြီလား'

'အင်း'

နွယ်က မပွင့်တပွင့် ဖြေလိုက်သည်၊ မျက်စိကို မဖွင့်တော့။ အရီးနန်းမြသည် ခြင်ထောင်ချပေးပြီး ဘေးဘက်မှ ဖိပေးနေသည်။

'သမီး အိပ်ခါနီး ဘုရားအာရုံပြုပြီး ရှိခိုးဦးနော်'

'ဟုတ် ကဲ့'

အရီးနန်းမြသည် မီးပွင့်ကလေးကို ဖျတ်ကနဲပိတ်လိုက်သည်။ နွယ်သည် ဘုရားရှိခိုးရန်သတိရသော်လည်း မရှိခိုးနိုင်တော့။ အိပ်ချင်စိတ်ကကြီးစိုးပြီး မှိတ်ကနဲ အိပ်ပျော်သွားသည်။

*

သူ့အတွေးနှင့်သူ သုန်သုန်မှုန်မှုန်ဖြစ်နေသော စောကြာဒိုးကိုကြည့်ရင်း နွယ်သည် ဟက်ဟက်ပက်ပက် ရယ်လိုက်မိလေသည်။

'ဟုတ်တယ်အစ်မရ၊ အစ်ကိုတော့ မိန်းမနိုင်ခံရမှာကျိန်းသေပဲ၊ မြို့သူ တွေများ လှသလောက် သဘောထားကကောင်းချင်မှကောင်းတာ'

'နင် တွေ့ကရာတွေပြောနေနော် ဦးဆိုးပေသိရင် သူ့ရည်းစားလောင်းကို ဒီလိုပြောရလားဆိုပြီး တုတ်နဲ့ရိုက်နေဦးမယ်'

'အို အစ်မကလည်း သူ့ကွယ်ရာမို့ ပြောရဲတာပေါ့'

ဖိုးသံချောင်းသည် မြက်ပင်ရှည်များကို ဓားနှင့်တရွှမ်းရွှမ်းခုတ်နေသည်၊ ဘာမျှဝင်မပြောချေ။ အိမ်ရှေ့ရှိမြေကွက်လပ်တွင် မြက်ပင်ရိုင်းများ

www.burmeseclassic.com

အတော်ကြီးပင် ရှင်းနေပြီဖြစ်သည်။ ကော့စမတ်ရောင်စုံပန်းများကို စိုက်ပျိုးလိုက်မည် ဆိုပါက နံနက်ခင်းနေရောင်အောက်တွင် ရောင်စုံတောက်ပနေသော ပန်းခင်းကြီးသည် အိမ်ဖြူဖြူကြီးနှင့် မည်မျှပနံရလေမည်နည်း။

အိမ်အိုကြီးသည် ဆေးဖြူသုတ်လိုက်သောအခါ၌ သစ်လွင်လှပနေသည်။ အတွင်းခန်းများတွင်လည်း ဆေးသုတ်ပြီး ကြမ်းကို လက်နေအောင် တိုက်ထားရာ ခင်သန္တာအထင်ကြီးလောက်သော အိမ်ကောင်းတစ်ဆောင် ဖြစ်နေ သည်။ တစ်ခုပဲရှိသည်။ အိမ်တစ်အိမ်လုံး အိမ်ထောင်ပရိဘောဂတော့ ဘာမျှမရှိ၊ အခန်းတိုင်းတွင် ဟင်းလင်းဖြစ်နေသည်။

နန်းနွဲ့တို့လက်ထက်ကကျန်ခဲ့ဟန်ရှိသော ကျွန်းခုတင်ကြီး နှစ်လုံးနှင့် ကြိမ်ကုလားထိုင်ကြီး လေးငါးလုံးတော့ရှိသည်။ ထိုမျှလောက်သော ပရိဘောဂ များသည် တစ်အိမ်လုံးနှင့်ယှဉ်လိုက်သောအခါ မြုပ်၍ပျောက်နေသည်။

'ဟော့ ခုနေများ ဧည့်သည်တွေရောက်လာရင် ဘယ့်နှယ်လုပ်ပါ့မလဲ ဦးဆိုးပေလည်း မရှိ'

နွယ်က ရယ်မောရင်းပြောလိုက်သည်။ ဦးဆိုးပေသည် မနက်စောစော ထ၍ တောင်ကြီးသို့တက်သွားသည်။ ညနေစောင်းလောက်မှ ပြန်ရောက်မည် ဖြစ်လေသည်။

ဦးဆိုးပေနှင့် တေ့လွဲကလေးလွဲပြီး ခုအချိန်များ ခင်သန္တာ ရောက်လာမည်ဆိုပါက အတော်ပင်ကြည့်ကောင်းပေမည်။ နွယ်တို့လည်း မလုပ်တတ် မကိုင်တတ်၊ မပြောတတ် မဆိုတတ်နှင့် အိုးနင်းခွက်နင်းဖြစ်ကုန်မည်ဖြစ်သည်။

'အစ်ကိုက ဘာသွားလုပ်တာလဲဟင်'

'မြို့ပေါ်မှာ ကုလားထိုင်တွေ စားပွဲတွေသွားဝယ်မယ် ပြောတာပဲ၊ ဧည့်သည်တွေလာရင် တော်ကြာ အထင်သေးသွားမှာစိုးလို့တဲ့၊ ပိုက်ဆံက

www.burmeseclassic.com

လည်း နည်းနည်းပဲရှိတော့တယ်၊ ငွေမြှုရေးကလည်း ဘာမှမစတတ်သေးဘူး၊ ဒုက္ခပဲလို့ ညည်းနေတယ်ကွ'

'အဟုတ်လား ဖိုးသံချောင်းရဲ့'

ဒီတစ်ခါ ဖိုးသံချောင်းက နွယ့်ထက်သာသွားသည်။ ဦးဆိုးပေမြို့တက် သွားသည့်အကြောင်းရင်းကို သိနေသည်။ နွယ်ကတော့ မသိ၊ ဦးဆိုးပေ၏ ဘဏ္ဍာရေးအခြေအနေယုတ်လျော့နေသည်ကိုလည်း မသိ။

'သူ့ သူငယ်ချင်းတွေကိုလည်း အလုပ်စပ်တူလုပ်ဖို့ ခေါ်ထားတယ်တဲ့၊ အဲဒါ ခုထိမလာသေးလို့တဲ့ စိတ်ညစ်နေတယ်'

'ဟုတ်လား'

တရွှမ်းရွှမ်းခုတ်နေသောဓားချက်ကြောင့် မြက်ပင်မွှာလေးများသည် လေထဲတွင် ဝင့်၍ဝဲနေသည်။ စောကြာဒိုးသည် ဓားကို မာန်ပါပါကိုင်ရင်း အင်နှင့် အားနှင့် လွဲ၍လွဲ၍ ခုတ်နေသည်။ သူ့ဓားအတွေ့တွင် မြက်ပင်စိမ်းများက အစိမ်းရောင်စက်ဝိုင်းသဖွယ် ဝဲနေသည်။

ဝန်းကျင်တစ်ခုလုံး မြေသင်းနံ့နှင့်မြက်နံ့စိမ်းစိမ်းက ကြိုင်နေသည်။ သင်းပျံ့ပျံ့ဖြစ်နေသည်။ ဒီတစ်ခါတော့ မိနွယ်တို့အဖွဲ့တွင် မခမ်းလုံးပါ ပါလာသည်။ မခမ်းလုံးသည် ခုတ်ပြီးသားမြက်ပင်များကို တောင်းထဲသို့ တကုန်းကုန်းနှင့် ကျုံး၍ထည့်နေလေသည်။

အိမ်ရှေ့တွင်မူ ဝင်းမှည့်နေသော ပင်မှည့်သီးလေးငါးလုံးကိုခူးပြီး ပုံထားသည်၊ အမောပြေ စားကြရန်ဖြစ်၏။ နွယ် ပန်လွယ်ရောက်စက သက်စွန့် ဆံဖျားဆိုးခဲ့ရသော ပင်မှည့်သီးများကို ယခုအခါတွင်မူ သဘောရှိကြိုက်သလို စားနိုင်ပေပြီ။

'ခုနေများ ဧည့်သည်ရောက်လာရင် ဒီအိမ်ကြီးက သရဲခြောက်တယ် ဆိုပြီး ခြောက်လွှတ်လိုက်ရရင် ဇိမ်ပဲ၊ ဧည့်သည်လည်း တစ်ခါတည်း ပြေးမှာပဲ နော အစ်မရာ၊ ဟား ဟား ဟား'

www.burmeseclassic.com

ဖိုးသံချောင်းသည် သူ့အတွေးနှင့်သူ သဘောကျပြီးတဟားဟား ရယ်နေသည်။ နွယ်သည် ဖိုးသံချောင်းကို ခပ်ငေးငေးလေး စိုက်ကြည့်နေမိသည်။ ခင်သန္တာကို တစ်ခါမျှမမြင်ဖူး မသိဖူးပါဘဲနှင့် ဒီသူငယ်လေးများသည် အသားလွတ်ကြီး ဟားချင်နေကြသည်၊ ချောက်တွန်းချင်နေကြသည်။ အရေးကြီး၍ သွေးနီးသည်ဟုဆိုရမည်ကလည်း အခက်။ သူတို့အပေါ် ဦးဆိုးပေအပေါ် သြဇာပေးမည့်သူတစ်ဦး ရောက်လာမည်လို့ထင်မှတ်ပြီး မနှစ်မသက်ဖြစ်နေကြရှာသလားလည်းမသိ။

'အစ်မရေ အစ်မရ ကားကြီးတစ်စင်းလာနေတယ်၊ ကားကြီးတစ်စင်း'

မခမ်းလုံသည် မြက်သယ်သောတောင်းကို လက်တစ်ဖက်မှ မြှောက်ကိုင်ပြီး အော်နေသည်။ အရေးကြီးသောအရာကို ဦးစွာတွေ့လိုက်ရသူမို့ စိတ်အား တက်ကြွနေဟန်ရှိသည်။ နွယ့်ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး ခြံဝသို့ ချာကနဲ လှည့်ကြည့်လိုက်မိသည်။

ကားပြာလေးတစ်စင်းသည် ခြံထဲသို့ တငြိမ့်ငြိမ့်ဝင်လာနေသည်။ ခေါင်းစည်းပဝါအပြာလေးနှင့် မျက်မှန်နက်ကိုတပ်ထားသော မိန်းမပျိုလေး တစ်ဦးက ကားကိုကျင်လည်စွာမောင်းလာသည်။ ခင်သန္တာမှ ခင်သန္တာ အစစ်၊ ဦးဆိုးပေရဲ့ ခင်သန္တာ၊ မိနွယ်သိသည့် ခင်သန္တာ သူရောက်လာပေပြီ။

နွယ့်ရင်ထဲတွင် တဒိတ်ဒိတ်နှင့် နှလုံးသွေးက အတိုးမြန်လာသည်။ လက်ဖျားလေးများပင် အေးလာသလိုရှိသည်။ ဦးဆိုးပေလည်းမရှိ၊ နွယ်ဘာလုပ်ရမလဲ၊ ဘာပြောရမလဲ။

ကားပြာလေးသည် အိမ်ရှေ့တွင် ညင်ညင်သာသာလေး ထိုးရပ်လိုက်သည်။ ထို့နောက်တွင်ကား ခေါင်းလောင်းပြာပန်းလေး လွင့်ကြွေလာသည်နှင့်ပင် တူတော့သည်။ အပြာရောင်ဝတ်စုံကို ဝတ်ဆင်ထားသော မိန်းမလှကလေး တစ်ဦးသည် ညင်သာစွာဆင်းလာလေသည်။

www.burmeseclassic.com

'ဒါ ကိုမြင့်နိုင်ရဲ့ အိမ် မဟုတ်လား'

'ဟုတ် ဟုတ် ပါတယ်'

နွယ်က ထစ်ထစ်ငေါ့ငေါ့လေး အဖြေပေးလိုက်မိသည်။ အမှိုက်သယ် နေသော တောင်းကလေးကို ခါးစောင်းတွင်တင်ကာ ယောင်နနလေး ရပ်နေသော နွယ်နှင့် စောကြာဒိုးတို့တစ်တွေကို အကဲခတ်သလို ကြည့်နေသည်။

'ကိုမြင့်နိုင်ရောရှိရဲ့လား'

'တောင်ကြီးတက်သွားပါတယ်'

'ဟင်း သူကတော့လုပ်ပြီ'

နွယ်သည် ပိုင်ပိုင်နိုင်နိုင်လေး ကြိမ်းလိုက်သောမိန်းမလှကလေးကို မျက်လုံးလေး အဝိုင်းသားနှင့်ကြည့်နေသည်။ စောကြာဒိုးတို့ကလည်း လုပ်လက်စ အလုပ်များကိုရပ်ကာ ပါးစပ်ကလေးဟလျက် ငေးနေကြသည်။

'ဘယ်အချိန်လောက် ပြန်လာမလဲဟင်'

'မပြောတတ်ဘူး မမရဲ့၊ ဒီနေ့ ညနေလောက်တော့ရောက်မှာပါ။ အိမ်ထဲဝင်ပါဦး'

ဒီတစ်ခါတော့ နွယ့်လျှာသည် ပြန်လည်သွက်လာသည်။ သွက်သွက် လက်လက်ပင် ဖိတ်ခေါ်လိုက်သည်။

'ဟေး သံချောင်းတို့ ကြာဒိုးတို့ ကားပေါ်က ကူချကြဦးလေ၊ ဒေါ်ဒေါ်ရော အိမ်ထဲကြွပါဦး'

ကားရှေ့ခန်းတွင် မဆင်းသေးဘဲထိုင်နေသောအဒေါ်ကို ဖိတ်ခေါ်လိုက်သည်။ စောကြာဒိုးတို့တစ်တွေလည်း ခုမှပင်အသက်ဝင်လာသူလို မြက်ခုတ်ဓားရှည်ကြီးများကိုပစ်ချပြီး ကားနားသို့ဝိုင်းလာကြသည်။ ကားထဲမှ ခြင်းတောင်းများ အိပ်ရာလိပ်များကို တစ်ယောက်တစ်လက် ဆွဲချနေကြသည်။

www.burmeseclassic.com

'အို အို လမ်းကြုံလို့ ခဏဝင်လာတာပါ၊ နှုတ်ဆက်ရအောင်လာတာ၊ အိပ်ရာလိပ်တွေ မချပါနဲ့ဦး'

ခင်သန္တာသည် အိမ်ကြီးနှင့်ခြံကိုပါ အကဲခတ်ဝန်းဝိုက်ကြည့်ရင်းတားလေသည်။ နွယ့်ရင်ထဲတွင်မူ မောနေသည်။ နန်းနွဲ့လက်ထက်က ကျန်ခဲ့သော ကြိမ်ကုလားထိုင်များကို ဧည့်ခန်းတွင်ချထားမိသဖြင့်သာ တော်တော့သည်။ ထိုကုလားထိုင်များသာမရှိလျှင် ခင်သန္တာနှင့် သူ့အဒေါ် နှစ်ဦးသားကြမ်းပေါ်တွင် ထိုင်ရမည့်ကိန်းဖြစ်သည်။ ခုတော့ ဧည့်ခန်းထဲတွင်ရှိသောကုလားထိုင်များကြောင့် သိပ်တော့ရုပ်မပျက်ဟု ဆိုရပေမည်။

နွယ်ဦးဆောင်လာသော ဧည့်ခန်းထဲသို့ ခင်သန္တာတို့သည် ကျော့ကျော့လေး ဝင်လိုက်လာကြသည်။ ဦးဆိုးပေ ဘယ်က ဘယ်လိုရထားသည် မသိသော ခန်းဆီးပြာလေးများကိုပါ တပ်ဆင်ထားသော ဧည့်ခန်းသည် အသင့်အတင့် ထည်ဝါနေသည်။

'အင့် ဟော ဗျ'

ဖိုးသံချောင်းသည် မျက်စိမျက်နှာပျက်နှင့် ခပ်တိုးတိုးလေး အော်လိုက်သည်။ သူတို့တွေ လျှာအလျားလိုက်ထွက်အောင် တကုပ်ကုပ်နှင့် ပွတ်တိုက်ခဲ့ရသောကြမ်းပြောင်ပြောင်ပေါ်သို့ ခင်သန္တာသည် ဖိနပ်မချွတ်ဘဲ စီးနင်းဝင်ရောက် သွားသည့်အတွက်ကြောင့်ဖြစ်သည်။ စောကြာဒိုးသည် သူ့ကိုတံတောင်နှင့် တွက်နေသောဖိုးသံချောင်း၏လက်ကို ဖမ်းကိုင်ထားရင်း မျက်နှာလေး ရှုံ့မဲ့နေလေသည်။ ချွေးဒီးဒီးကျအောင် တိုက်ထားရသော ကြမ်းခင်းပြောင်ပြောင်ပေါ် ဝယ် ဒေါက်မြင့်ဖိနပ်ရာလေးများမှာ အကွက်ဖော်ထားသည်နှင့်ပင် တူချေသေးသည်။

'အေးအေးဆေးဆေးပေ့ါမမရယ် ထိုင်ပါဦးနော်၊ ကော်ဖီသွားလုပ်လိုက်ဦးမယ်'

နွယ်သည် ဧည့်ခန်းထဲမှပြန်လှည့်ပြီး နောက်ဖေးဘက်သို့ထွက်ခဲ့

www.burmeseclassic.com

သည်။ နွယ့်ကိုယ်နွယ် ဘာလုပ်မိမှန်းပင်မသိ၊ နောက်ဖေးချောင် ရောက်ခါနီးမှ ဖျတ်ကနဲစိတ်ကူးပေါက်ကာ ဧည့်ခန်းဘက်သို့ပြန်လျှောက်ခဲ့သည်။ အသံမကြားရအောင် ခြေဖျားထောက်ရင်း ဖွဖွလေးလှမ်းရသည်။ နွယ့်နောက်ဘက်တွင် စောကြာဒိုးနှင့်ဖိုသံချောင်းတို့နှစ်ဦးသည်လည်း တန်းလန်းပါလာသည်။ ခြေဖျားထောက်ရင်း သတိကြီးစွာလျှောက်ကာ တံခါးဝနားသို့ ကပ်မိကြသည်။

ဘာသံဆို ဘာသံမှမကြားရ၊ ငြိမ်နေသည်။ ခရီးပန်းပန်းနှင့် မောနေ ကြပုံရသည်။ တဖျပ်ဖျပ်အသံကြား၍ ခန်းဆီးကြားက ချောင်းကြည့်မိသည်။ ခင်သန္တာ မိန်းမလှလေးသည် နှံ့သာယပ်တောင်လေးကိုထုတ်ကာ တဖျတ်ဖျတ် ခတ်နေခြင်းဖြစ်၏။ တစောင်းတွေ့မြင်ရသော ခင်သန္တာ၏ကိုယ်ဟန်သည် ကြော့ရှင်းလှသည်။ ခင်သန္တာကို အရင်ကသာ နွယ် သိမထားခဲ့လျှင် ဦးဆိုးပေနှင့် လိုက်လိုက်လှဲလှဲ သဘောတူမိမည်ဖြစ်သည်။

ခုတော့ ရှင်းရှင်းပြောရလျှင် နွယ့်ရင်ထဲတွင် မရှင်းမလင်း ဖြစ်နေသည်။ ခင်သန္တာကို မယုံကြည်၊ ဖြောင့်ဖြောင့်မှန်မှန်ရှိလိမ့်မည်ဟုမထင်။ လက်ဆုပ် လက်ကိုင် ဘာမျှမရှိဘဲ ရမ်းသန်းပြီးအတွေးနှင့်ထင်နေခြင်းဟုဆိုချင်လျှင် ဆိုစေတော့။

'နေရာလေးကတော့ သာသာယာယာ ကလေးနော်၊ အိမ်ကြီးကလည်း မဆိုးလှပါဘူး။ ကိုမြင့်နိုင် အမွေတွေရပြီးကတည်းက သန္တာနဲ့တစ်ခါမှ မတွေ့ရ သေးဘူး ဒေါ်ဒေါ်ရဲ့'

ခြေသံတဖျပ်ဖျပ် ကြားရသည်။ ခင်သန္တာသည် နေရာမှထကာ ဧည့်ခန်းထဲတွင် ဟိုဟိုဒီဒီ လျှောက်ကြည့်နေ၏။ ပြတင်းပေါက်မှ ကြည့်လိုက်လျှင် လူသူကင်းဝေးသော ခြံကြီးသည် ခြောက်သွေ့နေသယောင် ရှိသည်။ နွယ်တို့တစ်တွေ ချောင်ကြိုချောင်ကြားက တွေ့သမျှဆွဲထုတ်ပြီး တိုက်ချွတ်တင်ထားသော စားပွဲပေါ်မှရှမ်းခြားမြောင်လေးများ၊ ငွေခွက်လေးများကို

www.burmeseclassic.com

လှည့်ပတ်ကြည့်ရှုနေသည်။

‘ရှေးအိမ်ကြီးပဲနော်’

မှတ်ချက်ချသံလေးနှင့်အတူ ခြေသံသည် နွယ်တို့ဘက်သို့နီးလာသည်။ တံခါးကွယ်တွင် ကုပ်ကုပ်ကလေးရပ်ရင်း နားကိုကားနေအောင် စွင့်ထားသော နွယ်တို့သုံးဦးလုံး လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

ခင်သန္တာ ကဲကြည့်လျှင်မြင်သွားမည်စိုးသည့်အတွက် သတိကြီးစွာထားရင်း ခြေဖျားထောက်လျက် နောက်ဆုတ်လာကြသည်။ နွယ်တို့တွေ သင်္ကာမကင်းစိတ်နှင့် ချောင်းနားထောင်နေမှန်းသာသိသွားလျှင် သက်သာမည် မဟုတ်ချေ။

ဖိုးသံချောင်းတို့သည် နွယ်ချောင်းသဖြင့်သာ ဘုမသိဘမသိ လိုက်ပြီး ချောင်းကြသော်လည်း ဘာဆိုဘာမှန်းမှမသိ။ ခြေဖျားထောက်လျက် နောက်ပြန် မြန်မြန်လှမ်းကာ အလျင်အမြန်တပ်ခေါက်လာကြသည်။

‘ဘာ ဘာ ဖြစ်လို့လဲ အစ်မရ’

အတန်ငယ် လှမ်းလှမ်းသို့ ရောက်သောအခါ နွယ့်ကို မျက်လုံးအဝိုင်းသားနှင့်မော့ကြည့်ရင်း မေးလေသည်။ နွယ်သည် ဘာဖြေရမည် မသိဘဲ မျက်မှောင်လေးကြုတ်နေမိသည်။

‘အေး ဘာဖြစ်လို့လဲ မသိဘူး’

နွယ်က အူကြောင်ကြောင် ပြန်ပြောလိုက်မိလေသည်။ ကိုယ့်ကိုယ်ကိုလည်း မကျေနပ်သလိုလို ရယ်ချင်သလိုလို ဖြစ်နေသည်။ ဘာပဲ ပြောနေနေ မသင်္ကာစိတ်ကတော့ ကြီးစိုးနေဆဲဖြစ်သည်။ တစ်စုံတစ်ခုသော အကြောင်းရှိ၍သာ ဦးဆိုးပေလိုလူကို အရေးတယူပြုလာခြင်းဖြစ်ရမည်။ ငွေမက်လို့လား၊ ဂုဏ်မက်လို့လား၊ ဥစ္စာပစ္စည်းမက်လို့လား၊ ရေရေရာရာတော့ အသေအချာမသိ၊ သို့သော် ခင်သန္တာဟူသည့် မိန်းမလှလှလေးကို နွယ်က မယုံကြည်သည်မှာတော့ အမှန်ပင်။

www.burmeseclassic.com

'အစ်မ အစ်မရ ဘာလို့ သွားချောင်းတာလဲ ဟင် ဘာဖြစ်လို့လဲ'

စောကြာဒိုးက နွယ့်ကိုဆွဲကာ ထပ်ပြန်တလဲလဲ မေးနေသည်။ နွယ်လည်း ဘာပြန်ချေရမည်မသိဘဲ လက်ကိုသာ ကယောင်ကတမ်းဆွဲပြီး ရုန်းလိုက်သည်။ လုပ်မိလုပ်ရာဆံပင်များကိုသပ်တင်ပြီး နောက်စေ့တွင် ဆံညှပ်နှင့် ထိုးလိုက်သည်။ ထို့နောက် သက်ပြင်းတစ်ချက်ရှိုက်လိုက်မိသည်။

တကယ့်တကယ်တော့ နွယ်နှင့်မဆိုင်၊ ဘာမှမဆိုင်။ သူ့ဟာသူ မည်သည့်အရေးကိစ္စနှင့်လာလာ၊ မည်သည့် အကြောင်းကိစ္စနှင့်သွားသွား၊ ဦးဆိုးပေ ကြိုက်သည့်မိန်းကလေး၊ ဦးဆိုးပေ၏အရေး၊ ဦးဆိုးပေ၏ကိစ္စသာ ဖြစ်သည်။ နွယ်တို့တွေ ဝင်ပူစရာမလိုချေ၊ ဝင်ရှုပ်စရာမလိုချေ။ သို့သော် နွယ်မနေနိုင်၊ ပွဲကြည့် ပရိသတ်လို ငြိမ်မနေနိုင်။

ဦးဆိုးပေဆိုသည့်လူသည် မျက်နှာကြီးက ရှစ်ခေါက်ချိုးနှင့် အရုပ်ဆိုးလှသည်။ တစ်ခါတစ်ရံလည်း မိုးချုန်းသလို အော်တတ်လေသည်။ သို့ပါသော်လည်း သဘောကောင်းသည်၊ စိတ်ရင်းဖြူသည်ကို နွယ်သိသည်။ နွယ့်အမြင်တွင်တော့ လူရိုးလူအ တစ်ယောက်သာဖြစ်၏။ နွယ်လှိမ့်သမျှ နွယ်ညာသမျှ၊ နွယ်ဟားသမျှကိုလည်း ယုံသည်ကိုသာ ကြည့်လေတော့။ နွယ် မုန့်ဟင်းခါး ရောင်းစားရရှာသည်ဟု ကရုဏာသက်နေသည်ကိုပင် ကြည့်ပေတော့။ ဒီလိုလူကို ခင်သန္တာက ဒိုးကလေးလို မွှေလိုက်လျှင် ဝီခေါ် အောင် လည်သွားမည် ဖြစ်၏။

'လှတယ်နော၊ သိပ်လှတယ်နော'

မခမ်းလုံသည် တတွတ်တွတ်ပြောနေသည်။ ဖိုးသံချောင်းသည် ခပ်မှုန်မှုန်လှမ်းကြည့်ရင်း မခမ်းလုံ၏ထိပ်ကို ဖတ်ကနဲပုတ်လိုက်လေသည်။

'ဟွန်း ငါတို့တိုက်ထားရတဲ့ ကြမ်းပြောင်ပြောင်လေးပေါ် ဖိနပ်ကြီးနဲ့ တက်တာ ဟွန်း ဘာလုပ်ဖို့လဲ မလှပါဘူး'

မဲ့ကာရွဲ့ကာနှင့် မကျေမချမ်းပြောနေသည့် ဖိုးသံချောင်းကို အငေး

www.burmeseclassic.com

သား ကြည့်ရင်း နွယ်သည် မိငယ်ကို သတိရနေသည်။ ခင်သန္တာနှင့်နွယ်တို့ ရင်ဆိုင်တိုးနေကြသည်ကို မိငယ်သာသိလျှင် မည်ကဲ့သို့နေမည်မသိ။ နွယ် ကြုံတွေ့ ဖြစ်ပျက်ခံစားနေရသည်များကို မိငယ်အား ဇာတ်လမ်းရှည်ကြီး ပမာ ပြောပြချင်နေသည်။ ရေးပြချင်နေသည်။

'နွယ် ဘာလုပ်ရမလဲ'

နွယ်သည် သူ့ကိုယ်သူ မေးနေမိသည်။ ဘာမှမလုပ် ဘာမှမပြော ဘဲ အေးအေးဆေးဆေး မျက်နှာလွှဲနေလိုက်လျှင် အကောင်းဆုံးဖြစ်မည်။ သို့သော် ထိုကဲ့သို့ နွယ်မနေနိုင်၊ ဦးဆိုးပေဟူသည့်လူသည် နွယ်ကယ်တင်ပါ မှ ဒုက္ခတွင်းက လွတ်မည်ဟု အထင်ရောက်နေသည်။

'ဦးဆိုးပေ ဘယ်အချိန်လောက် ပြန်လာမှာလဲ'

'မသိဘူး အစ်မရ ညနေလောက်တော့ ပြန်ရောက်မှာပေါ့'

နွယ်သည် အကြံအိုက်အိုက်နှင့် ခေါင်းကိုသာ အတွင်ကုတ်မိတော့ သည်။ စားခုတ်ရာတွင် လက်ဝင်လှို့ရန် ကြံစည်နေသော မိနွယ်နွယ် ခေါင်း အရှုပ် ကြီးရှုပ်ပြီး၊ ဦးနှောက် အခြောက်ကြီး ခြောက်နေရှာသည်။ ဘာလုပ်ရ မည် မသိ၊ မတွေးတတ်၊ မဆုံးဖြတ်တတ်။

နွယ်သည် အငိုင်သားရပ်ရင်း တစ်အိမ်လုံးတွင် ဧည့်ခန်းမှလွဲ၍ အခြား အခန်းများ၌ ကုလားထိုင်မရှိ၊ စားပွဲမရှိ၊ ဟင်းလင်းဖြစ်နေသည်ကို သတိရလာသည်။

ဦးဆိုးပေ တကယ်ချမ်းသာလား မချမ်းသာလားတော့ နွယ် ကောင်းစွာ မသိ၊ တကယ်ပင် အမွေတွေရလား မရလားလည်း နွယ်မသိ၊ သို့သော် ခင်သန္တာသည် ဘိုင်သမား ဦးဆိုးပေဆိုလျှင် အရေးစိုက်လိမ့်မည် မထင်၊ ဦးဆိုးပေ လူမွဲဆိုလျှင်လည်း အရေးတယူပြုမည်မဟုတ်၊ ဒါကို နွယ်က တစ်ဖက်သတ် သေချာပေါက်တွေးနေမိသည်။

ခင်သန္တာသည်သာ ငွေမက်ရိုးမှန်လျှင်၊ ဂုဏ်မက်ရိုးမှန်လျှင် ဟန်

www.burmeseclassic.com

သာ ရှိ၍ အဆံမရှိသောအိမ်ကြီး၏အခြေအနေကိုမြင်လျှင် စိတ်ပျက်သွားနိုင်ပေသည်။ နွယ်ကြိုးစားကြည့်မည်၊ ခင်သန္တာ၏စိတ်ကို နွယ်စမ်းသပ်ကြည့်မည်၊ အဖြူ အမည်း ကွဲပြားအောင် ကြံဆောင်ကြည့်ရမည်။

'ဟေး ကြာဒိုး သံချောင်း ခမ်းလုံမလေးရောလာကြ၊ ရှေ့နားတိုးကြ၊ အစ်မပြောမယ် သေချာနားထောင်နော်'

နွယ်တစ်ခုပဲ ဆုတောင်းသည်၊ နွယ့်ကို ခင်သန္တာ မမှတ်မိပါစေနှင့်။ နွယ့်လို မယ်သစ်လွင်ဗရုတ်မလေးကိုလည်း ခင်သန္တာက သိနိုင်မည်မထင်၊ အကယ်၍ မြင်ဖူးသလိုလိုရှိသည်ဟုပြောလာလျှင်လည်း နွယ်သည် စွတ်ရွတ်ပြီး ငြင်းရမည်သာဖြစ်၏။

*

'ပျင်းများနေကြပြီလား'

နွယ်သည် ကော်ဖီပန်းကန်လေးများကို အသာချရင်း ဟန်မပျက်မေးလိုက်သည်၊ ခင်သန္တာသည် ချစ်စဖွယ်အပြုံးလေးနှင့် ခေါင်းယမ်းပြသည်။

'မပျင်းပါဘူးကွယ်'

ခင်သန္တာ၏အဒေါ်ဖြစ်သူသည် နွယ့်ကိုအကဲခတ်သလို ကြည့်နေသည်။ ရုပ်ရည်ကလေး သနားကမားနှင့် ရှပ်အင်္ကျီပွပွကြီးဝတ်ထားသောမိန်းကလေးကို တောသူထင်ရမလား၊ မြို့သူထင်ရမလား ဝေခွဲတတ်ပုံ မရချေ။ ဤအိမ်ကြီးနှင့် မည်ကဲ့သို့ပတ်သက်လေသည်ကိုလည်း မသိ။

'ကိုမြင့်နိုင်က ဒီလိုပဲ ခဏခဏ -မိ့တက်ရသလား ဟင်'

'မကြာခဏဆိုပါတော့ မမရယ်၊ အလုပ်ကိစ္စကလည်း ခုထိမစနိုင်သေးဘူးဆိုတော့ စိတ်တောင်ညစ်တယ် မမရယ်၊ အစ်ကို တစ်ခါတစ်ခါမြို့တက်ရင် ကျွန်မတစ်ယောက်တည်းပဲ၊ ဒီကလေးတွေအဖော်လုပ်ပြီး နေခဲ့ရ

www.burmeseclassic.com

တာ'

နွယ်သည် ခင်သန္တာနှင့်အနီးဆုံးကုလားထိုင်တွင် ညင်ညင်သာသာလေး ဝင်ထိုင်ရင်း ပြောလိုက်သည်။ နွယ့်အမူအရာကပဲ ပိရိသလား၊ နွယ့်စကားကပဲ ထိမိလေသလားတော့ အသေအချာမသိ၊ ခင်သန္တာရော သူ့အဒေါ်ရော မျက်လုံးပြူးသွားကြသည်ကတော့ အမှန်ပင်။

'ဒါနဲ့ နေပါဦး၊ ညီမက ကိုမြင့်နိုင် ကိုမြင့်နိုင်ရဲ့'

'ကိုမြင့်နိုင်ရဲ့ ညီမပါ။ ညီမဆိုပေမယ့် အရင်းတော့ မဟုတ်ဘူးပေါ့ မမရယ်၊ ဝမ်းကွဲပေါ့'

နွယ်သည် ပြုံးစစကလေးနှင့် အူလည်လည်ဖြေလိုက်သည်။ ရင်ထဲတွင်မူ တဒိန်းဒိန်းခုန်နေသည်၊ အခုနေများ ဦးဆိုပေ ပြန်းကနဲပြန်ရောက်လာလေလျှင် နွယ်သည် ခေါင်းနှင့်ဆင်းပြေးရလေမည်လားပင် မပြောတတ်ချေ။

'သြော် သြော်'

'သောက်ပါဦး မမရယ် ကော်ဖီပူပူလေး၊ မုန့်ကလည်း ဘာမှမရှိဘူး၊ အားနာစရာ၊ အစ်ကို့ကိုတော့ တို့ဟူးခြောက်တွေ မှာထားသား၊ အိမ်မှာကုန်နေလို့ အေးအေးဆေးဆေးပေါ့ မမရယ်၊ အစ်ကို ညနေလောက်ဆိုရင် ရောက်မှာပါ'

ကွက်ကနဲ မျက်နှာပျက်သွားသော ခင်သန္တာကိုကြည့်ရင်း နွယ့်စိတ်ထဲတွင် အတော်ရယ်ချင်သွားသည်၊ အတည်ပေါက်နှင့် အိမ်ကြီးရှင် တကယ်လုပ်ပြီး အပိုင်ပြောနေရသည်ကိုပင် အရသာတွေ့သလိုဖြစ်လာသည်။

ခင်သန္တာသည် ချက်ချင်းပင် မျက်နှာကိုပြင်ကာ ဟန်မပျက်ပြုံးလိုက်ရင်း နွယ်ကမ်းပေးသောကော်ဖီပန်းကန်ကို လှမ်းယူလိုက်လေသည်။ ကိုမြင့်နိုင်ဟူသည့်လူတွင် ညီမရှိသည်ဟု တစ်ခါမျှမကြားစဖူး၊ အခုမှ ညီမတစ်ယောက် မှိုပေါက်သလို ပေါ်လာနေသည်၊ ဝမ်းကွဲဆိုတော့လည်း

www.burmeseclassic.com

အပြောရအခက်သား။

'သောက်လိုက်ပါဦး ဒေါ်ဒေါ်ရယ်၊ ကော်ဖီပူပူလေး အေးကုန်ပါဦးမယ်'

သူတို့ တူဝရီး ကော်ဖီကို တစ်ကျိုက်ချင်းသောက်နေချိန်တွင် နွယ်သည် ငြိမ်ငြိမ်လေးထိုင်ရင်း အကြံထုတ်နေမိသည်။ မျက်နှာကို အပြုံးမပျက်စေဘဲ ဖွတ်ပြုံးထားသည့်အတွက် ကျောက်ကျောရေပက်သလို ပြောင်ချော်ချော် အပြုံးလေးနှင့် ဖြစ်နေသည်။

'ရှမ်းပြည်နယ်သာဆိုတယ်၊ ပန်လွယ်က သိပ်မအေးဘူး ဒေါ်ဒေါ်ရဲ့၊ တောင်ကြားမို့လို့လားတော့ မသိဘူး၊ တစ်ခါတလေများ ချွေးတောင်ပြိုက်ပြိုက် ကျတယ်'

'ဟုတ်ပါရဲ့ကွယ်၊ ခုနကများ အိုက်တောင် အိုက်တယ်'

'ဒါပေမဲ့ မွေးမြူရေးအတွက်တော့ အတော်ကောင်းတဲ့နေရာလို့ပြောတာပဲ ဒေါ်ဒေါ်ရယ်၊ အစ်ကိုကလည်း အဲဒါကိုဖောက်ချပြီးလုပ်ဖို့ ရည်ရွယ်တာပါပဲ၊ တောင်ခြေမှာ စားကျက်ကလည်း သိပ်ကောင်းတယ်'

'သြော် သြော် အင်း'

ဟုတ်သော်ရှိ မဟုတ်သော်ရှိ စွတ်ရွတ်ပြီးပြောသော နွယ့်စကားကို စိတ်ဝင်စားကြဟန်တူသည်၊ အရေးတယူ ဖြစ်လာကြသည်။

'မွေးမြူရေးက ဘာလုပ်မှာလဲကွဲ့'

'စ စချင်းတော့ နို့စားနွားမွေးမယ်၊ နွားနို့က ထောပတ်၊ နို့ဆီချက်တာက နောက်တစ်ဆင့်ပေါ့'

'သြော် ဟုတ်လား'

'နောက်ပြီးမှ တစ်ဆင့်ထက်တစ်ဆင့် သိုးတွေ၊ ကြက်တွေအထိမွေးမယ်လို့ စိတ်ကူးတာပါပဲ မမရယ်'

'ကောင်းတယ် ကောင်းတယ်'

www.burmeseclassic.com

'ဒါတွေ မွေးတာကလည်း မွေးတတ်ဦးမှ၊ ဖြစ်ကတတ်ဆန်းမွေးရင်တော့ ရတာပေါ့လေ၊ အစ်ကိုက ခေတ်မီမှ သိပ္ပံနည်းကျမှဆိုပြီး အသေအချာကို စီမံကိန်းဆွဲနေတာ'

'အေးကွယ် လူဆိုတာ အကြံကြီးမှလည်း ကြီးပွားတာ တူမရဲ့'

နွယ်သည် ပြောရင်းပြောရင်း အတော်ရယ်ချင်နေသည်။ မဟုတ်တာများ ပြောရလျှင် နွယ့်လျှာသည် အတော်ချောင်သည်။ တစ်ခုပြီးတစ်ခု ချောကနဲ ချောကနဲထွက်တော့သည်။ တစ်ဖက်လူက ခေါင်းတညိတ်ညိတ်နှင့် ယုံလေ မှင်ကောင်းကောင်းနှင့်ဖြီးရသည်ကို အားတက်လေဖြစ်သည်။

'ဒါတင် ဘယ်ကဦးမလဲ ဒေါ်ဒေါ်ရယ်၊ စိုက်ပျိုးရေးကိုလည်း တစ်ဖက်က လုပ်ဦးမှာတဲ့လေ'

'ဟုတ်လား'

'အဟုတ်ပါပဲ၊ အစ်ကိုကတော့ တကယ်ပါပဲ မမရယ်၊ အပင်ပန်းလည်း တကယ်ခံနိုင်တယ်၊ ဒီခြံကြီးကိုရှင်းပြီးရင် သစ်တော်ပင်ပေါက်တွေ ပျိုးမယ်တဲ့ လေ'

'ဪ ဪ'

'ဒါနဲ့တင် အားမရသေးဘူး၊ မြေရရင် ထပ်ပြီး လိမ္မော်ခြံချဲ့မယ်တဲ့၊ အစ်ကိုရယ် သိပ်အပင်ပန်းမခံပါနဲ့လို့ မနည်းတားထားရတာ၊ တော်ကြာ အစ်ကို လဲရင် ဒီလုပ်ငန်းတွေကို ကျွန်မကပဲ ဦးစီးရမှာမဟုတ်လား'

'အဲ'

'ကျွန်မကလည်း ဘာမှတတ်တာမဟုတ်ဘူး'

ဘယ်စကား ဘယ်ရောက်၍ ဘယ်ပေါက်သည်ကိုပင် သတိမထားမိတော့၊ အမူအရာကလည်း ပိုင်သည်၊ ပြောကောင်းကောင်းနှင့် စွတ်ရွတ်ပြီး ခပ်တည်တည်ပြောနေသည်။ အပြင်ဘက်မှ ချောင်းပြီးနားထောင်နေသော စောကြာဒိုးတို့ပင် မျက်စိလည်ချင်လာသည်။ ကွက်ကနဲ မျက်နှာပျက်

www.burmeseclassic.com

သွားသော ဧည့်သည် နှစ်ဦးကို ချောင်းကြည့်ပြီး ကျိတ်ရယ်နေကြရသည်။ သူတို့တွေ တောက်လျှောက်အလိုမ့်ခံခဲ့ရသည်ကိုမသိ၊ အခုမှ သူတို့အစ်မ အလိုမ့်ကောင်းလှချည့်ဟု သဘောအကျကြီးကျနေလေသည်။

'လုပ်ငန်းက အကြီးကြီးပဲနော်'

ခင်သန္တာသည် နွယ့်ကို မသိမသာအကဲခတ်ရင်း မေးပြောလေး ပြောလိုက်သည်။

'ကြီးတာကတော့ သိပ်ကြီးတာပဲ မမရယ်၊ ဒါပေမဲ့ စိတ်ကူးထဲမှာ ကြီးနေရတာပါ'

'ဟင် ဘာဖြစ်လို့'

'လက်တွေ့တော့ ဘာမှအကောင်အထည်မဖော်နိုင်သေးဘူးလေ'

'ဘာဖြစ်လို့'

'ဩော် မမရယ် ငွေပေါ့ ငွေ'

နွယ်သည် လက်ညှိုးနှင့်လက်မကို ဝိုင်းပြရင်း ဟန်ပါပါလေး ပြောလိုက် သည်။ နွယ်၏ လံကြုတ် ဒီပနီကို နာယူနေရသော ခင်သန္တာတို့ တူဝရီးသည် အူလည်ချာလည်လိုက်သွားဟန်ရှိသည်။

'ငွေမရှိသေးလို့ မစနိုင်သေးတာပေါ့ မမရယ်၊ ငွေစကား ပြောနေတာ ပေါ့'

'ဟင် ကိုမြင့်နိုင်ဦးလေးကအမွေတွေ သုံးသိန်းတောင်ပေးခဲ့တယ် ဆို'

ခင်သန္တာက တအံ့တသြပြောလိုက်သောအခါ နွယ်သည် ဘာ ဆက် ပြောရမည်မသိဘဲ မှင်တက်မိသွားလေသည်။ ခင်သန္တာ နွယ့်ထက် သာသွား သည်။ သူက အမွေကိစ္စကိုသိနေသည်၊ ဘယ်လောက်ရသလဲ ဆိုတာပင် ကိန်းဂဏန်းနှင့်အတိအကျသိထားလေတော့ လံကြုတ်ဇာတ်ခင်း နေသော လံကြုတ် မင်းသမီး တစ်ချီတည်း ချောက်ပေါက်တိုးသွားရလေ

www.burmeseclassic.com

သည်။ မျက်တောင်ကလေး ပုတ်ခတ်ပုတ်ခတ်နှင့် ယောင်နနလေး ဖြစ်သွားသည်။

'ဟဲ့ ဟဲ့ ဟတ် သုံးသိန်း ဟုတ်လား၊ ဟဲ့ ဟဲ့ ဘယ်သူပြောတာလဲ'

နွယ်သည် ဣန္ဒြေဆယ်ကာ အူကြောင်ကြောင်ရယ်မောရင်း ပြန်မေးလိုက်သည်။ နွယ့်ခေါင်းထဲတွင် ထူပူနေသည်၊ နှလုံးသွေးကလည်း တဒိတ်ဒိတ် ခုန်လာသည်၊ နွယ်ထင်သည်မှာ လွဲမည်မဟုတ်၊ တစ်စုံတစ်ခု အကြောင်းရှိ၍သာ ဦးဆိုးပေလိုလူကို အရေးတယူပြုလာခြင်းဖြစ်သည်ဟု နွယ်ထင်ခဲ့သည်။ အခု ကြည့်လေ အမွေသုံးသိန်းကိစ္စပေါ် လာပေပြီ။ ဟုတ်သော်ရှိ မဟုတ်သော်ရှိ ထို့ကြောင့်သာ ဦးဆိုးပေကို အရေးတယူဖြစ်လာခြင်း ဖြစ်ရမည်ဟု နွယ်က သေချာပေါက်တွက်မိသည်။

'ကိုသက်အောင် ပြောတာပဲလေ မဟုတ်ဘူးလား'

'ဩော် ဩော် အစ်ကို့သူငယ်ချင်း ကိုသက်အောင်လား ဟုတ်လား မမ'

နွယ်သည် ဘာဆက်ပြောရမည်မသိသည့်အတွက် မရေမလည် ပြန်မေးလိုက်မိသည်၊ ပြောမိပြီးမှ ဘုရားတနေသည်။ ဦးဆိုးပေတွင် ကိုသက်အောင် ဆိုသည့် အစ်ကို သို့မဟုတ် ညီများရှိလေလျှင် ဒုက္ခများရချေတော့မည်။ နွယ်က ဦးဆိုးပေ၏ဝမ်းကွဲတက်တော်ထားသည်မို့ ဆွေမျိုး အချင်းချင်း သိရမည် ဖြစ်သည်။

'အေးလေကွယ် ကိုမြင့်နိုင်နဲ့ဆို ဒီလောက်ခင်တာကို'

'ဟင်း ဟင်း ကိုသက်အောင်ကြီးကတော့လုပ်မယ် ဟင်း ဟင်း ဟင်း အလကားနေရင်း ကျိန်းကျေအောင်လို့'

ဦးဆိုးပေ တကယ်အမွေမရ၊ ငွေမရှိ အရင်းအနှီးမရှိဟုဆိုလျှင် ခင်သန္တာသည် အရေးတယူရှိဦးမည်လော၊ ဂရုတစိုက်ရှိဦးမည်လော၊ ဒါကို နွယ်က အသေအချာသိချင်သည်။ ခင်သန္တာ၏ မေတ္တာနှင့်စေတနာကို မှတ်

ကျောက်တင် ကြည့်ချင်နေသည်။ ဦးဆိုးပေ တကယ်ချမ်းသာလား ဆင်းရဲလားတော့ နွယ် အသေအချာမသိ၊ သို့သော် နွယ်ဆိုသည့်နွယ်သည် ဦးဆိုးပေကို စွတ်ရွတ်ပြီး လူမွဲဘဝသို့ရောက်အောင် ပြောင်းပစ်တော့မည်ဖြစ်သည်။

နွယ်သည် စကားကို ဆုတ်ဆိုင်းဆိုင်းပြောရင်း ခင်သန္တာကို ပြန်လည် အကဲခတ်နေရသည်။ စ မိမှတော့ တုံးတိုက်တိုက် ကျားကိုက်ကိုက် ဆုံးသည်အထိ မှင်သေသေနှင့်ကြဲရတော့မည်သာဖြစ်ပေသည်။ ဦးဆိုးပေသာ အမွေ သုံးသိန်းကို တကယ်ရထားရိုးမှန်လေလျှင် နွယ့်ကို မည်မျှစိတ်ဆိုးလေမည် မပြော တတ်၊ သူကြိုက်နေသောမိန်းကလေးကိုမှ တက်ပြီး မဟုတ်တမ်း တရမ်းတွေ ပြောနေသည့်နွယ်ကို ရေရေလည်လည် နားရင်းတီးချင်ပေလိမ့်မည်။ နွယ်က ယုတ္တိတန်အောင် လိမ့်နေသည့်အတောအတွင်း ဦးဆိုးပေပြန်းကနဲပြန်ရောက်လာလျှင်တော့ အခြေအနေတွေ ဇောက်ထိုးမိုးမျှော် ဖြစ်ကုန်မည်ဖြစ်သည်။ ထိုသို့သာဆိုလျှင် နွယ်သည် ဆန်ကောနှစ်ချပ်ကို အတောင်တပ်ပြီး ပျံပြေးရလေမလား၊ မြေကြီးထဲ တွင်းတူးပြီး ရန်ကုန်အရောက် ကြွက်လိုပြေးရမလား၊ အသေအချာ မတွေးတတ်ချေ။

'သြော် ကိုမြင့်နိုင်တစ်ယောက် အမွေတွေရတယ်ဆိုပြီး ဒီလောက်နာမည်ကြီးနေတာ'

ခင်သန္တာသည် နွယ့်စကားကို မယုံတစ်ဝက် ယုံတစ်ဝက်နှင့် ဇဝေဇဝါ ဖြစ်သွားပုံရသည်။ အထင်နှင့်အမြင်လွဲနေ၍ အမ်းတမ်းတမ်းလည်း ဖြစ်နေသည်။

'ကျွန်မတို့က ဆင်းရဲသားမျိုးပါ မမရယ်၊ ဘယ်ဆွေမျိုး ဘယ်ဦးလေးကမှ အမွေသုံးသိန်း မပေးနိုင်ပါဘူး၊ သုံးသိန်းများတကယ်ရရင် ဒီလိုရွာလေးမှာ ဘယ်လာနေပါ့မလဲ'

'အေးကွဲ့ ဟုတ်တာပေါ့'

ခင်သန္တာ၏အဒေါ်သည် ဆတ်ကနဲခေါင်းထောင်လာပြီး နွယ့်

စကားကို ထောက်ခံလေသည်။ ခင်သန္တာသည် ဟန်မပျက်လေးပြုံးနေသော် လည်း မျက်မှောင်က မသိမသာကြုတ်နေသည်၊ မျက်မှောင်ကြုတ်သည်က အစ နွယ်တို့လို ရှုံ့မဲ့မဲ့မဟုတ်၊ တစ်မျိုးပင် လှနေသေးသည်။ နွယ်သာ ယောကျ်ားဆိုလျှင်လည်း ခင်သန္တာကို ကြိုက်မိလေမည်လား မပြောတတ်။ မိန်းမချင်းပင် ခပ်ငေးငေးကြည့်နေမိသေးသည်။

စကားသံက ရုတ်ခြည်းတိတ်သွားသောအခါ တစ်အိမ်လုံးလည်း တိတ်သွားသည်။ စူးရှသောလေတိုက်သံကသာ လေချွန်သံလိုဝှေ့နေသည်။ ခန်းဆီးလေးများသည် လေဝယ်တဖျပ်ဖျပ်လွင့်နေလေသည်။ ခင်သန္တာ သည် လူးလွင့်နေသောခန်းဆီးမှ ပန်းပွင့်ဝါဝါလေးများကို အမှတ်မထင် ငေးကြည့်နေသည်။

'နေရာလေးကတော့ အေးအေး ဆေးဆေးလေးနော်၊ ရွာကလေး ကလည်း သာသာယာယာပါပဲ'

ခင်သန္တာ၏ အဒေါ်သည် တိတ်ဆိတ်ခြင်းကို သည်းမခံနိုင်သဖြင့် စကားစလိုက်သည်။ ခင်သန္တာ၏ပန်းသွေးတောက်ပနေသော လက်သည်း ချွန်ချွန်သွယ်သွယ်လေးကို ကြည့်ကောင်းကောင်းနှင့် ငေးကြည့်နေသော နွယ်လည်း ဆတ်ကနဲသတိပြန်ဝင်လာသည်။

'ဟုတ် ဟုတ် ကဲ့ ဒေါ်ဒေါ် အေးဆေးပါတယ်'

'လူအသွားအလာတော့ ပြတ်တယ်နော်'

'ဟုတ်ကဲ့'

နွယ်သည် စောကြာဒိုးတို့ချောင်းကြည့်နေရာ ခန်းဆီးနောက်ကွယ် ကို အသာမျက်စိကစားမိသည်။ သူတို့တွေရှိကြပုံမရတော့၊ ဆိုင်ရာ ဆိုင်ရာ တာဝန်များထမ်းဆောင်ရန်အသင့်ပြင်နေကြပြီထင်သည်။ နွယ်သည် တိုက်ပွဲ အသစ် တစ်ခုကို စရန် အဟမ်းကနဲ လည်ချောင်းရှင်းလိုက်သည်။

'အဟမ်း လူအသွားအလာပြတ်ဆို တစ်ရွာလုံး ဒီအိမ်ကို လာမှ

www.burmeseclassic.com

မလာ ရဲကြပဲ ဒေါ်ဒေါ်ရဲ့’

‘ဟယ် ဘာဖြစ်လို့လဲကွဲ့’

သူတို့က တအံ့တသြ မေးလေသည်။ တိတ်ဆိတ်ငြိမ်သက်ပြီး လေတိုက်သံ ငှက်အော်သံလေးများ လွှမ်းမိုးနေသောအိမ်ကြီးသည် စိတ်ချမ်းမြေ့ဖွယ်ကောင်းသည်ကတော့ အမှန်ပင်။

‘အို အယူသီးကြတာပါ ဒေါ်ဒေါ်ရယ်၊ ဒီအိမ်က အမှန်က ရှမ်းစော်ဘွားကြီးဆောက်ခဲ့တဲ့အိမ်လေ၊ အဲဒါ ဒီအိမ်မှာ နန်းနွဲ့နဲ့ စိုင်းကျော်ဆိုတဲ့ ချစ်သူ နှစ်ဦးအသတ်ခံရဖူးတယ်လို့ ပြောကြတာပဲ’

‘ဟင်’

‘အဲဒါ သူတို့နှစ်ယောက်က သရဲဖြစ်ပြီး ခြောက်တယ်၊ လှန့်တယ်နဲ့ စွဲလမ်းမိစွဲလမ်းရာထင်ကြတာပေ့ါ၊ အမှန်ကတော့မမရယ် သရဲဆိုတာ တကယ် ရှိတာမှမဟုတ်ဘဲ၊ ရှိဦးတော့ လူကိုဒုက္ခပေးနိုင်တာမှမဟုတ်တာနော်’

‘အင်း အင်း ဟုတ်တာပေ့ါ’

ခင်သန္တာသည် ငိုင်တွေတွေလေးနားထောင်နေရာမှ သူ့ကိုလှည့်ပြီး ပြောလိုက်သော နွယ့်စကားကို ခပ်မြန်မြန်လေးထောက်ခံလိုက်လေသည်။ ခေတ်ပညာတတ် မိန်းမပျိုလေးပီပီ တစ္ဆေသရဲစသည်များကို အစွဲအလမ်းကြီးပုံ မရ ကြောက်တတ်ပုံမရ။

‘သြော် မမတို့ ပျင်းနေကြရောပေ့ါ၊ အစ်ကို့ကိုစောင့်ရင်း ကျွန်မ အိမ်ကြီးကို လျှောက်ပြမယ်လေ၊ ရှေးအိမ်ဆိုတော့ အခန်းဖွဲ့ပုံကအစ စိတ်ဝင်စား စရာကောင်းတယ်၊ လိုက်ကြည့်မလားဟင်’

‘ကောင်းသားပဲ’

ခင်သန္တာတို့ တူဝရီးနှစ်ဦးသည် နွယ့်စကားကို အလွယ်တကူ လက်ခံပြီး နေရာမှထလိုက်ကြသည်၊ အလကားနေရင်း ထိုင်စောင့်နေကြ

www.burmeseclassic.com

မည့် အစား တစ်စုံတစ်ခုကိုကြည့်နေရခြင်းက ပိုမို၍စိတ်ဝင်စားဖွယ် ကောင်းပေမည်။ အိမ်ရှင်၏အခြေအနေကိုလည်း အသေးစိတ် အကဲခတ်နိုင်ပေသည်။

'အလကား အယူသီးပြီး ဒီခြံကြီးဘက်တောင် မသွားရဲမလာရဲ ဖြစ်နေကြတာပါ၊ တကယ့်တကယ်တော့ ဘာမှရှိတာမဟုတ်ပါဘူး၊ ကျွန်မတို့များ တစ်ခါမှအခြောက်မခံခဲ့ရဖူးပါဘူး၊ ဟော ဒီမြေတိုက်ခန်းကြီးဆိုရင် အရင်တုန်းက ရာဇဝတ်သားတွေကို လှောင်ထားတဲ့ အခန်းပဲ၊ တစ်ခါတလေ များ အစာငတ် ရေငတ် လှောင်ထားတတ်တယ်တဲ့'

နွယ်သည် မြေတိုက်ခန်းဘက်ကို တန်းခေါ်သွားပြီး မှောင်ပိန်းပိန်း အခန်းကြီးကို ဦးဆုံးပြလိုက်သည်။ ဘယ်တုန်းကမှမကြားဖူးသော မဟုတ်တမ်း တရမ်းများကို တွေ့ကရာပြောတော့သည်။

'အမယ်လေး ကျွန်မတို့တွေ ဒီအိမ်ကြီး ရှင်းတုန်းကများ အရိုးခြောက်တွေတောင် တွေ့တာ၊ တိရစ္ဆာန်အရိုးလား လူအရိုးလားတော့ မခွဲတတ် ပါဘူးရှင်'

'ဟုတ်လား'

'ဒီမြေတိုက်ခန်းကြီးဆိုရင် ညှီစို့စို့နဲ့ သွေးညှီနံ့ကြီးတောင်စွဲလို့'

'ဟင်'

'တချို့ရွာကလူတွေပြောတော့ ဒီအိမ်က အော်သံကြီးတွေ ရယ်သံ ငိုသံတွေကြားရတယ်ဆိုပဲ မမရဲ့၊ ကျွန်မတို့တော့ တစ်ခါမှမကြားဖူးပါဘူး'

မှောင်ပိန်းပိန်းအခန်းကြီးကိုကြည့်ရင်း ကြွက်သီးထလာဟန်ရှိသော ခင်သန္တာကိုကြည့်ရင်း နွယ်သည် ရယ်ချင်လာသည်။ နွယ်က အခန်းထဲ ဝင်ကြည့်ရန်ပြောသော်လည်း သူတို့သည် ဝင်မကြည့်ကြတော့ပေ။ ထိုစဉ်တွင် အပေါ်ဘက်မှ အရိုးခြောက်ဖြူဖြူကြီးတစ်ခု ဂျောက်ကနဲကျလာသည်၊ နွယ်သည် မမြင်သလို မျက်နှာကို လွှဲထားလိုက်သည်၊ အမှတ်မဲ့ဟန် နေ

www.burmeseclassic.com

လိုက်သည်။

ခင်သန္တာသည် ဣန္ဒြေမပျက်သေးသော်လည်း အဒေါ်ဖြစ်သူကမူ မျက်စိမျက်နှာပျက်ချင်ချင်ဖြစ်နေသည်။ သူတို့ကို ထမင်းစားခန်းကျယ်ကြီးသို့ ခေါ်သောအခါ နွယ်နှင့်ဝေးမနေလိုဟန်နှင့် ထက်ကြပ်ကပ်ပြီး လိုက်လာသည်။ အခန်းကြီးက ကျယ်ရသည့်အထဲတွင် စားပွဲ ကုလားထိုင် ဘာမျှမရှိလေတော့ ဟာလာ ဟင်းလင်းကြီးဖြစ်နေသည်။ ပြတင်းပေါက်အားလုံးကို ဖွင့်ထားသည့်အတွက် လင်းလင်းချင်းချင်းတော့ရှိသည်။

'ဒါကတော့ ထမင်းစားတဲ့အခန်းပဲ ဒေါ်ဒေါ်ရဲ့၊ တစ်ခါတလေ ရာဇဝတ်မှုတွေဘာတွေလည်း ဒီမှာပဲ စီရင်တတ်တယ်တဲ့'

မသိသူကို မတတ်သူကဖြီးရသည်မှာ ဘေးရန်ကင်းလှသည်။ ထင်ရာ စွတ်ကြဲသော်လည်း သူမှမသိပဲ ခေါင်းတညိတ်ညိတ်နှင့် ယုံရသည်သာဖြစ်သည်။

'ဟိုဘက်ဘေးကအခန်းတွေကတော့ စတိုခန်းတွေလေ၊ ဒါပေမဲ့ သူ့ခေတ်နဲ့သူတုန်းက အကျဉ်းသားတစ်ယောက်စီကိုခွဲပြီးချုပ်တဲ့အခန်း၊ နှိပ်စက်တဲ့အခန်း ဖြစ်ချင်ဖြစ်မှာ'

'ဟင်'

တိတ်ဆိတ်လှသောအိမ်ကြီးတွင် နွယ်၏စကားပြောသံကသာ လွှမ်းမိုးနေသည်။ ခြေသံ တဖျပ်ဖျပ်နှင့် စကားသံတိုးတိုးကသာ လွှမ်းမိုးနေလေတော့ ဣန္ဒြေဆောင်ထားသော်လည်း အားငယ်နေဟန်ရှိသည်၊ ခင်သန္တာ ၏အဒေါ် ပိန်ပိန်လေးသည် မျက်နှာငယ်လေးနှင့်ဖြစ်နေသည်။

'အပေါ်ထပ်မှာလည်း အခန်းတွေရှိသေးတယ်၊ လာ မမ၊ ကျွန်မလိုက် ပြမယ်'

နွယ်သည် ကျွန်းပွတ်လုံးတိုင်ကြီးများနှင့် ထည်ဝါသောလှေကားကြီးဆီသို့ ဦးတည်ခေါ်ခဲ့သည်။

www.burmeseclassic.com

'အခန်းကြီးတွေက ကျယ်တယ်နော်'

'ကျယ်တာတော့ မပြောနဲ့မမရေ၊ မမကို ကြိုပြောထားရဦးမယ်၊ အပေါ်က အခန်းတွေကလည်း ကျယ်တာတော့ မပြောပါနဲ့တော့၊ ဒါပေမဲ့'

နွယ်သည် စကားကိုဖြတ်ကာ ခင်သန္တာအား မသိမသာအကဲခတ်ကြည့်လိုက်သည်၊ ခင်သန္တာသည် ချမ်းစိမ့်စိမ့်ဖြစ်လာဟန်နှင့် လက်တွင်ပိုက်ထားသော ဆွယ်တာအပြာလေးကို ပခုံးပေါ် သို့လွှမ်းခြုံလိုက်လေသည်။

'ဒါပေမဲ့ မမရယ်၊ အစ်ကိုက ဒီလိုသရဲခြောက် တစ္ဆေခြောက်ပြီး လူ မလာရဲ မနေရဲတဲ့အိမ်ကြီးသာ အချောင်ရထားတာ၊ နောက်ပိုင်းက ပိုက်ဆံ မတတ်နိုင်တော့ အခန်းတိုင်း အခန်းတိုင်း ဟင်းလင်းပဲ'

'ဘာရယ်ကွယ်'

'သြော် ဘာအိမ်ထောင်ပရိဘောဂမှ မရှိဘူးလို့ပြောတာပါ'

'သြော် သြော်'

'မမကို အစ်မအရင်းလိုခင်လို့ ပြောရဦးမယ်၊ အခု အစ်ကိုမြို့တက်တာတောင် အိမ်ထောင်ပရိဘောဂလေး ဘာလေး ငှားမယ့်လူရှိရင် ငှားရအောင် သွားတာတဲ့'

'ဟင်'

'အပိုင် မဝယ်နိုင်သေးတဲ့အတူတူတော့ အငှားပဲ ငှားထားရမှာပေ့ါ မမရယ်၊ ငှားမယ့်လူရှိရင်ပဲ ကျေးဇူးတင်စရာ ကောင်းလှပါပြီ'

အရိုးခံမျက်နှာလေးနှင့် ရှက်ရွံ့ရွံ့ပြောသောနွယ့်ကို ခင်သန္တာတကယ် ယုံသွားဟန်ရှိသည်။

ခေါင်းတညိတ်ညိတ်နှင့်ညိတ်နေရှာသည်၊ နွယ့်ကိုလည်း အတန်ငယ် ကရုဏာသက်သွားဟန်ရှိသည်။

'ဖြည်းဖြည်းတက် မမ၊ တချို့လှေကားထစ်ကြီးတွေက ချောတယ်၊ တစ်ခါတုန်းက အခစားနောက်ကျတဲ့ မောင်းမတစ်ယောက်ကို စော်ဘွားမင်း

www.burmeseclassic.com

က စိတ်ဆိုးဆိုးနဲ့ ဒီလှေကားက တွန်းချလိုက်ဖူးတယ်တဲ့’

‘ဘုရား ဘုရား ဘာဖြစ်သွားသလဲ’

ခင်သန္တာ၏အဒေါ်သည် ဣန္ဒြေမဆောင်နိုင်တော့၊ လှေကား လက်ရန်းကို ဆုပ်ကိုင်ရင်း တောင့်တောင့်ကြီးဖြစ်သွားသည်။ ခင်သန္တာလည်း မျက်လုံးလေး ပြူးဝိုင်းသွားသည်။

‘အာ ဘာပြောကောင်းမလဲ ဒေါ်ဒေါ်ရယ်၊ ပွဲချင်းပြီးသေတာပေါ့၊ ပွဲချင်းပြီးပေါ့၊ ဦးနှောက်တွေဆို ကြမ်းမှာကြဲကုန်တာပဲတဲ့’

နွယ်သည် ကြက်သီးထဟန်နှင့် ပခုံးလေးကျုံ့ရင်း ပြောလိုက်သည်၊ ကွယ်လွန်သွားရှာသော စော်ဘွားမင်းနှင့် သူ့ဆွေမျိုးများသာ ကြားလျှင် သူတို့နာမည်ကို ဖျက်ကောင်းတိုင်း ဖျက်နေသည့် နွယ့်ကို အစိမ်းလိုက်ဝါးစားချင်ပေလိမ့်မည်။

‘ဘုရား ဘုရား ရင်တုန်လိုက်ပါဘိကွယ်၊ အသည်းထိတ်လိုက်တာ’

‘ဒါကြောင့်လည်း ဒီဘက်ကို လူသွားလူလာနည်းတာကိုး’

‘ကျွိ အိ အိ’

နွယ်သည် ကျွန်းတံခါးကြီးကို တွန်းဖွင့်လိုက်၏၊ ကျပ်နေသဖြင့် တကျွိကျွိမြည်သံသည် စိတ်ချောက်ချားနေသူတို့ကို ပိုမို၍ကြောက်အောင် ခြောက်လိုက်သည်နှင့်ပင် တူနေချေသေးသည်။

‘ဒါကတော့ အိပ်ခန်းပဲဒေါ်ဒေါ်ရဲ့၊ နန်းနွဲ့နဲ့စိုင်းကျော်တို့ကို ဒီအခန်းထဲမှာတင် လက်စတုံးသတ်လိုက်တယ်လို့ တချို့တွေကတော့ ပြောတာပဲ’

‘ဟုတ်လား ဘုရား ဘုရား’

အခန်းထောင့်တွင် ဖျာလိပ်ရှည်ကြီးတစ်လိပ်ကိုသာ ထောင်ထားသော မှောင်ပိန်းပိန်း အခန်းကျယ်ကြီးကိုကြည့်ရင်း ကြောက်လန့်တကြား အော်ဟစ် ငိုယိုကာ အသနားခံနေကြသော ချစ်သူနှစ်ဦးကို မြင်ယောင်လာ

www.burmeseclassic.com

ဟန် ရှိသည်။

'တချို့ရွာက လူတွေပြောတော့ ဒီအခန်းထဲက အော်သံ ရယ်သံ တွေ ကြားရတာတဲ့'

'ဟင် ဘုရား ဘုရား'

'ဟင် ဟစ် ဟစ် ဟီး ဟား ဟား ဟား ဟစ် ဟီး'

'ဟောတော့ ဘာသံလဲ ဘာသံလဲ'

လိုဏ်သံနှင့် ပွဲတင်ထပ်နေသော ရယ်သံလိုလို ငိုသံလိုလို အသံကြီးကြောင့် ခင်သန္တာနှင့်သူ့အဒေါ် နှစ်ဦးလုံး၏ မျက်နှာများဖြူဖျော့ပြီး သွေးဆုတ်သွားကြသည်။

'ဘာသံလဲ ဒေါ်ဒေါ်ရဲ့ ဘာဖြစ်လို့လဲ'

'ရယ်သံကြီးလေ ဟော ဟော'

'အဟစ် ဟစ် ဟစ် ဟီး ဟီး ဟား ဟား'

'ဟော ဟော ကြားလား ကြားလား'

'ဟင့်အင်း ဘာမှလည်း မကြားရပါလား'

နွယ်သည် ရယ်ချင်စိတ်ကိုမျိုသိပ်ရင်း မှင်သေသေနှင့် ဖြေလိုက်သည်။ ဘာသံမှ မကြားရသူလို မျက်စိပေကလပ်ပေကလပ်ဖြစ်နေသည်။ ခေါင်းကိုငဲ့ကာ နားစွင့်သည်၊ ဘာသံဆို ဘာသံကိုမှမကြားရဟု အတည်ပေါက်နှင့်ပြောသည်။ အရှင်း မကြားရ။

'ဘုရား ဘုရား ဘုရားကယ်မပါ'

နွယ်က မကြားဟုဆိုသောအခါမှ သူတို့တူဝရီး ဒူးတုန်လာဟန်ရှိသည်။ အဝေးကလိုလို အနီးကလိုလိုနှင့် မည်သည့်နေရာကမှန်းမသိဘဲ ပွဲတင်ထပ်နေသောအသံကြီးကို သူတို့နှစ်ယောက်ထဲ ကြားနေရပါကလားဟု တွေးမိပြီး အဒေါ်ပိန်ပိန်လေးသည် ဒူးများပင်ယိုင်ညွှတ်နေလေသည်။

'ဘုရား ကယ်မပါ၊ တရားကယ်မပါ၊ ဣတိပိသော ဘဂဝါ

www.burmeseclassic.com

အရဟံ ဟံ ဟံ ဟံ’

နွယ့်လက်ကိုတင်းတင်းဆုပ်ပြီး ဘုရားစာများကို ကပေါက်တိ ကပေါက်ချာရွတ်နေသော အဒေါ်အား နွယ်သည်သနား၍ပင် လာသည်။ သူ့လက်အစုံမှာ အေးစက်တုန်ယင်နေလေသည်။

‘ဟား ဟား ဟား ဟား ဟစ် ဟီး’

‘ဟော ဟော ကလေးမ ကြားလား ကြားလား’

‘အဒေါ်ရယ် ဘာတွေပြောနေတာလဲ၊ ဘာသံကြားနေရလို့လဲ’

နွယ့်အမူအရာကပဲ တကယ်ကောင်းလေသလားမသိ၊ နွယ့်ကို စိုက်ကြည့်နေသော ခင်သန္တာ၏မျက်လုံးလေးများသည်ပင် ပြူးကျယ် ဝိုင်းစက်ပြီး နှုတ်ခမ်းလေးများ တဆတ်ဆတ်တုန်လာသည်။

‘ပြန်စို့ ပြန်စို့ အောက်ထပ်ကို ဆင်း ကြ စို့’

ဒရောသောပါးဆင်းသွားသော သူတို့နောက်သို့ နွယ်လည်း အပြေးအလွှားလိုက်ခဲ့ရသည်။ လှေကားထစ်ပေါင်း ၁၅ ထစ်ခန့်ကို ၅ လှမ်းနှင့် အောက်ထပ်သို့အရောက် ခုန်လွှားပြီး ပေါ့ပေါ့ပါးပါး ဆင်းသွားကြလေသည်။ နွယ်တို့ ထွက်သွားသောအခါမှ ဖျာလိပ်ကြားက စောကြာဒိုးသည် စပ်ဖြီးဖြီးနှင့် ခေါင်းပြူလာလေသည်။ လက်ထဲတွင်လည်း မြေအိုးတစ်လုံး ပိုက်ထားသည်။ အိုးဝတွင် ပါးစပ်တေ့ပြီး ရင်ခေါင်းသံနှင့် ရယ်သည်ပဲ၊ ဘယ်သူ ဘယ်လောက်သတ္တိ ကောင်းကောင်း လိုဏ်သံပေါက်နေသော ရယ်သံကို ကြက်သီးထရမည်ကား အမှန်ပင်။

‘ဖြည်းဖြည်းပေါ့ မမရယ်၊ ဘာဖြစ်လို့ ဒီလောက်တောင် အရင်လို နေရတာလဲ ဒေါ်ဒေါ်ရဲ့’

အောက်ထပ်တွင်ကား ပြန်မည်ဟန်ပြင်နေသော ခင်သန္တာတို့ကို နွယ်က ရှိခိုးဦးတင်တားနေသည်။

‘အစ်ကိုနဲ့တွေ့ဦးမယ်ဆို အစ်ကိုလာမှ ပြန်မယ်ဆို ခဏနေရင်

www.burmeseclassic.com

လာတော့မှာပါ မမရဲ့’

‘မိသန္တာ ညည်းနေချင်နေခဲ့၊ ကျုပ်တော့ပြန်မယ်၊ အခုပြန်မယ် ဘုရားဘုရား ဘယ်လို အိမ်ကြီးပါလိမ့်၊ ဣတိပိသော ဘဂဝါ အရဟံ သမ္မာ သမ္ဗုဒ္ဓေါ’

‘ကဲကွယ် ညီမရယ် ပြန်ဦးမယ်ကွယ်၊ နောက်မှ အေးအေး ဆေးဆေး လာလည်တာပေ့ါ’

‘နောက် လာလည်နော် မမ၊ လမ်းမှာတွေ့ရင် ခေါ်နော်၊ ကျွန်မဆီကို စာရေးပါနော်’

ကားဆီသို့ ခပ်သွက်သွက်လေး ဦးတည်သွားနေသော ခင်သန္တာ၏ဘေးတွင် နွယ်က ခြေကားရား လက်ကားရားနှင့် အပြေးလိုက်ရင်း ရွှန်းရွှန်းဝေအောင် ပြောနေသည်။

‘ပြန်လိုက်ဦးမယ်ကွယ် နောက်ကျရင် မမ စာရေးမှာပေ့ါ’

ခင်သန္တာက နှုတ်ခမ်းလေးများတုန်နေသော်လည်း မချိပြုံးလေးနှင့် နှုတ်ဆက်ရှာသေးသည်။ အဒေါ်ကမူ မျက်လုံးကြီးအပြူးသားနှင့် ဘုရားစာတွေ တောင်တစ်လုံး မြောက်တစ်လုံး စုပေါင်းရွတ်နေလေသည်။

‘သွားမယ် မိန်းကလေး ဘုရား တရားမမေ့နဲ့ ကြားလား၊ ရတနာသုံးပါးကို ကိုးကွယ်ဆည်းကပ် သမ္ဗုဒ္ဓေ ဣတိပိသော သော သော’

ကားကလေးသည် ဝူးကနဲထိုးထွက်သွားသည်။ ဖုန်လုံးများကသာ ဝေ့ကာဝဲကာ ကျန်ရစ်သည်။ နွယ်သည် ကားကလေးခြံဝမှ ထွက်သွားသည် အထိပင် မစောင့်နိုင်။ လှေကားတွင် ဖင်ထိုင်ချလိုက်မိသည်။ ခင်သန္တာတို့သာ နောက်ဘက်သို့ကြည့်လိုက်မည်ဆိုပါက ဗိုက်ကိုလက်နှစ်ဖက်နှင့် နှိပ်ကာ ခွက်ထိုး ခွက်လန်ရယ်နေသောနွယ့်ကို သည်းခြေပျက်သွားရှာသည်ဟု ထင်သွားမည်သာ ဖြစ်၏။

ရယ်မောသံများနှင့်အတူ တဝုန်းဝုန်းပြေးဆင်းလာသံများကို ကြား

www.burmeseclassic.com

ရသည်။

မြေအိုးကြီးကို မြှောက်ကိုင်ထားသော စောကြာဒိုး။

ဘယ်ကဘယ်လိုရလာသည်မသိသော ဆိတ်ရိုး၊ အမဲရိုးတစ်ပွေ့ တစ်ပိုက်ကြီးနှင့် ဖိုးသံချောင်း။

သူတို့နောက်တွင်ကား သင်တိုင်းရှည်ဖားဖားကြီးနှင့် မခမ်းလုံး။

စောကြာဒိုးတို့လက်စွမ်းပြထားကြသည်ထင်သည်။ တစ်မျက်နှာလုံး မျက်စိပေါက်နှစ်ကွင်းနှင့် ပါးစပ်နေရာမှလွဲ၍ အိုးမဲတွေနှင့်ပြောင်လက်မည်းနက်နေသည်။ ကြက်တောင်ခွလေးနှစ်ဖက်ကိုစည်းကာ ဆိတ်ရိုးနှစ်ချောင်းကို ဆံပင်ကြားတွင်ညှပ်ထားလိုက်သေးသည်။

စောကြာဒိုး၏ရယ်သံနှင့်ပင် တစ်ချိတည်းတန်းပြီးပြေးကြသော ခင်သန္တာတို့တစ်တွေ၊ မခမ်းလုံး၏ ‘တစ္ဆေမှင်စာအမဲခြောက်ဖုတ်အက’ကိုသာ တွေ့ရလျှင် သွေးများပျက်သွားလေမည်လားမသိ။

*

ကိုမြင့်နိုင်သည် တဂျိုင်းဂျိုင်းဆောင့်နေသော ကားရှေ့ခန်းဝယ် ငေးငေး မောမောနှင့်ပါလာသည်။ ကိစ္စက ဒီလောက်မြန်မြန်ကြီးပင် ပြီးလိမ့်မည်မထင်။ ထမင်းစား စားပွဲတစ်လုံးနှင့် ကုလားထိုင်ငါးလုံးကို အလွယ်တကူပင် ဝယ်ယူရရှိခဲ့သည်။ သက်အောင်သာရောက်လာလျှင် ဟန်ကျပန်ကျ ထမင်းစားနိုင်ပြီဖြစ်သည်။ ကို မြင့်နိုင် ခါတိုင်းစားနေသလို အုတ်ခဲဖင်ခုထိုင်ပြီး ပန်းကန်ထဲရှိသမျှ ဟင်းတွေ ပုံထည့်ကာ စားရမည်မဟုတ်တော့ချေ။ ခင်သန္တာ လာမည်ဆိုပါကလည်း လက်ဖက်ရည်ပွဲလေးတော့ ကောင်းကောင်းတည်ခင်းနိုင်ပေပြီ။

လမ်းဘေးတွင် နှင်းဆီရိုင်းနွယ်များက မြေတွင်ဝပ်ကာ တွယ်ကပ်ပေါက်နေကြသည်။ ပန်းရင့်ရောင်ရဲရဲနှင်းဆီအအုပ်အခိုင်များသည် နေရောင်

ဝယ် ရှုန်းနေသည်။

ပန်းခိုင်များကိုမြင်တော့မှ ပန်းအိုးဝယ်ရန်သတိရလာသည်။ ဘုရားပန်းအိုး ကောင်းကောင်းဝယ်ရန် ဂျစ်တူးလေးပြောဖူးသည်။ ကိုမြင့်နိုင်အိမ်ရှိ ဒက္ခိဏာသာခါကိုယ်တော်မှာ စည်းစိမ်မရှိ ဆင်းရဲရှာလေသည်။ ပန်းကလေးတစ်ပွင့်မှ အကပ်အလှူမခံရ၊ ဆွမ်းကလေးတစ်ပွဲမှလည်း ရောက်မလာ။ လူရည်ချွန် နို့မှုန့်ပုံးပေါ်တွင် ငြိမ်ငြိမ်ကလေး စံပယ်နေရသည်မှာ ကိုမြင့်နိုင်ပန်လွယ်ရောက်ကတည်းက ဖြစ်လေသည်။ တစ်ခါတစ်ရံတွင်တော့ ဂျစ်တူးသည် ဘယ်က ဘယ်လိုခူးလာမှန်းမသိသော တောပန်းများကို သောက်ရေခွက်ကြီးနှင့်ထည့်ပြီး ကပ်လှူထားတတ်လေသည်။

'ဆရာ ဘယ်မှာနားဦးမလဲ ဆရာ၊ ပန်လွယ်ကို တိုက်ရိုက်ပဲလား'

'အေးကွာ တိုက်ရိုက်သာမောင်း'

ကိုမြင့်နိုင်သည် လက်မှနာရီကိုငုံ့ကြည့်ရင်း ပြောလိုက်သည်။ နေ့ခင်း နှစ်နာရီခွဲပင်ကျော်နေချေပြီ၊ ကိုမြင့်နိုင် ပန်လွယ်ရောက်လျှင် သုံးနာရီကျော်ကျော်လောက်ဖြစ်ပေမည်။ နောက်ထပ် နာရီဝက်သာသာခန့် စီးရပေဦးမည်။

ဒီအချိန်လောက်ဆိုရင် အိမ်မှာ ဂျစ်တူးတို့တစ်တွေ ဘာများလုပ်နေကြသည်မသိ။ စိတ်ရှိလျှင် သုံးယောက်လုံး မမောမပန်းလုပ်လည်း လုပ်နိုင်ကြသည်။ တစ်ခါတစ်ရံတော့လည်း ပန်လွယ်ချောင်းဘေးက ထင်းရှူးရိပ်တွင် သွားအိပ်ချင်လျှင် အိပ်နေတတ်သည်။ ယခုလည်း မြက်တွေကိုပဲ တပင်တပန်း ဆွဲနုတ်နေကြမလား၊ အားလုံးတညီတည်း အိပ်ပဲပျော်နေကြမလား အသေအချာ မပြောနိုင်။

'ဆရာက လူသစ်ထင်တယ်'

'ဆိုပါတော့ဗျာ'

ကားသမားသည် နယ်မြေကျွမ်းပုံရသည်။ ကိုမြင့်နိုင်ကို ပန်လွယ်

www.burmeseclassic.com

သား မပဟုတ်မှန်း တန်းသိသည်။ ကိုမြင့်နိုင်က အတွေးကောင်းနေတုန်း စကားမရှည်ချင်သည့်အတွက် စကားကိုဖြတ်ကာ မျက်စိစုံမှိတ်ရင်း ငိုက်နေလိုက်သည်။

ဒီလိုဆိုပြန်တော့ ဂျစ်တူး၏ဖြူဝင်းသော မျက်နှာငယ်နုနုလေးကို မြင်ယောင်လာပြန်သည်။ နှင်းဆီပန်းမရ၍ နှုတ်ခမ်းတစူစူ၊ မျက်စောင်းတထိုးထိုး ဖြစ်နေသောဟန်ကလေးကို မြင်ယောင်ရင်း ပြုံးတုံ့ပြုံးယောင် ဖြစ်သွားလေသည်။ အခုနေဆိုလျှင် နှင်းဆီပန်းကြီးကို ခိုးယူပြီးပန်ဆင်နေလောက်ပြီ ထင်သည်၊ ခိုးမည်ဆိုလျှင် တကယ်ခိုးမည့် သူငယ်မလေး ဖြစ်သည်။

ဒီနေ့များ တိုက်တိုက်ဆိုင်ဆိုင် ခင်သန္တာ ပန်လွယ်ရောက်လာလျှင် မည်ကဲ့သို့ နေမည်မသိ။ စောကြာဒိုး၊ ဖိုးသံချောင်း၊ ဂျစ်တူးဟူသည့်လူကြီးလူကောင်းကလေးသုံးဦးသည် ခင်သန္တာကို မည်ကဲ့သို့ဧည့်ခံကြလေမည်မသိ ချေ။

'ဟာ ဒီကားဟာ အရမ်း တယ်လေ'

ကျွိကနဲ အုပ်လိုက်သောဘရိတ်သံကြောင့် ကိုမြင့်နိုင်သည် အလန့်တကြားဖြစ်သွားသည်။ ကိုမြင့်နိုင်တို့၏ကုန်တင်ကားနှင့် ခေါင်းချင်းတေ့လုနီးပါးဖြစ်နေသော ကားပြာလေးတစ်စင်းကိုတွေ့ရသည်၊ ကားမောင်းသူကိုကြည့်မိတော့။

'ဟောဗျ သန္တာ'

ကိုမြင့်နိုင်သည် ကားပေါ်မှအလောသုံးဆယ်ခုန်ဆင်းလိုက်သည်၊ ကားမောင်းသမား ဗျစ်တောက်ဗျစ်တောက်ပြောနေသည်ကိုပင် အရေးမထားမိတော့ချေ။

'ဟင် ကိုမြင့်နိုင်'

ခင်သန္တာကလည်း ကိုမြင့်နိုင်ကိုကြည့်ကာ အံ့သြသွားပုံရသည်။

www.burmeseclassic.com

နဖူးတွင်စို့နေသော ချွေးပေါက်ကလေးများကိုသုတ်ကာ ယောင်ကန်းကန်းလေး ဖြစ်နေသည်။

'ဘယ်ကလာတာလဲသန္တာ၊ ဘယ်ကိုသွားမှာလဲ၊ အခုဘယ်လိုဖြစ်တာလဲ'

'ဟို ပန်လွယ်က လာတာလေ'

'ဟာ'

ခင်သန္တာ၏ ဘေးတွင် အဒေါ်ကြီးတစ်ယောက်က ပြူးကြောင်ကြောင် ထိုင်နေလေသည်၊ လက်ထဲတွင်လည်း စိပ်ပုတီးကြီးနှင့် တဂျောက်ဂျောက်စိပ်နေ၏။

'ဪ မောင်မြင့်နိုင်ဆိုတာ မောင်ရင်လား'

'ဟုတ် ကဲ့'

'မောင်ရင့်ညီမလေးကို ဒီလိုအိမ်ကြီးမှာ တစ်ယောက်တည်း တစ်ယောက်တည်းထားပြီး မသွားပါနဲ့'

'ခင်ဗျာ ကျွန်တော့ညီမ'

'ဟုတ်တယ်လေ၊ သန္တာတို့ ကိုမြင့်နိုင်ရဲ့ညီမလေးနဲ့တွေ့ခဲ့ကြတာ၊ ဒီလို အိမ်ကြီးမှာ မိန်းကလေးတစ်ယောက်တည်းနေရင် သွေးပျက်လိမ့်မယ်'

'ဟောဗျ'

ခင်သန္တာသည် အူကြောင်ကြောင်ဖြစ်နေသော ကိုမြင့်နိုင်ကို ခပ်တည် တည်စိုက်ကြည့်မိသည်။ သူ့အိမ် သရဲခြောက်မှန်းမသိစေချင်၍ ဟန်ဆောင်နေသည်ဟုသာ အထင်ရောက်မိလေသည်။ ကားကို နောက်ဘက်သို့ ဆုတ်ကာ ဂီယာသွင်းလိုက်သည်။

'သွားမယ် ကိုမြင့်နိုင်၊ နောက်မှတွေ့ကြသေးတာပေါ့၊ စားပွဲတွေ ကုလားထိုင်တွေလည်း အပြီးဝယ်တာပဲကောင်းမယ် ထင်တယ်၊ လူအထင်ကြီးအောင် ငှားထားတာမျိုးကတော့ ဘယ်ကောင်းပါ့မလဲ'

www.burmeseclassic.com

'အယ် အယ်'

ကားကလေးသည်ဗူးကနဲကွေ့၍ထွက်သွားသည်။ကိုမြင့်နိုင်သည် တဖြည်းဖြည်းဝေးသွားသော ကားပြာလေးကို အငေးသားကြည့်ရင်း ကျန်ခဲ့သည်။ သူ၏အောက်မေးသည် အပေါ်မှပြုတ်ကျနေသည်။ ဘာဆို ဘာမှ နားမလည်နိုင်၊ ပဟေဠိဝှက်တမ်းကစားနေသည်နှင့်တော့ တူနေချေပြီ။

*

ရယ်သံများက ဆူညံနေသည်။ ဘာကို ဘယ်လိုသဘောကျနေကြသည် မသိ၊ တဝါးဝါး တဟားဟားရယ်နေကြလေသည်။

ကိုမြင့်နိုင်သည် အိမ်ဝတွင်ရပ်ရင်း အကဲခတ်နေမိသည်။

'ဟာ ဟာ ဟ ဘာလေးလဲ'

ငြိမ်ငြိမ်တိတ်တိတ်ရပ်ရင်း အကဲခတ်နေသော ကိုမြင့်နိုင်သည် နောက်ဖေးဘက်မှ ထွက်လာသော မည်းမည်းလုံးလုံးသတ္တဝါလေးကို ကြည့်ရင်း ပါးစပ် အဟောင်းသား ဖြစ်သွားလေသည်။ တစ်ကိုယ်လုံး မည်းပြောင်ကာ မျက်စိပေါက် နှစ်ကွင်းနေရာတွင်သာ မျောက်မျက်ကွင်းဖြူလို အဖြူကွင်းကြီးဖြစ်နေသော သတ္တဝါလေးကို ဘာသတ္တဝါမှန်းပင် မခွဲခြားတတ်တော့၊ ကြက်တောင်စည်း နှစ်ဖက်စည်းပြီး အရိုးနှစ်ချောင်းကို ခေါင်းပေါ်တွင်ထိုးထားလိုက်သည်။ ပါးစပ် ကလေး ဟပြဲ ဟပြဲနှင့် လက်ကလေး ကောက်လိုက်၊ ခြေထောက်ကလေး ဆတ်လိုက်နှင့် အမဲခြောက်ဖုတ်လို ကနေသော မည်းနက်နက်တစ္ဆေလေးကိုကြည့်ရင်း ကိုမြင့်နိုင်သည် လိပ်ပြာပင် လွင့်ချင်လာသည်။

'ဟယ် ဟယ် ဟယ် ဟယ် တော့'

မျက်လုံးအပြူးသား ပါးစပ်အဟောင်းသားနှင့် တောင့်တောင့်ကြီး ရပ် နေသော ကိုမြင့်နိုင်ကို မှင်စာလေးကတွေ့သွားသည်။

www.burmeseclassic.com

တစ္ဆေက လူကို လန့်သွားသည်ထင်သည်။ အလန့်တကြား ထခုန်ကာ လူလိုအော်လေသည်။ တရွတ်ဆွဲနေသော သင်တိုင်းရှည်ကြီး ဆွဲမကာ ဒရောသောပါး ဝင်ပြေးသွားလေတော့သည်။

'အစ်မရေ အစ်မရ ဦးဆိုးပေရောက်နေပြီ ဟီး အိမ်ရှေ့မှာ ဦးဆိုးပေကြီးရယ်'

'ဟောဗျာ အဲဒါ မခမ်းလုံအသံ'

တစ္ဆေက မခမ်းလုံအသံနှင့်အော်လေသောအခါမှ ကိုမြင့်နိုင်သည် သက်ပြင်းကြီး ဟင်းကနဲချမိလေတော့သည်။ တစ်အိမ်လုံးတော့ ပြောင်းဆန်နေပြီ ထင်သည်၊ ဘာတွေဘယ်လိုဖြစ်နေမည် မသိရသေး၊ မီးဖိုခန်းဘက်ကို ခြေလှမ်းကျဲကြီးနှင့်လျှောက်လာသည်။

မီးဖိုထဲတွင် ပရိသတ်အားလုံး စုံစုံညီညီ တွေ့ရလေသည်။ စောကြာဒိုး၊ ဖိုးသံချောင်းနှင့်ဂျစ်တူးတို့သုံးဦးသား တောင့်တောင့်ကလေးတွေ ရပ်နေကြသည်။ ဆိုးထုပ် ဆိုးထည်နှင့် အမိခံရသူလို မျက်လုံးလေးတွေ ဝိုင်းနေကြသည်။ သူတို့၏နောက်ဘက်တွင်ကား ကိုမြင့်နိုင် လိပ်ပြာစဉ်လုနီး ဖြစ်ခဲ့ရသော မှင်စာကလေးသည် ပုနေ၏။ ဂျစ်တူး၏ထဘီစကိုဆွဲကာ ကွယ်ထားသည်။ မည်းပြောင်ပြောင် ဦးခေါင်းကလေးကတော့ ဖုံး၍မလုံ ပေါ်ထွက်နေသည်။ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြစ်နေသော မျက်နှာပြည့်ပြည့် ဝိုင်းဝိုင်းလေးကို သေချာမြင်သောအခါ မခမ်းလုံ၏ရုပ်ကို မနည်းဖမ်းယူ၍ ရခြင်းဖြစ်၏။

'အဟဲ အစောကြီး ပြန်လာတယ်နော်'

သူတို့သည် တစ်ဦးကိုတစ်ဦး ခပ်ကြောင်ကြောင် ကြည့်နေမိကြပြီးမှ ဂျစ်တူးက ရယ်ကျဲကျဲလေးနှင့်စ၍နှုတ်ဆက်လေသည်။

'အေး အစောကြီး ပြန်လာတယ်'

သူက တည်တည်ကြီးပြန်ပြောလိုက်သည်။ စောကြာဒိုးတို့သည်

လှုပ်ပင် မလှုပ်ကြ၊ အသက်မှ ရှူရဲရဲ့လားမသိ၊ ငြိမ်ငြိမ်တောင့်တောင့်ကြီး ရပ်နေကြသည်။ ဂျစ်တူးလေးသည် ခေါင်းကို တစ်ချက်ကုတ်လိုက်လေသည်။

'တကယ့်ကို စောတာ အစောကြီးရယ်'

'ဒီတော့ ဘာဖြစ်လဲ'

'ဟင် ဘာမှဖြစ်ပါဘူး အဟဲ'

ကိုမြင့်နိုင်သည် အူလည်လည်လုပ်နေသော မိန်းကလေးကို စိတ်မရှည်နိုင်တော့ချေ။ တစ်စုံတစ်ခုတော့ ဖြစ်ခဲ့ရိုးအမှန်၊ အပြစ်မကင်းသည့်အမှု တစ်စုံတစ်ခုကိုကား ဒီလူစုသည် ကျူးလွန်ထားရမည်မှာ ဧကန်ဖြစ်ရမည်။

'ကဲ ဘယ်မလဲ ငါ့ညီမ'

'အယ်'

'ပြောလေ ခင်သန္တာတို့တွေ့ခဲ့တဲ့ ငါ့ညီမဆိုတာ ဘယ်မှာတုံး ဘယ်သူတုံး'

'ဟော တော့'

နွယ်သည် အရှင်လတ်လတ် မြေမြှုပ်ချင်စိတ်ပင်ပေါက်သွားလေသည်။ ရှိန်ဆာယာပိုမောက်၍ ကိုယ်ဖျောက်နိုင်လျှင်လည်း ကိုယ်ဖျောက်ပြီး ထွက်ပြေးလိုက်ချင်သည်။ သူများကိစ္စတွင် ကန့်လန့် ကန့်လန့်ဝင်ရှုပ်သည့် မိန္ဒယ်နွယ် အပြေးကောင်းလျှင် ပြေးပေတော့၊ ဒါမှမဟုတ်လျှင် သုံးဆယ့်နှစ်ချောင်းပင် မစုံသေးသော ရှိုစုမဲ့စုသွားလေးနှစ်ဆယ့်ရှစ်ချောင်း ကျွတ်ထွက်အောင် ဆော်ခံနေရဦးမည်။

'ဟော့ ဒါက ဘယ်လဲ ဘယ်မှ လစ်မထွက်နဲ့နော်'

မျက်စိမျက်နှာအပျက်ကြီးပျက်သွားသော နွယ့်ကိုကြည့်ရင်း ကိုမြင့်နိုင်သည် တရားခံကို တန်းပြီးသိလိုက်လေသည်။ ဒီသူငယ်မလေး တစ်ခါမှ ဒီလောက် မျက်စိမျက်နှာ မပျက်ခဲ့ဖူးသေးချေ။

www.burmeseclassic.com

'မခမ်းလုံ လာခဲ့စမ်း ခေါင်းပုမနေနဲ့ ထွက်ခဲ့စမ်း'

နွယ်၏နောက်ဘက်တွင် ငုံ့လျှိုးလျှိုးလေးရပ်နေသော မခမ်းလုံသည် ကိုမြင့်နိုင်၏ခေါ်သံကြားသောအခါ မလွန်ဆန်ရဲရှာချေ။ ခေါင်းကလေး ငုံ့ရင်း ကြောက်ဆုတ်ဆုတ်နှင့်ထွက်လာသည်။ သာမန်အချိန်တွင်ဆိုပါက ရုပ်ပျက် ဆင်းပျက်နှင့် မှင်စာရုပ်ပေါက်နေရှာသော မခမ်းလုံလေးကို ကြည့်ကာ အူတက်အောင် ရယ်မိမည်ဖြစ်သည်။ ခုတော့ မရယ်နိုင်သေးချေ။ သင်တိုင်းရှည်ကြီး တရွတ်ဆွဲရင်း ဆုတ်ကန်ကန်ဖြစ်နေသည့် မခမ်းလုံကို ရှေ့ဘက်ဆွဲခေါ်လိုက် သည်။

'ကဲ ခမ်းလုံမလေး ပြောစမ်း၊ မင်းကလေးက မလိမ်တတ်ဘူး၊ အမှန်အတိုင်းပြောတတ်တယ်၊ ပြောစမ်း ဒါက ဘယ်လိုဖြစ်နေတာလဲ၊ အိုးမဲတွေက ဘယ်သူသုတ်ပေးတာလဲ၊ ဒီအင်္ကျီတရွတ်ဆွဲကြီးက ဘယ်သူဝတ်ပေးတာလဲ'

မခမ်းလုံသည် ငိုမဲ့မဲ့လေးနှင့် ဖိုးသံချောင်းတို့ကို လက်ညှိုးထိုးပြသည်။

'ဘာဖြစ်လို့ ဝတ်ရတာလဲ ပြောစမ်း ပြောစမ်း'

မခမ်းလုံသည် နွယ့်ကို အားကိုးတကြီးလှမ်းကြည့်သည်၊ နွယ်သည် စိတ်ပျက်အားလျော့စွာ နံရံကိုမှီချလိုက်လေသည်။ အကုန်လုံးတော့ ဘူးပေါ်သလို ပေါ်တော့မည်ဖြစ်သည်။ ကိုယ့်အပြစ်နှင့်ကိုယ် ခံပေတော့ မိနန်းနွယ်ဟု အရီး နန်းမြ လေသံနှင့်ပင် ညည်းလိုက်ချင်တော့သည်။

'ပြောပြလိုက် မခမ်းလုံ ပြောပြလိုက်'

မျက်လုံးကလေး ကလယ်ကလယ်ဖြစ်နေသော မခမ်းလုံကို နွယ်သည် အသာတကြည် ခွင့်ပေးလိုက်လေသည်။

နွယ်သည် ကိုမြင့်နိုင်၏မျက်နှာကို ရင်ဆိုင်မကြည့်ရဲချေ၊ မျက်လွှာကို ချရင်း ကြမ်းပြင်ကိုသာ စိုက်ကြည့်နေသည်။

www.burmeseclassic.com

'ဂျစ်တူးရယ် ပြောစမ်းပါ။ ဘာလို့ ဒီလိုလိုက်လုပ်ရတာလဲ၊ ဘာဖြစ်လို့ လဲ'

ကိုမြင့်နိုင်က တတွတ်တွတ်မေးနေသည်။ နွယ်တစ်ကိုယ်လုံး ချွေးစေးများ ပြန်နေသည်။ နွယ့်နဖူးဝယ် ချွေးပေါက်ကလေးများ သီးနေလေသည်။ ဘယ်လို အဖြေပေးရမည်ကို မသိနိုင်အောင်ရှိတော့သည်။

'ဟို ဟို ခင်သန္တာကို မယုံလို့'

'မယုံလို့ ဟုတ်လား'

'ဟုတ်တယ် သူ့ကိုမယုံဘူး'

'ဘာကိုမယုံတာလဲ၊ ဘာဖြစ်လို့ မယုံတာလဲ၊ ဘာကြောင့် မယုံတာလဲ'

ကိုမြင့်နိုင်က ဆင့်ကဲဆင့်ကဲ မေးသည်၊ မျက်လွှာချထားသော နွယ့်မျက်လုံးများကို အသေအချာ စူးစိုက်အကဲခတ်နေသည်။ နွယ်ထင်သလောက် ဦးဆိုးပေ ဒေါသတကြီးမဖြစ်၍ နွယ်အတော်ပင် အံ့သြနေမိသေးသည်။

'ဘာကို မယုံတာလဲဆိုတော့ အားလုံးကို မယုံတာ၊ သူ့စိတ်ထားကို မယုံဘူး၊ သူ့အပြုအမူကို မယုံဘူး'

'ဟော ဗျာ'

'ဦးဆိုးပေကို အကြောင်းတစ်ခုခုကြောင့် အရေးတယူလုပ်လာတာ ပဲလို့ ထင်လို့ပြောပစ်တာ၊ သူကမေးတယ် ကိုမြင့်နိုင်မှာ အမွေသုံးသိန်း ရထားတယ် မဟုတ်လားတဲ့'

'ဒီတော့'

'ဒီတော့ မဟုတ်ပါဘူး၊ ဘိုင်သမားပါ၊ လူမွဲပါ၊ စားပွဲ ကုလားထိုင်တောင် မဝယ်နိုင်ပါဘူးလို့ ပြောလိုက်တာပေါ့၊ လူဆင်းရဲပါလို့ ပြောလိုက်တာပေါ့'

'အဲ ဗျ'

နွယ်သည် စိတ်လိုက်မာန်ပါ ပြောလိုက်ပြီးမှ သူ့ကိုအသေအချာစူး စိုက်ကြည့်နေသော ကိုမြင့်နိုင်ကို သတိထားမိကာ မျက်လွှာချလိုက်သည်။ ဘာဆက်ပြောရမည်မသိဘဲ ယောင်တောင်တောင်ဖြစ်သွားသည်။

'ကဲ ဒါကထားပါဦး၊ ငါ့ကိုလူမွဲလို့ပြောရုံနဲ့ အားမရလို့ ဒီအိမ်ကြီးကို သရဲတွေသောင်းကျန်းတဲ့အိမ်ကြီးဖြစ်အောင် လုပ်ပစ်တာပေ့ါ၊ ဟုတ်လား ဂျစ်တူး၊ ခင်သန္တာတို့တစ်တွေကို ကဆုန်ပေါက်ပြေးကြအောင် လုပ်တာပေ့ါ ဟုတ်လား'

'အို ဒါကတော့ ဒါကတော့ သူတို့တွေ ကြာကြာနေရင် ဦးဆိုးပေနဲ့ တွေ့သွားမှာကိုး၊ ဒီတော့ အလိမ်ပေါ်ကုန်မှာပေ့ါ'

'အဲ'

'အလိမ်ပေါ်မှာစိုးလို့ ဦးဆိုးပေမလာခင် မြန်မြန်ပြန်အောင်လို့ ခြောက်လှတ်တာ ခြောက်လှတ်ရတာ၊ ကဲ သိပလား၊ သိပလား'

နွယ်သည် စူအောင့်အောင့်လေး ပြောလိုက်သည်။ ထို့နောက် ကုလားထိုင်နောက်မှီကို ကြော့ကြော့လေး မှီထိုင်လိုက်သည်။ ဦးဆိုးပေဆိုသည့် လူကြီးက နွယ့်ကို နားရင်းပဲတီးမလား၊ ခေါင်းပဲထုမလား၊ အိမ်အပြင်ကို ကုလားထိုင်ရော လူရောရောက်သွားအောင်ဆောင့်၍ပဲ ကန်လိုက်မလား ဟု တွေးရင်း စိတ်ကိုလျှော့ထားသည်။ ကုလားထိုင်လက်ရန်းလေးကို တင်းတင်း ဆုပ်ကိုင်ပြီး အံကလေး မသိမသာခဲထားမိသည်။ လုပ်ချင်ရာလုပ်ပေတော့ နွယ်ကတော့ ခံရန် အသင့်ပင်ဖြစ်၏။ သူတို့နှစ်ဦးကြားတွင် ဝင်၍ ရှုပ်မိသည်ကိုး၊ ပြည်ပန်းညို ချိုချင်ပါလျက် ဆားက ဖျက်မိပေတာကိုး။

နောက်များတော့ တော်ပြီ မိရွှေနွယ် ပါးပြီ သူများကြားတွင် ဘယ်တော့မှ မဝင်တော့ပြီ၊ မနိုင်သောဇာတ်ကို မကတော့ပြီ။ မည်သူကမှလည်း ကျေးဇူးတင်သည်မဟုတ်၊ မျက်နှာရသည်လည်း မဟုတ်၊ မနိုင်မနင်းကြီးနှင့်

www.burmeseclassic.com

ပေါ်သွားတော့ အကျိုးမနည်းပေဘူးလား။ နွယ်သည် ကြမ်းပြင်ကို စူးစိုက်ကြည့်ရင်း အံကို ခဲထားသည်။

'ဆိုပါတော့ ဂျစ်တူးရယ်၊ ခင်သန္တာပြောသလို ငါဟာတကယ်ပဲ အမွေတွေ ရတယ်ဆိုပါတော့၊ ခင်သန္တာကလည်း အမွေတွေကိုမြင်လို့ ငါ့လိုကောင်ကို အရေးတယူဖြစ်လာတယ်ဆိုပါတော့၊ မင်းကဘာဖြစ်လို့ မခံချင်ဖြစ်ရတာလဲဟင်၊ ဘာဖြစ်လို့လဲ'

နွယ်မျှော်လင့်ထားသလို ဒေါသတကြီးထအော်သံမကြားရဘဲ ညင်သာစွာမေးလိုက်သောအသံကြောင့် ဆတ်ကနဲတုန်လှုပ်သွားသည်။ နွယ့်မျက်လုံးထဲ မီးပွင့်သွားအောင် တစ်ချက်လောက် အော်လိုက်ခြင်းဖြစ်ပါကလည်း နွယ် ဒီလောက် အံ့သြလိမ့်မည်မဟုတ်ချေ၊ တုန်လှုပ်လိမ့်မည် မဟုတ်ချေ။

'ငါ့ဘက်က ဘာလို့တွေးပြီး နာနေရတာလဲဟင်၊ ဘာလို့ ဒီလောက် စေတနာထားရတာလဲ မိန်းကလေးရယ်၊ မင်းကိုယ်မင်း ပြန်မေးကြည့်ပါဦး ပြောစမ်းပါဦး'

ဦးဆိုးပေ၏အသံသည် ထူးထူးခြားခြား နူးညံ့လှသည်၊ တိုးတိတ်ညင်သာလှသည်၊ မျက်လုံးအစုံသည် ကြင်နာရိပ်လွှမ်းနေသည်၊ မေတ္တာရိပ်ငွေ့ဝဲနေသည်။ နွယ်သည် သူ့ကိုအုပ်မိုးကြည့်နေသော ဦးဆိုးပေကို မော့ကြည့်ရင်း မလှုပ်နိုင် မယှက်နိုင် မှင်တက်မိနေရှာလေသည်။

'စကားမပြောတော့ဘူးလားကွယ် ပြောစမ်းပါဦး'

မိန္ဒနွယ် စကားအိုးမလေးသည် ဘာစကားမှပြော၍ မထွက်တော့ချေ၊ တစ်ကိုယ်လုံး အကြောအခြင်တွေဆိုင်းကာ မူးမူးဝေဝေဖြစ်နေသည်၊ နွေခေါင်ခေါင် မိုးကြိုးပစ်သည်ဟုဆိုလျှင်ပင် နွယ် ဒီလောက် အံ့သြတုန်လှုပ်လိမ့်မည် မဟုတ်ချေ။

'ဟေး ဖိုးမြင့်နိုင် မြင့်နိုင်ဆိုတဲ့ အကောင်ကြီး၊ မင်းဆရာ ကြွလာပြီ

www.burmeseclassic.com

လေကွာ၊ ထွက်ကြိုစမ်း၊ ကြိုစမ်းပါဟ'

အိမ်အပြင်ဘက်မှ မောင်းကွဲကြီးထုသလို အော်လိုက်သောအသံကြောင့် နွယ်ရော ကိုမြင့်နိုင်ပါ အတုန်တုန် အလှုပ်လှုပ်ဖြစ်သွားလေသည်။

အိမ်ပေါက်ဝတွင်ကား ဘောင်းဘီရှည်ကို ခြေသလုံးအထိ ပင့်လိပ်ပြီး ဝတ်ထားသော လူတစ်ယောက်၊ ဖုန်အလိမ်းလိမ်းကပ်နေသော တောစီးဖိနပ်ကြီးကို မချွတ်ဘဲ အိမ်ပေါ်သို့ ဝုန်းဝုန်းဒိုင်းဒိုင်းနှင့်တက်လာလေသည်။ ဧည့်ခန်းထဲမှ ထွက်လာသော ကိုမြင့်နိုင်နှင့် အခန်းဝတွင်ဆုံသောအခါ ကိုမြင့်နိုင်၏ကျောကို အုန်းကနဲ တစ်ချက်တီးလိုက်သည်။

'ဟာ သက်အောင် သူငယ်ချင်း၊ ကြည့်စမ်းကွာ၊ မင်းနှယ် စာမပေး ဘာမပေး ငါ မျှော်နေတာ ကြာလှပြီကွ'

'မင်းဘိုးအေမှပဲ၊ မင်းအိမ်လာတာ စာပေးရဦးမှာလား၊ ဟား ဟား မင်းကိုတော့ ပြောရဦးမယ်၊ ရန်ကုန်မှာတော့ မင်းသတင်း ကြီးတယ်မောင်၊ အမွေတွေ တစ်ပုံတစ်ခေါင်းကြီးရတယ်ဆိုပြီး ငါက ဝါဒလျှောက်ဖြန့်ထားတာ၊ ငမွဲ သိန်းအောင်ကတောင် မင်းဆီမှာ ပိုက်ဆံလာချေးဦးမလို့ လုပ်နေတယ်'

'ခွေးသား လက်စသတ်တော့ မင်းလက်ချက်ကိုး'

ကိုမြင့်နိုင်သည် ပင်မတရားခံကို ခုမှပင်တွေ့မိပြီး သူငယ်ချင်းဖြစ်သူ၏ဗိုက်ကို မနာအောင် လေးငါးချက် ဆင့်ထိုးပစ်လိုက်လေသည်။

နွယ်သည် အခန်းဝတွင် ဝရုန်းသုန်းကားဖြစ်နေကြသော သူငယ်ချင်း နှစ်ဦးကိုကြည့်ရင်း အာစေးထည့်ထားသလို ဖြစ်နေ၏။ ဝမ်းသာရမလား ဝမ်းနည်းရမလားပင်မသိ။ နွယ် ထွက်ပြေးရအောင်ကလည်း ပြတင်းပေါက်က ခုန်ချရုံသာ ရှိတော့မည်။ ရင်ထဲတွင်လည်း တဒိတ်ဒိတ်ခုန်နေသည်။ ကုလားထိုင် လက်ရန်းကိုသာ ကယောင်ကတမ်း ဆုပ်ထားမိသည်။

'ဟား ဟား ဟား မင်းကလည်း အထင်ကြီးခံရ နည်းသလားကွ၊

www.burmeseclassic.com

ဟား ဟား ဟေး ဟေး ဟေး ဟော မိနွယ် ညီမလေး’

‘အစ်ကိုအောင်’

နွယ်သည် ကြောင်တက်တက်လေး ပြန်ခေါ်လိုက်မိသည်။ နွယ်၏ အစ်ကိုအောင်သည် ဦးဆိုးပေနှင့် ဒီမျှခင်သည်ဆိုတာကို နွယ်အရင်တုန်းက မသိခဲ့၊ နည်းနည်းမှမသိခဲ့။

‘ဟ ညီမလေး၊ အောင်မယ် နင်က မြင့်နိုင်နဲ့သိပြီးသားကိုး၊ ဟော့ကောင် မြင့်နိုင်၊ မင်းက ငါ့ညီမနဲ့ဘယ်တုန်းက အသိဖြစ်လိုက်တာလဲ၊ အတော်ပိုင်တဲ့ ကောင် ဟား ဟား’

အစ်ကိုအောင်သည် သူ့ဟန်အတိုင်း တဟားဟားရယ်ကာ နွယ့်ဆီသို့ ခြေလှမ်းကျဲကြီးနှင့်လျှောက်လာသည်။ ကိုမြင့်နိုင်သည် နားမလည်နိုင်သလို အူကြောင်ကြောင်ဖြစ်နေသည်။

‘မိနွယ် နင့်ကို ဒေါ်ဒေါ်နုတို့က ပြန်လာစေချင်လှပြီဟ၊ ကျောင်းတွေလည်း ဖွင့်တော့မှာတဲ့၊ အတင်းပြန်လွှတ်လိုက်ပါလို့ အစ်ကိုအောင့်ကို တောင် သေသေချာချာ မှာလိုက်သေးတယ်’

ဇီးရွက်ခန့် မျက်နှာလေးနှင့် မျက်လုံးဝိုင်းနေသောနွယ့်ကို သတိမထားမိဘဲ အစ်ကိုအောင်ကစွတ်၍ပြောနေသည်။ ပဟေဠိတစ်ပုဒ်ကို ဇာတ်ရည်လည်အောင် မနည်းရှင်းပြီးခါစ ကလေးရှိသေးသည်၊ ဂျစ်တူးဟူသည့်သူငယ်မလေးသည် နောက်ထပ်ပဟေဠိတစ်ပုဒ်ကို ဝှက်ပြန်လေပြီ ထင်သည်၊ ကိုမြင့်နိုင်သည် မျက်မှောင်ကြုတ်ရင်း တွေးနေမိသည်။

‘ဟော့ နေပါဦး သက်အောင်ရ၊ ဂျစ်တူးက မင်းညီမ ဟုတ်လား’

‘ဘယ်က ဂျစ်တူးတုံး’

‘သူ လေ’

‘ဟ သူက နွယ်ပဲ၊ နာမည်အရင်းက နွယ်နွယ်ခိုင်တဲ့၊ ဂျစ်တူးမှ မဟုတ်ဘဲ’

www.burmeseclassic.com

'အဲ ဗျ'

နွယ်သည် မျက်လုံးလေး ဝိုင်းဝိုင်းလည်နေသည်။ အစ်ကိုအောင်က အော်ကျယ်ဟစ်ကျယ်နှင့် ဘွင်းဘွင်းကြီးပြောတတ်ပုံနှင့်ဆိုလျှင် နွယ်လိုမ့်ထားသမျှလည်း ဘွားဘွားကြီး ပေါ်တော့မည်ဖြစ်၏။

ကိုမြင့်နိုင်ကတော့ ဦးနှောက်ချာချာလည်နေဟန်ရှိသည်။ ဒီနေ့မနက်ကပင် သူနှင့်မောင်နှမ တက်တော်ကာ ခင်သန္တာကို ပိပိရိရိကလေး လိုမ့်လွတ်လိုက်သော ဂျစ်တူးဆိုသည့် သူငယ်မလေးသည် ခုတော့ သက်အောင်၏ညီမ ဖြစ်သွားပြန်ချေပြီ။ အမည်ရင်းက နွယ်နွယ်ခိုင်တဲ့၊ ကဲ။

'ငါ့ညီမမှ ငါ့ညီမပါဟ၊ မင်းက ဘာပြုလို့ မျက်လုံးကြီးပြူးနေရတာလဲ၊ သူ့အမေနဲ့ငါ့အဖေက မောင်နှမ အရင်း၊ သူနဲ့ငါက မောင်နှမ တစ်ဝမ်းကွဲ၊ တစ်ဝမ်းသာကွဲသေးတဲ့ ငါ့ညီမလေးပါကွ၊ သူ့နာမည် ဂျစ်တူးလည်း မဟုတ်ပါဘူး'

'သူ့အမေက သိပ်ဆင်းရဲတယ်ဆို'

'ဘာကွ'

'ဟုတ်ဘူးလား'

'ဘယ်ကလာ ဆင်းရဲရမှာလဲ၊ သူ့အဖေက ခရိုင်ဝန်မင်းဗျ၊ သူ့အမေက ခရိုင်ဝန်ကတော်ဗျ၊ သူက တစ်ဦးတည်းသောသမီးလေးဗျ၊ အခု တက္ကသိုလ်မှာ ပထမနှစ် ရောက်နေပြီ'

'ဟင်'

ကိုမြင့်နိုင်သည် မျက်နှာတစ်ခုလုံး ဖြူရော်ပြီး မျက်လုံးလေး ဝိုင်းဝိုင်းလည်ကာ ထွက်ပေါက်ရှာနေသော သူငယ်မလေးကို ဒေါသတကြီး လှည့်ကြည့်လိုက်မိသည်။ ဒီသူငယ်မလေးက တောက်လျှောက်ကြီး လိုမ့်လာသမျှ ခံနေရပါကလားဟု တွေးရင်း ထူထူပူပူဖြစ်သွားသည်။

'ဟင် ဒါနဲ့ ဒါနဲ့များ သူ့မိဘတွေက ဆင်းရဲလွန်းလို့ စစ်ကိုင်း

www.burmeseclassic.com

ချောင်းမှာ မုန့်ဟင်းခါး ရောင်းစားရတယ်တဲ့'

'ဟ ကြံကြံဖန်ဖန်'

'မောင်နှမတွေက အများကြီးမို့ လေးတန်းထဲက ကျောင်းထွက်နေရတယ်တဲ့'

'ဟောဗျာ'

'ထမင်းတောင် မနည်းနပ်မှန်အောင် စားရတာတဲ့'

'အယ်'

'တစ်ခါတလေ ဆန်ပြုတ်နဲ့ပြီးတဲ့အခါ ပြီးရတာတဲ့'

'ဟိုက် မှတ်ရော'

ကိုမြင့်နိုင်ပြောသမျှကို ကိုသက်အောင်သည် တအံ့တသြ နားထောင်ရင်း မျက်လုံးကြီး ပြူးပြူးလာသည်။ သူ့ညီမကို ဒီလောက် ဗရုတ်ကျလိမ့်မည် မထင်၊ ပျော်တတ်၊ ပါးတတ်၊ နောက်တတ်သည်ကို အတွင်းသိအစင်းသိဖြစ်သော်လည်း ကိုယ့်မိဘရင့်မကြီးကို မုန့်ဟင်းခါးရောင်းခိုင်းသည်အထိတော့ ပြုလိမ့်မည် မထင်မိချေ။ ကိုယ့်ကိုယ်ကို စာမတတ် ပေမတတ်ဆင်းရဲသူလေး ဟန်ဆောင်ပြီးမှ တစ်ပါးသူကို ကျိတ်၍ရယ်မောလိမ့်မည်ဟု မထင်မိချေ။

'မိနွယ် နင်ဘာတွေလျှောက်လုပ်နေတာလဲ ဟင်'

ကိုသက်အောင်သည် စိတ်ပျက်လက်ပျက် ပြောလိုက်သည်။ နွယ်သည် ခေါင်းကလေး ငိုက်စိုက်ချထားသည်၊ မည်သူ့ကိုမျှ ရင်ဆိုင်မကြည့်တော့ချေ။ လက်ကလေးများ မသိမသာ တုန်နေသဖြင့် လက်သီးတင်းတင်း ဆုပ်ထားလေသည်။

'ငါ့ကို ငါ့ကို တစ်ချိန်လုံး အရူးလုပ်နေတာပေါ့ ဟင်၊ ငါအရူးဖြစ်နေတာပေါ့'

ကိုမြင့်နိုင်သည် အထစ်ထစ်အငေါ့ငေါ့ပြောနေသည်။ ဒီသူငယ်မ

www.burmeseclassic.com

လေး သူ့ကိုညာခဲ့သည်ကို မယုံကြည်၊ မယုံကြည်နိုင်။

'ဒီမယ် ဂျစ်တူးရဲ့ ငါ့ကိုကြည့်ပါဦး၊ မင်းလှည့်တိုင်းခံနေရတဲ့ ငါ့ကို ကြည့်ပါဦး၊ မင်းက တစ်ချိန်လုံးကျိတ်ပြီး ရယ်နေတာပေါ့လေ ဟုတ်လား ဟင် ပီ-ယူ-တီ-ပွတ်မို့ ဘီ-ယူ-တီ-ဘွတ် ဆိုကွ၊ ကောလိပ် ကျောင်းသူ ကြီးရဲ့ ဆိုစမ်းပါဦး မင်း မင်း ဟာ ကွာ'

ပြောရင်း ပြောရင်း ဒေါသကြီးလာသဖြင့် လက်တစ်ဖက်ကို လေ ထဲတွင် ဝှေ့ယမ်းနေသည်။ တစ်မျက်နှာလုံးနီရဲကာ မျက်လုံးတွင် အနီးတွေပင် ဝေလာလေသည်။ ရင်ထဲတွင် ရှက်စိတ် နာကြည်းစိတ်များ ဆူဝေနေလေ သည်။ အရိုးခံဆင်းရဲသူမလေးအနေနှင့် ပြောမိ၊ ဆိုမိ၊ ဂရုဏာထားမိ၊ ကြင် နာမိ၊ မေတ္တာထားခဲ့မိလေသမျှ အရှုံးဖြစ်ရချေပြီ။ ဒီဂျင်ကလည်းမလေးသည် မည်မျှကျိတ်ပြီး ရယ်မောနေလိမ့်မည်မသိ၊ ဟားနေလိမ့်မည်မသိ။

'သွားစမ်းကွာ သွားစမ်း၊ ငါ ငါ ထိုးမိလိမ့်မယ်'

ကိုမြင့်နိုင်သည် လက်သီးကိုတင်းတင်းဆုပ်ကာ အော်ဟစ်နေရင်း မှ စိတ်ကိုချုပ်ကာ ကုလားထိုင်ပေါ်တွင် ထိုင်ချလိုက်သည်။ ရင်ထဲတွင် နာကျင်နေသည်၊ လှိုက်မောနေသည်၊ မျက်စိကိုစုံမှိတ်ထားလိုက်မိသည်။

နွယ်သည် နေရာမှဒယီးဒယိုင်လေးထကာ အပြေးကလေး ထွက် သွားလေသည်။ ကိုမြင့်နိုင်သည် သူ့နားကိုပင် သူမယုံမိ၊ ရှိုက်သံသဲ့သဲ့ကလေး ကို ဝေ့ဝဲလာသလို ကြားလိုက်ရသောကြောင့်ဖြစ်၏။

*

'မိနွယ်ရယ် နင် တော်တော်ဆိုးပါလား၊ သူများအိမ်မှာ တစ်နေ့နှစ်ကျပ်နဲ့များ ကြမ်းသွားတိုက်တယ်လို့ တံမြက်စည်းသွားလှည်းတယ်လို့ နောက်ပြီးတော့ ဆင်းရဲပါသလေး မွဲပါသလေး ထမင်းတောင် နပ်မှန်အောင်မစားနိုင်လို့ ဆန်ပြုတ်သောက်ရပါတယ်တဲ့၊ ရွှတ်တာ နောက်တာကလည်း လွန်လွန်း

www.burmeseclassic.com

အားကြီးတယ်'

ကိုသက်အောင်သည် တဖျစ်တောက်တောက် ပြောနေသည်။ မျက်မှောင်ကြီးအတွန့်ချိုးကာ စိတ်ပျက်လက်ပျက်ကြီးဖြစ်နေလေသည်။ စိတ်ပျက်သည့်ကြားထဲမှ ရယ်မောချင်စိတ်ကလည်း အကြိုအကြားက ထွက်လာနေသေးသည်။ မိနွယ်ဖြီးသမျှ ဖြန်းသမျှကို မြင့်နိုင်ဆိုသည့် ကောင်သည် အယုံကြီးယုံပြီး လိမ့်နေသည့်အတွက်ကြောင့်ဖြစ်၏။ တကယ့် တကယ်ဆိုလျှင် နွယ်သည် မြင့်နိုင်ထက် အပုံကြီးငယ်လေသည်၊ ဒီလိုချာတိတ်လေး လိမ့်သမျှ ခံခဲ့ရသည်ဆိုတော့ မြင့်နိုင် ရှက်လည်းရှက်စရာပင်။

'မြင့်နိုင်က လူရိုး လူအေး လူသူတော်ကောင်းကလေးဟ၊ ရိုးရိုးကုပ်ကုပ်နဲ့ စာသာကြိုးစားခဲ့တာ ဒီလိုကောင်မျိုးကိုမှ နင်ကသွားလိမ့်တာကိုး'

နွယ်သည် ခေါင်းအုံးပေါ်တွင် မျက်နှာမှောက်ထားသည်။ ဗျစ်တောက် ဗျစ်တောက်ပြောနေသည့် အစ်ကိုအောင်ကိုလည်း ရင်ဆိုင်မကြည့်ချေ။ ဝမ်းနည်းစိတ်များသည်သာ ရင်ထဲတွင်လှိုင်းလိုဖြစ်နေလေသည်။

တစ်လောကလုံးကပဲ နွယ့်ကိုအပြစ်တင်နေကြသည်ထင်သည်။ မေမေ၊ဖေဖေကအစ အစ်ကိုအောင်၊ အရီးနန်းမြအဆုံး ရှိရှိသမျှလူအကုန်လုံးသည် နွယ့်ကို တွေ့လိုက်သည်နှင့် ဆူကြတော့သည်၊ စိတ်ပျက်ကြတော့သည်။ နွယ်ဆိုးသလား၊ ဒီလောက်တောင်ပဲဆိုးနေသလား၊ နွယ်သည် သူ့ကိုယ်သူ မရေမရာလေး ပြန်မေးနေမိသည်။

'သူ့ကိုလိမ့်ရုံနဲ့အားမရလို့ ခင်သန္တာတို့ကိုပါ အဆစ်ထည့်ပြီး ဟားလွှတ်လိုက်တာပေါ့။ ဟုတ်လားမိနွယ်၊ သူ့အဒေါ်ဆိုတဲ့တစ်ယောက်တော့ အရမ်းကာရော ကြောက်သွားတာပဲတဲ့၊ သွေးများပျက်သွားရင်တော့ နင်တရားခံပဲမိနွယ်၊ သိရဲ့လား'

ပြောရင်း ပြောရင်း ရယ်ချင်သလိုဖြစ်လာ၍ ကိုသက်အောင်သည် စကားကိုဖြတ်လိုက်သည်။ မြင့်နိုင်တစ်ကောင် အမွှေတွေရပြီး ဟန်ကျနေ

သည်၊ ချမ်းသာနေသည်နှင့် လူတကာကိုလျှောက်ပြီး ဝါဒဖြန့်သည်က သူကိုယ်တိုင် ဖြစ်သည်။ ငမွဲသိန်းအောင်လိုကောင်မျိုးကိုပင် မြင့်နိုင်ဆီမှ ပိုက်ဆံသွားချေးရန် မြောက်ပေးခဲ့သေးသည်။ လူမနီး သူမနီး ခြံကျယ်ကြီးတစ်ခြံနှင့် တစ္ဆေခြောက်သောအိမ်ကြီးတစ်လုံးကို အမွေရပြီး မလုပ်တတ် မကိုင်တတ် ဖြစ်နေသော မြင့်နိုင်အကြောင်းကို သိလျက်နှင့်ချောက်တွန်းချင်သော သူငယ်ချင်းကောင်းတို့၏ စေတနာလေးနှင့် ဖြစ်သည်။ သို့သော် တကယ့်တကယ် ချောက်ကျသွားရှာသည်ကတော့ ခင်သန္တာဖြစ်သည်။ မစားရ ဝခမန်း ပြောလိုက်သောစကားကို ယုံပြီး ပန်လွယ်ကို အလည်လာမိလေတော့ နွယ်ဆိုသည့်မိန္ဒယ်နှင့်မှ တိုးရလေ တော့သည်။ မိန္ဒယ် အစွမ်းပြလေတော့မှ မြင့်နိုင်လည်း လူဆင်းရဲဖြစ်၊ အိမ်ကြီးကလည်း သရဲတစ်ဒါဇင်လောက် သောင်းကျန်းသည့် တစ္ဆေအိမ်ကြီးဖြစ်၊ ခင်သန္တာတို့လည်း သွေးပျက်မတတ် ဖြစ်သွားရရှာလေသည်။ တရားခံစစ်စစ်ကား သူတို့မောင်နှမနှစ်ဦး ဖြစ်နေသည်။ နွယ့်ကို ဆူမယ့်သာဆူ ဆဲမယ့်သာဆဲနေရသော်လည်း ရယ်ချင်နေမိ သည်။

'အိမ်ကြီးကလည်း လူမနီးသူမနီးကြီး ညီမရယ်၊ ဒီလိုအိမ်မှာများ မိန်းကလေးတန်မဲ့ အလုပ်သွားလုပ်တယ်၊ ဟင်း မြင့်နိုင်မို့သာပေ့၊ ဒီပြင် ပော့ပော့ ရမ်းရမ်းကောင်တွေဆိုရင် မခက်ပါလားဟင်'

'ဟာ အစ်ကိုအောင်ကလည်း ဘယ်သူ့ကြောက်ရမှာလဲ၊ နောက်ဆုံး မနိုင်ရင်၊ ခြေသလုံးဖက်ကိုက်မှာပဲ'

နွယ်သည် ဆောင့်ကြီး၊ အောင့်ကြီးနှင့် ထအော်လေတော့သည်။ စိတ်ညစ်ရ၊ စိတ်ရှုပ်ရ၊ ငိုချင်ရသည့်အထဲတွင် အစ်ကိုအောင်က အဘွားကြီးအိုကြီးလို ပွစိပွစိပြောနေ၍ နွယ့်ခေါင်းထဲတွင် ငြီးစီစီဖြစ်ကာ ကိုက်ခဲနေလေသည်။ စိတ်ညစ်တာတောင် အေးအေးဆေးဆေး မညစ်ရပေ။

'အမယ် နင်ကိုက်စရာမလိုပါဘူး၊ ငါ့သူငယ်ချင်းက ဘယ်မိန်းကလေးကိုမှ သဘောမတူဘဲ လက်ဖျားနဲ့မတို့ပါဘူး၊ တကယ့် လူရိုး လူ

www.burmeseclassic.com

ကောင်း’

နီတွေးတွေးဖြစ်နေသော နွယ့်မျက်နှာနုနုလေးကိုကြည့်ရင်း အစ်ကိုအောင်က ပြောသည်။ သူ့ညီမလေးမိနွယ်သည် တခြားမိန်းကလေးတွေလို အလှ မပြင်တတ်ပေ။ သူ့ကြည့်လိုက်လျှင် ဖရိုဖရဲဖိုးရိုးဖားရားနှင့်သာ ဖြစ်သည်။ သို့သော် မပြင်ဘဲနှင့်လှနေတော့ခက်လှသည်။ ဆေးမကူဘဲနှင့် ပန်းရင့်ရောင်ပြေးနေသော နှုတ်ခမ်းပါးလေးများနှင့် ပါးဖောင်းဖောင်း ပြည့်ပြည့်လေးများကြောင့် နွယ့် မျက်နှာသည် ကလေးငယ်လေးများနှင့် တူနေရတတ်သည်။ စိမ်းလဲ့နက်မှောင်သော မျက်ခုံးတန်းလေးအောက်မှ မျက်လုံးညိုလေးများသည်ကား နွယ့်တစ်ကိုယ်လုံးတွင် အလှဆုံးဖြစ်မည် ထင်သည်။

နွယ်သည် သူ့အစ်ကိုအောင်ကို ဒေါသလေးနှင့် တစ်ချက်စိုက်ကြည့်လိုက်ပြီး ဘာမှပြန်မပြောဘဲ မျက်နှာကိုခေါင်းအုံးနှင့် အပ်ထားလိုက်လေသည်။ ကြင်နာရိပ်ကဲပြီး မေတ္တာငွေ့လွှမ်းနေသောမျက်ဝန်းများကို မြင်ယောင်လာသည်၊ နှလုံးသွေးက အတိုးမြန်လာသည်၊ နွယ့်ရင်ထဲတွင် လှိုက်မောလာသည်။

‘နွယ်သိသားပဲ၊ သူရိုးတာ အေးတာကို နွယ်သိသားပဲ’ နွယ်သည် ရင်ထဲမှ တီးတိုးပြန်ပြောနေမိလေသည်။

နွယ်ငိုချင်သော်လည်းငိုချင်စိတ်ကိုထိန်းထားသည်။ ဘာကိုမှမစဉ်းစားချင်၊ မတွေးတောချင်၊ ဝမ်းနည်းစိတ်ကသာ ဘောင်ဘင်ခတ်လေသည်။ ဘာကြောင့်များ ဒီလောက်ဝမ်းနည်းမိမှန်းလည်း မသိတော့။ မတွေးသည့်ကြားထဲမှ ညင်သာနူးညံ့သောအသံကို ကြားယောင်လာပြန်သည်။

‘ဒီမှာ မိနွယ် ကိုအောင့်ကို ကြည့်စမ်း၊ ဒီကိစ္စမှာ မိနွယ်အမှားပဲ၊ မြင့်နိုင်ကို တောင်းပန်လိုက်၊ ပြန်ပြီးတောင်းပန်လိုက်နော် ဟာ ဟ နွယ်ညီမလေး ငိုနေတယ်’

အစ်ကိုအောင်သည် မှောက်ထားသော နွယ့်မျက်နှာလေးကိုဆွဲပြီး

www.burmeseclassic.com

မော့ လိုက်လေသည်။ မျက်ရည်ကြည်များ စိမ့်အိုင်ဝေ့လည်နေသော မျက်လုံးညိုလေး များကိုတွေ့သောအခါ တအံ့တသြရေရွတ်လိုက်လေသည်။

*

ထင်းရှူးပင်ရိပ်သည် ခါတိုင်းကဲ့သို့ပင် ချမ်းမြေ့သာယာလှသည်။ လေပြည်အေးက တသုန်သုန်တိုက်မြဲ ယူကလစ်နံ့လေးက သင်းပျံ့မြဲ ရွှေဝါရောင်ရွက်ကြွေ များက ထူထပ်မြဲဖြစ်သည်။

ဖိုးသံချောင်းတို့ကမူ ရွှေဝါရောင်အရွက်များကပင် မထူထပ်တော့၊ မနူးညံ့တော့ဟု အမြင်ပြောင်းသယောင်ဖြစ်နေကြသည်။ ရင်ထဲတွင် မရွှင်၊ တုန်လှုပ်နေကြသည်၊ ငိုချင်နေကြသည်။

'အစ်ကိုရယ် အရမ်းစိတ်ဆိုးနေတာပဲ'

သရဲခြောက်သောကိစ္စကို မခမ်းလုံဖော်ကောင်လုပ်ပြီးကတည်းက အစ်ကိုသည် သူတို့ကိုအိမ်ပြန်ချင်ပြန်တော့ဟု ပြောသည်။ မျက်နှာငယ်ငယ်လေး ဖြစ်နေသော အစ်မတစ်ယောက်တည်းကို ထားခဲ့ရမည်ကို စိတ်မချကြ၊ တော်ကြာ ရိုက်နေလျှင် ခက်ပေမည်။ ထို့ကြောင့် ကြောက်ကြောက်ရွံ့ရွံ့နှင့် အိမ်မပြန်ဘဲ စောင့်နေကြသည်။ ထိုစဉ်တွင် အစ်ကို့သူငယ်ချင်းဟုဆိုသည့် လူတစ်ယောက် ရောက်လာသည်။ စစချင်းတော့ရယ်လို့ မောလို့ ထို့နောက်တော့ ဘာဖြစ်သည်မသိ၊ ဒေါသတကြီးနှင့် ဗလုံးဗထွေးအော်တော့သည်။ အစ်မ၏အသံကိုကား တစ်စက်ကလေးမှ မကြားရ၊ တိတ်ချက်သားကောင်းလှ သည်။ အစ်မကလေး အရိုက်များခံနေရှာရသလား၊ အထိုးများခံနေရရှာသလားဟုတွေးရင်း မခမ်းလုံပင် မျက်ရည်စို့စို့ဝဲရသည်။ စောကြာဒိုးကတော့ ဘာပဲဖြစ်ဖြစ် အစ်မကို သွားခေါ်မည်ဟုဆိုကာ အခန်းတွင်းသို့ဝင်သွားသည်။ ထိုအချိန်တွင် အစ်မသည် အခန်းတွင်းမှ အပြေးကလေး ထွက်လာသည်။ ထို့နောက် သူတို့ကိုပင်မစောင့်၊ ခေါင်းကလေးငိုက်စိုက်ချကာ ပြန်

www.burmeseclassic.com

သွားလေတော့သည်။

‘ဘာဖြစ်ကြတာလဲဟင်’

‘ဘယ်သိမလဲ’

အစ်မမျက်နှာက နီတွေးပြီး ငိုတော့မလိုဖြစ်နေသည့်အတွက် လိုက်ပြီး မမေးရဲချေ၊ ခပ်လှမ်းလှမ်းမှသာ လိုက်ခဲ့ကြရသည်။

ညတုန်းကတော့ သူတို့သုံးဦး စုမိကြသည်၊ စောကြာဒိုးတို့ အိမ်ရှေ့က ကွပ်ပျစ်ကလေးတွင် ခေါင်းချင်းဆိုင်၍ ငိုင်နေကြသည်။ ဘာကိုမှလည်း နားမလည်၊ ဘာလုပ်ရမည်ကိုလည်း မသိ။ အိမ်ရှေ့ပူတော့ အိမ်နောက် မချမ်းသာဟု ဆိုစကားရှိသော်လည်း နွယ်တို့ပူသောအခါတွင်ကား စောကြာဒိုးကအစ ဖိုးသံချောင်း၊ မခမ်းလုံပါ တကယ်မချမ်းသာကြရှာချေ။ ဝင်းဝင်းဝါသော လရောင်အောက်တွင် စောင်ကလေးများခြုံပြီး ကွေးနေကြသည်။

‘အစ်မက ချမ်းသာတယ်တဲ့ဟ၊ အစ်မအဖေက အရာရှိအကြီးကြီးတဲ့’

‘ဟင် တကယ်’

အတန်ကြာသောအခါမှ စောကြာဒိုးက ပြောလေသည်။ ပြောမယ့်သာ ပြောရသည်၊ သူကိုယ်တိုင်လည်း ကောင်းကောင်းယုံပုံမရချေ။

‘အခုလာတာက အစ်မရဲ့ အစ်ကိုတဲ့၊ အဲဒီအစ်ကိုက ဒို့အစ်ကို ဆိုးပေနဲ့ သူငယ်ချင်းတဲ့’

‘ဟုတ်လား’

သူတို့သုံးဦးထဲတွင်တော့ စောကြာဒိုးက ခေါင်းဆောင်ဖြစ်သည်။ သတင်းဦး သတင်းထူးများလည်း ရလေ့ရှိသည်။

‘မင်း ဘယ်ကသိလဲ’

‘အရီးနန်းမြရယ် ပြောတာ၊ ညနေက ငါအစ်မဆီသွားသေးတယ်၊

www.burmeseclassic.com

အစ်မက အိပ်ခန်းထဲမှာ အိပ်နေတယ်တဲ့၊ အရိုးရယ် စိတ်ဆိုးနေတယ်၊ ငါ့ကို လည်း သိပ်ဆူတာပဲ။ ငါတို့တွေ အလုပ်သွားလုပ်တာလည်း သိနေပြီ'

သူတို့သုံးဦးသည် ငြိမ်သွားကြသည်။ ညကျတော့လည်း ကောင်းကောင်း အိပ်မပျော်ကြချေ၊ အရိုးနန်းမြက အိမ်ရှိလူကြီးများကို လာတိုင်သည်ဟု အိပ်မက် မက်နေကြသေးသည်၊ အိပ်မက်ထဲတွင် အဖေကကြိမ်လုံးကြီးနှင့် ကျောကော့အောင် ဆော်နေလေသည်။

နံနက်ရောက်တော့ သူတို့သုံးဦး ထုံးစံအတိုင်း စုမိကြလေသည်။ မျက်နှာကလေးများ မသာမယာနှင့် ဘာလုပ်ရမည်ကို မသိနိုင်အောင် ဖြစ်နေကြသည်။ အိမ်ကြီးဘက်ကိုကား သွားကြသေးသည်။ ယောင်လည်လည်နှင့် အကဲခတ်ကြည့်သော်လည်း လူစလူနကိုမတွေ့ရ။ အစ်ကို အိပ်ရာကမှ ထသေးရဲ့လားမသိရချေ။ ယမန်နေ့က ခုတ်လက်စမြက်များသည် တစ်ဝက်တစ်ပျက် ထိုးထိုးထောင်ထောင်ကျန်နေသေးသည်၊ ဆက်ခုတ်လိုက်လျှင် မကြာခင် ပြီးသွားမည် ဖြစ်၏။

'ငါကြောက်တယ်ကွာ'

စောကြာဒိုးက သွားရန်ပြောသေးသော်လည်း ဖိုးသံချောင်းက မရဲပေ။ အစ်ကိုနှင့်မျက်နှာချင်းဆိုင်ရမည်ကို ရှုံ့နေသည်၊ ကြောက်နေသည်။ ထို့ကြောင့်လည်း သုံးဦးသား ထင်းရှူးပင်ရိပ်သို့ ရောက်လာကြသည်။ ပန်လွယ်ချောင်းက ရေစီးဆင်းသံ သွဲ့သွဲ့ကို နားထောင်ရင်း ငိုင်နေကြသည်။

'အစ်မလည်း မလာတော့ဘူးနော်'

'အေး မလာတော့ဘူးထင်တယ်'

မခမ်းလုံသည် ဘိုကတော်မျက်ဆုံးပန်းလေးများကို အခိုင်လိုက်ခူးနေ ပြန်သည်၊ လိမ္မော်ရင့်ရောင် အသီးကလေးများကိုပါ ရောထွေးခူးနေသည်။ စောကြာဒိုးတို့က အိုးမဲတွေတစ်ကိုယ်လုံးလူးပေးပြီး မှောင်ရိပ်ထဲမှ နေ၍ ကောက်ကောက်ကွေးကွေး ကရန်ပြောစဉ်ကတော့ ပျော်စရာ ကောင်း

www.burmeseclassic.com

လှသည်။ စိတ်အားလည်း ထက်သန်လှသည်၊ ရယ်လည်း ရယ်ချင်သည်၊ ရယ်လို့မှ အားမရသေး၊ စိတ်ညစ်ရတော့သည်၊ ငိုရတော့သည်။ ခုတော့ ပန်းတွေသာ ခူးမယ့်သာခူးနေရ သည်၊ အစ်မက ဘယ်မှာမှန်းပင်မသိ။

'စိတ်ညစ်တယ်ကွာ'

ဖိုးသံချောင်းက ညည်းနေသည်။ ဝါးကျည်တောက်ကလေးများကို ဖော်ကြည့်ရန် စိတ်ကူးမိသော်လည်း ကြည့်ချင်စိတ်က မရှိချေ။ ပိုက်ဆံကို တစ်ကျပ်၊ နှစ်ကျပ် ရေတွက်လိုစိတ်လည်း မရှိလှချေ။ အရင်တုန်းကလိုပင် အစ်မနှင့်အတူ ပျော်ပျော်ပါးပါးအလုပ်ဆင်းချင်စိတ်သာရှိသည်။ ဦးဆိုးပေ ပိုက်ဆံမပေးလျှင်လည်း ကိစ္စမရှိ၊ စိတ်ဆိုးပြေလျှင် တော်ပြီ။

ထင်းရှူးရွက်ချွန် စိပ်စိပ်များသည် လေတိုက်တိုင်း ဘယ်ယိုင်ညာယိုင် ဖြစ်နေကြလေသည်။ လေတိုက်သံက လေချွန်သံလို ဝှေလာလိုက်၊ တရှဲရှဲမြည် သွားလိုက်နှင့်ဖြစ်နေလေသည်။ သူတို့သုံးယောက်လုံး အငြိမ်ကြီး ငြိမ်နေသဖြင့် လေတိုက်သံနှင့်ရေစီးသံကသာ ပတ်ဝန်းကျင်တစ်ခုလုံးကို မင်းမူနေလေသည်။

'ဟင် ဟိုမှာ အစ်မရယ် အစ်မရယ်'

မခမ်းလုံသည် လက်ညှိုးလေးတထိုးထိုးနှင့် ဝမ်းသာအားရ အော်နေလေသည်။ စောကြာဒိုးတို့သည် နေရာမှလူးလဲထကာ မျှော်ကြည့်မိကြသည်။ ဟုတ်ပါသည်၊ အစ်မမှ အစ်မအစစ်ဖြစ်ပါသည်။ ဖိုးသံချောင်းသည် ဝမ်းသာအားရနှင့် အစ်မကိုပြေး၍ဆီးကြိုမည့်ဟန် ပြင်လိုက်သေးသည်။ သို့သော် စောကြာဒိုးက ဆွဲထားလေသည်။

'အစ်မက ငါတို့ဆီလာတာမဟုတ်ဘူး' ဟု တိုးတိုးလေးပြောလေသည်။

ထိုအခါမှလည်းအသေအချာကြည့်မိသည်။ ဟုတ်ပါသည်၊ အစ်မသည် ခေါင်းကလေးငိုက်စိုက်ချရင်း အိမ်ကြီးဘက်သို့ဦးတည်၍ လျှောက်

www.burmeseclassic.com

သွားလေသည်။

*

ကိုမြင့်နိုင်သည် ကုလားထိုင်ပေါ်တွင် ခြေပစ်လက်ပစ်ထိုင်နေမိသည်။ လုပ်လည်း မလုပ်ချင်၊ စကားလည်း မပြောချင်၊ စကားပြောစရာလည်း အဖော်မရှိ။ တစ်အိမ်လုံး ခြောက်သွေ့ငြိမ်တိတ်နေလေသည်။

ခါတိုင်း ဒီအချိန်လောက်ဆိုလျှင် ဂျစ်တူးတို့အသံက ညံညံစီစီဖြစ်နေပေပြီ၊ စောကြာဒိုးတို့ ဖိုးသံချောင်းတို့၏ ရယ်မောသံကလည်း ဆူညံနေပေပြီ၊ ဒီနေ့တော့ ဘယ်သူဆို ဘယ်သူမှရောက်မလာကြတော့ပေ။ တစ်အိမ်လုံးတွင် သူတစ်ယောက်တည်း။ တစ်ယောက်ဆိုမှ တစ်ယောက်တည်း။

ကိုမြင့်နိုင်သည် သက်ပြင်းတစ်ချက်ရှိုက်ရင်း မျက်လုံးကို စုံမှိတ်ထား လိုက်သည်။ သူ ပန်လွယ်သို့ရောက်စအချိန်ကို ပြန်လည်သတိရနေမိသည်။ ထိုအချိန်ကလည်း တစ်အိမ်လုံးတွင် သူတစ်ယောက်တည်းပင် ဖြစ်၏။ တစ်ယောက်ဆို တစ်ယောက်တည်းပင်ဖြစ်၏။

တစ်ယောက်တည်းနေရသော သူ့ဘဝထဲသို့ ဂျစ်တူးဟူသည့် သူငယ်မလေးသည် တိုးဝင်လာလေသည်။ သူ့ဘဝထဲသို့ ခေတ္တအလည်လာသည်ထင်သည်။ ဧည့်သည်မလေးသည် အိမ်ရှင်ကို ရှက်စိတ် နာကြည်းစိတ်များကို ဝေဒနာအဖြစ်ပေးကာ ပြန်လည်ထွက်ခွာသွားလေပြီ။ ထိုအခါ ဧည့်သည်ကို လက်ခံမိသောအိမ်ရှင်သည် ဝေဒနာများကို ရင်ဝယ်ပိုက်ကာ တစ်ဦးတည်းနေခဲ့ရလေတော့သည်။

မျက်စိကို စုံမှိတ်ထားလျက်နှင့် ဂျစ်တူး၏ပြုံးချိုချိုမျက်နှာလေးကို မြင်ယောင်နေသေးသည်။ မာနကဲသော မာဆတ်ဆတ်အသံကလေးကို ကြားယောင်နေသေးသည်။ မတွေးနဲ့၊ မစဉ်းစားနဲ့၊ မကြားနဲ့၊ မင်းကို သက်သက် အရူး လုပ်သွားတဲ့ကောင်မလေးဟု စိတ်ကိုတားသော်လည်း သူ့စိတ်

www.burmeseclassic.com
ကို သူမနိုင်။ သူ့စိတ်သည် သူ့စကားကိုနားမထောင်ဘဲ ဂျစ်တူးထံသို့သာ ဝဲလှည့်သွားနေလေသည်။

ကိုမြင့်နိုင်သည် မျက်လုံးကိုစုံမှိတ်ထားရင်းမှ ဆတ်ကနဲဖြစ်သွားသည်။ ခြေသံဖွဖွကလေးကို ကြားမိသလိုရှိသောကြောင့် ဖြစ်လေသည်။ ဖျတ်ကနဲ မျက်လုံးကိုဖွင့်ကြည့်လိုက်သောအခါ သူ့ရှေ့တွင် ခေါင်းကလေး ငိုက်စိုက်နှင့် ရပ်နေသော ဂျစ်တူးကို တွေ့ရလေသည်။

'ဟယ် ဂျစ်တူး'

တအံ့တသြ ရေရွတ်လိုက်မိသည်။ ဒီသူငယ်မလေးကို မြင်ရတော့လည်း ရက်စိတ်များက ဆူဝေ၍တက်လာပြန်သည်။

'မင်း ဘာလာလုပ်တာလဲ'

အေးစက်စက်အသံနှင့် မေးလိုက်မိသည်။ နွယ့်ခေါင်းလေးသည် ပို၍ ငုံ့သွားပြီး မျက်နှာကလေးက ပို၍ငယ်သွားလေသည်။ အစ်ကိုအောင် တောင်းပန်ခိုင်းလို့သာ လာရသည်၊ ကိုယ်အပြစ်နှင့်ကိုယ်ဖြစ်၍သာ လာရသည်၊ ဦးဆိုးပေ အော်ထုတ်လိမ့်မည်ကိုကား သိပြီးသားပင် မဟုတ်ပါလား။

နွယ်သည် ဘာပြောရမည်မသိဘဲ အာစေးထည့်ထားသလို ဖြစ်နေလေသည်။ စကားကို ဘယ်ကစ၍ ဘယ်လိုပြောရမည်ပင် စဉ်းစား၍ မရတော့။ တတ်နိုင်လျှင်တော့ မြေပင်မျိုပစ်လိုက်စေချင်တော့သည်။

'အစ်ကိုအောင်က ပြောတယ်၊ နွယ့် ကို နင် မှားတယ်တဲ့၊ သွား သွားပြီး တောင်းပန်ချေတဲ့'

နွယ့်အသံကိုပင် နွယ်ကောင်းစွာ မမှတ်မိ။ တုန်တုန်ယင်ယင် ထစ်ထစ် ငေါ့ငေါ့ဖြစ်နေသည်၊ ကိုမြင့်နိုင်၏မျက်လုံးများသည် အရောင်တောက်လာပြီး နွယ့်ကို စူးစိုက်ပြီးကြည့်နေလေသည်။

'ဩ သက်အောင် ပြောလို့ပေါ့ ဟုတ်လား၊ မင်းကိုယ်မင်းတော့ မှားတယ် မထင်ဘူးပေါ့'

www.burmeseclassic.com

'မှား မှား ပါတယ်၊ နွယ် မှားပါတယ်'

တစ်လုံးချင်း အထစ်ထစ်အငေါ့ငေါ့ပြောနေသော နွယ့်အသံသည် တိုးလှသည်၊ တစ်သက်နှင့်တစ်ကိုယ် တစ်စုံတစ်ဦးကိုမှ ခေါင်းအောက်ချပြီး မတောင်းပန်ဖူးခဲ့လေတော့ နွယ့်မျက်နှာလေးမှာ နီတွေးနေလေသည်၊ အူများပင် ယိုင်ညွှတ်ချင်သလို ဖြစ်နေသည်။

'ဩော် နွယ်မှားတယ်တဲ့လား'

ကိုမြင့်နိုင်သည် ခပ်ယောင်ယောင်ပင်လိုက်၍ ရေရွတ်လိုက်ပြီး မျက်နှာကို လက်ဝါးနှစ်ဖက်နှင့်အုပ်ထားလေသည်။ တဆတ်ဆတ်တုန်နေသော နှလုံးသွေးကြောင့် မောဟိုက်သလိုဖြစ်နေလေသည်။ ဒီသူငယ်မလေးကို ဒီလောက်နှင့်ပင် ခွင့်လွှတ်ပြီး အရှုံးပေးလိုက်ရတော့မလား။

'နွယ် နွယ် တောင်းပန်ပါတယ်'

နွယ့်အသံက တိုးတိုးလေးပေါ်ထွက်လာပြန်သည်။ သူ့ရှေ့တွင် မတ်တတ်လေးရပ်နေသော ကလေးမလေးကို ထိုင်ပါဟုလည်း မပြောမိ၊ သွားပါဟု လည်း မပြောမိ။ နေမှာလည်းစိုးမိသည်၊ သွားမှာကိုလည်း ပို၍ပင် စိုးမိသည်။

'နွယ်တောင်းပန်ပါတယ် အစ်ကိုရယ်'

နွယ့်အသံလေးကဆက်၍ ပေါ်ထွက်လာပြန်သည်၊ ငိုလိုက်တော့မလို ရှိုက်သံလေးပင်ရောနေသည်။

သူက မလှုပ်မယှက်ပင်နေမိသည်။ ကြင်နာစိတ်နှင့် နာကြည်းစိတ်တို့က ရင်ထဲတွင် သူတပြန်ငါတပြန် အနိုင်လုနေကြသည်။

နွယ်သည် နှုတ်ခမ်းလေးကို မသိမသာကိုက်ရင်း သူ့ကိုငေးကြည့်နေသည်။ ခြေကလေးများ လှုပ်လာမလားဟု မျှော်လင့်တကြီး စူးစိုက်ကြည့်နေမိသည်။ ခွင့်လွှတ်စကားများ ဆိုလာလေမလားဟု နားစိုက်မိသည်။ ဘာမှမပြော ဘာမှမလုပ်၊ ကြင်နာငွေ့ ဝေ့ဝဲနေတတ်သောမျက်လုံးအစုံကို

www.burmeseclassic.com

မှိတ်ကာ မသိကျိုးကျွန်နိုင်လှသည်။

'နွယ့်ကို နွယ့်ကို ခွင့်မလွှတ်နိုင်ဘူးလားဟင် နွယ် တောင်းပန်နေတာပါ'

နွယ်က နောက်ဆုံးအကြိမ်အနေနှင့် တုန်တုန်ယင်ယင်ကလေး တောင်းပန်နေမိသည်။ ခွင့်လွှတ်စကား ကြားရလိုကြားရငြား မျှော်လင့်မိရှာသည်။ ခွင့်လွှတ်စကားတင်မက၊ ဒေါသစကား အမျက်စကားကိုပင် မကြားရ။ စကားမဆို လှုပ်ပင်မလှုပ်လေတော့ နွယ်သည် မျက်ရည်ကြည်များပင် ဝေ့လာသည်။ ဝမ်းနည်းစိတ်၊ ရှက်စိတ်ကလေးများနှင့် တသိမ့်သိမ့် ရှိုက်ငင်ချင်လာလေသည်။

'နွယ် သွားမယ် သွား တော့ မယ်'

သူတစ်ပါးရှေ့တွင်တော့ နွယ် ဘယ်တော့မှမငို။ မျက်ရည်ခံထိုးသည်ဟု အထင်မခံနိုင်။ ထို့ကြောင့် အသံကလေးတုန်တုန်နှင့် နှုတ်ဆက်ကာ ခပ်သွက်သွက်လေးထွက်ခဲ့လေသည်။ နွယ် တကယ်သွားပြီ။

အိမ်ပြင်ရောက်သောအခါ အိမ်ကြီးကို သံယောဇဉ်အမျှင်တန်းနှင့် လှည့် ကြည့်မိသေးသည်။ နွယ် ရှင်းလင်းပြင်ဆင်ခဲ့သောအိမ်ကြီးသည် ငြိမ်ငြိမ်သက်သက်ကြီးရပ်ရင်း နွယ့်ကို 'သွားပေတော့မိန်းကလေးရယ်' ဟု ဆိုနေဟန်ရှိလေသည်။ နွယ်သည် စီးကျလာသောမျက်ရည်ပူများကို လက်ဖမိုးနှင့် ခပ်ကြမ်းကြမ်းလေးပွတ်သုတ်လိုက်ပြီး အိမ်ကြီးကိုကျောခိုင်းလိုက်သည်။

နွယ်တို့ ခုတ်လက်စမြက်ပင်များသည် ဖရိုဖရဲနှင့် ထိုးထိုးထောင်ထောင် ဖြစ်နေလေသည်။ နွယ်သည် မြက်ပင်လေးများကို ခပ်ငေးငေး စိုက်ကြည့်နေပြီးမှ ခေါင်းငိုက်စိုက်လေးနှင့် တစ်လှမ်းချင်း ထွက်လာသည်။ နွယ်ကတော့ မောင်းထုတ်ခံရသူပင်ဖြစ်သည်။ စတွေ့ကတည်းကပင် ခြံထဲမှ ထွက်သွားဟု မောင်းအထုတ်ခံခဲ့ရသည် မဟုတ်ပါလား။ အခုလည်း မာနချလျက် တောင်းပန်လာသောနွယ့်ကို မောင်းထုတ်ခဲ့ပြန်လေပြီ။

www.burmeseclassic.com

'ဂျစ်တူး'

'နွယ့်ပခုံးကို တစ်စုံတစ်ဦးက တင်းတင်းဆုပ်ကိုင်ကာ ဆွဲလှည့်လိုက်သည်။ ချာကနဲလည်သွားသောနွယ်သည် ကိုမြင့်နိုင်နှင့် မျက်နှာချင်းဆိုင်လျက်လေး ဖြစ်သွားလေသည်။

'ဂျစ်တူးရယ် မင်း တကယ်ထွက်သွားတော့မလို့လား'

နွယ့်မျက်လုံးများကိုပင် နွယ်မယုံ၊ မေတ္တာရောင်လွှမ်းနေသော မျက်ဝန်းနက်နက်များကို ပြန်တွေ့နေရသည်။ နွယ့်မျက်လုံးအိမ်၌ စိမ့်အိုင်ဝေ့လည်နေသော မျက်ရည်များကို တယုတယသုတ်ပေးနေသူမှာ ဦးဆိုးပေမှ ဟုတ်ပါလေစ။

'မင်းကလေးဟာ တကယ့်သူခိုးလေးပဲ ဂျစ်တူးရယ်၊ စကတည်းက ငါ့ခြံထဲက ပင်မှည့်သီးတွေကို ခိုးခဲ့တယ်၊ အခုလည်း ငါ့အသည်းကို ငါမသိ အောင် ခိုးသွားပြန်ပြီ သူခိုးမလေးရယ်၊ အသည်းကိုတော့ ပြန်ပေးခဲ့ပါဦး'

နွယ့်ရင်ထဲတွင် တဒိတ်ဒိတ်ခုန်လာသည်။ နွယ့်ပါးကလေးများသည် နီတွေးလာလေသည်။ သို့သော် မလှုပ်နိုင် မယှက်နိုင် မှင်တက်မိနေသည်။

ကိုမြင့်နိုင်သည် သူ့လက်ထဲမှ နှင်းဆီကြီးကို နွယ့်ဆံပင်တွင် ထိုးစိုက် ပန်ဆင်ပေးလေသည်။ နှင်းဆီနီသည် အလှဆုံးအချိန်မို့ ကားစွင့်နေသည်၊ နီရဲ နေသည်၊ သင်းပျံ့ပျံ့ရနံ့ကလည်း ကြိုင်နေသည်။

'ငါ့အပင်က ပန်းကို ငါအချစ်ဆုံးလူကိုပေးမှာပေါ့၊ ဂျစ်တူးလေးရယ်'

ညင်သာနူးညံ့စွာပြောလိုက်သောအသံကို နွယ်ကြားလိုက်ရလေသည်။

www.burmeseclassic.com

# ကြီးလာလို့ သိပါပြီ

၁၉၇၂

လွန်ခဲ့သောဆယ့်ခြောက်နှစ်ကဖြစ်ပါသည်။ ကျွန်မ၏ ပထမဦးဆုံး လုံးချင်းဝတ္ထုကို ကျွန်မရေးခဲ့ပါသည်။ ဝတ္ထုအမည်ကတော့ “ငယ်သူမို့ မသိပါ”။

ဇာတ်လမ်းအနေနှင့်တော့ မဆန်းလှပါ။ ငွေကြေးချမ်းသာသော မိဘ၏တစ်ဦးတည်းသောသမီး၊ ခပ်ဆိုးဆိုး၊ ခပ်ပေပေ၊ ခပ်တေတေ ကောင်မလေး တစ်ယောက်၏အကြောင်းပင် ဖြစ်ပါသည်။

ထိုစဉ်က ကျွန်မသည် ဘွဲ့ရကာ အလုပ်ဝင်နေပြီဖြစ်သော်လည်း လူ ကြီးစိတ် မဝင်သေးပါ။ တာဝန်နှင့်ဝတ္တရား၏လေးလံမှုကိုလည်းကောင်း၊ ကုန်စျေးနှုန်း၏ဖိစီးနှိပ်စက်မှုကိုလည်းကောင်း အလေးအနက်မခံစားဖူးသေးပါ။ ထို့ကြောင့်လည်း ခပ်ပျော်ပျော်ခပ်ပေပေနေတတ်သော မိန်းကလေးတစ်ဦး၏ စရိုက်နှင့်သဘာဝကို အခက်အခဲမရှိ ရေးသားခြယ်မှုန်းနိုင်ခဲ့ပါသည်။ “ဂျစ်တူး” ဟူသော မိန်းကလေးသည် ကျွန်မ၏ကလောင်ဖျားတွင် အသက်ဝင် လှုပ်ရှားလာခဲ့ပါသည်။

ဝတ္ထုရေးပြီးပါပြီ။

ရေးသမျှကို စက်တင်ပုံနှိပ်၍လည်းပြီးပါပြီ။ အဖုံးကပ်ပြီး ထုတ်ဝေရန်သာ လိုပါတော့သည်။ ထိုအချိန်တွင် ကျွန်မ၏လက်ဦးဆရာ

www.burmeseclassic.com

ဦးလေးမြိုင် (ငွေတာရီ မဂ္ဂဇင်း)နှင့် ထုတ်ဝေသူ ကိုမျိုးညွန့် (စာပေလောက) တို့က နာမည်ကြီးကလောင်ရှင် စာရေးဆရာကြီးများထံမှ အမှာစာကို တောင်းယူရန် တိုက်တွန်း အကြံပေးကြပါသည်။ ထို့ကြောင့် စာရေးဆရာ အကျော်အမော်ကြီးအချို့ကို ရွေးချယ်ချဉ်းကပ်ခဲ့ပါသည်။ ကျွန်မ၏ဝတ္ထု စာအုပ်ကို အတင်းထိုးပေးပြီး အမှာစာ ရေးခိုင်းခဲ့ပါသည်။ သူတို့၏ အဖိုးတန် အချိန်များကို အားမနာပါးမနာ လုယူကာ ဒုက္ခပေးခဲ့ပါသည်။

တစ်ခုတော့ရှိပါသည်။ ထိုသို့ အမှာစာတောင်းခဲ့သော ဆရာကြီး များ အားလုံးဆီမှ ရလိမ့်မည်ဟုတော့ မမျှော်လင့်ရဲခဲ့ပါ။ ဒူးလောက်တင်မှ ရင်လောက် ကျဆိုသလို နှစ်ဦး၊ အလွန်ဆုံး သုံးဦးလောက်ကသာ ရေးပေး လိမ့်မည်ဟု ထင်မှတ်ခဲ့ပါသည်။ သို့သော် ကျွန်မ၏အထင် မှားခဲ့ပါသည်။ စာပေစိတ်ကြီးလှသော ဆရာကြီးအားလုံးက ကရုဏာနှင့်မေတ္တာကို ရှေ့ ထားပြီး အမှာစာ ရေးပေးခဲ့ကြသည်။

> စာရေးဆရာမ မစန္ဒာသည် အပျိုပေါက်အရွယ် "နွယ်" ၏ဂျစ်ကန် ကန် မျက်နှာထား၊ ဖိုသီဖတ်သီ အဝတ်အစားများနှင့် ကလေး အရိုင်းဆန်သော အမူအရာများကို သရုပ်ဖော်နိုင်သလို ၎င်းတို့၏ နောက်ကွယ်မှ လှပသောရုပ်ရည်၊ နူးညံ့သောနှလုံးသားနှင့် ရိုးသား သန့်စင်သော စရိုက်သဘာဝတို့ကိုလည်း ဖော်ထုတ်တင်ပြနိုင်ပေ သည်။
>
> [သိန်းဖေမြင့်]

> ရေးသားပုံမှာ ရိုး၏။ ကျစ်လျစ်၏။ လတ်ဆတ်၏။ ငယ်သူတို့ ကြီးကောင်ဝင်လာသော သဘာဝကိုပေါ်အောင်ဖော်၏။
>
> [မောင်ထင်]

www.burmeseclassic.com

မစန္ဒာ၏ အောင်မြင်မှုပင် ဖြစ်သည်။ ကျွန်တော် ချီးကျူးရသလိုပင် စာဖတ်ပရိသတ်ကြီးကပါ ချီးကျူးမည်ဟု ကျွန်တော်ထင်ပါသည်။

[တင့်တယ်]

တော်တော်ဖတ်လို့ကောင်းတယ်ဗျ၊ အရေးအသားလည်း ညက်တယ်၊ ဝါကျအမှားလည်း မတွေ့ရဘူး။ ဇာတ်လမ်းလေးကလည်း စိတ်ဝင်စရာလေး။ 'တော်တော်ဖတ်လို့ ကောင်းပါတယ်' အပြင် ကျွန်တော် ထပ်ပြောချင်တာကတော့ ရုပ်ရှင်ရိုက်ဖို့ ကောင်းတယ်ဗျ၊ ဟာသဇာတ်မြူးလေး။

[သော်တာဆွေ]

ဆရာကြီးများ၏ အမှာစာများထဲမှ အနည်းငယ်စီကောက်နုတ်ပြီး တင်ပြခြင်းဖြစ်ပါသည်။ ကျွန်မသည် သာမန်ထဲက လူသာမန်တစ်ဦး ဖြစ်ပါသည်။ ကဲ့ရဲ့ပြစ်တင်လျှင် စိတ်ဆိုးတတ်သလို ချီးကျူးလျှင်တော့ အလွန်ကြိုက်ပါသည်။ ထိုသို့ သာသာထိုးထိုးလေးချီးကျူးပြီး ရေးကြတော့ ပျော်လိုက်သည်မှာ ပြောစရာပင် မရှိ။ ပွင့်သစ်စ ကလောင်ကလေးမို့ စေတနာ မေတ္တာရှေ့ထားပြီး သက်သက် ညှာညှာ တွန်းတွန်းပို့ပို့ရေးသည်ကိုလည်း မတွေးမိ။ "တယ်ဟုတ်ပါလား၊ ငါ တော်တယ်တဲ့" ဟုတွေးကာ အကျေနပ်ကြီး ကျေနပ်နေသည်။

သို့သော် ကြာကြာတော့ မကျေနပ်လိုက်ရ။ တစ်ဦးသော ဆရာ၏ အမှာစာကိုရတော့ လေထဲတွင်ဝဲလွင့်နေသောအတွေးစိတ်ကူးများသည် မြေပေါ်သို့ ဖုတ်ကနဲပြန်ပြီးပြုတ်ကျလာသည်။ ယင်းအမှာစာကို ကောက်နုတ်တင်ပြပါမည်။

www.burmeseclassic.com

သူရေးသောဝတ္ထုတိုလေးများကို မဂ္ဂဇင်းများ၌ ဖတ်ရဖူးသည်။ လွမ်းစဖွယ် ဇာတ်လမ်းကလေးများကို တွေ့ခဲ့ရသည်။ ရယ်မောဖွယ် ဇာတ်ကွက်ကလေးများလည်း ရှိသည်။ စာအရေးအသားက ညက်သည်ကိုသတိပြုမိသည်။ သို့သော် စာအုပ်အဖြစ် ပထမအကြိမ် စာမေးပွဲ ဝင်သော ယခုစာအုပ်ကိုမူ လေးလေးနက်နက်အထင်ကြီး၍မရ။

အင်းလျားလိတ်ဟိုတယ်ထမင်းစားခန်းမကြီး၌ အချိန်ပိုင်းဖြင့်ရောက်နေသူအားလုံးကို မုန့်စလင်းတောင်တစ်ယှက် လာပေးကာအမြည်းခိုင်းသည်ဟုပင် ဥပမာခိုင်းလိုစိတ်ပေါ် လာသည်။

ပင်လယ်ငါးဥ၊ ဒိန်ခဲ၊ မလိုင်၊ ချောကလက် စသည်တို့ကို ခေတ္တချကာ မုန့်စလင်းတောင်တစ်ဖဲ့ကို မြည်းကြည့်ရပါသည်။ တော်ပါသေးသည်။ မုန့်တစ်ယှက်လုံး ကုန်သည်အထိ ခံတွင်းလိုက်သဖြင့် တော်ပါသေးသည်။

စိတ်ကြိုက်စာအုပ်များနှင့် မဖတ်မနေရ စာနယ်ဇင်းများကို ချကာ ဖတ်ကြည့်သောအခါ ဤဝတ္ထုသည် အစမှအဆုံးအထိဆက်လက်ဖတ်ရှုဖြစ်သည့်တိုင် ဆွဲဆောင်နိုင်သည်ကို တွေ့ရသည်။

ဝတ္ထုဖွဲ့သီရာတွင် တစ်ကွက်ပြီးတစ်ကွက် ခပ်စင်းစင်းဖွဲ့သွားသော်လည်း ဝတ္ထုတိုများ ရေးစဉ်ကကဲ့သို့ သူ၏ အရေးအသားက "ညက်" သဖြင့် ဇာတ်လမ်းက သွက်နေသည်။ ဖတ်ပျော်သည်။

ထင်မြင်ချက်ကိုခြုံ၍ အမှန်အတိုင်းဆိုရလျှင် "ဟယ်ကောင်းလှချည့်" ဟု လက်ဖျားခါရသော စာအုပ်တစ်အုပ်မဟုတ်သော်လည်း "မကောင်းပေါင်" ဟု ခေါင်းခါ၍ မရပါ။ အသင့်

www.burmeseclassic.com

အတင့် ကောင်းသော စာအုပ်ဖြစ်သည်ဟုမြင်မိပါသည်။

ပထမစာအုပ်က ဤအဆင့်၌ ရှိလျှင် အဆင့်ဆင့် တက်သွားပြီး ရင့်ကျက်ချိန်တွင် တိုင်းပြည်အတွက် အားတက်ဖွယ် ကလောင်တစ်ချောင်းဖြစ်လာဖွယ်ရှိသည် ဟူသော အလားအလာကိုလည်း မြင်မိပါ၏။

ဤကား ဤစာအုပ်ကို စာဖတ် ပရိသတ်များထက် ဦးစွာ စောပြီး ဖတ်ရသော စာဖတ်သူတစ်ဦး၏ အမြင် ဖြစ်ပါကြောင်း။

မအိပ်မနေ ကြိုးစားပမ်းစားရေးထားသောဝတ္ထုလေးကို 'မုန့်စလင်းတောင် တစ်ယှက်' နှင့် ခိုင်းနှိုင်း၍ ဥပမာပေးလိုက်တော့ အခြီးကျူးခံလိုသော ကျွန်မခမျာ အတော်လေး အောင့်သွားပါသည်။ "တစ်ယှက်လုံးကုန်အောင် စား နိုင်တယ်ဆိုလို့ တော်ပါသေးရဲ့၊ တစ်ဖွဲ့စားပြီးတာနဲ့ ဆက်မစားချင်တော့လို့ လွှင့်ပစ်ရတယ်ဆိုရင် ဒုက္ခ"ဟု နှုတ်ခမ်းစူကာ တွေးခဲ့မိကြောင်းကိုမူ ပွင့်လင်းစွာ ဝန်ခံလိုပါသည်။

*

တစ်ဆယ့်ခြောက်နှစ်ဟူသောအချိန်သည် အလွန်လျင်မြန်စွာ ကုန်လွန်သွားပါသည်။ ကျွန်မသည်လည်း အိတ်ထဲတွင် ဆီးသီးမာလကာသီးများ အပြည့်ထည့်ထားတတ်သော၊ လမ်းဘေးမှ ဆေးကြော်ငြာများ၊ မျက်လှည့်များကို တငေး တမော ရပ်ကြည့်တတ်သော မိန်းကလေးတစ်ဦး မဟုတ်တော့ပါ။ မိဘ၏ ကျန်းမာရေး၊ မိမိ၏ စီးပွားရေး၊ သားသမီး၏ ပညာရေး၊ ဟိုအရေး ဒီအရေး ဝဲဂယက်များတွင် ပူကာ ပင်ကာ ချာလည်လှည့်နေသော အသက်လေးဆယ် အရွယ် အိမ်ရှင်မတစ်ဦးဖြစ်နေပါပြီ။

www.burmeseclassic.com

"နင် အခုရေးနေတာတွေက စိတ်ညစ်စရာတွေ များတယ်။ 'ငယ်သူမို့ မသိပါ'ထဲက ဂျစ်တူးလို ကောင်မလေးမျိုးအကြောင်းရေးပါဦး"

ကျွန်မ၏သူငယ်ချင်းတစ်ဦးကပြောသည်။ ကျွန်မ သူ့ကို ခေါင်းခါပြခဲ့ရသည်။

"ငါက အဲဒီလို ကောင်မလေးမျိုးအကြောင်းကို မရေးချင်တော့ဘူး၊ ရေးလည်း မရေးတတ်တော့ပါဘူးဟာ"

တစ်နေ့တုန်းကတော့ ဒုတိယအကြိမ်ထုတ်ထားသော "ငယ်သူမို့ မသိပါ" စာအုပ်ကလေးကို သမီး၏လက်ထဲတွင်တွေ့ရသည်။ ခဏတောင်းပြီး ဟိုလှန်ဒီလှန်ပြန်ကြည့်မိသည်။ ကိုယ်ရေးထားသော စာပင်ဖြစ်သော်လည်း ကိုယ့်ဟာကိုယ် ပြန်ဖတ်ရသည်ကိုပင် စိတ်မပါလှ။ ကျွန်မ၏ မုန့်စလင်းတောင်ကို ကျွန်မ ကုန်အောင်ပင် မစားချင်တော့ပါ။ ဒိန်ခဲ၊ မလိုင်၊ ချောကလက်ကိုချပြီး မုန့်စလင်းတောင်မြည်းရရှာသောအဖြစ်ကို ကိုယ်ချင်းစာစိတ်နှင့် အားနာမိသည်။ မုန့်စလင်းတောင်ကို ကြံဖန်ပြီး ချီးကျူးကြရှာသော ဆရာကြီးများ၏ကျေးဇူးကိုလည်း တစိမ့်စိမ့် အောက်မေ့မိသည်။

ပြီးခဲ့သောလကမှ ပန်းချီမင်းသိုက်ရေးဆွဲသော "ငယ်သူမို့မသိပါ" ရုပ်ပြစာအုပ်ထွက်လာပါသည်။ အရုပ်ထဲမှ နွယ်သည် လွန်ခဲ့သော တစ်ဆယ့်ခြောက်နှစ်က အတိုင်းပင် လှပဆဲ နုပျိုသွက်လက်ဆဲဖြစ်ပါသည်။

ကျွန်မသည် စာအုပ်ကို လှန်လှောကြည့်ရင်း လွန်ခဲ့သော တစ်ဆယ့် ခြောက်နှစ်က တစ်ဆယ့်ရှစ်နှစ်အရွယ် "နွယ်" သည် ယခုအခါ သုံးဆယ့်လေးနှစ်အရွယ် "ဒေါ်နွယ်" ဖြစ်နေလိမ့်မည်ကို ဆက်ပြီးတွေးနေမိပါသည်။ ကျွန်မ၏ "ဂျစ်တူး" သည် အလျှင်တုန်းကလို ခပ်ပျော်ပျော်၊ ခပ်ပေပေ နေမှ နေနိုင်ပါ့မလားဟု စိုးရိမ်မိပါသည်။

နွယ်၏ရုပ်သွင်ကို အာရုံထဲတွင်ဖမ်းကာ ပုံဖော်ပြီးကြည့်မိသည်။ ကျွန်မ၏ "ဂျစ်တူး"သည် ဆန်တစ်ပြည်ကိုးကျပ်၊ ဆီတစ်ပိဿာ ခြောက်

www.burmeseclassic.com

ဆယ့်ရှစ်ကျပ်တဲ့ တော်ရေ့” ဟု အော်နေပါလိမ့်မည်။ “ကလေးတွေ ကျူရှင်ဖိုး ပေးရတော့မယ် နော်၊ အကြီးကောင်အတွက်က သုံးရာ၊ အငယ်ကောင်က နှစ်ရာ၊ အငယ်မကတော့ နွယ် ကိုယ်တိုင်ပဲသင်မယ်၊ စာမေးပွဲနီးရင်တော့ ဒီထက်ကုန်ဦးမှာနော်၊ အကြီးကောင်က ဒီနှစ်ရှစ်တန်း၊ အဖေကြီး ရှာထားဦး၊ စုထားဦး” ဟု သူလင်တော်မောင် ဦးဆိုးပေကို တဖျစ်တောက်တောက် ပြောနေပါလိမ့်မည်။ ဦးဆိုးပေကလည်း ကားဓာတ်ဆီတိုင်ကီထဲမှ ဓာတ်ဆီများကို ပိုက်ပျော့နှင့်စုပ်ထုတ်ရင်း “ဓာတ်ဆီဈေးတွေ ဘာလို့ကျသွားလဲ မသိဘူးကွာ၊ ဒုက္ခပါပဲ” ဟု ညည်းနေပါလိမ့်မည်။

ကျွန်မ သက်ပြင်းချလိုက်မိသည်။ ပြာလောင်၏စကားနှင့်ပြောရလျှင်တော့ “လွမ်းစရာလေးတွေ ဖြစ်နေပါပြီ” ဟု ပြောရမည်ထင်သည်။

“မေမေ၊ ငယ်သူမို့မသိပါကို ဆက်မရေးတော့ဘူးလားဟင်”

ကျွန်မ၏သမီးက ရုပ်ပြဖတ်နေရင်းမှ လှမ်းမေးသည်။ ကျွန်မ ခေါင်းခါပြလိုက်ပါသည်။ ဆယ့်ရှစ်နှစ်အရွယ်တွင် ပျော်နေသော“နွယ်” သည် ထိုအရွယ်တွင်ပင် အမြဲတမ်းရှိပါစေတော့။ သူ့ကို ကျွန်မနှင့်အတူ ဆွဲခေါ်ပြီး အသက် မကြီးခိုင်းချင်တော့ပါ။

**မစန္ဒာ**

(စာပေဂျာနယ်၊ အမှတ် ၁၊ ၁၉၈၈ ခုနှစ် ဩဂုတ်လမှ)

[ကျွန်မ၏မုန့်စလင်းတောင်ကို မညည်းမညူ စားခဲ့ကြသော ဆရာကြီးများအား ဤစာအုပ်ဖြင့် ရိုသေလေးမြတ်စွာ ကန်တော့အပ်ပါသည်။]

www.burmeseclassic.com

